
www.burmeseclassic.com



www.burmeseclassic.com

# ကြာဝွေး

# ညီပြန်တော်နှင့် ရွှေဝင်းမြို့

(အာဖရိကပုံပြင်)

www.burmeseclassic.com

၁၉၇၁ ခုနှစ်၊ ဇွန်လ
ပထမ အကြိမ်
အုပ်ရေ .... ၆၅၀၀

*

ကြီးကြပ်သူ
မောင်ကြည်အေး

*

ပန်းချီ
ဦးကိုလေး

*

ဘလောက်
နယူးဘားမား

*

မျက်နှာဖုံးရိုက်
ချင်းတွင်း

ထုတ်ဝေသူ - ဦးစောလှိုင် (၀၉၀၄-မြ)၊
ရွှင်ပျော်မြူး စာပေတိုက်
အမှတ် ၀၀၊ ချင်းချောင်းရိပ်သာ
ရန်ကုန်မြို့။

မှုံနှိပ်သူ - ဒေါ်သောင်း (၀၃၃၅-မြ)၊
တော်သစ္စာပုံနှိပ်တိုက်
၁၆၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။




ရွှင် ပျော် မြူး သည်
စာဖတ်သူများ၏ သဘွင်နှလုံးကို အမြဲ ရွှင်ကြည်ပြုံးပြီး
ပီတိ ဖုံးစေမည့် စာပေတို့ဖြင့်သာ ကြိုးစား၍
အမြဲတင်ဆက် ပေးသွားမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင် ပါလေသမျှ အခန်းတွေက....


| | | |
|---|---|---|
| ၁။ | ဘဲ့ရ အလုပ်လက်မဲ့ဘဝ | .... ၉ |
| ၂။ | ဘဲဥ ရာဇဝင် | .... ၃၅ |
| ၃။ | လှဖုန်းမှသည်မောင်မောင်ဖုန်းသို့ | .... ၆၂ |
| ၄။ | ကန်တော့ပွဲပေးသော နေ့ဝယ် | .... ၇၀ |
| ၅။ | မရှင်မပျနှင့် ဘဝင်မကျဖြစ်နေသူ | .... ၁၀၅ |
| ၆။ | ရှုပ်ရှင်ရိုက်သည့် ပထမနေ့ | .... ၁၁၆ |
| ၇။ | သူ့ဝါသနာ | .... ၁၃၀ |
| ၈။ | သိတ်ခကြာင်တဲ့ ထိပ်ပြောင် | .... ၁၄၅ |
| ၉။ | လှဖုန်း မေတ္တာစာ | .... ၁၅၇ |
| ၁၀။ | ရင်ဖွင့်လေသူ | .... ၁၆၀ |
| ၁၁။ | ယုံရခက်ကြီး | .... ၁၇၇ |
| ၁၂။ | ဘူတာတွင်းဝယ် | .... ၁၉၄ |
| ၁၃။ | သူတို့အကြောင်း | .... ၂၀၅ |
| ၁၄။ | အသပြာ ဖေဖေ | .... ၂၃၉ |
| ၁၅။ | ကိုကြီးနတ် | .... ၂၅၆ |
| ၁၆။ | ချစ်၍ခေါ်ရာ | .... ၂၆၅ |
| ၁၇။ | လူပြုန်တော်နှင့် ရွှေမင်းသို့ | .... ၂၈၄ |


## ရွှင်ပျော်မြူးမှ ထုတ်ဝေပြီးစာအုပ်များ

- (တစ်) သွားကိုက်တဲ့ဖူးစာ .... ၃-ကျပ်
- (နှစ်) လင်တယောက်လုံး အသုံးချနည်း .... ၃-ကျပ်
- (သုံး) အပျိုကြီးတွေအလိုမရှိ .... ၃-ကျပ်
- (လေး) ဒီကောင်မလေးကိုသတ်ပစ်လိုက် .... ၃-ကျပ်
- (ငါး) လူပြုန်တော်နှင့် ရွှေမင်းသမီး .... ၃-ကျပ်

## ဆက်လက်ထွက်ပေါ်လာဦးမည့် အသစ်စက်စက်စာအုပ်များ

- (ခြောက်) ချစ်သူ့နိုင်ငံ ရာဇဝင်-ဟာသ-စွန့်စားခန်းနှင့် အချစ်ဝတ္ထုကြီး။ .... ၄-ကျပ်
- (ခုနှစ်) အချစ်ဆုံးရန်သူ .... ၄-ကျပ်
- (ရှစ်) မေ့နိုင်ပါ့မလားရှင် .... ၃-ကျပ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရှင်ပျော်မြူး စာပေတိုက်သည် စာရေးဆရာကြူမွေး၏ ဝတ္ထုများမှလွဲ၍ အခြားစာအုပ်များ ထုတ်ဝေမည် မဟုတ်သည့်အပြင်.... အဟောင်းများကိုလည်း ပြန်လည် ထုတ်ဝေမည် မဟုတ်ဘဲ၊ "အသစ်စက်စက်" ဝတ္ထုများကိုသာ ထုတ်ဝေမည် ဖြစ်ကြောင်း ချစ်စွာသော စာဖတ်သူများနှင့် စာအုပ် ကိုယ်စားလှယ်များကို အသိပေးပါသည်။

'အလွတ်စုံထောက် ကျော်ဝင်းဦး အိုလျှင်'

အထူးဇာချဲ့၍ စာဖွဲ့နေစရာမလို စာဖတ်သူများအကြိုက်တွေ့ပြီးသားမို့ လစဉ် ရေးစမ်းပါဟူ၍ ပွဲတောင်းခြင်း ခံနေရတဲ့....

# ကြော်ငြာ

## ကျော်ဝင်းဦးနှင့်အကွာရာစဉ်
## လူသတ်မှု

(အသစ်စက်စက် စုံထောက်နှင့် ဟာသ)

ကျော်ဝင်းဦးနှင့် လူသတ်ကောင်တို့ ဉာဏ်ရည်အစွမ်းပြိုင်ကြပုံကို အသဲတထိတ်ထိတ်-ရင်တဖိုဖိုနှင့် ဝတ္ထုရှည် (စ/ဆုံး) ဖတ်ရှုကြရမည်။

ထွေလာမည့် ဇူလိုင် (၂၅) ရက်နေ့မှာ ပေါ်လာပါတော့မည်။

ထူးမြတ်စာပေတိုက် — တအုပ်....ဆိုးကျပ်


၁၆၂၊ ၃၃ လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

'နန်းတွင်းသူပုန်' 'ဘုရင်မချစ်သူ' 'ဘုရင်ရူး' စသော နိုင်ငံ ကျော်ကြား လူကြိုက်များလှသည့် ဝတ္ထုကြီးများလို ရာဇဝင် ဝတ္ထုကြီး များကို ဖတ်လိုလှပါသည်ဟူ၍ တောင်းဆိုကြသော စာဖတ် သူများ အတွက်....




(အသစ်စက်စက်....ရာဇဝင်....ဟာသ....
အချစ်နှင့် စွန့်စားခန်း) ဝတ္ထုကြီး

'ချစ်သူ့နိုင်ငံ' အလိုက်မှားလို့ ဒုက္ခများခဲ့ရရှာတဲ့ အမိုက်မကလေး ကခြေသည်တဦး၏ ချစ်သူပျောက် ရှာပုံတော် ဖွင့်ခဲ့ပုံတို့ကို ဖတ်ယင်း... ဖတ်ယင်း ရင်စို့ စေရမည့် အပြင် ကြောက်ခမန်းလိလိ....သွေး ချောင်းစီး တိုက်ပွဲကြီးများ အသဲအူ တုန်စေရမည့် စွန့်စားခန်းများ ကြည်နူးစရာ၊ ချစ်ကြိုက် ခန်းများနှင့် တခစ်ခစ် ရယ်မောနေကြရမည့် ဟာသခန်းတွေပါ မျိုးစုံအောင် ဖတ်ရှုကြရမည်။

ရွှင်ပျော်မြူးစာပေ ရောင်းဈေး... သေးကျပ်၊

( တစ် )

## ဘွဲ့ရ-အလုပ်လက်မဲ့ဘဝ

လှဖုန်းသည် ကိုရင်ပ၁ ဆယ်နှစ်၊ ရဟန်း ၁ လေးနှစ်ရခဲ့သော လူပြန်တော် (၀၁) ဘုန်းကြီး လူထွက်တဦးဖြစ်သည်။

ဤနေရာတွင် ချစ်စွာသော စာဖတ်သူများက ကျွန်တော်၏ ဇာတ်လိုက်ဖြစ်သူ လှဖုန်းကို အမယ်လေးတော် ဒီလောက်တောင် ရဟန်းဘောင်မှာ ၀၁ တွေ့ရနေမှ ဘာဖြစ်လို့များ လူထွက်ခဲ့ ရတာလဲ နှမြောစရာကြီးဟူ၍ အပြစ်တင်လိုကြောင်း တင်လိုကြ ပေလိမ့်မည်။

အမှန်တော့ လှဖုန်း၏ အကြောင်းကို မသိကြ၍ သာလျှင် အပြစ်တင်လိုကြမည်ဖြစ်သော်လည်း သူ့အကြောင်းကို အစ နှင်းတုအဲန်း (Beginning to end )အစအဆုံးသိရှိကြလျှင် အပြစ်တော် တင်မိကြမည်မထင်ပေ။

မှန်ပေသည်။ လှဖုန်းသည် ဆယ့်လေးနှစ်နီးပါးမျှ သင်္ကန်း ဝတ်၍နေခဲ့သော်လည်း သူသည်ရဟန်းစာဝတ်ကို မပေါ့ပိုက်ခဲ့ပေ။

www.burmeseclassic.com



မပျော်ပိုက်သော်လည်း သူ့မှာ အကြောင်းရှိသဖြင့် သင်္ကန်းကို ဝတ်နေခဲ့ရခြင်းဖြစ်သည်။

အဘယ်သို့သောအကြောင်းကြောင့် လှဖုန်းသည် သင်္ကန်းကို ဝတ်ခဲ့ရသနည်းဆိုသည်ကို အတိတ်ကို ပြန်ပြောင်း၍ကြည့်လျှင် ဤသို့တွေ့မြင်ရပေမည်။

လှဖုန်းသည် ရန်ကုန်ဇာတိမဟုတ်ပေ။ မိတ္ထီလာသားကလေး ဖြစ်သည်။ သူသည် ကုန်သည်ကြီး ဦးဘဖေ ဒေါ်သိန်းကြည် တို့၏ သားဖြစ်သည်။

သူ၏မိခင်ဖြစ်သူ ဒေါ်သိန်းကြည်မှာ သူအပါအဝင်သားသမီး လေးဦးမွေးဖွားခဲ့သော်လည်း သူတယောက်သာအဖတ်တင်သည်၊ သူဆယ်နှစ်သား အရွယ်သို့အရောက်တွင် မိခင်ဖြစ်သူ ဒေါ်သိန်းကြည်မှာ ကွယ်လွန်ခဲ့သည်။

ဤတွင် ဖခင်ဖြစ်သူ ဦးဘဖေမှာလည်း ဇနီးဖြစ်သူ ကွယ်လွန်သွားသဖြင့် နေရင်းထိုင်ရင်း မှဆိုးဖို ဘဲ့ထူးကိုရကာ လူ့ဘောင် လောကကြီးကိုပါ စိတ်နာသွားတော့သည်။ သို့ဖြစ်၍ ကိုစွ ျားမြောင် လူတို့ဘောင်တွင် ဆက်၍နေနေပါက ယခုလိုပင် သံယောဇဉ်အပူမီးတွေ လောင်ကျွမ်းဦးမည်မို့ သူသည် ထိုစဉ်က ဆယ်နှစ်ရွယ်သာရှိသေးသည့်လှဖုန်းကို ဘုန်းကြီးကျောင်းသို့ခေါ် ကာသွားပြီး သားငယ်ကို ကိုရင်ဝတ်ပေးပြီးနောက် သူကတော့ ရဟန်းဝတ်လိုက်တော့သည်။

လှဖုန်း၏ကိုရင်ဘွဲ့မှာ ပဏ္ဍိတဖြစ်ပြီး သူ၏ဖခင်၏ ရဟန်းဘွဲ့ ကတော့ ဦးရေဝတ ဖြစ်သည်။ လှဖုန်းတယောက်ကိုရင် ဝတ်ပြ



သောအခါတွင်လည်း ဖခင်ဖြစ်သူ ဦးဘဖေက ဤသို့ အမှာစကား ကို ပြောကြားခဲ့သည်။

'ဒီမှာငါ့သား...,မင့်မေမေ သေဆုံးခဲ့ပြီးကတည်းက ဖေဖေ တော့ လူ့ဘောင် လောကကြီးကို စိတ်နာလွန်းလို့ သားသနဲ့ ဘောင်ကို ပြောင်းပြီး ရဟန်းဘဝနဲ့ဘဲ သေတပန် သက်တဆုံး အရိုးထုတ်တော့မယ် ဒီတော့သားကို ဖေဖေတခု မှာခဲ့ချင်တာက သားဟာလဲ ဖေဖေနည်းတူ ရဟန်းဘဝမှာဘဲနေပါ၊သားအသက် နှစ်ဆယ် ပြည့်တဲ့အခါ၊ ဖေဖေက ပဉ္စင်း ထပ်တက်ပေးအုံးမယ်၊ ဟုတ်ပလား....'

ထိုစကားတွေကိုကြားလိုက်ရသော လှဖုန်းမှာ အတော်ပင် စိတ်ညစ်ကာ သွားတော့သည် စိတ်ပင် ညစ်သော်လည်း ဖခင်၏ ဆန္ဒကိုလည်း မပယ်ရှားချင်ပေ၊ ဖခင်၏ ဆန္ဒလည်းပြည့် မိမိ၏ ဆန္ဒလည်းပြည့်အောင် သူသည် ဤသို့ ပြန်ပြောသည်။

'ကောင်းပါဘီဖေဖေ...ဝတ်ဆိုလဲဝတ်ရတာပေါ့၊ ဒါပေမယ့် သားတခုတော့ ဖေဖေ့ကို တောင်းပန်ပါရစေ၊ ဒါက ဘာလဲ ဆိုယင် ဖေဖေအသက်ရှင်နေသမျှ ကာလပတ်လုံး သားဟာလဲ ဖေဖေနဲ့အတူ ရဟန်းဘဝမှာဘဲ နေမယ်၊ အဲ...ဖေဖေဟာ အနိစ္စ သဘောနဲ့ ကိုစွန့်ချွာသွားတဲ့ နေ့မှာ သားဟာ လူထွက်ပါရစေ၊ ဒါကလေးကိုတော့ ဖေဖေက ခွင့်ပြုပါ'

သားဖြစ်သူ၏ စကားကို ကြားရလျှင် ဦးဘဖေမှာ ပထမတွင် လိုက်လျောလိုသော်လည်း နောက်ဆုံးတွင်တော့ လိုက်လျော လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ လှဖုန်းသည် ကိုရင်ဘဝမှနေ၍ အသက် နှစ်ဆယ် ပြည့်မြောက်ခဲ့သဖြင့် ပဉ္စင်းဘဝသို့ကူးကာ ရဟန်းဝါ လေးဝါ ပြည့်လုနီးတွင် ဖခင်ဖြစ်သူ ဦးဘခဲ ခေါ် ဦးရေတဝမှာ ပျံလွန်တော်မူခဲ့သည်။ သူလည်း ဖခင်ပျံလွန်တော် မူပြီး တပတ်ခန့် အကြာတွင် လူ့ဘောင်လောကသို့ တဖန်ပြန်၍ ကူးပြောင်းခဲ့သည်။ လှဖုန်းမှာ ဘုန်းကြီးလူထွက်ဟု ဆိုရသော်လည်း အခြားသော ဘုန်းကြီးလူထွက်များလို ကျမ်းဂန် စာပေ လောက်သာ တတ်မြောက်ခဲ့သည် မဟုတ်ပေ။

ဖခင်ဖြစ်သူက အမြော်အမြင်ကြီးကြီးနှင့် သူ့ကို ကိုရင်ဘဝနှင့်ပင် မိတ္ထီလာမြို့ရှိ အလွတ် ပညာသင် ကျောင်းတကျောင်းတွင် ထားခဲ့သည်။ သို့ဖြစ်၍ လှဖုန်းမှာ အသက်(၁၇)နှစ် အရွယ်တွင် ဆယ်တန်း အောင်မြင်ခဲ့ပြီး နောက် အသက် (၂၃) နှစ် ရဟန်းဝါ-သုံးဝါအရတွင် ဘီအေဘွဲ့ကို မြန်မာစာ ဂုဏ်ထူးနှင့် မန်းတက္ကသိုလ်မှ အောင်မြင်ခဲ့သည်။

ဤမျှလောက်ဆိုလျှင် လှဖုန်းသည် အဘယ်ကြောင့် ရဟန်းဘဝမှထွက်ခဲ့သည်ကို စာဖတ်သူတို့ နားလည် သဘောပေါက်လောက်ပေပြီ။ (ကိုင်း....ဒီလိုဆိုတော့...လှဖုန်းကို အပြစ်တင်စရာ မလိုဘူးပေါ့နော်)။

လူ့ဘဝသို့ လှဖုန်းပြန်လည်၍ ရောက်ချိန်တွင် အသပြာဆို၍ လှဖုန်းတွင် ငွေသားက ငါးရာနှင့် သူ့မိခင် ဝတ်ဆင် ခဲ့သော နှစ်ရတီခန့်ရှိသော စိန်လက်စွပ် ကလေး တကွင်းသာ ရှိသည်။ အဝတ်အထည် ဆိုပြန်လျှင်လည်း သူ့ခါးတွင် ဝတ်ထားသော မာဒရိုက်လုံချည်တထည်နှင့် အနားပြဲပေါ်ပလင်သာ ရှိသည်။



သို့ဖြစ်၍ မိတ္ထီလာ ဈေးထဲတွင် ဈေးရောင်းကာ နေသော အဒေါ်ဖြစ်သူ ဒေါ်စိန်မြထံသို့ ဝင်၍ အကူအညီ တောင်းရသည်။

ဒေါ်စိန်မြကလည်း တဦးတည်းသော ပေါက်ဆိန် ကလေးမို့ အဲလေ....တဦးတည်းသော တူကလေးမို့ ငွေကတ်တဆောင် တီတိုနီ လက်ပတ်နာရီက တလုံးနှင့်၊ အဝတ်အထည်ကော လေးစုံစာလောက် ဝယ်၍ ထောက်ပံ့လိုက်သည်။

ထိုပစ္စည်းတွေ အစုံရလျှင်တော့ လှဖုန်းသည် မွေးရာဇာတိမြေဖြစ်သော မိတ္ထီလာမြို့မှနေ၍ မဟာရန်ကုန်မြို့ကြီးသို့ အလုပ်ရှာရန် ထွက်လာသည်။

ရန်ကုန်မြို့သို့ ရောက်လျှင် သူသည် တောင်ဥက္ကလာပ (၉)ရပ်ကွက် ကျော်သူလမ်းသွယ် ၁၈-လမ်းတွင် နေထိုင်သော သူ၏မိတ်ဆွေကြီးဖြစ်သူ ကိုကြည်၏ အိမ်တွင် ကပ်ယပ်ကာ နေရသည်။

ရန်ကုန်မြို့သို့ အလုပ်ရှာရန် ဆင်းလာသော်လည်း ထိုရန်ကုန်တွင် အသိမိတ်ဆွေဆို၍ သူ့တွင် များများ မရှိပေ၊ စုစုပေါင်း နှစ်ဦးသာရှိသည်။

တဦးမှာ ယခုသူနေထိုင်နေသောတောင်ဥက္ကလာပမှ ကိုကြည် ဖြစ်ပြီး ကျန်တဦးကတော့ ငါးထပ်ကြီး ဝက်ပေါ်လမ်းထဲတွင် နေထိုင်သော စာရေးဆရာ ရွှေဂု တိုင်းကျော်မြင့် ဆိုသူဖြစ်သည်။

ရောက်သည့်နေ့မှစ၍ သူသည် ရန်ကုန်မြို့တွင် ရှိရှိသမျှ အလုပ်ရုံရုံးများတွင် အလုပ်လိုက်ရှာသည်။ အလုပ်သမားရုံးမှတဆင့် ရှာမှ အလုပ်ရမည်ဆို၍ အလုပ်သမားရုံးသို့ သွားကာ မှတ်ပုံ တင်ထားခဲ့ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့အလုပ်အကိုင်ကို ရှာဖွေခဲ့ရာတွင် သူ့အဖို့ အလုပ်ကိုတော့ မရသေးသော်လည်း ရှုံးသူရှုံးသားများ၏ ဟားစရာ သတ္တဝါအဖြစ်ကိုတော့ ရောက်ခဲ့ရသည်။

မှားရောက်ခဲ့နိုင်ပါဦးမည်လော၊ သူ၏ အသွင်အပြင်နှင့် အပြောအဆိုကိုလည်း ရှုပါဦး၊ ဘုန်းကြီးဘဝမှ ထွက်ခဲ့သည်မှာ ရက်ပိုင်းသာရှိသေးသဖြင့် သူ၏ ဦးခေါင်းမှာ အမေရိကန် မင်းသားယုဘရိုင်းနား လို ဦးပြည်းကတုံး ထိပ်ပြောင်ပြောင်နှင့် ဖြစ်နေရသည့်အထဲ သူပြောသော စကားများကလည်း ဘုန်းကြီးစကားတွေကိုသာ ယောင်ရမ်း၍ ပြောဆိုနေမိသဖြင့် ကြားရသော ရှုံးသူရှုံးသားများအဖို့ တခစ်ခစ်နှင့် ဖြစ်နေရတော့သည်။

ထို့ပြင် လှဖုန်း၏ ပြောဟန် ဆိုဟန်ကလည်း အများအမြင်တွင် ရယ်စရာဖြစ်နေသေးသည်။ လှဖုန်းသည် စိတ်နှလုံးထားကောင်းမွန်သူ တဦးဖြစ်သော်လည်း စိတ်ကတော့ အနည်းငယ်တိုသည်။ သူမှန်သည် ထင်လျှင်လည်း မှန်သည့်အတိုင်း ပြောချတတ်သည်။

ဤနေရာတွင်ကျနော်၏ လူပြိန်းတော် ဇာတ်လိုက်ကြီး လှဖုန်း၏ ရုပ်ရည်သွင်ပြင်တို့ကိုပါ တလက်စတည်း ပေါ်ပြ ပေးပါမည်။

လှဖုန်းသည် သူ့အမေမွေးဖွားခဲ့သည့် နေ့မှစ၍ ဤဝတ္ထုစဆင်သောနေ့အထိ လူ့လောကသို့ ရောက်ရှိနေသည့် သက်တမ်းကို တွက်ကြည့်မည်ဆိုလျှင်၊ သူသည် ၂၄-နှစ်နှင့် ငါးလ-ဆယ်ခြောက်ရက်နှင့် ရှစ်နာရီရှိခဲ့ပြီ ဖြစ်သည်။



(အဲဒီတော့ ကျန်တဲ့ရက်တွေအတွက် ကျနော့် ဇာတ်သော အသက်ကို ချစ်စွာသော စာဖတ်သူများက ဆက်ပြီးတွက်သည်။ ပေတော့ဗျို)။ ...ာ်မပြော

အရပ်မှာအနည်းငယ်ရှည်ပြီး ကိုယ်လုံး ကိုယ်ထည် ...များထောင် တောင့်တင်းကြွခိုင်သည်။ အသားမှာဖြူပြီး မျက်ခုံ... ကြော... ကောင်း နှာတံပေါ်ပေါ်ထဲကပင်၊ သူ၏ရုပ်ကို အတိုခ... သော် လှဖုန်းသည် လူချော လူလှတဦး ဖြစ်သည်။ ရုပ်... ကျ... လည်း သူ့မှာ ကံဇာမလှသေးသဖြင့် ယခုအခါတွင် အ...များက ဘဝနှင့် သူများအိမ်တွင် သောင်တင်ကာ နေရသ...

သို့သော် သူ့အတွက် ကံကောင်းနေသည်မှာ ... နောက်... သို့တင်၍ ထမင်းပွဲရှေ့ရောက် ကျွေးမွေး... အခုသို့ စိတ်... ကိုကြည်ကရော ဇနီးချော ဇနီးလှ မဒမ်ကို ကြေမှုပေ၊ မအေး... ဖြူနှင့် ကျွေးမွေးကာ ထားသော...

သို့နှင့်ပင် သူသည် နာရီကိုရ... ကျော်မြင့်ကို ပြန်ပြောနေစဉ် ကိုကြည်၏အိမ်တွင် ဘာလိုလိုနှင့် ...င်ရှိသော ကြမ်းပြင်ပေါ်တွင် ...ိုင်သည်။ ကာ သွားသည်။

ရက်သာ ကြာညောင်းခဲ့... ည်လည်း အိမ်တွင်းမှ ထွက်လာပြီး ရနိုင်ပါမည်လော....? သူ့... လျှင် လှမ်းပြောသည်။ များနေသဖြင့် အရင်လာ အ...လာ:ဗျ၊ မျက်နှာကြီး မရွှင်မပျ ဖြစ် သားကြသော ဘွဲ့ရ သမာ...နှ်မနဲ့ အဆင်မပြေ ဖြစ်လာတာ...သား၊ သမား ရှာဖွေရေးရုံးမှ အပျံ့နှံ့တဲ့ ဘာကျလာတာလဲ...ဗျ

သူကတော့ ဗွဲကောင်း...တွင် ကိုကျော်မြင့်သည် လှည့်ကြည့် နေရဦးမည်ပင်။ ...န်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



...နေသော နံနက်တွင် သူ၏မိတ်ဆွေ ရွှေဂုံတိုင် ကျော်မြင့် ထို...နှင်း နေထိုင်ရာ တောင်ဥက္ကလာပ (၉) ရပ်ကွက်သို့ မရသေး...ဘင်းစာ တစောင်ကို ကိုင်ယင်း ရွှင်ပျော်မြူး စာဖေ အဖြစ်ကို...ပ်ရပ်မျိုးနှင့် ဆိုက်ရောက်လာသည်။

မ...တွင် ကိုကြည်က သူ၏တိုက်ဖြစ်သော ၃၃-လမ်းထဲ အဆိုက်...ကာ်သစ္စာ ပုံနှိပ်တိုက်သို့ သွားရန် ပြင်ဆင်နေပြီး လှဖုန်း သာ...ရွှေတွင် ရက္ခဇိုးထိုင် ထိုင်လျက် အလုပ်အတွက် စိတ် ...သည်။

သည့်အခါ ...ကျော်မြင့် လိုက်ရလျှင် ကိုကျော်မြင့်က အသံ ကျယ် တွေကိုသာ ...ကာ ပြောသည်။

...ဖိုးလှဖုန်း.... သတင်းထူး ပါတယ်ဗျို...

ထို့မြင် လှဖုန်း၏ ...

တွင် ရယ်စရာဖြစ်နေသေး...သံကိုကြားရလျှင် လှဖုန်းသည် လှမ်း ကောင်းမှန်သူ တဦးဖြစ်သော...သည်။

တိုသည်။ သူမှန်သည် ထင်လျှင် ...နီးမ လူစင်စစ်က ရေဆင်ကသော ...တတ်သည်။

...ဟား'

ဤနေရာတွင်ကျနော်၏ လူပြန် ...မယား ထိလျှင် မခိုအောင် ၏ ရုပ်ရည်သွင်ပြင် တို့ကိုပါ တလက် ...ပျော်းတုတ်ခံလိုက်ရသလို မည်။

လှဖုန်းသည် သူ့ အမေမွေးဖွားခဲ့ ...မိတ်မရှိ နမာမရှိက ပြော စဘင်သောနေ့အထိ လူ့ လောကသို့ ...ဘင်းကောင်းပြော ကျုပ် ကို တွက်ကြည့်မည်ဆိုလျှင်၊ သူသည် ...က်ဖူးဗျ သိလား' ခြောက်ရက်နှင့် ရှစ်နာရီရှိခဲ့ပြီ ဖြစ်သည်



လှဖုန်းမှာ သူ့ စကားကြောင့် ကျွဲမြီးတိုကာ သွားသော ကိုကျော်မြင့်၏ မျက်နှာကို ကြည့်ကာ ရယ်ယင်း ပြန်ပြောသည်။

'ဆောရီးဗျာ....ဆောရီး၊ ခင်ဗျားမကြိုက်ယင် ကျနော်မပြော တော့ပါဘူး၊ တကာကြီးကလဲ အဲ ဟုတ်ပါဘူး....ခင်ဗျားကလဲ အရပ်ရှည်သလောက် စိတ်က တယ်ပီး တိုတာကို၊ ဒါကြောင့် အကျွံးဝိုင်းနေတာသိလား... ဟဲ ဟဲ ဟဲ'

'တော်စမ်းပါဗျာ....အပိုတွေ ပြောမနေစမ်းပါနဲ့၊ ကျုပ်က စေတနာနဲ့ လမ်းစရိတ် အကုန်ခံပီး လာပြောတာကို ခင်ဗျားက ဆီးနှောက်တာ ကောင်းသလားဗျ'

'ဪ... ခက်နေပါပြီ....ကျုပ်က ခင်လို့ မင်လို့ နှောက်တာ ကို တကာကြီးက အခုလို...အဲလေ...ခင်ဗျားက အခုလို စိတ်ဆိုး တာ ကောင်းသလားဗျ၊ တောင်းပန်ရင် ကြေမှာပေါ့ မဆေးပါနဲ့ ရယ်....ဟဲ ဟဲ'

လှဖုန်းက အရယ်မပျက်ဘဲ ကိုကျော်မြင့်ကို ပြန်ပြောနေစဉ် ကိုကျော်မြင့်မှာ လှဖုန်း၏ဘေးတွင်ရှိသော ကြမ်းပြင်ပေါ်တွင် မျက်နှာကြီး ရှုသိုးသိုးနှင့် ဝင်ထိုင်သည်။

သူထိုင်၍အပြီးတွင် ကိုကြည်လည်း အိမ်တွင်းမှ ထွက်လာပြီး နောက် ကိုကျော်မြင့်ကိုတွေ့ရလျှင် လှမ်းပြောသည်။

'အလို....ကိုကျော်မြင့်ပါလားဗျ၊ မျက်နှာကြီး မရွှင်မပျ ဖြစ် နေပုံထောက်ယင် အိမ်က မိန်းမနဲ့ အဆင်မပြေ ဖြစ်လာတာလား၊ ဒါမှမဟုတ် ယခမောက်ကြီးနဲ့ဘဲ ဘုကျလာတာလားဗျ'

ကိုကြည်၏စကားအဆုံးတွင် ကိုကျော်မြင့်သည် လှည့်ကြည့် ပြီးနောက် စိတ်တိုသံနှင့်ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'လှာပြန်ဘီ တယောက်က...ခင်ဗျားတို့ ဟာတွေက ဘယ်လို ဟာတွေလဲဗျ၊ ကျုပ့်အိမ်က မိန်းမနဲ့ ယောက္ခမအကြောင်းမပါယင် စကားမပြောတတ်ကြဘူးလား၊ တော်ဘီဗျာ.... ပြန်တော့မယ်၊ ခင်ဗျားတို့နဲ့နေရတာ မနိပ်ပါဘူး'

ပြောယင်းမှ ကိုကျော်မြင့်သည် ပြန်ရန်ထစဉ် အနီးရှိ လှဖုန်းက သူ့လက်ကို ဖမ်းဆွဲကာ တောင်းပန်ရသည်။

'အယ် အယ်...ဒီလိုမလုပ်နဲ့လေ၊ စိတ်ဆိုးမယ့်ကြံယင် ဒေါသ အယင်ထွက်ရတယ်ဗျ....ဟား....ဟား....ဟား'

လှဖုန်းက နောက်ပြောင်သံကြောင့် ကိုကျော်မြင့်မှာ ဒေါ တန် သွားပြန်သည်။

'တယ်....ဒီဏတုံးတော့ တဘုံးဘုံး မြည်အောင် လက်သီးနဲ့ ထုတာ ခံချင်ဘီထင်တယ်'

'အမယ် အမယ်....ခင်ဗျားရဲ့ အကျွေးထူနေတဲ့ လက်သီးကြီးနဲ့တော့ မထုလိုက်ပါနဲ့၊ နဂိုကမှ အလုပ်မရလို့ လာဘ်တိတ်နေရတဲ့ အထဲ၊ ဟဲ ဟဲ... ကဲပါဗျာ....တိုနေတဲ့စိတ်ကို ပြန်ဖြောင့်ပြီး ခင်ဗျားရဲ့ သတင်းထူးဆိုတာကို ပြောစမ်းပါအုံး'

လှဖုန်းက ပြောတော့မှ ကိုကျော်မြင့်သည် သူ၏လက်ထဲတွင် ကိုင်ထားသော ကြေးမုံသတင်းစာကို လှဖုန်းထံသို့ ပစ်ပေးယင်း ပြောသည်။

'အဲဒီအထဲမှာ ခင်ဗျားအတွက် သတင်းထူးတပုဒ်ပါလို့ ကျုပ်က လာပြောတာ ဖတ်ကြည့်ပေတော့'



'ဟာ... တကာကြီး... အဲ....ခင်ဗျားကတော့ လုပ်ပီ၊ ကျုပ်က ဘယ်လိုလုပ်ပီး ဖတ်ကြည့်ရမှာလဲ၊ ဘာသတင်း ဆိုတာမှ မသိဘဲနဲ့....'

လှဖုန်းက စိတ်ရှုပ်သံနှင့် ပြန်ပြောသည်။

'အဲဟုတ်သားဘဲ....ကဲကဲ....ဒီလိုဆို ကျနော်ကဘဲ ရှာပေးပါ့မယ်'

ကိုကျော်မြင့်သည် ပြောယင်းမှ လှဖုန်း၏လက်တွင်းမှ သတင်းစာကို ပြန်ဆွဲယူကာ သတင်းတခုကို ရှာနေသည်။ ကိုကြည်လည်း သူတို့အနီးသို့လာ၍ ထိုင်နေသည်။

'ဟော ဟော... အဲ အဲ .. အဲဒီ သတင်းဘဲ တကာကြီး၊ အဲ... ဟုတ်ပါဘူး...ကျုပ်လဲ ခင်ဗျားနဲ့ ပေါင်းလို့ ခင်ဗျား လေတွေ ဘောင် ဝင်ကုန်ဘီ....ဟား ဟား ဟား'

ကိုကျော်မြင့်က ရယ်ရယ်မောမောနှင့် ပြောယင်း လှဖုန်းကို ကြေးမုံသတင်းစာမှ ကြော်ငြာကိုပြနေသည်။

သူပြသောနေရာသို့ လှဖုန်းနှင့်ကိုကြည်တို့က ပြိုင်တူငုံ၍ကြည့်လိုက်ကြရာ အမှတ်တမဲ့မို့ နှစ်ဦးသားမှာ ခေါင်းချင်း ဒုတ်ကနဲ မြည်အောင် တိုက်မိကြသည်။

'အမယ်လေးဗျာ....နာလိုက်တာ'

လှဖုန်းက နာကျင်သွားသော သူ၏ခေါင်းကို လက်နှင့်ပွတ်ယင်း ညည်းသည်။

ကိုကြည်မှာ လှဖုန်းလိုမညည်းသော်လည်း သူ့ခေါင်းလည်း နာကျင်သွားသဖြင့် လက်နှင့်အသာ စမ်းနှိပ်နေသည်။

ကိုကျော်မြင့်ကတော့ သူတို့နှစ်ဦး၏ အဖြစ်ကို တွေ့ရလျှင် ဟားဟားနှင့် အော်ရယ်ယင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟား....ဟား....ဟား.... ဓမ်းသာလိုက်တာဗျာ၊ ကျုပ်လိုသူတော်ကောင်းကြီးကို ဝိုင်းစော်ကားကြလို့ အခုလိုဖြစ်ကြတာဗျသိလား....'

'တော်စမ်းပါဗျာ၊ မတော်လို့ဖြစ်တာကို ခင်ဗျားက ကြားထဲကနေ အချောင်အသားယူမနေစမ်းပါနဲ့၊ ပေးဗျာ... လှဖုန်းကို ကျနော်ဖတ်ပြလိုက်မယ်'

ကိုကြည်က ကြားထဲမှဝင်၍ အချောင်အသားယူစကား ပြောနေသော ကိုကျော်မြင့်ကို မျက်စောင်းထိုးကာပြောယင်း ကြေးမုံသတင်းစာကိုဆွဲယူကာ အသံကျယ်ကျယ်နှင့် ဖတ်ပြသည်။

'ရုပ်ရှင်မင်းသားသစ် အလိုရှိသည်....'

'ထွန်းသစ်စ' ရုပ်ရှင်ထုတ်လုပ်ရေးမှ မကြာမီ ရိုက်ကူးတော့မည်ဖြစ်သော 'မုန်းလို့ ဖြင့် မဟုတ်ပေါင်ဗျာ' ဇာတ်ကားအတွက် ရုပ်ရှင်မင်းသားတဦး အမြန်အလိုရှိနေပါသည်။

မင်းသားအဖြစ် လိုအပ်သော အရည်အချင်းမှာ အောက်ပါအတိုင်း ဖြစ်ရပါမည်။

(တစ်) ဗုဒ္ဓဘာသာ မြန်မာလူမျိုး စစ်စစ်ဖြစ်ရမည်။

(နှစ်) ပညာ အရည်အချင်းမှာ အနည်းဆုံး (၁၀) တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။

(သုံး) ရုပ်ရည်မှာ အချော ကြီး မဟုတ် စေကာမူ ကြည့်ပျော်ရှုပျော် ရုပ်မျိုးရှိရမည်ဖြစ်ပြီး အရပ်မှာ ငါးခေပ ခြောက်လက်မထက် မနိမ့်စေရဘဲ၊ ငါးပေ ဆယ်လက်မထက် မမြင့်ရ (ထိုထက် အရပ်မြင့်သောသူများ မလျှောက်ထားကြရန် တောင်းပန်ပါသည်။ ထိုသို့ အရပ်မျိုးရှိသူများအတွက် ဆက်လက်၍ ရိုက်ကူးမည့် 'ဘီလူးကြီး ခြေတံရှည်' ဇာတ်ကားကြမှာ ခေါ်ယူပါမည်)

(လေး) သီချင်းကို ပိုင်ပိုင်နိုင်နိုင် ဆိုတတ်ရမည်။ (အတီးပါတတ်သူကို ပိုမို၍ ဦးစားပေးကာ ရွေးချယ်မည်)

(ငါး) လူပျိုစစ်စစ် တယောက်ဖြစ်ရမည်။ အသက်မှာ ၂၂ နှစ် မငယ်စေဘဲ ၂၈-နှစ်ထက် မကြီး စေ ရ၊ လျှောက်ထားသူမင်းသားလောင်းများသည် ခြောက်လက်မအရွယ် ဓါတ်ပုံနှစ်ခုကို လျှောက်လွှာနှင့်အတူ ပေးပို့ကြရမည်။ ဓါတ်ပုံနှစ်ခု ဆိုရာတွင် တခုလျှင် ကိုယ်နေဟန်တမျိုးစီ ရိုက်ကူးထားသော ပုံများဖြစ်မည်ဖြစ်ပြီး အထူးသဖြင့် မိမိတို့၏မျက်နှာကို ပြည့်ပြည့်ဝဝ ပေါ်ပြထားကြရမည်။

ရွေးချယ်ခြင်းခံရသော မင်းသားလောင်းများသည် ကုမ္ပဏီမှ တွေ့ဆုံခန့် ခေါ်ယူသည့်အခါ မိမိစရိတ်ဖြင့် လာရောက်ကြရမည်ဖြစ်သည်။ အရွေးမခံရသော သူများထံသို့မူ ကုမ္ပဏီမှ ဓါတ်ပုံများကို ပြန်လည်၍ ပေးပို့မည်ဖြစ်သည်။

လျှောက်လွှာများကို အောက် ဖော်ပြပါ လိပ်စာ အတိုင်း ယနေ့မှစ၍ ဇွန်လ (၂၀) ရက်နေ့ မကိုင်မီ ပေးပို့ ကြရမည်ဖြစ်သည်။

ရက်လွန်မှ ရောက်ရှိလာသော လျှောက်လွှာ များ အတွက် ကုမ္ပဏီမှ စဉ်းစားလိမ့်မည်မဟုတ်ပါ။

'ထွန်းသစ်စ'
ရုပ်ရှင်ထုတ်လုပ်ရေး၊
ဆူးလေဘုရားလမ်း ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

'နေစမ်းပါအုံး၊ အဲဒီခကြော်ငြာနဲ့ ကျုပ်နဲ့ ဘာဆိုင်လို့တုန်းဗျ'

ကြေးမုံသတင်းစာမှ ကြော်ငြာကို ကိုကြည်ဖတ်၍အပြီးတွင် လှဖုန်းက စိတ်ပျက်သံနှင့် ကိုကျော်မြင့်ကို လှမ်းပြောသည်။

ကိုကျော်မြင့်ကတော့ လှဖုန်းကို စပ်ဖြီးဖြီးနှင့်ပြန်ကြည့်ယင်း ပြောသည်။

'ဆိုင်တာပေါ့ ဖိုးလှဖုန်းရ အဲဒါ မောင်ရင့်အတွက် သတင်းထူးဘဲ....'

'အာ–မဆိုင်လိုက်တာ ကိုကျော်မြင့်ရာ၊ ဒါက ရုပ်ရှင်မင်းသားလောင်းတွေအတွက် ခေါ်တဲ့ကြော်ငြာ ကျုပ်နဲ့ ဘာဆိုင်တာမှတ်လို့....'

လှဖုန်းပြောအပြီးတွင် ကိုကြည်ကလည်း ဝင်ပြောသည်။

'ဟုတ်သားဘဲဗျ.... ခင်ဗျားဟာ မယ်သီလရင်နဲ့ ယိုးဒယားခေါက်ထီးလို မဆီမဆိုင်ဖြစ်နေဘိ၊ လှဖုန်းလိုချင်တာက အစိုးရအလုပ်....အခု ခင်ဗျားလာပြတာက ရုပ်ရှင်မင်းသား အလုပ်ဘဲဟာ....'

'အေး ...ခင်ဗျားတို့ အခု ပြောနေကြတာတွေက ကျနော်ပြောမယ့်စကားကို အစအဆုံး နားမထောင်ကြရသေးလို့ အပြစ်ပြောနေကြတဲ့စကားတွေပါ၊ ဒီမှာ ကျနော်ပြောပြမယ်၊ အစိုးရအလုပ်ဆိုတာ အခုလောလောဆယ်မှာ ရဘို့မလွယ်သေးဘူး.... ဘယ့်လောက်ကြာအောင် စောင့်ရအုံးမယ် မသိဘူး၊ ဒီတော့....သစ်မရခင်၊ ဝါးပေါင်းကူပ် ဆိုတာမျိုးလို ရုပ်ရှင်မင်းသားဝင်လုပ်တာ အကောင်းဆုံးဘဲ'



ကိုကျော်မြင့်က စိတ်အားထက်သန်စွာ ပြောပြ နေသော်လည်း လှဖုန်းကတော့ စိတ်ပျက်ဟန်နှင့် မျက်နှာကြီးကိုရှုံ့မဲ့ကာနေသည်။

'ဟာ....ကိုကျော်မြင့်နဲ့တော့ ခက်နေပါဘိ၊ ဒီရုပ်ရှင်မင်းသားအလုပ်နဲ့ ကျုပ်နဲ့ ဘာဆိုင်လို့လဲဗျ၊ လုပ်ကောဖြစ်မတဲ့လား'

'ဖြစ်ရမယ်လေ ...ဖြစ်နိုင်လို့ ကျနော် လာပြော နေတာပေါ့ ကိုယ့်လူရ'

'ခင်ဗျားက အခုလို ကြိမ်းသေကြီး ပြောနိုင်ရအောင် ထွန်းသစ်စ ရုပ်ရှင်ကုမ္ပဏီဟာ ခင်ဗျားပိုင်မို့ သား'

လှဖုန်းမှာ မဆီ မဆိုင် စကားတွေကို လာပြော နေသောကိုကျော်မြင့်ကို စိတ်ပေါက်ပေါက်နှင့် ဘုပြန့်ပြောသည်။

'ကျုပ်ကုမ္ပဏီ မဟုတ်ပေမယ့် မီးသေလို့ ပြောနေတာပေါ့....ကိုယ့်လူရ'

ဤတွင် ကိုကြည် ကလည်း ကြားမှ ဖြတ်၍ ဝင်ပြောပြန်သည်။

'နေပါအုံးဗျ....ခင်ဗျားက ဘာစိတ်ကူးပေါက်ပြီး ဒီ လှဖုန်းကို မင်းသား လုပ်ခိုင်းနေရတာလဲ ပြောပါအုံး'

'စိတ်ကူး ပေါက်ဆို ဒီလိုလေဗျာ.... ဟို လွန်ခဲ့တဲ့ လေးရက်လောက်တုန်းက ကိုလှဖုန်းဟာ ကျနော့်အိမ်မှာလာပြီး ညည်းတယ်၊ ဘယ်လို ညည်းသလဲဆိုတော့....သူ ရန်ကုန်ကိုရောက်လာအခုဆိုယင် တလကျော်သွားဘိတဲ့၊ အလုပ်ကလဲ မရသေးဘူးတဲ့၊ သူ ပါလာတဲ့ ငွေငါးဆယ်ဟာလဲ ကုန်သလောက် ဖြစ်နေဘိတဲ့.... ထမင်းတောင် ခင်ဗျားတို့ လင်မယားက အလကားကျွေးထားလို့

www.burmeseclassic.com

www.burmeseclassic.com



မငတ်တာတဲ့၊ ဒီတော့ သူ့အနေနဲ့ လမ်းနှစ်လမ်းဘဲ ရွေးဘို့ရှိ တော့တယ်တဲ့၊ တလမ်းက အယင်လို ဘုန်းကြီးဘဲပြန်ဝတ်ရမလား ဆိုတာရယ်၊ နောက်တလမ်းက သူ့ဇာတိမြို့ဖြစ်တဲ့ မိတ္ထီလာကို ပြန်ပြီး အဒေါ်ဆီမှာ ကပ်နေရမလားဆိုတာဘဲတဲ့၊ သူဒီလိုပြော သွားတော့ ကျနော်ဟာ....စိတ်ထဲမှာ တော်တော်မကောင်း ဖြစ် သွားတယ်၊ ကျနော်လဲ သူ့အတွက် ဘာလုပ်ပေးရ ကောင်းမလဲလို့ စဉ်းစားကြည့်ပေမယ့် မရဘူး၊ အဲဒီကနေ့မနက် ဟောဒီက ကြေးမုံသတင်းစာက မင်းသားလောင်း ကြော်ငြာကိုတွေ့မှဘဲ ကိုလှဖုန်းအတွက် ဖလုပ်ကို စဉ်းစားမိပြီး အခုလို လာပြောတာ ဘဲ....

'ဟာ .. ခင်ဗျားဟာက ဘာဆိုင်လို့လဲ ကိုကျော်မြင့်ရ'

ကိုကျော်မြင့်၏ စကားအဆုံးတွင် ကိုကြည်က ပြန်ပြော သည်။

'လာပြန်ဘီ တယောက်က....၊ မဆိုင်ဘဲနဲ့ ကျနော်က ခြေ အညောင်းခံပြီး လာပြောမလားဗျ၊ ဒီမှာ ကျနော် ပြောပြမယ်၊ အခု ထွန်းသစ်စ ကုမ္ပဏီက ရိုက်မယ်ဆိုတဲ့ မုန်းပွေ့ဖြင့် မဟုတ်ပေါင် ဗျာ....ဆိုတဲ့ ဇာတ်လမ်းက ဘယ်သူ့ဇာတ်လမ်း မှတ်သလဲ'

'ဒါတော့ ဘယ်သိပါ့မလဲဗျ'

လှဖုန်းက စိတ်ဝင်စား ခြင်း မရှိသော အသံနှင့် ပြန်ပြော သည်။

'အေး....မသိယင်လဲ သိအောင် အခုပဲကိုယ်က ပြောရမှာ တာပေါ့၊ ဒီဇာတ်လမ်းက ဟောဒီက နိုင်ငံကျော် ရွှေဂုံတိုင် ကျော်မြင့်ရဲ့ အတော်သင့်တဲ့ ဇာတ်လမ်းဗျ....သိကြပလား'



ကိုကျော်မြင့်က ခတ်ကြွားကြွား ကလေးနှင့် ရင်ကိုကော့ပြ ၍ လှဖုန်းနှင့် ကိုကြည်တို့ကို ပြောပြနေသည်။

'ခင်ဗျားဇာတ်လမ်းဖြစ်တာနဲ့ဘဲ လှဖုန်းကို မင်းသားလုပ်ခိုင်း လို့ရပကောလား၊ ဒီကိစ္စက ဒါရိုက်တာနဲ့ ကုမ္ပဏီက သဘောပါ ဗျ၊ လာပြီးကြွားမနေစမ်းပါနဲ့'

ကိုကြည်က အထင်မကြီးဟန်နှင့် ကိုကျော်မြင့်ကို ပြန်ပြော လျှင် ပြုံးဖြီးဖြီးကြီးလုပ်ကာ ထားသော ကိုကျော်မြင့်၏ မျက်နှာ ကြီးမှာ ကြေးရှင်ကိုတွေ့မြင်လိုက်ရသလို ဖြစ်သွားတော့သည်။

'တောက်....ခင်ဗျားတို့နဲ့ ပြောရတာ တယ်လဲ လက်ဝင်ပါ လား၊ ဒီမှာဗျ၊ ကျုပ်ပြောပြပါအုံးမယ်၊ အခု ဒီဇာတ်ကားကို ရိုက်မယ့် ဒါရိုက်တာဟာ တခြားသူမဟုတ်ဘူး၊ အကယ်ဒမီ သုံးခု ကိုရထားတဲ့ နိုင်ငံကျော် ဒါရိုက်တာကြီး ဦးသဲဥ ခေါ် ဦးမြသန်း ဘဲဗျ သိပလား'

'ကဲပါ....သိတာတွေ မသိတာတွေ အသာ ထားခဲ့ပြီး ခင်ဗျားစကားကို ဆက်စမ်းပါအုံး'

လှဖုန်းက စိတ်မရှည်သံနှင့် ကိုကျော်မြင့်ကို ပြန်ပြောသည်။ သို့ဖြစ်၍ ကိုကျော်မြင့်သည် သူ၏စကားကို ပြန်ဆက်သည်။

'ကောင်းဘီ ကျုပ်စကားကိုပြန်ဆက်အုံးမယ်၊ အဲဒီ ဒါရိုက်တာ ဆရာဘဲဥက ကျုပ်နဲ့လင်မယားလို ခင်မင်နေကြတာဗျ'

ကိုကျော်မြင့်ပြောနေစဉ် ကိုကြည်က ကြားမှ ဖြတ်၍ ကို နှောက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



‘နေပါအုံးဗျ၊ လင်မယားလို ခင်မင်ကြတယ်ဆိုတော့ ခင်ဗျားက ယောကျ်ားအဖြစ်နဲ့ နေရတာလား၊ သူက ယောကျ်ားအဖြစ်နဲ့ နေရတာလား ဟား ဟား ဟား’

‘ဟာဗျာ...အရေးထဲ ဝင်နှောက် မနေစမ်းပါနဲ့ ဘယ်လိုဘဲ နေရနေရ ခင်တယ်ဆို တော်ရောပေါ့၊ ခင်ဗျားဟာလေ...အရုပ်ပုသလောက် ချောက်စကားကိုရှည်တယ်၊ ခင်ဗျားကို ပြောနေရတာနဲ့ ကျုပ်စကားတောင် ဘယ်ရောက်သွားပလဲမသိဘူး၊ အဲ-အဲ သိပီ- အဲဒီလို ခင်မင်နေကြတဲ့အတွက် ဟိုလွန်ခဲ့တဲ့ တပတ်လောက်တုန်းကကျုပ်ကိုသူက ဘယ်လိုပြောသလဲဆိုတော့မောင်ကျော်မြင့်တဲ့ မင်းရဲဇာတ်လမ်းအတွက် ငါတော့ လက်ရှိ မင်းသားဟောင်းတွေနဲ့မရိုက်ဘဲ မင်းသားသစ် တယောက်ကိုတင်ပီး ရိုက်ချင်တယ်တဲ့၊ ဒီတော့ မင်းအနေနဲ့ မင့်ဇာတ်လမ်းနဲ့ လိုက်မယ့် မင်းသားများတွေ့ယင် ငါ့ကို လာပြော... ငါတို့ အနေနဲ့လဲ သတင်းစာကနေ မင်းသားသစ် တယောက် အလိုရှိကြောင်းကို ခေါ်အုံးမယ်တဲ့...တကယ်လို့ မင်းခေါ်လာတဲ့ မင်းသားနဲ့ ဒို့ကုမ္ပဏီက ရွေးထားကြတဲ့ မင်းသား အရေအချင်းချင်း တူညီနေယင် မင့်မင်းသားကို ငါရွေးမယ်လို့ ပြောထားတယ်၊ ဒီလိုပြောထားပေမယ့်... ကျနော်လဲ သတိမရပါဘူး၊ ဒီကနေ့မနက် ဒီသတင်းစာထဲ ကြော်ငြာကိုတွေ့ရမှဘဲ၊ ကိုလှဖုန်းကို သတိရပီး၊ အခုလို လာပြောတာဘဲဗျ၊ ဒီတော့...အစတ်ကို အမြန်လဲပီး ကျနော်နဲ့လိုက်ခဲ့ဗျာ၊ ဒါရိုက်ဦးဘဲဥနဲ့ သွားတွေ့ကြရအောင်’

‘နေပါအုံးဗျ...ဘယ်သူက မင်းသားလုပ်ချင်တယ် ပြောလို့ ခင်ဗျားက ကျနော့ကို လာခေါ်နေတာလဲ’



လှဖုန်းက လုံးဝ စိတ်မပါသံနှင့် ပြန်ပြောလျှင် ကိုကျော်မြင့်က ဒေါကန်ကာ သွားတော့သည်။

‘ဘာဗျ...ကျုပ်က စေတနာတွေ ရာခိုင်နှုန်းပြည့် ထားပီးလာခေါ်နေတာကို ခင်ဗျားက ငြင်းတယ်ပေါ့၊ ကဲ...ဒီလိုဆိုလဲ နေတော့ ကျုပ်ပြန်တော့မယ်’

ကိုကျော်မြင့်သည် တကယ်ပင် စိတ်ဆိုးသွားဟန်နှင့် ထိုင်နေရာမှ ထရပ်ရန်ဟန်ပြင်သည်။

အနီးတွင်ရှိသော ကိုကြည်က ကိုကျော်မြင့်၏ လက်ကိုဆွဲထားယင်းပြန်ထိုင်ခိုင်းသည်။

‘နေပါအုံးဗျာ... ခင်ဗျားကလဲ ဆတ်ချည့်ဘဲ၊ ကြွက်ကလေးဘဲကလေးလဲ မွေးအုံးမှပေါ့ ဟား ဟား ဟား’

‘တော်စမ်းဗျာ...နှောက်မနေနဲ့၊ ကျုပ် စေတနာတွေကို ခင်ဗျားတို့က အသိအမှတ်မှ မပြုတာ စိတ်မဆိုးဘဲ နေပါ့မလား’

‘ပြုပါတယ်လေ...ကဲ ကဲ...လှဖုန်းကို ဒီလောက်တောင် မင်းသားဖြစ်စေချင်ယင်လဲ ခေါ်သွားပေါ့ဗျာ... ဟေ့ လှဖုန်း...မင်းကလဲ ဂျီးထူ မနေနဲ့ သူ့စိတ်ကြေနပ်အောင်တော့ လိုက်သွားပါကွာ၊ မစွံလဲ ပြန်လာခဲ့ပေါ့၊ ပြောသာပြောရတာပါ၊ မင်းနဲ့လဲ ဒီရုပ်ရှင်လုပ်ငန်းဟာ စွံမယ်ထင်ပါဘူး၊ ဒီတော့ လိုက်သာသွားပါမှ ဒီက ဒေါသကုမ္ပာရက ဒေါကန်နေပါအုံးမယ်’

ကိုကြည်က ပြောလျှင် လှဖုန်းလည်း မြုံ့ရယ်ကာ ခေါင်းကို ညိတ်ပြယင်း ကိုကျော်မြင့်ကို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'အေးဗျာ-လိုက်ဆိုလဲ လိုက်ခဲ့ပါမယ်၊ အဲလိုက်တာက ဟုတ်ပြီ ခင်ဗျားမြင်တဲ့အတိုင်းဘဲ ကျနော်က ကဘုံးပြောင်ကြီးနဲ့ဆိုတော့ ခင်ဗျားဒါရိုက်တာ လိပ်ဥက....'

'ဘယ်က လိပ်ဥရမှာလဲ၊ ဘဲဥပါဗျ .. သေတော့မှာဘဲ'

'အဲ အဲ....ဘဲဥက ကျုပ် ကတုံးကြီးကို ကြည့်ပြီး....မင်းသား ဘောင် ရွေးဘို့ စိတ်ကူးပါမလားဗျ'

'ဘာဆိုင်လို့လဲဗျ....ခင်ဗျားကတုံးက နောက် သုံးလလောက် ဆိုယင် ဆံပင်တွေ အတော် ပေါက်လာမယ်ဟာ၊ တကယ်လို့ မပေါက်လဲ ကိစ္စမရှိပါဘူးလေ...ဆံပင်တုတွေ ရှိပါတယ်၊ လိုက် မှာသာ လိုက်ခဲ့စမ်းပါ'

'လိုက်ပါမယ်လေ... မလိုက်ခင် စကားကလေး တခွန်းလောက် တော့ မေးပါရစေအုံး၊ ခင်ဗျားက ဘာစိတ်ကူးပေါက်ပြီး ကျုပ် ကို အခုလို မင်းသားလုပ်ဖို့ မရမက ခေါ်နေရတာလဲ'

'ဒီလိုလေဗျာ....ကျနော်ရေးတဲ့ ဇာတ်လမ်းထဲက ခေါင်း ဆောင်ဇာတ်သိုက်ရဲ့ ရုပ်ရည်ရယ်၊ သူ့ရဲ့ လှုပ်ရှားမှု သွင်ပြင်မှုဟန် တွေဟာ ခင်ဗျားနဲ့ သိက်တူနေလို့ဘဲ၊ ပြီးတော့ ခင်ဗျားဟာ ဘုန်း ကြီးလူထွက်ပေမယ့် သီချင်းတွေ ဘာတွေလဲ ဆိုတတ်တယ်မဟုတ် လား၊ နောက်ပြီး အခု ကြေးမုံမှာပါတဲ့ကြော်ငြာအတိုင်း အရည် အချင်းတွေဟာ အကုန်လုံး ပြည့်စုံနေတာ တွေ့ရလို့ရယ်၊ နောက် တကြောင်းက၊ စောစောတုန်းက ကျနော် ပြောခဲ့တဲ့ အတိုင်း ဒါရိုက်တာ ဦးဘဲဥကလဲ မှာထားလို့ဘဲ... ကဲဗျာ...မေးစရာရှိတာ တွေကျန်သေးယင် လမ်းကျမှ ဆက်မေးပေတော့၊ တော်ကြာ



ဆယ့်တနာရီကျော်သွားယင် ဦးဘဲဥ ကျောင်းသွားနေလို့ မတွေ့ ဘဲ နေပါအုံးမယ်'

'ဗျာ....ခင်ဗျားဦးဘဲဥက အခုအရွယ်ကြီးအထိ ကျောင်းနေ တုန်းလားဗျ'

လုဖုန်းက အံ့သြသံနှင့် ပြန်မေးသည်။

'သူကတော့ ဘယ်နေပါမလဲဗျ....သူ့သားတွေကျောင်းလိုက် ပို့ရလို့ပါ'

'ဪ ဪ....ဒီလိုလား၊ ကဲဗျာ_ ကျနော်လဲ အဝတ်သွား လဲလိုက်ပါအုံးမယ်'

လုဖုန်းသည် ပြောပြောဆိုဆိုနှင့်ထိုင်နေရာမှ ထရပ်ကာ အခန်း တွင်းသို့ ဝင်သွားသည်။

ထိုစဉ် ကိုကြည်၏ ဇနီးချောမဒမ်-ကိုကြည်(ခေါ်)ဒေါ်မြခင် မှာ ဈေးဝယ်သွားရန် အတွက် ဈေးခြင်းတောင်း ကလေးကို ကိုင်၍ ထွက်လာသည်။

ကိုကျော်မြင့်ကို တွေ့လျှင် လှမ်း၍နှုတ်ဆက်သည်။

'ဪ....ကိုကျော်မြင့်ကြီး ဂါလား....ရောက်နေတာ ကြာ ပလားရှင့်'

'ဟုတ်ကဲ့....နာရီဝက်လောက်တော့ ရှိသွားပါပြီ၊ ဈေးသွား မလို့လားဗျ'

ကိုကျော်မြင့်က ပြန်၍မေးသည်။

'ဟုတ်ကဲ့....သွားမလို့'

ဒေါ်မြခင်သည် ကိုကျော်မြင့်ကို ပြန်ပြောပြီးနောက် ခင်ပွန်း သည် ကိုကြည်၏ မျက်နှာကို ကြင်နာသော အပြုံးကလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ယင်း ကရဝိတ်သံ ကြိုးကြာသံမျိုး ကလေး နှင့် မေး သည်။

'အကြည် ... ဒီကနေ့ ဘာဟင်းစားမလဲဟင် .... ပြောကွယ်'

ရုပ်ရှင်မင်းသမီး ဟန်ကလေးနှင့် ဒေါ်မြခင်က ကိုကြည်ကို မေးနေသည်။

ကိုကျော်မြင့်ကတော့ သူတို့ကိုကြည့်၍ ပြုံးနေသည်။

'မြကြိုက်တာ ဝယ်ချက်လေ....မြ အကြိုက်ဟင်းဟာ အကြည့် အကြိုက်ပါဘဲ၊ မြ ချက်ကျွေးတဲ့ ဟင်းတွေဆိုယင် အကြည်မကြိုက် မရှိပါဘူး၊ အမြဲတန်း မတင်းတိမ်သေးတယ်....ထမင်းမြိန် အေး သဖွယ် ဖြစ်နေတာဘဲ မဟုတ်လားလို့....အဟီး'

ကိုကြည်၏စကားအဆုံးတွင်အနီးတွင်ရှိနေသော ကိုကျော်မြင့် မှာ ဝင်နောက်သည်။

'ဒီလိုဆိုယင်လဲ မမြခင်ကသူ့ ကို အာပုတ်ရေနဲ့ မျက်ချေးဟင်း ချက်ကျွေးလိုက်ဗျာ... ဟား ဟား ဟား'

ကိုကျော်မြင့်က ဝင်နောက်ပြီး ရယ်နေသော်လည်း ဒေါ် မြခင်ကတော့ သဘောမကျဟန်နှင့် မျက်စောင်းကလေးထိုးယင်း ကိုကျော်မြင့်ကို ရန်တွေ့သည်။

'အို ...ကိုကျော်မြင့်ကလဲ သူများ လင်မယား ကြားထဲ ဝင် မရှုပ်စမ်းပါနဲ့၊ ဒီက အကြည့်ကို အကောင်းပြောနေတဲ့ဟာ၊ ကဲကဲ- အကြည်မပြောချင်ယင်လဲ မြဘဲ စိတ်ကူးပြီး ဝယ်ခဲ့ပါ့မယ်၊ ဒီကနေ့ ည စောစောပြန်ခဲ့နော်၊ ခါတိုင်းလို မိုးချုပ်ချုပ်မနေနဲ့၊ မိုးကလဲ အေးပါဘိနဲ့'



'အေးပါမြရယ်....ဒီကနေ့ည အကြည်စောစော ပြန်ခဲ့ပါ့မယ်၊ စိတ်ချပါ'

'ကဲ ဒါဖြင့်....မြသွားတော့မယ်၊ တာ့တာ အကြည်ရေ'

ဒေါ်ခင်မြသည် ကိုကြည်ကို နှုတ်ဆက်၍ ထွက်သွားလျှင် ကိုကြည်ကလည်း ပြန်ပြောသည်။

'ဘိုင့်ဘိုင်....အမြရေ....အဟီး'

ကိုကျော်မြင့်မှာတော့ အသက်တွေကြီးလှမှ သူငယ်ပြန်နေကြ သော ကိုကြည်တို့၏ စုံတွဲအဖြစ်ကိုကြည့်ကာ နှလုံး နာနေဟန်နှင့် နှာခေါင်းကြီးကို ရှုံ့မဲ့ပြယင်း ကိုကြည်ကို လှမ်းပြောသည်။

'ခင်ဗျားတို့ ဟာတွေကလဲ အရွယ်တွေကဖြင့် တဆိတ်ဟိုင်းနေ ကြဘီ၊ အခုထက်ထိ တကယ့် အပျို လူပျိုကလေးတွေကျနေတာ ဘဲ၊ တယောက်နဲ့တယောက် နွှဲတာ့ ခယာနေလိုက်ကြတာ ကျုပ် ဖြင့် နှလုံးတောင်နာတယ်'

ကိုကျော်မြင့်၏စကားကိုကြားရလျှင် ကိုကြည်မှာ မခံချင်သံ ကလေးနှင့် ပြန်ပြောသည်။

'ခင်ဗျားနှယ်ဗျာ....စာရေးဆရာ တယောက်လုံး လုပ်နေပီး ဒီလောက်ဘဲ အတွေးအခေါ်က ညံ့ဖျင်းရသလား....ဒီမှာဗျ.... ချစ်ချင်း မေတ္တာတရားတို့မည်သည်မှာ ဘယ်တော့မှ မအိုဘူး-- အမြဲတန်း နုပျိုလို့သာနေသတဲ့၊ အဲဒီ စကားကလေးလိုဘဲ ကျုပ် တို့ လင်မယားဟာလဲ အသက်တွေသာ ကြီးလာလို့ အရွယ်ဟာ အိုသွားမယ်၊ ကျုပ်တို့ရဲ့ မေတ္တာတရားကြီးကတော့ ဘယ်တော့မှ မအိုဘူး၊ ဒါကြောင့်လဲ ကျုပ်တို့နှစ်ယောက်ရဲ့ စိတ်ထဲမှာ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



တို့ကိုယ်ကို ကျုပ်တို့ တဆယ့်ခြောက်နှစ်သား အရွယ်ကလေးတွေ ဘဲလို့ ထင်နေကြတာဗျ....သိလား'

'အေးလေ—ဒါကတော့ ကိုယ်ထင် ကုတင်ခြေလေးချောင်းမို့ ကျူနေဘ်က မငြင်းလိုပါဘူး၊ အဲ...တခုတော့ မိတ်ဆွေချင်းမို့ သတိပေးချင်တယ်ဗျ'

'ဘာလဲဗျ....ပြောပါအုံး'

'တခြားတော့ မဟုတ်ပါဘူး....ခင်ဗျားမိန်းမ မဒမ်-ကိုကြည် ဟာ တနေ့တခြား ဝလာနေတယ်ဗျ'

'ဝတာ ဘာဖြစ်လဲဗျ....လှလို့ ဝတဲ့ဟာ'

'အေး...လှလို့ဝတာ ဆိုယင် ကောင်းတာပေါ့၊ တော်ကြာ အဝလွန်ပြီး ခင်ဗျားမိန်းမ အဆီပိတ် သေမှာစိုးလို့ ပြောတာဗျ၊ သိပလား...ဟား ဟား ဟား'

ကိုကျော်မြင့်၏ စကားကြောင့် ကိုကြည်မှာ ဒေါပွ သွားသည်။

'တော်စမ်းပါဗျာ....မဦးမချွတ်တွေ လာပြောမနေစမ်းပါနဲ့၊ ကျုပ်မိန်းမ ဝတာက ကျန်းမာရေးကောင်းလွန်းလို့ ဝတာ ဘာဖြစ်သလဲ၊ ခင်ဗျားမိန်းမသာ မီးယပ်ပိန်၊ မီးယပ်ချောက်မို့ သတိထားဗျို့ သိလား'

သူတို့တတွေ အချီအချ ပြောနေကြစဉ် လှဖုန်းမှာ ကြည့်ရှုလို့ဝအဆင်မပြေလှသော အဝတ်တွေကို ဆင်မြန်း၍ ထွက်လာသည်။

ကိုကျော်မြင့်မှာ ပုဆိုးက လူပြက်များဝတ်သလို အကွက်ကျားကြီးကို ဝတ်ထားပြီး အပေါ်တွင်တော့ မိန်းမ ထမိန်ဆင်ကြီးမျိုးကို ဟာဝေယံရှပ် ချုပ်ကာ ဝတ်ထားသည့် ကတုံးပြောင်ပြောင်နှင့် လှဖုန်းကိုကြည့်ယင်း စိတ်ပျက်ဟန်နှင့် သက်ပြင်းရှည်ကြီးကို ချနေသည်။

ဘယ့်နှယ်လဲဗျ.... ကျုပ် ကိုယ်တိုင် စိတ်ကြိုက်ရွေးပြီး ဆင်တဲ့ အဝတ်ဟာ စွံရဲ့သား....ဟဲ ဟဲ'

လှဖုန်းက ဟန်ပါပါနှင့် သူတို့ကိုမေးလျှင် ကိုကျော်မြင့်က စိတ်ပျက်သံကြီးနှင့် ပြန်ပြောသည်။

'ဟာ....စွံတာတော့ ပြောမနေနဲ့ဗျို့.... ခင်ဗျား ကြည့်ရတာ ပွဲထဲက လူပြက်လိုလို၊ နွားဖါချေးကောင်တဲ့ ပေါက်ဖေါ် လိုလိုနဲ့ မင်းသားဂိုက်တော့ လုံးဝ ပျောက်နေတာဘဲ၊ ဆင်လဲ ဆင်တတ်ပါဗျာ'

'ဟာဗျာ....ခင်ဗျားကလဲ လူကို နှိမ်လိုက်တာ၊ ဒီမှာ စကားတွေ သိပ်များမနေနဲ့၊ ကျုပ်တော့ ဒီအဝတ်နဲ့ဘဲ လိုက်မယ်.... ခေါ်ချင်ခေါ် မခေါ်ချင်နေပေတော့'

'အမယ် အမယ် .. စိတ်တော့ ကောက်မသွားပါနဲ့ ကိုယ်တော်ရယ်၊ ခေါ်ဆိုလဲ ခေါ်ပါ့မယ်၊ ကဲလာ...သွားကြစို့'

ကိုကျော်မြင့်က အလျော့ပေးသံနှင့် ပြောတော့မှ လှဖုန်းမှာ ကြေနပ်သွားသည်။ ကိုကြည်ကတော့ လှဖုန်း၏ ဆင်ယင် ထုံးဖွဲ့မှုကိုကြည့်ကာ ရယ်နေရာမှ ဝင်နောက်ပြန်သည်။

'ဟေ့ မောင်လှဖုန်းရ....မင်းက ဒီလိုဘဲ သွားတော့မလို့လား၊ ခေါင်းလေး ဘာလေး ဖီးသွားအုံးလေကွာ....ဟား ဟား ဟား'



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည်၏ နောက်ပြောင်သံကြောင့် လှဖုန်းသည် ပြော သက်ကာနေသော သူ၏ ကစုံးကလေးကို စမ်းယင်း ပြန်ပြော သည်။

'နေပေ့စေတော့ဗျာ.... ခေါင်းဖီးနေယင် ဘရိုင်ရယ်(လ်) ကရင်းတို့ ဘာတို့ လိမ်းနေရအုံးမယ်၊ ဒီလိုဘဲ ကောင်းပါတယ်— ဟဲ ဟဲ ဟဲ'

လှဖုန်း၏စကားအဆုံးတွင် သူတို့သုံးယောက်မှာ ရယ်နေကြ သည်။

ထိုနောက်တော့ သူတို့သုံးယောက်သည် အိမ်မှ ထွက်လာကြ သည်။

လမ်းထိပ်သို့ အရောက်တွင် ကိုကြည်က အမှတ် (၂) ဟိုးနီး ကားစီးရန် ကျန်ခဲ့ပြီး လှဖုန်းနှင့် ကိုကျော်မြင့်တို့ကတော့ သုံးဘီး ကားငှားရန် ရှေ့သို့ဆက်၍ လျှောက်သွားကြသည်။ အစိုးရ အငှား ကားကိုတွေ့ရလျှင် သူတို့သည် တား၍၊ ဒေါက်တာ ဦးဘဲဥ(ခေါ်) ဦးမြသန်းနေထိုင်ရာ အင်းယားမြိုင်လမ်းသို့ သွားခဲ့ကြသည်။

*  *  *

39

726-

( နှစ် )

ဘဲဥ ရာဇဝင်

ကြုံနေရာတွင် ချစ်စွာသော စာဖတ်သူများအား ဒေါက်တာ ဦးဘဲဥ(ခေါ်)ဦးမြသန်း၏အကြောင်းကို တင်ပြလိုပါသည်။

ဦးဘဲဥသည် ရုပ်ရှင်လောကသို့ အောက်ခြေမှစ၍ ဝင်ရောက် လာသူဖြစ်သည်။ သူ့အဖို့ ဒေါက်တာဘဝသို့ ရောက်ခဲ့ရသည်မှာ မလွယ်ကူခဲ့ပေ။ အခက်အခဲပေါင်း မြောက်မြားစွာကို ကျော် ဖြတ်ပြီးမှ ရောက်လာရသူဖြစ်သည်။

သူ၏မိဘများက သူ့ကို ဒေါက်တာဘဝထက် အရာရှိဘဝ သို့ရောက်ရန် ဆန္ဒရှိသည်။ ထိုဆန္ဒအတိုင်း သားဖြစ်သူ မြသန်း တက္ကသိုလ်သို့အရောက် ပညာကိုသင်ကြားပေးခဲ့သည်။ သို့သော် မြသန်းကတော့ မိဖတို့ဆန္ဒနှင့် ဖီလာဖြစ်ကာ တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ်ကပင် သူသည် အေးဝမ်းရုပ်ရှင်ခြံသို့ လည်း ကောင်း၊ ဗြိတိသျှဘားမား (ယခု-ညွန့်မြန်မာ) ရုပ်ရှင် ကုမ္ပဏီသို့

www.burmeseclassic.com



လည်းကောင်း၊ အချိန်ရတိုင်း သွားရောက်ကာ ရုပ်ရှင်ပညာကို လေ့လာဆည်းပူးခဲ့သည်။

သို့နှင့်ပင် သူသည် ဝိဇ္ဇာနောက်ဆုံးနှစ်သို့ အရောက်တွင် အိမ်သို့မပြန်တော့ဘဲ ဗြိတိသျှဘားမား ရုပ်ရှင်ခြံတွင်နေထိုင်ပြီး ရုပ်ရှင်နယ်ထဲသို့ ခြေစုံပစ်ကာ ဝင်လိုက်တော့သည်။

သူ၏မိဘများကလည်း သူ့ကိုစိတ်ဆိုးကြသည့်အတွက်သတင်းစာမှ အမွေပြတ်ကြောင်းကြော်ငြာကာ စွန့်ပစ်လိုက်ကြသည်။

သို့သော်... မြသန်းကတော့ မမှုပေ။ သူဝါသနာသန်ရာ ရုပ်ရှင်နယ်ထဲတွင်သာ ဆင်းရဲဒုက္ခ အမျိုးမျိုးကိုခံကာ ရုပ်ရှင်ပညာများကို အပတ်တကုတ် ကြိုးစားဆည်းပူးခဲ့သည်။

သူ၏ဆရာရင်းများမှာ ကွယ်လွန်သူ ဒါရိုက်တာ ဆရာခန့်... ဦးဘဇင်နှင့်၊ ယနေ့တိုင် ကျန်းမာလျက်ရှိသေးသော နိုင်ငံကျော် ဒါရိုက်တာကြီး ဆရာ ရွှေဒုံးဘီအောင်တို့ ဖြစ်ကြသည်။

ထို့ပြင် အချိန်ရသည့်အခါ အေဝမ်းခြံသို့သွား၍ ဒါရိုက်တာကြီး အေဝမ်းဦးတင်မောင်ထံတွင် ရုပ်ရှင်ပညာများကို ဆည်းပူးခဲ့သေးသည်။

ထိုကဲ့သို့ ဆရာကောင်းများထံမှ ရုပ်ရှင်ပညာများကို ဆည်းပူးခဲ့ရသူဖြစ်၍ သူဒါရိုက်တာဖြစ်လာသောအခါတွင် အရည်အချင်းပြည့်ဝသော ဒါရိုက်တာကောင်းတဦး ဖြစ်လာသည်။

သူသည် ရုပ်ရှင်ဇာတ်ကားသာ အရိုက်ကောင်းသူ မဟုတ်ဘဲ၊ မင်းသား မင်းသမီးများကို သင်ပြသည့်နေရာတွင်လည်း အလွန်တော်သူဖြစ်သည်။



ထို့ပြင် မင်းသားသစ်၊ မင်းသမီးသစ် တဦးကို တိုင်းပြည်က စိတ်မဝင်စားဘဲ မနေနိုင်အောင်လည်း သူသည် စတန့်ကလေးတွေထွင်ကာ လုပ်ဆောင်တတ်သေးသည်။ သို့ဖြစ်၍ ဒါရိုက်တာဦးဘဲဥက တင်မြှောက်လိုက်သည့် မင်းသား မင်းသမီးများဆိုလျှင် နိုင်ငံကျော်တွေချည့် ဖြစ်ခဲ့သည်မကသေး၊ အကယ်ဒမီတွေလည်း ရသွားကြသည်ချည်းပင်။ ဤမျှအထိတော်သော ဒါရိုက်တာဖြစ်သည်။

ဒါရိုက်တာ ဦးမြသန်းမှာ မျိုးရိုးအားဖြင့် တရုပ်သွေးမကင်းသူဖြစ်သည်။ သူ၏ဖခင်မှာ တရုပ်အစစ်ကြီး ဖြစ်သည်။ တရုပ်သွေးမကင်းသော်လည်း ဦးမြသန်းမှာ တရုပ်စကားကိုတော့ လုံးဝဘတ်သူမဟုတ်ပေ။

ထိုကြောင့်လည်း သူတို့ငယ်စဉ်က ဖခင်ဖြစ်သူ ပေါက်ဖော်ကြီးမှာ သူတို့တတွေကို အလွန်ဒေါသဖြစ်လာသည့် အခါတွင် တရုပ်လို အားပါးတရ ဆဲပစ်တော့သည်။

ဒါကို တရုပ်စကား လုံးဝမတတ်ကြသည့် ဦးမြသန်းတို့ ညီအကို မောင်နှမတစုတို့က သူ၏ဖခင်ကြီးသည် အရက်မူးမူးနှင့် သူတို့တတွေကို တရုပ်သီချင်းတွေဆိုပြနေသည်ဟု မှတ်ထင်ကာ ရယ်ရယ်မောမောနှင့် နားထောင်နေကြသည်။

ထိုအခါတွင် တရုပ်စကားကိုကျွမ်းကျင်စွာ တတ်မြောက်ထားသော သူတို့၏မိခင်က ဖခင်ဖြစ်သူ၏ တရုပ်လိုဆဲဆိုနေခြင်းကို ကြားမှ အခမဲ့ဝင်၍ ဘာသာပြန်ပေးလိုက်တော့မှ ဦးမြသန်းတို့မှာ ဖခင်ဖြစ်သူသည် တရုပ်သီချင်း ဆိုပြနေခြင်းမဟုတ်ဘဲ သူတို့ကို ဆဲဆိုနေမှန်းသိကြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဦးမြသန်းသည် မြန်မာနိုင်ငံဘော်သားပီပီ သူ့နိုင်ငံကို အလွန်ချစ်မြတ်နိုးသူလည်း ဖြစ်သည်။ သူ့ကို တရုပ်ဟူ၍ခေါ်သည်ကိုပင် မကြိုက်ပေ။

'ကျုပ်ဟာ ဗမာပြည်မှာ မွေးတာပါ၊ ဒီတော့ ဗမာလူမျိုးအဖြစ်ဘဲ ခံယူထားတယ်၊ တရုပ်သွေးပါတာနဲ့ တရုပ်လို့တော့ မခေါ်ကြပါနဲ့၊ ဒီလို အပြောခံရတာဟာ ဆဲတာ ထက်ဆိုးတယ်လို့ ကျုပ်နာမိသေးတယ်....' ဟူ၍ မြန်မာနိုင်ငံအပေါ်တွင် ထားရှိသော သူ၏ မေတ္တာစေတနာတွေကို ပြလိုက်သည်။

သူ့ကိုယ်သူလည်း မြန်မာလူမျိုးအဖြစ်သာ သတ်မှတ်ထားသည်။

ဦးဘဲဥ(ခေါ်)ဦးမြသန်း၏ ရုပ်ရှည်နှင့် အသက်တို့ကို ဖော်ပြရမည်ဆိုလျှင် အသက်အား ဖြင့် လေးဆယ် ကျော်ခန့်ရှိပြီး အသားဖြူဖြူ အရုပ်ပုပုထဲကပင်။ အရုပ်ပုသလောက် စိတ်ကလည်း အလွန်တိုသည်။ ငယ်စဉ်တုန်းကဆိုလျှင် သူစိတ်တိုလာပါက ကြီးငယ်မဟူ ခွေးရူးတကောင်လို လိုက်ကိုက်တတ်သည်။ ယခုကြီးလာသောအခါတွင် ငယ်ငယ်ကလို လိုက်မကိုက်တော့သော်လည်း၊ မျက်လုံးကြီးပြူး၍တော့ ကြည့်နေတတ်သေးသည်။ ထိုအချက်တွေမှလွဲလျှင် ဦးမြသန်းသည် လူကောင်းတဦး ဖြစ်သည်။

အဘယ်ကြောင့် ဦးမြသန်းသည် ဘဲဥ... ဟူသောအမည်ကို ခံယူထားခဲ့သနည်း ဆိုသော အကြောင်းကိုတော့ စာရေးဆရာ ရှေ့ဂိုတိုင် ကျော်မြင့်နှင့် လှဖုန်းတို့ ပြောဆိုကြသော နောက်အခန်းတွင် ဆက်လက်၍ ဖော်ပြပေးပါမည်။



ကိုကျော်မြင့်နှင့် လှဖုန်းတို့သည် အငှါးလေးဘီးကားကလေးဖြင့် ဒါရိုက်တာ ဦးဘဲဥ၏အိမ်သို့ လာနေကြရာမှ၊ လှဖုန်းက သူသိလိုသောအကြောင်းကို ဘေးတွင် ငြိမ်သက်စွာထိုင်ယင်း လိုက်ပါလာသော ကိုကျော်မြင့်ကို မေးကြည့်သည်။

'ဒါနဲ့တကာကြီး အဲဟုတ်ပေါင်....ကိုကျော်မြင့်ကို မေးရအုံးမယ်၊ ဒီဒါရိုက်တာက ဘာဖြစ်လို့ သူ့ကိုယ်သူ ဦးဘဲဥလို့ အမည်တပ်ထားရတာလဲဗျ ပြောပါအုံး....'

'ဒါကဒီလိုဗျ....ဒီလူက ငယ်ငယ်ကလေးထဲက ခတ်ဆန်းဆန်းရယ်၊ သူ့အမေက သူ့မွေးပီး တနှစ်လောက်အကြာမှာ နောက်ထပ်ပီး လူဦးရေတိုးတက်ဖို့ ကိုယ်ဝန် ရှိလာတဲ့အခါ သူ့ကို နို့ဖြတ်ရတာပေါ့၊ သူများကလေးတွေ နို့ဖြတ်ကြတာကတော့...ငှက်ပျောသီးနဲ့ဖြစ်ဖြစ်... ကော်ဖီ့လဖက်ရည်နဲ့ဖြစ်ဖြစ်၊ ဖြတ်လို့ရပေမယ့်....သူကတော့ တဘာသာဖြစ်နေတယ်၊ အဲ သူ့ကိုနို့ဖြတ်ဖို့ အမေလုပ်တဲ့သူက အမျိုးမျိုးကြိုးစားပေမယ့် မအောင်မြင်ခဲ့ဘူး၊ နောက်ဆုံး ဘာနဲ့ကျမှ အောင်မြင်သလဲဆိုတော့ ဝမ်းဘဲဥကိုပြုပ်ပီး သူ့ကို နို့ ဖြတ်မှ ရသွားသတဲ့၊ ဒီတင်...သူ့အမေက သူ့ကိုချစ်စနိုးနဲ့ 'ဘဲဥကလေး....ဘဲဥကလေး' လို့ ခေါ်ရာကအစ သူ့နာမယ်ဟာလဲ ဘဲဥ လို့ တွင်သွားတော့တာဘဲ၊ သူကလဲ ဒီနာမယ်ကလေးကို နှစ်သက်တာနဲ့ သူ့အမည်ရင်း မြသန်းကို ဘေးဖယ်ထားပီး ဘဲဥလို့သာ အမည်ကိုခံယူထားလိုက်တာဘဲဗျ၊ မှန်းပသား.. ဟား....ဟား..ဟား....

ကိုကျော်မြင့်က ပြောအပြီးတွင် ရယ်ခနေလျှင် လှဖုန်းလည်း လိုက်၍ရယ်ယင်း ဤသို့ မှတ်ချက်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဩော် .. လက်စသတ်တော့၊ ဦးဘဲဥရဲ့ ရာဇဝင်က၊ ဒီလိုကိုး ဟား ဟား ဟား'

လှဖုန်း၏ ရယ်သံနှင့်အတူ သူတို့ စီးလာကြသော အငှါး လေးဘီးကားကလေးမှာ ဒါရိုက်တာ ဦးဘဲဥ(ခေါ်) ဦးမြသန်း နေထိုင်ရာ အင်းယားမြိုင်လမ်းတွင်းသို့ ဆိုက်ရောက်လာသည်။

'ဟောဟိုရှေ့နားက ခြံထဲကိုယင် ဝင်သွားပေတော့ဗျို့'

ကိုကျော်မြင့်က လေးဘီးကားမောင်းသူကို လှမ်းပြောသည်။ လေးဘီးကားမောင်းသူလည်း ကိုကျော်မြင့် ညွှန်ပြသောခြံတွင်းသို့ ကားကို မောင်းဝင်သွားသည်။

လှဖုန်းသည် ဒါရိုက်တာ ဦးဘဲဥ၏ခြံကို သတိထား၍ကြည့်သည်။ ခြံဝတွင်ကြေးစာလုံးကြီးဖြင့် ဦးမြသန်း (ရုပ်ရှင်ဒါရိုက်တာ) ဟူ၍ ရေးခိုတ်ထားသည်ကို တွေ့မြင်ရသည်။ ခြံမှာအနည်းငယ်ကျဉ်းပြီး တိုက်ကတော့ တထပ်တိုက်ပုကလေး ဖြစ်သည်။ တိုက်ရှေ့တွင် အပြာရင့်ရောင် ဂျစ်ကားတစီးဆိုက်ထားသည်ကို တွေ့ရသည်။

'တော်ပါသေးရဲ့ဗျာ ဦးဘဲဥ အပြင်ကိုမသွားသေးဘူးဗျ'

တိုက်ရှေ့တွင် ရပ်ကားထားသော ဂျစ်ကားကို တွေ့ရလျှင် ကိုကျော်မြင့်က လှဖုန်းကို ပြောသည်။ သူတို့ စီးလာကြသော လေးဘီးကလေးလည်း ဂျစ်ကားနောက်တွင် ထိုးရပ်သည်။

ကျသင့်သော ကားခငွေကို ကိုကျော်မြင့်ကပင် ရှင်းပေးပြီး နောက် လှဖုန်းကိုခေါ်ကာ တိုက်တွင်းသို့ဝင်သွားကြသည်။

ဦးမြသန်း (ခေါ်) ဦးဘဲဥကို ဧည့်ခန်းထဲတွင် သတင်းစာဖတ်နေသည်ကိုတွေ့ကြရသည်။



သူတို့၏ခြေသံကြောင့် ဦးဘဲဥသည် သတင်းစာ ဖတ်နေရာမှ မော့ကြည့်သည်။ ကိုကျော်မြင့်ကို မြင်လျှင် သွားဖုံးကြီးပေါ်အောင်ပြုံးပြယင်း လှမ်းခေါ်သည်။

'ဟာ....မောင်ကျော်မြင့်တို့ပါလား၊ လာဗျို့....လာ...လာ... ထိုင်ပါ'

ဦးဘဲဥ၏ ပေါ့ရွှတ်စွာ ဖိတ်ခေါ်မှုကြောင့် ကိုကျော်မြင့်နှင့် လှဖုန်းတို့မှာ သူ၏ရှေ့ရှိ ဆိုဖါကုလားထိုင်များပေါ်တွင်ဝင်ထိုင်ကြသည်။

'စီးကရက် သောက်ကြပါအုံး'

သူတို့ထိုင်၍အပြီးတွင် ဦးဘဲဥသည် စားပွဲပေါ်ရှိငွေစီးကရက်ဘူးကလေးနှင့် ဓါတ်မီးခြစ်ကို လှမ်းပေးယင်း ပြောသည်။

ကိုကျော်မြင့်နှင့်လှဖုန်းတို့လည်း ဦးဘဲဥတည်သော စီးကရက်ကို တယောက်တလိပ် ထုတ်ယူကာ သောက်ဖွာနေကြသည်။

'ကိုင်း....လာကြတဲ့ကိစ္စကို ဆိုစမ်းပါအုံးကွာ'

ဦးဘဲဥသည် ကိုကျော်မြင့်၏ဘေးတွင်ထိုင်၍နေသော ကတုံးပြောင်ပြောင်နှင့် လှဖုန်းကို မသိမသာ အကဲခတ်ကာ ကြည့်ယင်း မေးသည်။

ထိုအမေးကိုကြားရလျှင် ကိုကျော်မြင့်သည် ရုတ်တရက်ပြန် မဖြေသေးဘဲ သူ၏ဘေးတွင် ထိုင်နေသော လှဖုန်း၏မျက်နှာကို တချက်ပြုံးကာ လှမ်းကြည့်နေသည်။ ပြီးမှ ဦးဘဲဥဖက်သို့လှည့်ကာ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

'အဟမ်း.... ကျွန်တော်တို့ အခု လာခဲ့ကြတာ တခြားတော မဟုတ်ပါဘူး၊ တလောက ဆရာဘဲဥ ပြောထားတဲ့ စကားအ လာခဲ့ကြတာပါ'

'ဟော....နေပါအုံး မောင်ကျော်မြင့်ရဲ့၊ ငါဘာတွေများပြော ထားလို့လဲ'

ဦးဘဲဥက သူပြောထားသည်ဆိုသောစကားကို အမှတ်မရဟ နှင့် ပြန်မေးသည်။

'ဟာ....ဆရာဘဲဥကလဲ အသက်လဲ သိပ်မကြီးသေးဘဲနဲ့ မေ့ တတ်လိုက်တာ လွန်ပါရော၊ ဟိုလွန်ခဲ့တဲ့ တပတ်လောက်တုန်းက ကျနော့ကိုပြောထားခဲ့တယ်မဟုတ်လား၊ ကျနော်ရေးတဲ့ မုန်းလု ဖြင့် မဟုတ်ပေါင်ဗျာ၊ ဇာတ်လမ်းအတွက် လိုက်မယ့် မင်းသာ တယောက်ကို ရှာထားပါဆို၊အခုတွေ့လို့ခေါ်လာတာဘဲ၊ကျနော် ရွေးတဲ့ မင်းသားကတော့ သူဘဲဆရာ၊ နာမယ်က လှဖုန်းတဲ့'

ကိုကျော်မြင့်သည်အနီးရှိ လှဖုန်းကို မေးငေါ့ပြ၍ ပြယ ပြောသည်။

ဦးဘဲဥမှာ ကတုံးပြောင်ပြောင်နှင့်မင်းသားလောင်းကို ကြည့် ပြီးရယ်နေသည်။

'ဩော်....သူက မင်းသားလုပ်ဖို့ခေါ်လာတာလား၊ သိပါဘူး ကွာ၊ မင်းစောစောတုန်းက ပြောတဲ့စကားကို ကြားလိုက်ရတော့ ငါ့ဘာတလွဲထင်ပြီး လန့်တောင်သွားတယ်'

'ဗျာ....ဆရာဘဲဥက၊ ဘာထင်လို့လန့်ရတာလဲ'

'ဟဲဟဲ...တခြားတော့ မဟုတ်ပါဘူး၊ မင်းအခု ခေါ်လာခဲ့တဲ့ လူက ကတုံးကပြောင်ပြောင်ကြီးနဲ့ဆိုတော့၊ ငါ့စိတ်ထဲမှာ ဒုလ္လဘ



ယာန်းခံဘို့များ ငါ့ဆီအလှူ လာခံတာ လားလို့ပါ၊ ဟား.... ဟား....ဟား....'

ဦးဘဲဥက ပြောရင်းရယ်နေလျှင် ကိုကျော်မြင့်တို့လည်း ရော နှော၍ရယ်နေမိကြသည်။ လှဖုန်းမှာ သူ၏ပြောင်ဝင်းကာ နေ သော ကတုံးကြီးကိုလက်နှင့်အသာစမ်းယင်း ဦးဘဲဥကိုပြန်ပြော သည်။

'ကျုပ်ကဒုလ္လဘရဟန်းခံဘို့ မလိုတော့ပါဘူး တကာကြီးရဲ့၊ အဲ... ဆရာဘဲဥရဲ့၊ ပဥ္စင်းဘဝကထွက်လာခဲ့တဲ့ လူပြန်တော်ကြီးဘဲ ဟာ၊ ဟား....ဟား....ဟား....'

'ဟော ...မောင်ရင်က လူပြန်တော်လား၊ နေစမ်းပါအုံး ဘယ် တုန်းက လူထွက်လိုက်ရတာလဲကွ၊ ဟား ဟား ဟား....'

ဦးဘဲဥလည်း ရယ်ရယ်မောမောနှင့် လှဖုန်းကိုပြန်မေးသည်။

'လွန်ခဲ့တဲ့ နှစ်လလောက်ကပါဘဲ တကာကြီး၊ အဲ....ဆရာ ဘဲဥ....'

'ဟ....နှစ်လလောက်တောင် ရှိနေရဲ့သားနဲ့ မင်းဆံပင်ကဘာ လို့မပေါက်သေးတာလဲ၊ ဒီလောက်ဆိုပြန်ပေါက်ဖို့ကောင်းနေပြီ'

'မပေါက်ဆို ကျနော်ဟာ၊ ပဥ္စင်းဘဝက ဆံပင်ကိုမထားချင် တာနဲ့ လွန်ခဲ့တဲ့ငါးရက်လောက်က ပြန်ရိတ်ပစ်လိုက်လို့ပါဗျာ'

'အို့ ဟို ...ဒါ့ကြောင့်ကိုး....'

ဦးဘဲဥသည် ပြန်ပြောပြီးနောက် လှဖုန်း၏ကတုံးကို ကြည့် ကာပြုံးနေသည် ထိုအခါတွင် ကိုကျော်မြင့်က ဝင်၍မေးသည်။

'ကျနော့ ဇာတ်လမ်းထဲက မင်းသားနဲ့သူနဲ့ လိုက်ပါတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'အင်း....အရုပ်အမောင်းနဲ့ ရုပ်ကတော့ လိုက်ပါဘိ၊ ဒါပေမဲ့ သူ့အမူအယာက ဘယ်လိုမှန်းမှ မသိသေးတာ၊ ပြီးတော့သူကလဲ ကတုံးကြီးနဲ့ ဖြစ်နေတယ်၊ သူ့ဆံပင် ပေါက်အောင် စောင့်ဘို့ကလဲ မလွယ်ဘူးကွ၊ ဒို့ကမင်းသားကို ရွေးချယ်ပြီးတာနဲ့ အမြန်ဆုံး ရိုက်ချင်တာ....'

'ဟင်....ဒီလိုဆို ကျနော့်မင်းသားကို ဆရာဘဲဥတို့ကပယ်တယ် ပေါ့၊ ဒုက္ခပါဘဲဗျာ ကျနော်ကသူ့ကို ကြိမ်းသေရ မင်းသား ဖြစ်ရမယ်ဆိုပြီး ခေါ်လာတာ၊ကတုံးရောဘာဖြစ်သလဲဗျာ၊ ဆံပင် တုတွေတပ်ပြီး ရိုက်ရင်ရပါတယ်'

ကိုကျော်မြင့်က စိတ်ပျက်သံနှင့် ဦးဘဲဥကို ပြောပြနေသည်။ လှဖုန်းကတော့ မည်သို့မျှဝင်မပြောဘဲအသာဘေးမှ နားထောင် နေသည်။

'မာယ် မင်းကလဲ ဆံပင်တုနဲ့ဟပ်ရိုက်လို့ဘယ်မှာကောင်းပါ့ မလဲကွာ၊ တကယ့်ဆံပင်နဲ့မှ ကောင်း တော့ မ ပေါ့၊ မင်းလဲ အကြောင်း အသိသားဘဲ၊ ငါဟာအခုလို အတုတွေ ဘာတွေ တပ်ပြီး ရိုက်တဲ့ ဒါရိုက်တာမဟုတ်ဘူး၊ အစစ်အမှန်ကို သဘာဝ ကျကျ ရိုက်ကူးတဲ့ဒါရိုက်တာပါ'

'ဒါဖြင့် ကျနော့်လူ၊ ကိုလှဖုန်းအတွက် မြော်လင့်ချက် မဲ့ တော့တူးပေါ့'

'အဲဒီကိစ္စအတွက် ... စဉ်းစားနေတာကွ၊ ငါ့မှာ စိတ်စစ်ရေးအ... ကကျပြီးသား ...တ်လမ်းတစ်ခုတော့ရှိတယ် ဒီဇာတ်လမ်းနဲ့ မင်း... နဲ့လိုက်မလိုက် စဉ်းစားနေတာကွ'



ထိုစကားကို ကြားလိုက်ရလျှင် ကိုကျော်မြင့်မှာ ပြန်လည်၍ ...အားတက်ကာသွားသည်။

'ဟာ....မလိုက်မှာမပူနဲ့ ဆရာဘဲဥက...သာ သင်ပြပေးလိုက်ပါ၊ လိုက်သွားမှာပေါ့၊ သူကဘုန်းကြီးလူထွက်ပေမယ့် ဘီအေအောင် ...သားတဲ့သူဗျ၊ ခေတာမဟုတ်ဘူး'

'ဟေ....ဘီအေ အောင်ထားသလား၊ ဒါနဲ့တောင် မင်းက အလုပ်ဝင်မလုပ်ဘဲ၊ မင်းသားလုပ်ချင်ရသလားကွ'

ဦးဘဲဥက လှဖုန်းဖက်သို့ လှည့်၍ မေးသည်။

တိုအမေးကို လှဖုန်းက မချိုမချဉ်ကလေး ပြုံးပြုံးယင်းပြန်ပြော သည်။

ကျနော်က မင်းသားလုပ်ချင်လွန်းလို့ လာတာတော့ မဟုတ် ...ူး၊ ဆရာလိပ်ဥရေ့'

'ဟ ဟ... ဟကောင်ရ... ငါ့နာမယ် လိပ်ဥမဟုတ်ပါဘူး....ဘဲဥ ပါဟ'

ဦးဘဲဥမှာ လိပ်ဥဟူ၍ အခေါ်ခံလိုက်ရသဖြင့် ကိုယ်ကြီးကို တုန့်ကနဲဖြစ်ယင်း လှဖုန်းကို ပြန်ပြောသည်။

'အာ....ဆောရီး တကာကြီး....အဲ... ဆရာကြီး၊ ကျနော်မှား သွားလို့ပါ'

လှဖုန်းကလည်း အာနာသံနှင့် ပြန်ပြောသည်။

'အေး အေး....ဒီလို နေရာမျိုးမှာ မှားတာကတော့ အရေး မကြီးပါဘူးကွာ၊ လုပ်အလယ်မှာတော့ ငါ့ကို အခုလို ...ပ်...လို့ ...တော့မခေါ်လိုက်ပါနဲ့၊ မင်းကို အခုကတဲက ...ပန် ထား ပါရစေ....'

www.burmeseclassic.com

www.burmeseclassic.com



လက်ကလေး တကာကာနှင့် ပြောကာနေသော ဦးဘဲဥကို ကြည့်၍ လှဖုန်းနှင့် ကိုကျော်မြင့်တို့မှာ ရယ်နေကြသည်။

'ကဲကဲ.... ပြန်ဆက်မမီးပါအုံး.... မောင်ရင် ခုနင်က ပြောတဲ့ စကားကို....'

ဦးဘဲဥက လှဖုန်းပြောရန် ကျန်ခနသေးသော စကားကို ပြန်ပြောခိုင်းသည်။

'ဟုတ်ကဲ့ ...ကျနော့စကားကို ပြန်ဆက်ရမယ်ဆိုယင် ကျနော်ဟာ မင်းသားလုပ်ချင်လွန်းလို့တော့ မဟုတ်ဖူး၊ အလုပ်ကလဲ ရှာမရ၊ ဖါလာတဲ့ငွေကတော့ ကုန်လုခနတုန်း ဟောဒီက ကိုကျော်မြင့်က မင်းသားလုပ်ဖို့ အကြံပေးတာနဲ့ ကျုပ်ဟာ အခုလို သာခဲ့တာဘဲ တကာကြီး၊ အဲ... ဆရာ ဘဲဘဲဥ....'

'ဟား....ဟား....ဟား....ဟား'

လှဖုန်း၏စကားအဆုံးတွင် ဦးဘဲဥမှာ တဟားဟားနှင့် အော်ရယ်နေသည်။ပြီးတော့ သူသည် လှဖုန်း၏မျက်နှာကို သဘောကျစွာနှင့် ပြုံးပြုံးကြီးကြည့်ယင်း ပြန်ပြောသည်။

'အင်း... မင်းဟာ ဘုန်းကြီးလူထွက်ရယ်လို့ မပြောရဘူး၊ မင်းပြောသွားတဲ့ စကားတွေထဲမှာ ကျနော်လဲပါရဲ့၊ ကျုပ်လဲပါရဲ့၊ တကာကြီးတွေလဲ စုံသွားတာဘဲ၊ မင့်ပစပ်က အခုထက်ထိ ကျင့်သားမရသေးဘူး ထင်တယ်....'

'ဟုတ်တယ် တကာကြီးရ....အဲ....ဆရာ ဘဲဥရ၊ တတ်နိုင်သမျှတော့ သတိထားပြီးပြောတာဘဲ၊ ဒါပေမယ့် သင်္ကန်းဝတ်ဘဝနေလာခဲ့ရတဲ့နှစ်တွေက တော်တော် များနေတော့ ရုတ်တရက်



တော့ ပြင်မရသေးဘူးပေါ့ဗျာ၊ အယင်ကထက် စာယင်တော့ တော်တော် ဟန်ကျနေပါပြီ'

လှဖုန်းက ရှက်ပြုံးကလေးပြုံးယင်း ပြန်ပြောနေသည်။ဦးဘဲဥမှာ တစုံတခုကို စဉ်းစားနေဟန်နှင့် ခေါင်းတညိတ်ညိတ်လုပ်ကာနေသည်။

ကိုကျော်မြင့်မှာ ပုတ်သင်ညိုဘကောင်လိုခေါင်းတညိတ်ညိတ်လုပ်ကာနေသော ဦးဘဲဥကိုကြည့်ယင်း ဝင်ပြောပြန်သည်။

'ကျနော့ လူအတွက် မင်းသားဖြစ်အောင်တော့ ကြည့်မီစဉ်ပေးပါအုံး ဆရာ ဘဲဥရယ်၊ သူဟာ သီချင်းလဲ ဆိုတတ်ပါတယ်ဗျ....'

'အေးပါ....ငါလဲ ဒီအတွက် စဉ်းစားနေတာဘဲ မောင်ကျော်မြင့်ရ၊ အဲ....မင်းရဲ့ ဇာတ်လမ်းနဲ့တော့ သူက မလိုက်ဘူး....မင့်ဇာတ်လိုက်က ခပ်တည်တည်နဲ့ လုပ်ရမှာ၊ အခု မင့်လူကြည့်ရတာ ပြောင်စပ်စပ်နဲ့၊ ရုပ်ကလဲ ဂျယ်ရီလူးဝစ် ရုပ်မျိုး ပေါက်နေတယ်၊ ဒီတော့....သူ့ကို ဟာသ မင်းသားအဖြစ်နဲ့ တင်ရိုက်ရ ကောင်းမလားလို့ စဉ်းစားနေတာ'

'ဒီလိုဆိုလဲ ရိုက်ဗျာ....ကျနော်ကတော့ သူမင်းသားဖြစ်ယင် ကြေနပ်တာဘဲ'

ကိုကျော်မြင့်ကတော့ ဇွတ်အဘင်းပင် ဦးဘဲဥကို နားပူနေသည်။

လှဖုန်းမှာ သူ၏မျက်နှာကို ပြောင်စပ်စပ်ဟု၍ အပြောခံရသဖြင့် သူသည် ထိုင်နေရာမှ ရုတ်တရက် ထ,ကာ ညီခန်းထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ရှိသော မှန်ကြီးတချပ်ရှေ့သို့သွား၍ ရပ်ပြီး သူ့ရုပ်ကို ကြည့်နေသည်။

ပထမတွင် သူသည် ခတ်တည်တည်ကြီးနှင့် လုပ်ကာကြည့်နေသည်။ ပြီးတော့ ရုတ်တရက် ပြုံးပြသည်၊ တဖန် ပြုံးရာမှ မျက်နှာကို မဲ့မဲ့ကလေး လုပ်နေပြန်သည်။

မဲ့ရာမှ လျှာကလေးကို ထုတ်လိုက်၊ သွင်းလိုက်လုပ်ကာ ပြောင်နေပြန်သည်။

သူ့လုပ်ကိုင်နေပုံကို ကြည့်နေသော ဒါရိုက်တာ ဦးဘဲဥမှာ လှဖုန်း၏ အပြုအမူကို မြင်ရလျှင် အလွန်ပင် သဘောကျ သွားဟန်နှင့် တဟားဟား အော်ရယ်ယင်း ဤသို့ ချီးမွမ်းခန်းဖွင့်တော့သည်။

'ကြိုက်ပြီဟေ့....ကြိုက်ပြီ.... မင်းကိုတော့ ငါ ကြိုက်သွားပြီ'

ဦးဘဲဥ၏ အသံကြောင့် လှဖုန်းမှာ မျက်လုံးကြီး ပြူးကာ ပြုယင်း ပြန်မေးသည်။

'ဗျာ....ဆရာဘဲဥက ကျနော့ကို ကြိုက်တယ်ဟုတ်သား'

'အေး....ကြိုက်တာမှ သိတ်ကို ကြိုက်သွားပြီကွ'

'အာ....ဆရာ ဘဲဥကလဲ မတော်မတဲ့ ပြောနေ ပြန်ပါပြီ.... ယောကျ်ားချင်း ကြိုက်လို့ ရသလားဗျ၊ မိုးကြိုးတော့ ပစ်တော့မှာဘဲ'

'ဟောဗျ— ငါပြောတဲ့ စကားကို မင်းက တလွဲ အဓိပ္ပါယ်ကောက်နေတာဘိုး....၊ ငါကြိုက်တယ် ဆိုတာက မင်းကို လူပျိုတယောက်က အပျိုတယောက်ကို ကြိုက်သလို ကြိုက်တာကို ပြောနေတာ မဟုတ်ပါဘူးကွ၊ သဘောကျတယ်လို့ ပြောတာပါ၊ မင်းကလဲ ဘုန်းကြီးလူထွက်ရယ်လို့ မပြောရဘူး၊ တယ် အ,သေးတာဘဲ....'



'သြော်....သြော်....ကြိုက်တယ်ဆိုတာက သဘောကျတာကို ပြောတာလား၊ ဒီစကားဟာ ဆရာ ဘဲဥတို့ ရုပ်ရှင်လောကမှာ သုံးတဲ့ ဘန်းစကားထင်တယ် ဟုတ်လား'

လှဖုန်းက လေရှည်နေသဖြင့် ဦးဘဲဥမှာ နားအေးစေရန် ပြန်ပြောသည်။

'ထားပါတော့ကွာ....ထားပါတော့၊ ထားပါတော့'

'ထားပါတယ်....ထားပါတယ်'

လှဖုန်းက စပ်ဖြဲဖြဲမျက်နှာနှင့် ပြန်ပြောလျှင် ဦးဘဲဥမှာ ရယ်ယင်း လှဖုန်းကို လှမ်းပြောသည်။

'ဟား... ဟား .. ဟား....အခုမှ လူရှင်ပြော် ဆန်နီနဲ့ တွေ့ခဲ့နေပါပြီ၊ မင်းက ဟာသတွေလဲ ပြောတတ်သားဘဲ၊ ကြိုက်ပြီ.... ကြိုက်ပြီ....အဲအဲ....မင့်ကို သဘောကျသွားပြီ၊ ဒီတော့....မင့်ကို ဟာသမင်းသားအဖြစ်နဲ့ တင်ရိုက်မယ်ကွာ'

ဦးဘဲဥ၏စကားကိုကြားရလျှင် လှဖုန်းရော ကိုကျော်မြင့်ပါ ဝမ်းသာသွားကြသည်။

'ဒါဖြင့် ကျနော့ကို မင်းသားအဖြစ်ရွေးလိုက်တာ ကြိမ်းသေပြီပေါ့'

'အေး....ကြိမ်းသေပြီ ဆိုပါတော့'

'ဒီလိုဆို....ကျနော်ဟာ မုန်းလို့ရယ်မဟုတ်ပေါင်ဗျာ.... ဆိုတဲ့ ကားမှာ မင်းသား စ,လုပ်ရမယ်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟယ်....ဒီကားမှာတော့ မဟုတ်ဖူးသေ၊ ဒိပြင်ကားမှာ လုပ်ရမှာပါ'

'ဟင်....ဆရာ့ဟာကလဲ ဒိပြင်ကားဆိုတော့ ကြာအုံးမှာပေါ့၊ ကျုပ်က သိတ်ကြာကြာ မစောင့်နိုင်ဘူးဗျ....မင်းသား မြန်မြန် ဖြစ်ချင်နေတာ၊ ဒါမှ ကျုပ်အတွက် ငွေရေးကြေးရေး ပြဿနာက ပြေလည်မှာ၊ ဒီတော့ အချိန်ဆွဲမနေပါနဲ့ တကာကြီး၊ အဲ....ဆရာရယ်၊ သတင်းစာထဲမှာ ကြော်ငြာထားတဲ့ကားမှာဘဲ မင်းသား လုပ်ပါရစေ'

'ဟာ...ဒီလိုလုပ်လို့တော့ မဖြစ်ဖူးကွ၊ ဒို့က မင်းသားလောင်းကိုရှိသည်လို့ သတင်းစာမှာ ကြော်ငြာထားပြီးမှဘဲဟာ'

'ကြော်ငြာထားတော့ ဘာဖြစ်သလဲ၊ သူတို့ကို ဟန်ပြအဖြစ်နဲ့ ရွေးပြီး ဒီကိုလှဖုန်းကိုဘဲ မင်းသား လုပ်လိုက်ပေါ့၊ ပြီးယင် သတင်းစာထဲကနေ မုန်းလို့ရယ် မဟုတ်ပေါင်ဗျာ-အတွက် မင်းသား ရွေးပြီးကြောင်း ကြေညာယင် ပြီးတာဘဲ၊ ဒိပြင် ကုမ္ပဏီတွေလဲ ဒီလိုဘဲ လုပ်ကြတဲ့ဟာ'

ထိုစကားမှာ အနီးရှိ ကိုကျော်မြင့်က ဝင်၍ပြောလိုက်သော စကားဖြစ်သည်။ ဒါရိုက်တာ ဦးဘဲဥကတော့ ထို စကားကို သဘောမတူဟန်နှင့် ခေါင်းကြီးကို ခါရမ်းပြယင်း ပြန်ပြောသည်။

'ဒီလိုမပြောပါနဲ့ မောင်ကျော်မြင့်ရယ်၊ ဒို့ဟာ သတင်းစာထဲကနေ မင်းသားလောင်းကို အတိအလင်း ကြော်ငြာထားတဲ့အတွက် ရွေးကိုရွေးရမယ်၊ မင်းပြောသလို ကိုယ့်လူကိုယ်ရွေးပြီး လက်သိပ်ထိုး လုပ်တာမျိုးကတော့ ကြားလို့လဲ မကောင်းဘူး၊ လုပ်လဲ



မလုပ်ထိုက်ပါဘူး၊ အေး ...မင်းပြောသလို တချို့ အကျင့်ယုတ်နဲ့ ရုပ်ရှင်ကုမ္ပဏီတွေကတော့ ဒီလိုဘဲ လုပ်ကြတာပေါ့၊ ဒါပေမယ့် ကုမ္ပဏီအတော်များများကတော့ ဒီလို မလုပ်ကြပါဘူး၊ ရုပ်ရှင်လောက က ပုဂ္ဂိုလ်ကြီးတွေနဲ့ စာရေးဆရာတွေ၊ သတင်းစာဆရာတွေကို ဖိတ်ကြားအကဲဖြတ်ခိုင်းပြီး၊ တကယ် ရွေးချယ်ကြတာပါ၊ ငါတို့ကုမ္ပဏီအနေနဲ့လဲ ဒီလိုဘဲ ရွေးမှာဘဲ၊ မရွေးချင်ယင်လဲ သတင်းစာထဲမှ ဟန်တလုံးပန်တလုံးနဲ့ ကြော်ငြာ ခေါ်မနေပါဘူးကွ၊ ဒီလိုငါလုပ်လိုက်ယင် ငါ့နာမယ်ဟာလဲ အဖတ်ဆယ်မရအောင် ကျဆုံးသွားမှာပေါ့'

ဦးဘဲဥ၏ စကားကိုကြားကြရလျှင်ကျော်မြင့်နှင့်လှဖုန်းတို့မှာ အတော်ပင် လေးစားကာ သွားကြသည်။

'ဆောရီးဗျာ... ဆရာဘဲဥ၊ ကျနော်လဲ ကိုယ့်လူကို မင်းသား သိတ်ဖြစ်စေချင်တာနဲ့ အခုလို အတင်းတိုက်တွန်းနေတာပါ'

'ကိစ္စမရှိပါဘူး မောင်ကျော်မြင့်ရဲ့ .. အေး ...မင့်လူကို မင်းရေတဲ့ဇာတ်လမ်းမှာ မင်းသားအဖြစ် မသုံးပေးယ့် ငါစောစောက ပြောခဲ့သလို ဒိပြင် ဇာတ်လမ်းတခုမှာ သုံးမှာပါ၊ ငါ့မှာ ဝိစစ်ရေးအဖွဲ့က ကျထားတဲ့ ဇာတ်လမ်းရှိပါတယ်လို့ ပြောခဲ့ပြီးဘီ မဟုတ်လား'

'ဘယ်လိုဇာတ်လမ်းလဲ၊ မင်းသားကို အသားပေး ထားတဲ့ ဇာတ်လမ်းမျိုးမှ ကောင်းမှာဗျ'

'ပေးပါတယ်ကွာ....အေး....တခုတော့ရှိတယ်၊ ဒီဇာတ်လမ်းကို ဟောဒီက မောင်လှဖုန်းနဲ့ ရိုက်မယ်ဆိုယင်တော့ ဒီဇာတ်ကို နာမယ်ရော ဇာတ်လမ်းတချို့ကိုပါ ပြောင်းမှဖြစ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆို—စိစစ်ရေးအဖွဲ့ကို ပြန်တင်ရအုံးမှာဘဲ၊ ဘယ်လိုကြောင့် ပြောင်းမှာလဲဗျာ…ကျနော့်ကို ပြောပြပါအုံး'

'ဒီလိုလေကွာ….ငါ့ပဋ္ဌမဇာတ်လမ်းက မင်းသားဟာ သူ့ချစ်သူအတွက် စိတ်ကို ထိခိုက်ပြီး တေတေပေပေ နေရာက သူပုန်တွေယောက်ဖြစ်သွားတယ်၊နောက်မှ အမြင်မှန်ရပြီး အလင်းပြန်ဝင်လာတယ်၊ ဒီတော့ ငါက ဘယ်လိုပြန်ပြင်ချင်သလဲ ဆိုတော့ ဆိုးဆိုးပေပေနေရာက သူပုန်ဖြစ်သွားတာအစား မင်းသားဟာ လူ့ဘောင်လောကကြီးကို စိတ်နာပြီး၊ သင်္ကန်းဝတ်သွားမယ်၊ ဒီအခါ သူ့ချစ်သူဟာ မင်းသား စိတ်ပြန် လည်လာအောင် မိန်းမတို့ရဲ့မူယာမာယာတွေနဲ့ ပြန်လုပ်ပြီး လူထွက်အောင်လုပ်မယ်၊ နောက် သူတို့သားကြလေသတည်းနဲ့ အပြီးသတ်လိုက်ကြ တာပေါ့၊ ငါ ပြောတဲ့ ဇာတ်သမ်းကလေး မကောင်းဘူးလား'

ဦးဘဲဥက သူစိတ်ကူးရသော ဇာတ်လမ်းကို ပြောပြနေသည်။ ကိုခကျော်မြင့်မှာ ဦးဘဲဥ ဇာတ်လမ်း ကောင်းမကောင်းကို စိတ်မဝင်စားနိုင်ဘဲ၊ သူ၏လူ မင်းသားဖြစ်ဘို့ကိုသာ အာသီသရှိနေသူမို့ ဦးဘဲဥ၏စကားအဆုံးတွင် ချက်ချင်းပင် ပြန်ပြောသည်။

'ဟာ ကောင်းတယ်…. ကောင်းဘယ်….ဆရာဘဲဥ ဇာတ်လမ်းထဲမှာ မင်းသားက ဘုန်းကြီးဝတ်ရမယ် ဆိုတော့…ကိုလှဖုန်းနဲ့ သိတ်လိုက်တာပေါ့ဗျ ဟဲ ဟဲ'

ထိုစကားကို ကြားရလျှင် ဦးဘဲဥမှာလည်း အလွန်သဘောကျသွားသည်။

'အေးပေါ့ကွ….ဒါကြောင့် ငါ ကလဲ မူလ ဇာတ် လမ်း ကို ပြောင်းလိုက်တာပေါ့၊ အယင် ကထဲကလဲ ငါ့ဇာတ်လမ်းကို ဒီ



အတိုင်းထားချင်တာပါကွာ၊ ဒါပေမယ့် မင်းတို့သိကြတဲ့အတိုင်းဘဲ၊ မင်းသားတွေကို ကတုံး တုံးခိုင်းဘို့က မဖြစ်နိုင်ဘူး မဟုတ်လား၊ အခုတော့ ဗမာဖြစ် ကဘုံးမင်းသားမောင်လှဖုန်း ရှိနေပြီမို့ မင်းသားကို ဘုန်းကြီးဝတ်ခိုင်းရမပေါ့ကွာ….ဒီလိုလုပ်လိုက်တော့ ဗမာကားတွေထဲမှာ တမူတော့ ထူးခြားသွားဘာပေါ့၊ ငါကလဲ ဒါမျိုးမှ ကြိုက်တာ ဟား ဟား ဟား'

ဦးဘဲဥက သဘောကျစွာနှင့် ပြောနေ သလောက် လှဖုန်းကတော့ သူ၏မှန်ရောင်တမျှ ပြောင်ဝင်းကာ နေသော ကတုံးကလေးကို လက်နှင့်အသာစမ်းယင်း စိဘ်ပျက်သံကလေး ရောနှောဟန်နှင့် မေးသည်။

'နေပါအုံး တကာကြီး…. အဲ အဲ—ဆရာဘဲဥ၊ ကျုပ်ကိုတုံး မင်းသားဘဝနဲ့ဘဲ ထားတော့မှာလား….ဆံပင် ရှည်ကလေးနဲ့လဲ ထားပါအုံးဗျာ'

'အာ….မင်းကလဲ ဘယ်ဖြစ်ပါ့မလဲ….ငါတို့ရဲ့ မြန်မာရုပ်ရှင်ကြည့်မျက်စိထဲမှာ တမျိုးဆန်းအောင် မင့်ကို ကတုံးမင်းသားအဖြစ်နဲ့ဘဲ ထားရမယ်ကွ၊ နေပါအုံး မင်းက ဘာဖြစ်လို့ ဒီလိုမေးရဘာလဲ'

'ဩြော်….မေးဆို….ကျနော်ဟာ ဆံပင်ရှည်ကလေးနဲ့ နေချင်လို့ပါ၊ ဆရာတို့ဘဲ စဉ်းစားကြည့်လေ….ကျနော်ဟာ ဆယ်နှစ်သားကတဲက ဖခင်ရဲ့ ဆန္ဒအရ သင်္ကန်းကို ဝတ်ခဲ့ရလို့ အခုအရွယ်အထိ ကတုံးကြီးနဲ့ချည့် နေလာရတယ် မဟုတ်လား၊ ဒါကြောင့် ဆံပင်ရှည်ကလေးများ ထားလိုက်ရယင် ကျနော့် မျက်နှာဟာ အခုထက်ပိုပြီး ချောလာမလားဆိုတာ သိချင်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



လှဖုန်း၏ စကားအဆုံးတွင် ဦးဘဲဥနှင့် ကိုကျော်မြင့်တို့မှာ ရယ်နေကြသည်။ ပြီးမှ ဦးဘဲဥက ပြန်ခပြောသည်။

'အေးကွာ... ဒီတကားကိုတော့ ကတုံးမင်းသား အဖြစ်နဲ့ဘဲ ရိုက်ပါအုံး၊ ဒီကားမှာ မင်းစွဲသွားတဲ့အခါ၊ နောက်ကားကျ မင့်ကို ဘိုကေကလေးနဲ့ ရိုက်ပါ့မယ်၊ ကျေနပ်ပလား'

'ဟုတ်ကဲ့....ဒီလိုဆိုယင်ကျေနပ်ပါတယ်ဗျာ'

'ကဲ ကဲ....ကျေနပ်ယင်မင်းအသံကိုသိရအောင်၊ သီချင်းတပုဒ်လောက်တော့ ဆိုပြစမ်းကွာ... မင်းဘာသီချင်းများ ရသလဲ'

'အာ... သီချင်းတွေကတော့ အစုံရပါတယ် ဆရာ-ရှင်သီဝလိဂါထာ...စိန္တာမဏိဂါထာ... သံပုဒ္ဓေနဲ့ အောင်ခြင်းရှစ်ပါး ရပါတယ်...'

'ဟာ ဟာ....မောင်လှဖုန်းရ.. ငါက သီချင်းဆိုခိုင်းတာကွ၊ မင်းအခုပြောတာတွေက ဘုရားဂါထာ တွေဘဲဟာ'

ဦးဘဲဥက စိတ်ပျက်သံနှင့် လှဖုန်းကို ပြန်ပြောသည်။

'အဲ ဒီနေရာမှာတော့ ဆရာဘဲဥ ညံ့သွားဘီ၊ ဒါတွေဟာ.... ဘုရားဂါထာတွေပေမယ့်၊ သီချင်းအဖြစ်နဲ့ ဆိုထားကြသားဘဲ၊ ဥပမာ- စိန္တာမဏိဂါထာကို စောင်းကောက်ဦးဘသန်းကဆိုထားတယ်....ရှင်သီဝလိဂါထာကို ဆိုပြန်ယင်လဲ အဆိုတော်ပြည်လှဖေက သီချင်းလုပ်ဆိုထားတယ်၊ အောင်ခြင်းရှစ်ပါးကိုတော့ မေရှင်က ဆိုထားတယ် မဟုတ်လားလို့၊ ကျနော်ပြောဘာက အဲဒီသီချင်းတွေကို ပြောတာပါ'

ထိုအခါကျမှ ဦးဘဲဥမှာ နားရှင်းသွားသည်။



'အေး....ဟုတ်သားဘဲ၊ မင်းရှင်းပြမှဘဲ၊ ငါအမှတ်ရတော့တယ်၊ ဒါပေမယ့်ကွာ....ဒီသီချင်းတွေကို မဆိုပါနဲ့၊ ဒါတွေက ကြာလှပါဘီ၊ အခုခေတ်ပေါ်သီချင်းတွေဆိုကွာ ရတယ်မဟုတ်လား....'

'ဟာ ရပါတယ်....အခုခေတ်ပေါ် သီချင်းထဲက ဆိုယင်ကလေးတွေပါးစပ်ဖျားမှာ ထပ်မနားဆိုနေကြတဲ့ သီချင်းဆိုပြမယ်၊ သဘောကျလား'

'အေး....ဆိုစမ်းကွာ....နားထောင်ရအောင်'

ဦးဘဲဥက ဆိုခိုင်းလျှင် လှဖုန်းသည် ချောင်းတချက်ကို ဟန့်လိုက်ပြီးနောက် ဟန်ပါပါနဲ့ ဆိုနေတော့သည်။

'ရှဥ့်ညိုကလေး၊ ရှဥ့်ညိုကလေး၊ အမြီးကလေး တုံတုံတုံ၊ ချိုစရာကောင်းသော နုတ်ခမ်းကလေး သစ်သီးကလေးစားနေသည် ရှဥ့်ညိုကလေး....'

'ဟေ့ ဟေ့....မောင်လှဖုန်း တော်ပါတော့ကွာ၊ ဒီသီချင်းကြီးမဆိုပါနဲ့'

ဟန်နှင့်ပန်နှင့်ဆိုကာ ပြနေသောလှဖုန်းကို ဦးဘဲဥက စိတ်ပျက်သွားသံနှင့် လှမ်းတားသည်။

'ဘာဖြစ်လို့လဲဆရာရဲ့၊ ကျနော့အသံ မကောင်းလို့လား'

'အသံတော့ကောင်းပါတယ်၊ ဒါပေမယ့် မင်းဆိုတဲ့ သီချင်းက ကလေးတွေဆိုတဲ့ ဟာကြီးဘဲ၊ သီချင်း ကောင်းကောင်း ဆိုစမ်းပါ....'

'ဟာဗျာ....ဆရာဘဲဥကလဲ၊ ဂျီးများလိုက်တာ'

www.burmeseclassic.com

www.burmeseclassic.com



'ဂျီးများတာ မဟုတ်ဖူးလေကွာ၊ ဒီသီချင်းမျိုးက အသံနေအသံထား သိပ်ခက်တာမှမဟုတ်ဘဲ'

'ကောင်းဘီ ဒီလိုဆိုလမ်းသရဲသီချင်း ဆိုပြမယ်'

လှဖုန်းသည် ပြောပြောဆိုဆိုနှင့် ဦးဘဲဥ ပြန်မပြောနိုင်မှီ နောက်ထပ် သီချင်းတပုဒ်ကို ဆိုပြန်သည်။

တက္ကသိုလ်ကိုရောက်တာ ကြာဘီကွယ်၊ သားသားတလေးမှာ မနေနိုင်တယ်.... မာမီရယ် ရှာပေးကွယ်၊ မိန်းမ လိုချင်တယ်....၊ သူများအတွဲတွေ မြင်ယင်ကွယ် သား သားကလေးမှာ မနေနိုင်တယ်....'

'ဟိုး .. ဟိုး... ဟိုး ဆပ်ဘွတ်ကတိုး ရပ်ပါတော့ဟ၊ ဒီသီချင်းကြီးလဲမနိုပ်ပါဘူး'

ဦးဘဲဥက လှမ်းတားလျှင် လှဖုန်းသည် စိတ်ပျက်သွားဟန်နှင့် သီချင်းကိုရပ်ကာ ပြန်ပြောသည်။

'ကဲကဲ . ဒီလိုဆိုယင်လဲ ဘာသီချင်းကို ဆိုရမယ်ဆိုတာ၊ ဆရာဘဲဥဘဲပြောပေတော'

'ဟာ... ငါလဲ သီချင်းနာမယ်တွေ သိပ်သိတာမှ မဟုတ်တာ၊ ပီးတော့ ငါပြောတဲ့ သီချင်းကိုလဲ မင်းကရအုံးမှကိုး၊ ဒီတော့... ရေဒီယိုထဲက ခဏခဏလာတတ်တဲ့ သီချင်းကောင်းကောင်းထဲက မင်းရတာကို ဆိုပြကွာ'

ဦးဘဲဥကပြောလျှင် လှဖုန်းသည် ခေတ္တမျှစဉ်းစားနေပြီးနောက် သတိရသွားဟန်နှင့် ပြန်ပြောသည်။

'ကောင်းဘီ ဒီလိုဆို အဆိုတော် သာရဝေါ ထွန်းရင်ရဲ့ သီချင်း ဆိုပြမယ်'



'ဟယ်....မင်းကထော့လုပ်ပီ ဘယ်ကလာ သာရဝေါ ထွန်းရင်ရမှာလဲ ဟသ်ာတထွန်းရင်ပါကွ ဟား ဟား ဟား'

လှဖုန်း၏ စကားကြောင့် ဦးဘဲဥမှာ ပြန်ပြောပြီး ရယ်နေသည်။

သာရဝေါနဲ့ ဟသ်ာတဟာ သိပ်ဝေးတာမှမဟုတ်ဘဲ၊ ဟိုဖက်ကမ်း ဒီဖက်ကမ်းဘဲဟာ နဲနဲကလေး မှားသွားတာပါ ဆရာရဲ့ ဟား....ဟား....ဟား....'

'ထားပါတော့ကွာ၊ ထားပါတော့'

'ထားပါတယ်ဗျာ.... ထားပါတယ်'

'လာပြန်ဘီ....ဒီစကား....မင်းကလဲ ဟာသမင်းသား မလုပ်ရသေးဘူး၊ အခုကတဲက ဟာသတွေ လုပ်နေတာကိုး....ဟား ဟား ဟား .. ကဲပါကွာ မင်းခုနင်ကပြောတဲ့ အဆိုတော်ရဲ့ သီချင်းကို ဆိုစမ်းပါ၊ နာမယ်က ဘာတဲ့လဲ'

'အမေ့ချွေးမ အလိမ္မာလေ၊ ဒါကို ဆရာဘဲဥ ကြိုက်သလား၊ မကြိုက်ယင်လဲ မဆိုခင်က ပြောဗျာ၊ ဆိုနေမှတော့ ကြားကဝင်မရပ်နဲ့ ကျုပ်က စိတ်ဆိုးတတ်တယ်ဗျ'

'မရပ်ပါဘူးကွာ....ဒီသီချင်းသာ ဆိုပြစမ်းပါ'

ဦးဘဲဥက ခွင့်ပြုလျှင် လှဖုန်းသည် သံနေသံထားနှင့် ဟသ်ာတထွန်းရင် သီဆိုထားသော အမေ့ချွေးမ အလိမ္မာ သီချင်းကို ဆိုနေသည်။

'ကောင်းတယ်ဟေ့....ကောင်းတယ်....မင်းကအဆိုရှေ့အသံရောမခေဘူး၊ ဒါထက် မေးစမ်းပါရစေအုံး....မင်းက ဘုန်းကြီးဘဝက အငြိမ်းစား ယူလာတာ မကြာသေးဘဲနဲ့ ဒီသီချင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရတာလဲကွ၊ ဘုန်းကြီးဘဝကတည်းက အဆိုကျင့်နေတယ် ထင်တယ်...ဟား ဟား ဟား'

'ဟာ...မတော်မတ့်၊ မတ့်မတော်တွေ ပြောမနေစမ်းပါနဲ့ ဘုန်းကြီးဘဝကတဲက ကျင့်နေလို့ မဟုတ်ပါဘူး၊ ဆရာဘဲဥ သိတဲ့ အတိုင်းဘဲ၊ တောဖက်က အလှူတွေ ဆွမ်းကျွေးတွေ လုပ်တဲ့အခါ လောက် စပီကာကြီးနဲ့ သီချင်းတွေ အမျိုးမျိုး ဖွင့်ကြတယ်မဟုတ် လား... ဒီတော့ ကျနော်ဟာလဲ ဒီဆွမ်းကျွေးတို့ အလှူတို့ကို ဘုန်း ကြီးဘဝနဲ့ ဆွမ်းစား လိုက်လိုက်နေရတော့ ဒီသီချင်းသံတွေဟာ ထပ်ကာတလဲလဲ ကြားခဲ့ရာက အလိုလို ရလာတော့တာပါဘဲဗျာ ရှင်းပလား'

လှဖုန်းကရှင်းပြလျှင် ဦးဘဲဥနှင့် ကိုကျော်မြင့်တို့မှာ ရယ်နေ ကြသည်။

'အေးကွာ ...မင်းကိုတော့ ငါဟာ....ဟာသမင်းသား အဖြစ်နဲ့ တင်ဘို့ သဘောတူပါပြီ၊ ဒါပေမယ့် ဇာတ်လမ်းက ပြင်ထားတော့ ရုပ်ရှင် စီစစ်အဖွဲ့ကိုပြန်တင်ရအုံးမယ်ကွ၊ ဒီတော့ကာ တလလောက် တော့ မင်းဟာမင်းသားဖြစ်ဘို့ စောင့်ရအုံးမယ်'

'ဗျာ....တလကြီး များတောင် စောင့်ရ မလား....ဒကွာဘဲ ကျနော့မှာ ငွေအသပြာကကုန်ခမ်းလုနီးနေပြီ၊ နောက်ထပ် တလ မပြောနဲ့ တပတ်တောင် စောင့်ဘို့မလွယ်ဘူး ဆရာဘဲဥရ....'

လှဖုန်းက စိတ်ပျက်သွားသံနှင့် ပြန်ပြောသည်။

'ငွေရေးကြေးရေး မပူပြလည်းယင်လဲ....မင့်မိတ်ဆွေ စာရေး ဆရာ ရွှေဂုံတိုင် ကျော်မြင့်ဆီက ချေးပေါ့ကွာ'



ဦးဘဲဥ၏ စကားကို ကြားရလျှင် ကိုကျော်မြင့်က အထိတ် တလန့်နှင့် ပြန်ပြောသည်။

'အမယ်....အမယ်....မလုပ်ပါနဲ့ဆရာရယ်....သူ့ကိုချေးဘို့ နေ နေသာသာ ကျနော့မှာတောင် လက်ရှိငွေ လေးထောင်ကျော် အကြွေးတင်နေလို့ စိတ်ညစ်နေတာ၊ ကျနော့ဆီကတော့ မမြော် လင့်နဲ့ဗျို့'

ကိုကျော်မြင့်က ပြန်ပြောလျှင် ဦးဘဲဥမှာ တဟားဟားနှင့် အော်ရယ် နေသည်။

'ဟား ဟား ဟား....ဖဥထုပ် ရမရစ်ဘဲ၊ ဖစ်မှ ဖစ်ရ ပလေလို့ သာ ငါတော့ အော်ပြောချင်ဘာဘဲ၊ တကယ့်မီလျှံနာ သေဌေး ကြီးတွေနဲ့ တွေ့နေပြန်ပါပြီ ကဲပါကွာ... မောင်ကျော်မြင့် က ကြွေးတွေဝိုင်းနေလို့ မင့်ကိုမချေးနိုင်ယင်လဲ ငါက ထုတ်ချေးပါ့ မယ်၊မင့် မင်းသားဖြစ်လို့ သရုပ်ဆောင်ခ ရတဲ့အခါ ပြန်ဆပ်ပေါ့၊ ကဲပြောကွာ... ဘယ့်လောက် လိုချင်သလဲ'

ဦးဘဲဥက မေးလျှင် လှဖုန်းသည် ဖြဲစပ်စပ်မျက်နှာနှင့် ကြည့် ပြီးပြောသည်။

'သိတ် မလိုပါဘူး ဆရာ....နဲနဲ ပါးပါး လေး ငါး သောင်း လောက်ရယင် တော်ပါပြီ'

'ဗုဒ္ဓေါ'

လှဖုန်း၏ စကားကြောင့် ဦးဘဲဥ၏ နဂိုကတည်းက ပြူးကျယ် နေသော မျက်လုံးမှာ ပိုမို၍ ပြူးကားသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင့်ချေးတဲ့ ငွေကလဲ....ကြောက်စရာ တောင်းလှချည်လား။ နှလုံးရောဂါရှိတဲ့လူသာဆိုယင် လန့်သေပြီးဘဲ၊ ကောင်းကောင်း ပြောစမ်းပါကွ'

'အလကား ကျနော်က နောက်တာပါဆရာရယ်၊ လောလော ဆယ်သုံးဘို့ တရာလောက်ရယင် တော်ပါဘီ'

'ဟယ်...မင့်ဟာကလဲ လျှော့မယ့် လျှော့တော့ အလကား ဆိုတာမျိုးလို ဖြစ်နေပါဘီ၊ တရားထဲတော့ ချေးမနေ ပါနဲ့ကွာ၊ သုံးလောက်စွဲမလောက်အောင် ငါးရာယူထားပေါ့၊ ဟုတ်ပလား'

ဦးဘဲဥသည် ပြောယင်း လှဖုန်းကို ထုတ်ချေးရန်အတွက် ငွေများကို သွားယူနေသည်။ နှစ်မိနစ်ခန့်အကြာတွင် ငါးကျပ်တန် တရာအုပ်ကလေးကို ကိုင်၍ ဦးဘဲဥသည် ပြန်ရောက်လာသည်။

'ရော့ကွာ....မင်းသုံးဘို့ ငွေငါးရာ....အတိုးတော့ မယူပါဘူးကွာ၊ မင်းသားဖြစ်လို့ သရုပ်ဆောင်ခရယင်သာ မှန်မှန်ကန်ကန် ပြန်ဆပ်ပါ'

'စိတ်ချပါဘကာကြီး၊ အဲ....ဆရာရယ်၊ ကိုယ်တော်၊ ဟုတ်ပါဘူး....ကျုပ်ပြန်ဆပ်ပါ့မယ်၊အခုလိုငွေထုတ်ချေးတဲ့အတွက် ဆရာ ကို ကျေးဇူးတင်ပါတယ်'

'ကျေးဇူးတင်မနေပါနဲ့ကွာ၊ ကူညီထိုက်လို့ ကူညီရတဲ့ဟာ— ပြော်....ဒါထက် ငါလဲအပြင်ကို သွားတော့မှာမို့ မင်းတို့ပါ ငါ့ အားနဲ့ လိုက်ခဲ့ပေါ့ကွာ'

'ဟုတ်ကဲ့ လိုက်တာပေါ့၊ နို့မို့ သုံးဘီးကားခ ကုန်နေအုံး မယ်....ဟဲ ဟဲ'

လှဖုန်းက ဦးဘဲဥပေးသော ငွေငါးရာကို အိတ်ထဲသို့ထည့်ယင်း ပြန်ပြောသည်။



လှဖုန်းပြောအပြီးတွင် ကိုကျော်မြင့်က မေးပြန်သည်။

'ဒါထက်....ဆရာ့မိန်းမနဲ့ ကလေးတွေကော မမြင်ပါလား'

'သူတို့မရှိကြဘူးကွ....အင်းစိန်က သူ့အမများအိမ် အလည် သွားကြတယ်၊ သူတို့ကို ငါလိုက်ပို့ပြီး ပြန်အလာမှာ မင်းတို့နှစ် ယောက် ရောက်လာကြတာဘဲ၊ ကဲကွာ....သွားကြစို့'

ဦးဘဲဥက ပြောလျှင် ကိုကျော်မြင့်နှင့် လှဖုန်းတို့လည်း ထိုင် ရာမှ ထရပ်ကာ ဦးဘဲဥနှင့်အတူ အပြင်သို့ထွက်လာကြသည်။

ထို့နောက်တော့ ဦးဘဲဥက သူတို့ကို ဂျစ်ကားနှင့် ရန်ကုန် သို့ ခေါ်သွားပြီးနောက် ဆူးလေရားလမ်းရှိ ဂုဏ်ရုပ်ရှင်ရုံရှေ့တွင် ချပေးထားခဲ့သည်။

လှဖုန်းမှာ အိတ်ထဲတွင် ငွေရှိနေသဖြင့် ကိုကျော်မြင့်နှင့်အတူ တရုပ် ထမင်းဆိုင် တဆိုင်တွင် နံနက်စာ ထမင်းဝင်စားကြပြီး နောက် ယခုအပတ်မှ ဝင်လာသော အမေရိကန် ရုပ်ရှင်ကား တကားကို ဝင်ကြည့်နေကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(သုံး)

## လှဖုန်းမှ သည်မောင်မောင်ဖုန်းသို့

ဦးဘဲဥက တလလောက် စောင့်ရမည် ပြောသော်လည်း သုံးပတ်ခန့်သာ ကြာပြီးနောက် တနေ့တွင် လှဖုန်းနေထိုင်ရာ တောင်ဥက္ကလာပ(၉)ရပ်ကွက်သို့ ဦးဘဲဥမှာ သူ၏ ဂျစ်ကားကလေးနှင့် ရောက်လာသည်။

လှဖုန်းမှာ ဦးဘဲဥကို မမြော်လင့်ဘဲ တွေ့မြင် လိုက်ရလျှင် ဝမ်းသာအားရနှင့် လှမ်းခေါ်သည်။

'ဟာ....ဆရာဘဲဥ....ဘယ်က လှည့်လာတာလဲဗျ၊ ကျနော်နေတဲ့ အိမ်ကို သိသလား'

'သိတော့ ဘယ်သိပါ့မလဲကွ၊ ဖိုးဘောျမြင့်ကို သွားမေးပြီး လာရတာပေါ့၊ ကဲ....မင်းကို ခရီးရောက်မဆိုက် ဝမ်းသာစကားပြောရအုံးမယ်၊ ဒို့ပြန့်ပြင်ပြီး တင်တဲ့ ဇာတ်လမ်းဟာ လွန်ခဲ့တဲ့ အပတ်ကဘဲ ကျတယ်ကွ၊ ဒါကြောင့် မနက်ဖန်မှာ ကန်တော့ပွဲ ပေးမယ်၊ မင်းသွီးကတော့ အကယ်ဒမီ နှစ်ခုတောင် ရထားတဲ့ ထိပ်တန်း မင်းသမီး ကြည်လွင်မြိုး ဘဲကွ'



'ဟာ....ဆရာတို့ကား ကန်တော့ပွဲပေးတာကလဲ မြန်ရလား၊ ဇာတ်ကားနမယ်ကကော ဘာတဲ့လဲ၊ ပြောစမ်းပါ'

လှဖုန်းမှာ ဝမ်းသာနေသဖြင့် ဦးဘဲဥကို ထိုင်ရန်ပင် မေ့ဘဲ အလောသုံးဆယ် ပြန်မေးနေသည်။

'နေပါအုံးလေကွာ....ငါထိုင်ပါရစေအုံး၊ မင်းကလဲ လိုက်တာ'

ထိုအခါကျမှ လှဖုန်းမှာ သတိရသွားပြီး ပျာပျာသလဲ ထိုင်ခိုင်းသည်။

'ဟာ....ဟုတ်သားဘဲ၊ ဆောရီးဆရာ.... လာပါ...ဒီမှာ ထိုင်ပါ....'

ဦးဘဲဥလည်း လှဖုန်းညွှန်ပြသောနေရာတွင် ဝင်ထိုင်ပြီးနောက် သူ၏ အိတ်တွင်းမှ ရုပ်ရှင်ကန်တော့ပွဲအတွက် ဖိတ်စာကို ထုတ်ပြသည်။

လှဖုန်းလည်း ဦးဘဲဥလက်တွင်းမှ ဖိတ်စာကိုယူ၍ ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့မြင်ရသည်။

လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်....

ကျနော်မျာ်း ထွန်းသစ်စ ရုပ်ရှင် ထုတ်လုပ်ရေးမှ မကြာမီ ရိုက်ကူးတော့မည်ဖြစ်သော ဘုန်းကြီးဝတ်တော့မယ်....ဇာတ်ကား အတွက် ကန်တော့ပွဲ ပေးတော့မည်ဖြစ်ပါ၍ တဖက်ပါ အစီအစဉ်အရ လူကြီးမင်းတို့ ကြွရောက်ကြပါရန် အကြောင်းကြားပါသည်။

ထွန်းသစ်စ ရုပ်ရှင်ထုတ်လုပ်ရေး။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသည် ဖိတ်စာကဒ်ပြားကို ဖတ်ကြည့်ပြီးနောက် တဖက်ရှိထားသော အစီအစဉ်ကို ဖတ်ကြည့်ပြန်သည်။

ရုပ်ရှင်အမည်.... .... ဘုန်းကြီး ဝတ်တော့မယ်။
ဒါရိုက်တာ .... .... အကယ်ဒမီ သုံးထပ်ကွမ်း ဦးဘဲဥ....
ဇာတ်ညွှန်း .... .... ဥက္ကလာ-သန်းအောင်....
မင်းသား .... .... မောင်မောင်ဖုန်း....
မင်းသမီး .... .... ထပ်ဆင့်အကယ်ဒမီ ကြည်လွင်ပြုံး။
ကန်တော့ပွဲပေးမည့်နေရာ .... .... ရှစ်မိုင် အောဝမ်းခြံ။
ကန်တော့ပွဲပြုလုပ်မည့်နေ့ .... .... ၂၅- ၆- ၇၀- နံနက် (၈)နာရီမှ (၁၁)နာရီအထိ။

'ဟာ....ကျနော့်နာမယ်က မောင်မောင်ဖုန်းတဲ့လားဆရာ'

ဖိတ်စာထဲတွင် ပါလာသော သူ၏အမည်ကို ဖတ်ရလျှင် လှဖုန်းက ဝမ်းသာသံနှင့်မေးသည်'

'အေးကွ မင်းနာမယ် လှဖုန်းဆိုတာကြီးက ရုပ်ရှင်မင်းသားအမည်နဲ့ သိပ်မနိုပ်လို့ ငါကဘဲ ပြောင်းလိုက်တယ်ကွာ၊ ကြိုက်ရဲ့လား'

'ကြိုက်ပါတယ်ဆရာ၊ နာမယ်ကလေးက ကဗျာ ဆံသားဘဲဟာ၊ မကြိုက်ဘဲနေပါ့မလား'

'အေး မင်းကြိုက်ယင်ပီးတာဘဲ ပီးတော့ မင်းကိုလဲ မနက်ဖန်ကတော့ပွဲပေးတဲ့ အခမ်းအနားကျမှ ရုပ်ရှင်လောက,က ပုဂ္ဂိုလ်တွေနဲ့ရော၊သတင်းစာနဲ့ စာပေလောက,က ပုဂ္ဂိုလ်တွေနဲ့ပါမိတ်ဆက်ပေးမယ်၊ ကဲကွာ ဒါကိုမင်းသိရအောင် ငါလာပြောတာဘဲ၊ ငါ့မှာ အလုပ်တွေရှိသေးလို့ သွားလိုက်အုံးမယ်'



ဦးဘဲဥသည် ပြောယင်း ထိုင်နေရာမှ ထရပ်သည်။

'ဟုတ်ကဲ့ဆရာ၊အခုလိုကျနော့်ကို မင်းသား ဖြစ်အောင် လုပ်ပေးတာ ကျေးဇူး တင်ပါတယ်၊ ကျနော်ကတော့ ဆရာသိတဲ့အတိုင်းဘဲ၊ ရုပ်ရှင်နဲ့ဆိုယင် သိပ်စိမ်းနေတဲ့ လူသစ်တဦးမို့ သရုပ်ဆောင်ဘို့ ကိစ္စတွေကိုတော့ ဆရာကဘဲ တာဝန်ယူပြီး သင်ပြပေးပါဆရာရယ်၊ ပစ်မထားပါနဲ့'

'ပစ်မထားပါဘူးကွာ၊ ဒါကငါ့တာဝန်ထားစမ်းပါ ကြူးစား ဘိုကတော့ မင့်တာဝန်ပေါ့၊ကဲကွာငါသွားလိုက်အုံးမယ်၊ မနက်ဖန်ကျယင် မင့်မိတ်ဆွေ တွေကိုပါ ခေါ်လာခဲ့ပေါ့ကွာ'

ဦးဘဲဥသည် လှဖုန်းကိုပြောခဲ့ပြီးနောက်အိမ်ရှေ့တွင် ရပ်ထားသော သူ၏ဂျစ်ကားကလေးပေါ်သို့ ပြန်တက် သွားသည်။ လှဖုန်းလည်း ကားအနီးသို့ထိအောင် ဦးဘဲဥကို လိုက်ပို့သည်။ ဦးဘဲဥကားကိုမောင်းထွက်သွားလျှင်တော့ လှဖုန်းသည် ရုပ်ရှင်ကတော့ပွဲ ဖိတ်စာကလေးကို ကိုင်ယင်း ဝမ်းသာအားရနှင့် အိမ်ထဲသို့ ပြေးဝင်ကာ ကိုကြည်၏ ဇနီးချော ဒေါ်မြခင်ကို အူမြူးသံကလေးနှင့် ပြောသည်။

'ဒေါ်ဒေါ်ရေ....ကျုပ်မင်းသားဖြစ်ပြီဗျ၊မင်းသား မင်းသား ဟီး....ဟီး....ဟီး....'

လှဖုန်း၏ အသံကြောင့် နောက်ဖေးခန်းတွင် ချက်ပြုတ်နေသော ဒေါ်မြခင်မှာ မော့ကြည့်ယင်း ပြန်မေးသည်။

'ဟေ....နင့်ဟာက ဟုတ်မှဟုတ်ရဲ့လား မောင်လှဖုန်းရယ်'

'ဟုတ်ပါတယ်ဗျ.... ဟောဒီမှာကြည့် အခုဘဲ ဆရာဘဲဥလာပေးသွားတာ'

www.burmeseclassic.com

www.burmeseclassic.com



လှဖုန်းသည် ပြောယင်း ဒေါ်မြခင်တံသို့ သူ၏ ရုပ်ရှင်ဖိတ်စာလေးကို လှမ်းပေးသည်။ ဒေါ်မြခင်လည်းယူ၍ ဖတ်ကြည့်သည်။

'ဟယ် ...ဝမ်းသာလိုက်တာ ငါ့တူရယ်၊ နင်စောစောက ပြောတုန်းက ငါမယုံဘူး၊ အခုမှဘဲယုံတော့တယ်၊ မယုံတာလဲ မပြောနဲ့လေ၊ နင်ကလဲ ဘယ်တုန်းက ငါ့ကို အမှန် ပြောဘူး လို့လဲ.... ဟီး ဟီး ဟီး'

'အဒေါ်တို့များ ကျုပ်ကိုဆိုယင် တယ်ပြီးအထင်သေးတာဘဲ၊ ကဲ အခုဆိုယင် ကျုပ်ဟာ မင်းသားဖြစ်သွားဘီ....ကျုပ်ဘဝဟာ တွေးကြည့်ယင် တော်တော်တော့ အဆန်းသား၊ ငယ်ငယ်တုန်းက ဆိုယင်လဲ သင်္ကန်းမဝတ်ချင်ဘဲနဲ့ ဖေဖေ့ကြောင့် ဝတ်ခဲ့ရတယ်၊ ဟော အခုလဲကြည့်စမ်း....မင်းသား မလုပ်ချင်ဘဲနဲ့ အခြေအနေအရ မင်းသားလုပ်ရပြန်ပီ၊ဖြစ်ချင်တာ မဖြစ်ရတဲ့ လောကကြီးပါလား....'

'အမယ်....အမယ်...မောင်လှဖုန်း၊ဘုရားကျပြီး ဘုန်းကြီးတော့ ပြန်ဝတ်မသွားပါနဲ့တော်....အေးအေး ဆေးဆေး မင်းသားဘဲ လုပ်နေစမ်းပါ ဟဲ ဟဲ'

'အာ....အဒေါ်ကလဲ နောက်နေပြန်ပါဘီ၊ ကျနော်က ဘုန်းကြီးပြန်ဝတ်မှာမို့ ပြောနေတာ မဟုတ်ပါဘူး၊ ကိုယ်ဖြစ်ချင်သလို မဖြစ်ရတာ ပြောနေတာပါ'

'အဲဒါကတော့ အရေးမကြီးဘူး၊ မင်းကိုငါ တခုလောက်တော့ အကူအညီတောင်းချင်တယ်၊ ပေးနိုင်ပါ့မလား'



'အဒေါ်ကလဲဗျာ ပေးနိုင်ပါ့မလားလို့ မေးနေ ပြန်ပါဘီ.... အဒေါ်နဲ့ ကိုကြည်တို့ ကျေးဇူးဟာ ကျနော့်မှာအများကြီး ရှိတဲ့ဟာ ပေးရမှာပေါ့၊ ကဲပြောဗျာ....ဘာကို ပေးရမယ်ဆိုတာ'

လှဖုန်းက ပြန်ပြောလျှင် ဒေါ်မြခင်မှာ သကြားလုံးတဝက် သံပုရာသီးတဝက် ငုံထားသော မျက်နှာမျိုးနှင့် ပြန်ကြည့်ပြီး တိုးတိုးကလေး ပြောသည်။

'တခြားတော့မဟုတ်ဖူးကွဲ့....ငါလဲ ရုပ်ရှင်ထဲကို လိုက်ချင်လို့ ဟိ ဟိ ဟိ....'

ဒေါ်မြခင်က ပြောပြီးရယ်နေလျှင် လှဖုန်းလည်း အားပါးတရ အော်ရယ်နေတော့သည်။

'ဟား ဟား ဟား ဟား....အဒေါ် ကလဲဗျာ....ဘာစိတ်ကူးများပေါက်လို့ ရုပ်ရှင်ထဲ ဝင်ချင်တာလဲ၊ ဝင်းဦးတို့ ညွန့်ဝင်းတို့နဲ့ တွဲချင်လို့လား ဟား ဟား ဟား'

'ဟဲ့ ဟဲ့ ....မောင်လှဖုန်းရဲ့၊ငါက ဒီမင်းသားတွေနဲ့ တွဲချင်လို့ မဟုတ်ပါဘူး၊ ပြီးတော့ မင်းသမီး အဖြစ်လဲ မမှန်းပါဘူး၊ ငါ့အသက်က ကြီးနေဘီဘဲဟာ ငါငယ်ငယ်က ဆိုယင်တော့ မင်းသမီးရှူး ရှူးမိသေးတာပေါ့၊အဲဒီတုန်းက ငါ့ရုပ်ဟာအခုလိုမဟုတ်ဘူးကွဲ့၊ ကိုယ်လုံးကိုယ်ပေါက်က သေးသေး သွယ်သွယ်နဲ့ ငါ့ရဲ့ကိုယ်ကလေးပေါ့၊ အဲဒါ မင်းမယုံယင် ကိုကြည်ကို မေးကြည့်လေ— မင်းတို့ အခုခေတ် ချောပါတယ်၊ လှပါတယ်ဆိုတဲ့ ဝါဝါဝင်းရွှေ

www.burmeseclassic.com

www.burmeseclassic.com



တို့ ခင်သန်းနုတို့လောက်တော့ ငါ့ကအပျော့အပျော့ ရှိတာပေါ့ ဆိုတဲ့ အထဲကပေါ့၊ မင်းက မယုံလို့ ရှိနေတာလား'

'ဟုတ်ကဲ့…အဲ…ဟုတ်ပါဘူး၊ ယုံပါတယ်ဗျာ၊ ယုံပါတယ်… အခုတောင် အဒေါ့်ရုပ်က သိတ်မှမကျသေးတာ၊ အဲ အဲ ကိုယ်လုံးက …မပြစ်စလောက် …ရာဇဝင်အိုးကြီးလောက် ဝနေတာရယ်၊ အသားကလေးကနုနုပါးပါး သပိတ်ရောင်ထနေတာရယ်၊ ဆံပင်ကလေးတွေက…'

'တော်စမ်းကွယ်…. မင့်ဟာက မြှောက်သလိုလိုနဲ့ငါ့ကို နှိမ်နေတဲ့ဟာ၊ တော်တော့ ငါမကြားချင်တော့ဘူး'

လှဖုန်း၏ ရှုတ်နှောက်နှောက် စကားကြောင့် ဒေါ်မြခင်က စိတ်ကောက်သံနှင့် ဖြတ်ပြောသည်။

'အလကား ကျနော်က နောက်တာပါ အဒေါ်ရယ်…ကဲပါဗျာ၊ ရုပ်ရှင်ထဲကို အဒေါ်ဝင်ချင်ယင် ဒါရိုက်တာ ဦးဘဲဥကို ပြောပေးပါ့မယ်၊ ကျေနပ်ပလား'

'အေး အေး….ငါ့ကို မင်းသမီးအဒေါ်နေရာ ဖြစ်ဖြစ်၊ မင်းသားရဲ့အဒေါ် နေရာက ဖြစ်ဖြစ်၊ ထားပေးပါလို့ ဟုတ်ပလား'

'ဟာ စိတ်ချ….ကျနော်ပြောပေးမယ်'

'ဒါပေမယ့်….ဒီအကြောင်းကို ကိုကြည်တော့ မသိစေနဲ့နော်၊ သူသိယင် လုပ်ချမှာ မဟုတ်ဖူး၊ ကြိမ်းသေ ရုပ်ရှင်ထဲမှာ ရဘီဆိုမှ ငါသူ့ကို ချော့ပြီး ပြောမယ်'

'နို့ ….ကိုကြည်က သဘောမတူဘူး ဆိုယင်ကော'



'ဟယ်….မင်းကလဲ ငါ့ယောကျ်ားအကြောင်း ငါသိပါတယ်၊ သူဘယ့်လောက်မာမာ၊ ငါချော့လိုက်ယင် ပျော့ရမှာပါ….ဟီး ဟီး ဟီး'

'ဟား ဟား ဟား ဟား'

ဒေါ်မြခင်၏အပြောကို လှဖုန်းမှာလည်း သဘောကျသွားသဖြင့် တဟားဟားနှင့် အော်ရယ်နေသည်။

ထိုနောက်တော့ လှဖုန်းသည် မင်းသား ဖြစ်ရတော့မည်မို့ သူ၏ အခန်းထဲသို့ဝင်ကာ မှန်တချပ်နှင့် အိုက်တင်တွေ အမျိုးမျိုးလုပ်ကာ အရှူးထ,နေတော့သည်။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com

( လေး )

## ကန်မတော့ပွဲပေးသောနေ့ဝယ်

ဝတ္ထုဇာတ်လမ်း ရှေ့သို့မဆက်မီချစ်စွာသော စာဖတ်သူများ အား မင်းသား အသစ်စက်စက်၊ ပူပူနွေးနွေးကလေး လှဖုန်းခေါ် မောင်မောင်ဖုန်းနှင့် တွဲဖက်ပါဝင်ကာ သရုပ်ဆောင်မည့် နိုင်ငံ ကျော် ထပ်ဆင့် အကယ်ဒမီပိုင်ရှင် ရုပ်ရှင်မင်းသမီး ကြည်လွင်ပြုံး နှင့် မိတ်ဆက် ပေးလိုပါသေးသည်။

ကြည်လွင်ပြုံးသည် ရုပ်ရှင်လောကသို့ ရောက်ရှိသည်မှာမကြာ သေးပေ။ သုံးနှစ်ခန့်သာ ရှိသေးသည်။ သို့သော်....အကယ်ဒမီ ဆုကြီးကိုတော့ နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူး၍ ပြီးခဲ့ပြီ ဖြစ်သည်။

ထိုနှစ်ကြိမ်စလုံး သူဆွတ်ခူး ရရှိခဲ့သော ကားများ မှာလည်း အခြား ဒါရိုက်တာ ရိုက်ကူးသောကားမဟုတ်ဘဲ သူ၏ဆရာရင်း ဖြစ်သော ဒါရိုက်တာ ဦး ဘဲဥ၏ ကားများသာဖြစ်သည်။

မှန်ပေသည်။ ဒါရိုက်တာ ဦးဘဲဥမှာ အထက်တွင် ကျနော် ရေးသား တင်ပြခဲ့သည့်အတိုင်း ရုပ်ရှင်အရိုက်သာ တော်သော ဒါရိုက်တာတဦးမဟုတ်ဘဲ မင်းသား မင်းသမီးများကို သင်ကြား ပြသသည့် နေရာတွင်လည်း အလွန်တော်သော ဒါရိုက်တာ ဖြစ် သည်။

ကြည်လွင်ပြုံး၏ အမည်ရင်းမှာ ခင်ခင်ပြုံး ဖြစ်သည်။ ဇာတိ ကတော့ မြင်းခြံက ဖြစ်သည်။ သူ့တွင် မွေးရင်း ပေါက်ဖော် ညီအမသုံးဦးရှိသည့်အနက် ကြည်လွင်ပြုံးက အကြီးဆုံးဖြစ်သည်။ (အသက်ကို ပြောတာနော်)

သူ့ဖခင်၏ အမည်မှာ ဦးမြအုန်း ဖြစ်ပြီး မိခင်ကတော့ ဒေါ် ခင်ငြိမ်း ဖြစ်သည်။ ကြည်လွင်ပြုံး (ခေါ်) ခင်ခင်ပြုံး တယောက် မင်းသမီး မဖြစ်မီကဆိုလျှင် ဖခင်က လက်သမားအလုပ်ကို ဆင်းရဲ ပင်ပန်းစွာ လုပ်ကိုင်ရသည်။ မိခင်ဖြစ်သူ ဒေါ်ခင်ငြိမ်းကတော့ ဈေးထဲတွင် နေ့စားအဖြစ် အပ်ချုပ်ရသည်။

ကြည်လွင်ပြုံးမှာ ငယ်စဉ်ကတည်းက ရုပ်ရှင်ဖက်ကို ဝါသနာ ပါခဲ့သည်။

ဖခင်ကြီးကလည်း ရုပ်ရည်ချောမော လှပသော သမီးကလေး မှ နောင်တချိန်တွင် ရုပ်ရှင်မင်းသမီးအဖြစ် သမီးကိုလုပ်ဆောင် ပေးရန် ရည်ရွယ်ထားသူမို့ အမြဲဘန်း အားပေးခဲ့သည်။

သို့ဖြစ်၍ ကြည်လွင်ပြုံး တယောက် (၁၀)တန်း စာမေးပွဲ အကျတွင် ဖခင်ဖြစ်သူ ဦးမြအုန်းက...'ဆယ်တန်းကျရော ဘာဖြစ် သလဲ သမီးရယ်.. စိတ်မညစ်ပါနဲ့၊ သမီးကို ရန်ကုန်ခေါ် သွားပြီး ရုပ်ရှင် မင်းသမီး ဖြစ်အောင် ဖေဖေလုပ်ပေးပါ့မယ်...'ဟူ၍ အား ပေးကာ ပြောကာ ကြည်လွင်ပြုံး အဖြစ်က ရုပ်ရှင်နယ်တွင် ထွန်းတောက်စေမည့် ခင်ခင်ပြုံးကို ဦးမြအုန်းက ရန်ကုန်သို့ခေါ် လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရုပ်ရှင်လောကတွင်းသို့ နာမည်မရမီ ထိုးဖေါက် ဝင်ရန်မှာ လွယ်ကူသောကိစ္စ မဟုတ်ပေ။

ငါးပွက်ရာ....ငါးစာချ...ဟူသောစကားအတိုင်း နာမည်ကြီး မင်းသား မင်းသမီးများကိုသာ ဦးစားပေးကာ အရေးထားနေကြ သော ရုပ်ရှင် ကုမ္ပဏီများအဖို့ ခင်ခင်ပြုံး ကဲ့သို့ မျက်နှာသစ် တယောက်ကို ခေါင်းဆောင်မင်းသမီးအဖြစ် တင်မြှောက်ပေးရန် ဆန္ဒမရှိကြပေ။

တကုမ္ပဏီဆင်း တကုမ္ပဏီတက်နှင့် ကြည်လွင်ပြုံးတို့ သားအဖ မှာမျက်နှာငယ်ငယ်နှင့် ရုပ်ရှင်ထဲသို့ပါဝင်ခွင့်ပေးရန် ပြောကြား ခဲ့သော်လည်း အချီးအနှီးသာ ဖြစ်ခဲ့ကြရသည်။

ထိုသို့ ရုပ်ရှင်ကုမ္ပဏီများက ငြင်းပယ်လေလေ၊ ကြည်လွင်ပြုံး ၏ စိတ်ထဲတွင် မခံချင်လေ ဖြစ်နေသည်။

'တနေ့ကျတော့ ခင်ခင်ပြုံးရဲ့အကြောင်းကို ရှင်တို့သိကြသေး တာပေါ့'

ဟူ၍ ကြည်လွင်ပြုံးသည် စိတ်ထဲမှ ကြုံးဝါးကာ ထားသည်။

ကြည်လွင်ပြုံး၏ နည်းတူပင် ဖခင်ဖြစ်သူ ဦးမြအုန်းမှာလည်း စိတ်မပါတ်မကျဘဲ ရန်ကုန်တွင် ဖြစ်သလိုလုပ်ကိုင်စားကာ နေခဲ့ရာ တနေ့တွင် ဒါရိုက်တာ ဦးဘဲဥနှင့် ဆုံတွေ့ကြသည်။ ဦးဘဲဥမှာ လူကဲခတ် အလွန်တော်သူ တဦးမို့ ကြည်လွင်ပြုံးဟူ၍ ထွန်း ဆောက်လာမည့်ခင်ခင်ပြုံးကိုမြင်လျှင်မြင်ချင်းပင် ခေါင်းဆောင် မင်းသမီးကောင်းတလက် ဖြစ်နိုင်သည်ကို တွေးမိသည်။

သို့ဖြစ်၍ သူသည် နာမည်ကြီး မင်းသမီးတသက်နှင့် ရိုက်ကူး မည့်သူ၏ ရုပ်ရှင်ကားကို ထိုမင်းသမီးနှင့် အဆင်မပြေ ဖြစ်နေ



သောကြောင့် မရိုက်ကူးတော့ဘဲ ကြည်လွင်ပြုံးကို ရဲရဲဝံ့ဝံ့ပင် ခေါင်းဆောင် မင်းသမီးအဖြစ်တင်ကာ ရိုက်ကူးခဲ့သည်။

ကြည်လွင်ပြုံး....ဟူသောအမည်ကိုလည်း ဦးဘဲဥကပင် ပေးခဲ့ ခြင်း ဖြစ်သည်။

ဦးဘဲဥ၏ အသင်အပြ ကောင်းမှု၊ ကြည်လွင်ပြုံး၏ ကြိုးစား မှုတို့ကြောင့် ထိုကား တကားတည်း နှင့်ပင် ကြည်လွင်ပြုံးမှာ တဟုန်ထိုး ကျော်ကြားကာ သွားပြီး အကယ်ဒမီ ဆုကြီးကိုပါ ထိုတကားတည်းနှင့် ဆွတ်ခူးကာ သွားတော့သည်။

ထိုအခါတွင်တော့ ရုပ်ရှင်လောက ထုံးစံအတိုင်း ယခင် မရှားဘာဝနှင့် ကြည်လွင်ပြုံး လာရောက်၍ မင်းသမီး လျှောက်ခဲ့စဉ်က ခါးခါးသီးသီး ငြင်းပယ်ခဲ့ကြသော ကုမ္ပဏီ မှာ ယခုလို ပြည်သူလူထုကြီး၏ မြှောက်စားခြင်းကို ရယူ သော မင်းသမီးအဖြစ်သို့ ရောက်လာသောအခါတွင် ပိုက်၍ ကြည်လွင်ပြုံးကို မင်းသမီးအဖြစ် သူတို့၏ ရိုက်ကူးပေးရန် တောင်းပန်ကြတော့သည်။

ကြည်လွင်ပြုံး ကလည်း လက်စားချေသော သဘောဖုန်း သရုပ်ဆောင်ခကို မတန်တဆတောင်းသည်။ ပေးနိုင်သော ကုမ္ပဏီ က ပေးသွားသော်လည်း မပေးနိုင်ကြသော ကုမ္ပဏီများကတော့ စိတ်ပျက် လက်ပျက်နှင့် ဆန်ပြုပ်လုပ်သွားကြရသည်။

မင်းသမီးအဖြစ်စွာ သွားလျှင်သော့ မြင်းခြံတွင် ကျန်ခဲ့ခဲ့ကြ သော မိခင်ဖြစ်သူနှင့် ညီမအလေးများကို ရန်ကုန်သို့ ခေါ်ယူ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖျားတွေ ရွှေငွေသီးနေသော မင်းသမီး ဖြစ်ခဲ့ပြီး ဘောက်ထော်ဖက်တွင် တသိန်းကျော်တန် ခြံနှင့်တိုက်ကို ဝယ်ထားသည်။

သူစီးရန်နှင့် ညီမတွေအတွက် ကျောင်းတက်သောအခါစီးရန် ဘဲအဲယား ကားကြီးတစင်းကိုလည်း ရှစ်သောင်းကျော်ပေး၍ ဝယ်ထားသည်။

ကြည်လွင်ပြုံးကို အချို့သောရုပ်ရှင်လောကမှ လူများက နာမည်ကျော်ကြားသလောက် နာမည်ကြီးလှသော မင်းသမီးဟူ၍ ကွယ်ရာတွင် အတင်းပြောကြသည်။

မှန်သင့်သလောက်လည်း မှန်ပေသည်၊သို့သော် ကြည်လွင်ပြုံး မှမ်းစရာတခု ရှိသည်တား သူ၏ နာမည်ကို အပျက်မခံဘဲ နေထိုင်တတ်ခြင်းပင်။ ထို့ပြင် ဆရာရင်း ဖြစ်သူ ကျေးဇူးကိုလည်း မမေ့ပေ။

ဒါရိုက်တာများထ ရုပ်ရှင် ဇာတ်ကား ရိုက်ရန် ပြုံးကို လာပြောလျှင် ကြည်လွင်ပြုံးသည် ဇာလမ်းကို ကြည့်သေးသည်။ ဇာတ်လမ်းကို ကြိုက်သောအခါတွင် ရုပ်ရှင်ရိုက်ရန် လက်ခံသည်။ မကြိုက်လျှင် ငြင်းပယ်ပစ်သည်။

သို့သော် သူ၏ဆရာရင်း ဒါရိုက်တာ ဦးဘဲဥကသာ သူ့ကို ရုပ်ရှင်ရိုက်ရန် လာပြောလျှင် ကြည်လွင်ပြုံးသည် ချေးထူမနေ ပေ။ မည်သည့်အခန်းတွင် နေရနေရ မည်သည့်မင်းသားနှင့် တွဲရ တွဲရ ကြည်လွင်ပြုံးက လက်ခံ၍ ရိုက်ကူးပေးသည်။

သို့ဖြစ်၍ ကြည်လွင်ပြုံးနှင့် ရိုက်ကူးချင်ကြသော ကုမ္ပဏီ များမှာ ဒါရိုက်တာ ဦးဘဲဥကိုသာ ကပ်ကြရသည်။



ကြည်လွင်ပြုံး၏ စတိုရီကို ဤမျှသောက်သာ ဖေါ်ပြပြီး သူ၏ ...သွင်ကို ဆက်၍ ဖေါ်ပြပါအုံးမည်။ ကြည်လွင်ပြုံးသည် ယခု ...ါ အသက် နှစ်ဆယ်နှစ်နှစ်သာ ရှိသေးသည်။ အသားမှာ ...ပွး ဝါဝင်းလှသူ ဖြစ်သည်။ မျက်နှာမှာ အနည်းငယ် သွယ်ပြီး ...တ် အလွန် ပေါ်သူကလေး ဖြစ်သည်။ ကိုယ်လုံး ကိုယ်ထည်က ...ည်း အလွန်ပင် ဖွံ့ဖြိုး လှပလှသည်။ များသောအားဖြင့် ယခု ...တ်တွင် နိုင်ငံကျော် ရုပ်ရှင်မင်းသမီးများမှာ ပင်ကိုယ်သံများ ...နေကြသဖြင့် ရုပ်ရှင်ထဲတွင် သီချင်းဆိုခန်း ရိုက်ရာတွင် နာမည် ...း အဆိုတော်များ၏ အသံနှင့် ရိုက်ကူးကြရသည်။ ကြည်လွင် ...ကတော့ ထိုသို့ မဟုတ်ပေ။ အဆိုလည်းပိုင် အသံလည်း ...ာင်းလှသူမို့ သူ၏ ပင်ကိုယ်သံနှင့်သာ သီဆိုသည်။

ယခုလည်း ဆရာရင်းဖြစ်သူ ဒါရိုက်တာ ဦးဘဲဥက ဘုန်းကြီး ...တ်တော့မယ် ရုပ်ရှင်ကားကို ရိုက်ကူးပေးရန် လာပြောစဉ်က ကြည်လွင်ပြုံးသည် မင်းသားက မည်သူ မည်ဝါဟူ၍ မေးပင် ...မေးဘဲ အလွယ်တကူပင်ခေါင်းညိတ်ကာ အဖြေပေးသည်။တဖန် ...ာန်တော့ပွဲ ပေးမည့် ဖိတ်စာကို လာပေးသော အခါမှ ကြည် လွင်ပြုံးမှာ ဖိတ်စာကို ဖတ်ကြည့်ရာ မင်းသား မောင်မောင်... ဟူ၍ သူတကြိမ်တခါမှ မကြားဘူးသော နာမည်ကြောင့် ဦးဘဲဥ ကိုမေးကြည့်သည်။

'ဆရာမင်းသားက.... အသစ်လားဆရာ'

'အေး.... မင်းသားအသစ်ဘဲတူမရဲ ငြင်းချင်လို့လား ဟဲ...'

'မငြင်းပါဘူးဆရာရယ်... ဆရာဟာ အပြုံးရဲ့ ကျေးဇူးရှင် ... ဆရာကခိုင်းယင် အပြုံးလုပ်မှာချည့်ဘဲ'

www.burmeseclassic.com

www.burmeseclassic.com



ကြည်လွင်ပြုံးက ရယ်ယင်း ပြန်ပြောသည်။

အကယ်၍သာ ယိုစဉ်က ကြည်လွင်ပြုံးသည် ဒါရိုက်တာ ဦးဘဲဥကို မင်းသားသစ် မောင်မောင်ဖုန်း၏ အကြောင်းကို စစ်ဆေး ပေါက်ပေါက် မေးကြည့်မည်ဆိုလျှင် ဘုန်းကြီးဘဲ ဝတ်တော့မယ် ဇာတ်ကားကို လက်ခံရိုက်ကူးခြင်းမှ ရိုက်ကူးပေးပေလိမ့်မည်။

အကြောင်းမှာ ကြည်လွင်ပြုံးသည် ဘုန်းကြီးလူထွက်များကို အမြင်ကပ်နေသူ ဖြစ်သည်။ အဘယ်ကြောင့် ကြည်လွင်ပြုံးသည် ဘုန်းကြီး လူထွက်များကို အမြင်ကပ်သနည်း ဆိုသော် 'အလွန် မြင့်မြတ်လှတဲ့ ဘုန်းကြီး ဘဝကို ရောက်ပြီးမှ လူပြန်ထွက်တယ် ဆိုတာ အဓိပ္ပါယ်မရှိဘူး၊ အသက်တက်ဆုံး ဘုရား အရှည်တော်ကြီး ခြုံပြီး နိဗ္ဗာန် ရောက်ကြောင်း တရားကို အားထုတ် သင့်တယ် ဒီလိုမလုပ်ဘဲနဲ့ လူ့ဘဝကို ပြန်လာတာဟာ လူရှော် လူည့ တယောက်သာ ဖြစ်ရမယ် 'ဟူ၍ ကြည်လွင်ပြုံးက စွဲစွဲမြဲမြဲခံယူ ထားသောကြောင့်ပင်။

ယခုတော့ ကြည်လွင်ပြုံးမှာလဲ မင်းသားသစ် မောင်မောင် ဖုန်းကို ဘုန်းကြီးလူထွက်မှန်း မသိသဖြင့် အလွယ်တကူပင် လက်ခံ လိုက်သည်။

သို့ဖြစ်၍ ကန်တော့ပွဲ စတင်၍ ပေးသောနေ့ဝယ် လှဖုန်းနှင့် ကြည်လွင်ပြုံးတို့မှာ ပြဿနာတွေ ပေါ်ကုန်ကြတော့သည်။

မည်သို့ပြဿနာများ ပေါ်ကုန်သည်ကို အောက်တွင် ကျနော် ရေးသား တင်ပြပါသည်။

ထိုနေ့သည် တွန်းသစ်စ ရုပ်ရှင် ထုပ်လုပ်ရေးမှ ရိုက်ကူးမည့် 'ဘုန်းကြီး ဝတ်တော့မယ်' ရုပ်ရှင်ကားအတွက် ကန်တော့ပွဲပေး မည့် နေ့ဖြစ်သည်။



မင်းသားသစ် မောင်မောင်ဖုန်း (ခေါ်) လှဖုန်းမှာ အောဝမ်း သို့ နံနက်ရှစ်နာရီ မထိုးမီကတည်းက သူ၏ မိတ်ဆွေများဖြစ် ကြသော စာရေးဆရာ ရွှေဂုံတိုင်ကျော်မြင့် ကိုကြည် တို့နှင့်ခြံထဲသို့ ရောက်နေကြသည်။

သူတို့ ရောက်ရှိချိန်တွင် ကန်တော့ပွဲသို့ လာကြသော ဧည့် ဖိတ်သတ် အတော်အသင့်လည်း ရောက်ရှိကာ နေပြီဖြစ်သည်။

မင်းသမီး ကြည်လွင်ပြုံး ကတော့ နိုင်ငံကျော် မင်းသမီးပီပီ ခြံထဲသို့ ရောက်မလာသေးပေ။ ဦးဘဲဥမှာလည်း အလုပ်များနေသူ လှဖုန်းရောက်ချိန်တွင် ခြံထဲသို့ မရောက်သေး။

တွန်းသစ်စ ရုပ်ရှင် ထုတ်လုပ်ရေးပိုင်ရှင် ဇနီး မောင်နှံတို့နှင့် အပေါင်းအသင်း ဖော်ရွေသော သက်ဖွယ်ရာများသာ ရောက်နေသေးသည်။

တနေရာတွင်တော့ ကန်တော့ပွဲကြီးများနှင့် ရုပ်ရှင်ရိုက်ကူး မည့် ကင်မရာကြီးကို တွေ့မြင်ရသည်။

လှဖုန်းမှာ မင်းသားဖြစ်နေသူမို့ ကိုကျော်မြင့်နှင့် ကိုကြည် တို့လို စားပွဲတွင် ငြိမ်ငြိမ်ထိုင်မနေဘဲ ရောက်နှင့်နေကြသော ဧည့် သည်များအား 'ကျုပ်ဟာ မင်းသားသစ် မောင်မောင်ဖုန်းဆို သူပေါ့ဗျ' ဟူ၍ ရှိုးပြချင်သဖြင့် လမ်းသလား ပြနေသည်။

သူထိုသို့ ရှိုးထုတ်ကာပြနေသော်လည်း သူ့ကို ဧည့်သည်များ က မင်းသားဟူ၍ အသိအမှတ် မပြုကြပေ။ ပြုစရာလည်း မရှိ ပေ။

အကြောင်းမှာ လှဖုန်းဝတ်ထားသော အဝတ်အစားများမှာ လည်း အချိုးအစား လုံးဝ မကျရသေးသည့်အပြင် ခေါင်းထွ

www.burmeseclassic.com



လည်း မှန်ရောင်တမျှပြောင်လက်ကာနေသော ကတုံးကြီးကြောင့် သူ့ကို စာပွဲထိုးတယောက်ဟု မှတ်ထင်နေကြသည်။

ကန်တော့ပွဲတွင် ကျွေးမွေးသည့် အစားအစာမှာ ကြက်သား နှင့် အုန်းနို့ ခေါက်ဆွဲ ဖြစ်သည်။

ထိုသို့ စားသောက်ကာနေကြသော သူများထဲမှ တဦးမှာ လှဖုန်းကိုမင်းသားဟုမထင်ဘဲ အထက်တွင် ရေးခဲ့သည့်အတိုင်း စာပွဲထိုးတဦးအမှတ်နှင့် လှမ်း၍ပြောသည်။

'ဒီမှာ....ဒီမှာ....မိတ်ဆွေ၊ ခေါက်ဆွဲ တပွဲလောက် ထပ်ပေး ပါအုံး၊ စားကောင်းလွန်းလို့ဗျ'

ထိုစကားကိုကြားရလျှင် လှဖုန်းမှာ အလွန်ပင် ဒေါသ ထွက် သွားတော့သည်။

'ကျုပ် ခေါက်ဆွဲပန်းကန် ယူပေးတဲ့ကောင် မဟုတ်ဖူး၊ မင်း သားဗျ....မင်းသား' ဟူ၍ ခုနစ်သံမှတက်၍သာ အော်ဟစ်လိုက် ချင်သည်။ သို့သော် သူ့မှာ ဤမျှအထိ သတ္တိမရှိသဖြင့် ထိုသူ၏ ပြောစကားကိုမကြားယောင်ဆောင်၍ ထိုနေရာမှ ဒေါသဖြစ်ဖြစ် နှင့် လှည့်ထွက်လာသည်။ ထွန်းသစ်စ ပိုင်ရှင် ဇနီးမောင်နှံထံသို့ သူသည် မင်းသားဖြစ်ကြောင်းကို ကျေညာပေးရန်အတွက် အကူ အညီတောင်းခံရန် လှမ်းကြည့်သော်လည်း ထိုဇနီးမောင်နှံတို့မှာ စာဖွဲ့ဝိုင်းတဝိုင်းတွင် အခြားသော ဧည့်သည်များနှင့် စကား လက်ဆုံကျနေသဖြင့် သူ့မှာ အခက်တွေ့နေတော့သည်။

ထိုခဏတွင် ဒါရိုက်တာ ဦးဘဲဥမှာ ဂျစ်ကား ကလေးနှင့် ရောက်လာသည်။



ဦးဘဲဥကို မြင်ရတော့မှ လှဖုန်းမှာ အားတက်ကာ သွား သည်။

သူသည် ဦးဘဲဥ မြင်နိုင်လောက်သည့် နေရာမှ ရပ်ကာ ကြိုဆို နေသည်။

'ဟေး....မောင်လှဖုန်း....ရောက်နေတာ ကြာပလားကွဲ့၊ မင်း တယောက်ထဲလား'

'မဟုတ်ဖူး ဆရာ.... ကိုကြည်နဲ့ ကိုကျော်မြင့်တို့ ပါလာကြ တယ်....'

'အေး အေး....ဒီလူတွေကို မင်းဘဲကြည့်ပြီး ဧည့်ခံ လိုက်ပါ ကွယ်၊ မင်းသမီးလာတဲ့အခါကျမှ မင်းကို ပရိသတ်တွေနဲ့ မိတ်ဆက် ပေးမယ်၊ အခုတော့ အသာကုတ်နေလိုက်အုံး သိလား'

ဦးဘဲဥသည် လှဖုန်းကိုပြောပြီးနောက် ရှေ့သို့ဆက်၍ ထွက် သွားသည်။

လှဖုန်းလည်း စိတ်ပျက်သော မျက်နှာနှင့် ကိုကြည်နှင့် ကို ကျော်မြင့်တို့ ထိုင်နေကြရာ စာပွဲဆီသို့ ပြန်သွားသည်။

'ဟော့ လူ....ကိုလှဖုန်း....မစားသေးဘူးလားဗျ၊ ကျုပ်တို့တော့ နှစ်ပန်းကန်တောင် ရှိနေဘီ၊ အုန်းနို့ခေါက်ဆွဲ ကတော့ ဒီလီ ရှပ်(စ်) (Delicious)ဘဲဗျို့'

ကိုကျော်မြင့်က ခေါက်ဆွဲကို ပလုပ်ပလောင်းနှင့် စားသောက် နေရာမှ လှဖုန်းကို လှမ်းခေါ်သည်။ ကိုကြည်ကမူ မျက်စိမလည်, မျက်နှာမလှ ဖြစ်ကာနေသော လှဖုန်းကို ကြည့်၍ မေးသည်။

'ဟော့ မောင်လှဖုန်းရ၊ မင်းဟာ ဘယ်လို ဖြစ်နေတာလဲ.... မျက်နှာကလဲ ခတ်ညိုးညိုးနဲ့ ဘာဖြစ်လို့လဲကွ'

www.burmeseclassic.com

www.burmeseclassic.com



‘ဟာ....ပြောချင်ပါဘူးဗျာ၊ကျုပ်ကို ဟိုနားက ငနဲတကောင်က ဘာကောင်ထင်တယ်မသိဘူး၊ ခေါက်ဆွဲပန်းကန် ယူပေးတော့ လှမ်းခိုင်းတယ်လေ၊ ပီးတော့ ကုမ္ပဏီပိုင်ရှင်ကလဲ မင်းသားသင်မို့ သိတ်ပီး အရေးမလုပ်ဖူးဗျ....ဒါတွေကိုတွေးပီး ကျုပ် မခံချင်ဖြစ်နေတယ်....တောက်....’

လှဖုန်း၏စကားကို ကြားရလျှင် ကိုကျော်မြင့်တို့မှာ သနားကြရမည့်အစား ဝိုင်းရယ်နေကြသည်။

‘ဟား....ဟား–ဟား....ငါ့ကောင် ဒါကြောင့် ဒေါကန်နေတာကိုး၊ ဟား ဟား ဟား’

ကိုကြည်က တဟားဟားနှင့်ရယ်ယင်း လှဖုန်းကို ပြန်ပြောသည်။ ကိုကြည်ပြီးလျှင် ကိုကျော်မြင့်ကလည်း ထပ်ပြောသည်။

‘ကောင်းတယ်....ကောင်းတယ်၊ ကိုယ့်လူက မင်းသားမှ ဖြစ်မယ်မကြံသေးဘူး ရှိုးကပေးချင်တော့....ခေါက်ဆွဲပန်းကန် လိုက်ပေးတဲ့လူနဲ့ကို အမှားခံရတာဘဲနော်....ဟား ဟား ဟား’

‘တော်ကြစမ်းဗျာ....သူများ စိတ်တိုနေရတဲ့အထဲ ခင်ဗျားတို့က လူကိုဝိုင်းဟားနေကြပြန်ဘီ၊ တော်တော် ကိုယ်ချင်းစာတရားခေါင်းကြတဲ့လူတွေ’

လှဖုန်းပြန်ပြောနေစဉ်မှာ သူတို့၏ ဗယ်ဖက်ဘေးတွင်ရှိ စားပွဲဝိုင်းမှ လူတယောက်က အသံကျယ်ကျယ်နှင့် လှမ်းပြောသည်။

‘ဟေ့ ဟိုမှာ.... မေသန်းလွင် လာနေတယ် ဟေ့....မေသန်းလွင်....’

မေသန်းလွင်ဟူသော စကားကြောင့် လှဖုန်းတို့၏ စိတ်ထဲတွင် အလွန်လှပသော မိန်းမပျိုကလေးတယောက်ဟု ထင်ကာ ကျော



ခိုင်းထိုင်နေကြရာမှ သမင်လည်ပြန်လှည့်၍ပြိုင်တူကြည့်မိကြသည်။ သို့သော် မေသန်းလွင်ကို တွေ့မြင်လိုက်ကြရလျှင် လှဖုန်းတို့မှာ ဟင်ကနဲဖြစ်ကာ မျက်နှာကြီးတွေ မဲ့ကုန်ကြသည်။

အကြောင်းကတော့ မေသန်းလွင် အမည်ရှင်မှာ လှဖုန်းတို့ ထင်မှတ်မှားနေကြသလို မိန်းမပျို ချောချောလှလှကလေးမဟုတ်ဘဲ မာမရှိန်းတယောက်၊ယခုခေတ်စကားနှင့်ရေးရလျှင်အချောက်တယောက် ဖြစ်ကာနေသောကြောင့်ပင်။

ကိုကျော်မြင့်မှာ မေသန်းလွင်၏ ရုပ်ကို ရှုံ့ရှုံ့မဲ့မဲ့နှင့် လှမ်းကြည့်ပြီးနောက် ရွံရှာသံနှင့် ပြောသည်။

‘တောက်....မေသန်းလွင်ဆိုလို့ ကျုပ်စိတ်ထဲမှာ မြာအနိုပ်ကလေးထင်ပီး လှဲ့ငမ်းလိုက်မိပါတယ်၊ ကတဲ့ဗျာ....အချောက်ကြီးဖြစ်နေတယ်....ကွ’

ကိုကျော်မြင့်၏ စကားကြောင့် လှဖုန်းနှင့် ကိုကြည်တို့မှာ ရယ်နေကြသည်။

တဖက်ဝိုင်းမှလည်း မေသန်းလွင်ကို ကြည့်ပြီး တီးတိုးသံနှင့် ပြောနေကြသည်။

‘ဒီအချောက်ကလဲ ရုပ်ရှင်လောကထဲမှာ မပါယင် မပီးတဲ့ အချောက်ဖြစ်နေတယ် ၊သူက မင်းသမီးတွေရဲ့ လက်ဆွဲလေ’

‘အေးကွ....ဒီငနဲက မင်းသမီး တွေကို အလှပြင်ပေးတဲ့ နေရာမှာတော့ သိတ်တော်တယ်ကွ’

မှန်ပေသည်၊ မေသန်းလွင်သည် မင်းသမီးများ ကိုသာ မက အခြားအမျိုးသမီးများကိုပါ၊ အလှပြုပြင် ပေးသည့်နေရာတွင် နှစ်ယောက်မရှိအောင် တော်သော မာမရှိန်းတယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်ငွေကလည်း တလလျှင် ထောင်ကျော်ဝင်သူ ဖြစ်သည်။ သူ့တွင် အလှပြုပြင်ဆိုင်လည်း ရှိသည်။

မေသန်းလွင်၏ အမည်ရင်းမှာ သန်းလွင်ဖြစ်သည်။ ရုပ်ရေကလေး သနားကမားနှင့် ဘဝက ဝိပါကဝဋ်မကောင်းရှာသလားမသိ၊ ယောကျ်ား စင်စစ်က မိန်းမစိတ် ပေါက်ကာနေရှာသူ ဖြစ်သည်။

မေသန်းလွင်သည် မိန်းမရှာတို့၏ ထုံးစံ အတိုင်း မိန်းမနှင့် အတတ်နိုင်ဆုံး တူအောင်ဆင်ယင်ထုံးဖွဲ့ကာ ထားပြီး မျက်နှာတွင် ပေါင်ဒါမိတ်ကပ်တွေ အဖွေးသားနှင့် လှိမ့်ချယ်ကာ မိန်းမကိုင် နိုင်ငံခြားဖြစ် အဖိုးတန် လက်ပွေ့အိတ် ကလေးကို ကိုင်၍ တင်ပါးလေးလှုပ်ကာလှုပ်ကာနှင့် ခန္ဓာကိုယ်ကလေး လှမ်းလာသည်။

သူသည် စားသောက်ကာ နေကြသော သူများကို လှမ်းကြည့်ပြီးနောက် ဒါရိုက်တာ ဦးဘဲဥရှိနေရာ စားပွဲဆီသို့ လျှောက်သွားသည်။

'ဆရာ....မင်းသားသစ် မောင်မောင်ဖုန်းဆိုတာ ဘယ်မှာလဲ၊ ဆလွင်သိချင်လို့တော့'

မေသန်းလွင်က ဦးဘဲဥကို မိန်းမပြောပုံမျိုးနှင့် ပြောသည်။

ဦးဘဲဥမှာ မေသန်းလွင်ကို လှည့်ကြည့် ပြီးနောက် စိတ်ရှုပ်ဟန်နှင့်ပြန်ပြောသည်။

'ဟယ်....ညည်းကလဲ....အချိန်မှမကျသေးဘဲနဲ့ တွေ့ရမှာပေါ့၊ ဘာလဲ ငါ့မင်းသားသစ်ကို ညည်းက နောက်ပိုး ချင်လို့လား....ဟား ဟား ဟား'



'အိုတော်....လူကိုများ အသင်သေးလိုက်တာ....နောက်ပိုးချင်လို့ မေးနေတာ မဟုတ်ပါဘူးတော့....ကျုပ်က မိတ်ဆက် ချင်လို့ပါ'

မေသန်းလွင်သည် မေးကလေး တငေါ့ငေါ့နှင့် ပြန်ပြောပြီးနောက် စိတ်ကောက်သွားဟန်နှင့် အခြားတဖက်ရှိ အမျိုးသမီးများ ရှိနေသော စားပွဲဝိုင်းသို့ တင်ကလေးကို ခါရမ်းယင်းထွက်သွားသည်။

မေသန်းလွင် ထွက်သွားအပြီးတွင် ဦးဘဲဥ နားတွင် ထိုင်ကာနေသော ဧည့်သည်တဦးကလည်း ပြောသည်။

'ဟုတ်သားဘဲ ဦးဘဲဥရယ်....အခုထက်ထိ ခင်ဗျား မင်းသားကို ရှာမတွေ့သေးဘူး၊ ကျုပ်တို့ကို တိတ်တိတ်ကလေး ပြစမ်းပါအုံးဗျ၊ ကြည့်ချင်လို့ပါ'

'နေပါအုံးဗျာ....မင်းသမီးရောက်လာယင် ကျုပ်မင်းသားကို ပြပါ့မယ်၊ ကျုပ်မင်းသားကို မြင်လိုက်ရယင် ခင်ဗျားတို့ တတွေ ပါးစပ်ကြီးအပြဲသားနဲ့ ဟာကနဲကို ဖြစ်သွားစေရမယ် စိတ်ချဗျို့ ဟဲ ဟဲ ဟဲ'

'အင်း ...ခင်ဗျားကတော့ ဇာတ်ကားတခုခု ရိုက်တော့မယ်ဆိုယင် အမျိုးမျိုးစတန့်ကလေး ထွင်ပြီးမှ ရိုက်တာဘဲနော်....ကြည်လွင်ပြုံး မင်းသမီးဖြစ်ကာစတုန်းကလဲ ခင်ဗျားဟာ တိုင်းပြည်ကို စိတ်ဝင်စားအောင် စတန့်တမျိုး ထွင်ခဲ့ပြီးဘဲ၊ ဒီလိုထွင်ပေးလို့လဲ ကြည်လွင်ပြုံးဟာ ပိုပြီး နာမယ်ကြီးသွားတာဘဲနော်'

ဧည့်သည်တယောက်က ဦးဘဲဥကို ချီးမွမ်းသံနှင့် ပြောလျှင် အခြားတဦးကလည်း ဝင်၍ ထိုစကားကို ထောက်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



'အေးဗျ…. ဦးဘဲဥတို့များ တော်တော်လဲ တတ်နိုင်တဲ့လူး ကြည်လွင်ပြုံးကို မင်းသမီးအဖြစ်နဲ့ တင်တုန်းက ကြည်လွင်ပြုံး ဟာ….သူ့မိဘတွေက မင်းသမီး မလုပ်ရဘူး ဆိုလို့ စိတ်ညစ်ပြီး အဆိပ်သောက်လို့ ဆေးရုံတင်ထားရသလေ့ ဘာလေးနဲ့ စတာနဲ့ ထွင်လိုက်တာ၊ ကျုပ်တို့ဟာ တကယ်မှတ်ပြီး….ကြည်လွင်ပြုံး အပေါ် စိတ်ဝင်စားကုန်ကြတာဘဲ ဟား ဟား ဟား'

ထိုလူကပြောလျှင် ဦးဘဲဥမှာ သဘောကျစွာနှင့် ပြုံးနေသည်။

'ဧကားဟုတ်တယ်….ဦးဘဲဥက ဒီလိုလုပ်လိုက်တဲ့အတွက် ကျုပ်တို့ ရုပ်ရှင်နဲ့ စာနယ်ဇင်းလောက သားတွေတင်မကဘူး၊ တိုင်းပြည် ကပါ ကြည်လွင်ပြုံးအပေါ် သိတ်ပြီး စိတ်ဝင်စား ကုန်ကြလို့…. မင်းသမီး ကြည်လွင်ပြုံးဟာ ရုပ်ရှင်ကား ရုံတင်မပြမှီ ကတဲကကို သိတ်နာမည်ကြီးခဲ့တာဘဲ၊ ဟော အခုလဲ….မင်းသားသစ်ကို တိုင်းပြည်က စိတ်ဝင်စားအောင် ဘယ်လို စတန့်ထွင်အုံးမယ်မသိဘူးဗျ၊ ဟား ဟား ဟား'

ထိုကဲ့သို့ သူတို့ဘတွေ ဦးဘဲဥကို ချီးမွမ်းခန်း ဖွင့်နေကြစဉ်…. နိုင်ငံကျော် ရွှေမင်းသမီး ကြည်လွင်ပြုံးမှာ သူ၏ မိဖများနှင့် အတူ ကန်တော့ပွဲ အခမ်းအနားသို့ သူတို့ပိုင် ဘဲအဲယား ကား နက်ကြီးဖြင့် ဆိုက်ရောက်ကာ လာတော့သည်။

လှဖုန်းရောက်လာစဉ်က ထွန်းသစ်စ ရုပ်ရှင် ပိုင်ရှင်တို့မှာ ပြုံး ယုံသာ ပြုံးပြပြီး နှုတ်ဆက်ကြသော်လည်း ယခု သတင်းကြီးသည့် ရွှေမင်းသမီး ဆိုက်ရောက်လာသော အခါတွင်တော့ ပိုင်ရှင်လင်



မယားမှာ နေရာမှထကာ ပျာပျာသလဲ မျက်နှာပေါ်တွင် ပျား ရည်ဆမ်းထားသလို ချိုချိုပြုံးပြယင်း ခရီးဦး ကြိုဆို ကြသည်။

'လာလာ… ပြုံးရေ….ညှော်ပရိသတ် ကြီးကတော့ ပြုံးကိုဝိုင်း ပြီးမျှော်နေကြတာ ဟဲဟဲ ဟဲ'

ပိုင်ရှင်၏ ဇနီးက ရယ်ရယ်ပြုံးပြုံးနှင့် မြှောက်ပင့်ကာ ပြော ယင်း ကြည်လွင်ပြုံး၏လက်ကို ဆွဲကာ စားသောက်ဝိုင်းသို့ခေါ် သွားသည်။ ကြည်လွင်ပြုံး၏ မိဖများကိုတော့ ပိုင်ရှင်ယောကျ်ား က ခေါ်လာသည်။ ဦးဘဲဥကတော့ သူတို့ကို ပြုံး၍ ကြည့်နေ သည်။

လှဖုန်းမှာ သူ့ကိုဆက်ဆံပုံနှင့် နိုင်ငံကျော် မင်းသမီးကို ဆက် ဆံပုံခြင်း ကွာခြားပုံကို ကြည့်ယင်း စိတ်ထဲတွင် အတော်ပင် ခံပြင်းခနေသည်။

'ငါသာ နိုင်ငံကျော် မင်းသားဆိုယင်လဲ….သူတို့ဟာ အခုလို ဘဲ….ခရီးဦးကြိုလုပ်ကြမှာဘဲနော်….'ဟူ၍လည်း စိတ်ထဲမှ တွေးနေ သည်။

လှဖုန်းမှာ စိတ်ထဲမှ မခံချင် ဖြစ်ခနေသော်လည်း၊ ကြည်လွင် ပြုံး တည်းဟူသော ရွှေမင်းသမီး အလှမယ်ကလေးကို တွေ့မြင် လိုက်ရသောအခါတွင် ထိုစိတ်တွေမှာ သူ၏ ရင်ထဲတွင် ကြာကြာ ကိန်းအောင်းကာ မနေနိုင်ဘဲ၊ ကြည်လွင်ပြုံး၏ ရူပါအလှကိုသာ ဘပ်မက်စွာနှင့် ငေးကြည့်ခနေမိသည်။

ကိုဇော်မြင့်မှာ ကြည်လွင်ပြုံး၏အလှကွန်ယက်ဝယ် ညိတွယ် ကာ ငေးစိုက်စိုက်ကြီးဖြစ်ခနေသော လှဖုန်းကို ကြည့်ယင်း သူ၏

www.burmeseclassic.com

www.burmeseclassic.com



ဘေးတွင်ထိုင်နေသော ကိုကြည်၏ လက်ကို အသာတို့ကာ မေးငေါ့ပြသည်။

ကိုကြည်လည်း လှဖုန်း၏အဖြစ်ကို ကွမ်းကလေးတမြုံ့မြုံ့နှင့်ဝါးနေရာမှ ပြုံးပြုံးကြီး လှမ်းကြည့်ယင်း မေးသည်။

'ဟေ့ မောင်လှဖုန်း ...မင်းသားမှ ဖြစ်မယ်မကြံသေးဘူး မင်းသမီးကို ကြိုက်နေပလားကွ ဟိ ဟိ ဟိး'

ထိုအမေးကို ကြားရလျှင် လှဖုန်းမှာ ရှက်သွားဟန်နှင့် ဟီးကနဲသွားဖြဲကာ ရယ်ပြသည်။

'ဟာ ဟုတ်ပါဘူးဗျာ....ကျုပ်က နာမည် ကြီး မင်း သမီး မို့မမြင်ဘူးလို့ ကြည့်နေတာပါ ဟဲ ဟဲ....'

လှဖုန်းတို့ဟာတွေ ထိုသို့ပြောဆိုနေကြစဉ် ဒါရိုက်တာ ဦးဘဲဥမှာလည်း ကြည်လွင်ပြုံးတို့ရှိရာစားပွဲသို့ သွားကာနှုတ်ဆက်သည်။

'ညည်းတို့တာတွေ ဒီတခါလာကြတာ စောသားဘဲ၊ ငါက ဆယ်နာရီလောက်မှ ရောက်မယ်ထင်နေတာ ဟဲ ဟဲ....'

ဦးဘဲဥကပြောလျှင် ကြည်လွင်ပြုံးက မြုံးရယ်ပြယင်း ပြန်ပြောသည်။

'စောဆို... ပြုံးတို့ဟာ ဆရာ့မင်းသားသစ် မောင်မောင်ဖုန်းကို တွေ့ချင်ကြလို့ပါ....မင်းသားကော ဘယ်မှာလဲ'

'ရှိပါတယ်ဗျာ ရှိပါတယ်၊ ငါ့တူမတို့ ခေါက်ဆွဲသာ ဝအောင်စားကြပါအုံး၊ ပီးယင် လူအားလုံးနဲ့ မိတ်ဆက်ပေးပါ့မယ် ဟဲ ဟဲ....'

'အာ....ဆရာကလဲ အလုပ်တခုလုပ်ယင် သိပ်ပီးလျှို့ဝှက်တာဘဲ၊ ဒီပြင်လူကိုမပြချင်သေးယင်နေပါ၊ သူနဲ့တွဲရမယ့် ပြုံးကိုတော့ သူ့မျက်နှာထက်အယင် ပြထားဘို့ ကောင်းပါတယ် ဆရာရယ်'



'အမယ်အမယ်....ဒီလိုတော့ အခွင့်အရေး မယူချင်နဲ့တူမရေ၊ ငါ့တူမ မင်းသမီးဖြစ်စတုန်းကလဲ ဆရာဟာ ဒီလိုဘဲလျှို့ဝှက်ထားခဲ့တာမဟုတ်လား၊ ဒီတော့ ခဏစောင့်အုံး....'

ဦးဘဲဥက သူ၏မင်းသားအတွက် ဈေးကိုင်နေသဖြင့် ကြည်လွင်ပြုံးမှာ နှုတ်ခမ်းကလေးကိုထော်ပြပြီး စားလက်စခေါက်ဆွဲကို စားနေသည်။

ကြည်လွင်ပြုံး၏ဖခင် ဦးမြအုန်းမှာ သမီး ဖြစ်သူ ၏ စကားအဆုံးတွင် ဦးဘဲဥကို ဝင်မေးပြန်သည်။

'ဒါထက် ဆရာဘဲဥတို့ မုန့်လှိုရယ် မဟုတ်ပေါင်ဗျာ....ကားအတွက် မင်းသားကော ရွေးပီးပလား'

'မရွေးရသေးဘူးဗျ၊ အခု ကြားဖြတ်အစီအစဉ်အရ ဒီကားကိုရိုက်လိုက်လို့ ရက်ကိုပြန်ရွှေ့ထားတယ်'

ထွန်းသစ်စ ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် ဦးအောင်ချစ်သည် သူ၏လက်မှ နာရီကိုကြည့်ပြီးနောက် ဦးဘဲဥကိုပြောသည်။

'ကဲ....ဆရာရေ၊ လူတွေလဲစုံနေဘီ၊ ကျနော်တို့ အခမ်းအနားကို စကြစို့လား....'

'အိုကေ....အိုကေ....စတာပေါ့...'

ဦးဘဲဥသည် ပိုင်ရှင်သဌေးကို ထိုသို့ပြန်ပြောပြီးနောက် လှဖုန်းရှိရာ ထွက်သွားသည်။

'ကဲဟေ့ ....မောင်လှဖုန်း... မင်းကိုပွဲထုတ်ရမယ့် အချိန်ရောက်ပြီ....ငါနဲ့လိုက်ခဲ့ပေတော့....'

ဦးဘဲဥကခေါ်လျှင် လှဖုန်းမှာ ထိုင်နေရာမှ မဲ့မရဲထရပ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စိတ်ထဲတွင်လည်း ညော့်ပရိသတ်ကြီးနှင့် မိတ်ဆက်ပေးခံရတော့မည်မို့ အလိုလို ထိတ်လန့်ကာ တုန်လှုပ်နေမိသည်။ ပြီးမှ သူသည် ဤသို့ပြောကာ ကိုယ့်ကိုယ်ကိုအားပေးသည်။

'ဟယ်....ဘာလို့ ငါက ဒီပရိသတ်တွေကို ကြောက်နေရတာလဲ....ငါဟာ ဘုန်းကြီးဘဝတုန်းက ဒီပရိသတ်တွေထက်များတဲ့ နေရာမှာ တရားတောင် ဟောခဲ့သေးတယ်၊ မကြောက်စမ်းပါနဲ့ လှဖုန်းရယ်....'

လှဖုန်း အထက်ပါအတိုင်း သူ့ကိုယ်သူ အားပေးယင်း ဦးဘဲဥ၏နောက်မှကပ်၍ လိုက်ပါသွားသည်။

မင်းသမီး ကြည်လွင်ပြုံးတို့ စာပွဲသို့ရောက်လျှင် လှဖုန်းကို ကြည်လွင်ပြုံး၏ဘေးတွင်ရှိ ကုလားထိုင်ပေါ် ထိုင်ခိုင်းသည်။

'ကဲ....ဒီမှာထိုင်စမ်း....'

ဦးဘဲဥကပြောလျှင် လှဖုန်းမှာ ကြည်လွင်ပြုံး၏ မျက်နှာကို မဝံ့မရဲနှင့်ကြည့်ယင်း ကုလားထိုင်တွင်ထိုင်ချသည်။

ကြည်လွင်ပြုံးတို့မိသားစုမှာ အဝတ်ကလည်း အချိုးမကျ၊ ခေါင်းကလည်း ကတုံးပြောင်ကြီးနှင့်ဖြစ်ကာနေသော လှဖုန်းကို အူကြောင်ကြောင်နှင့် ငေးကြည့်နေကြသည်။

သူတို့၏စိတ်ထဲတွင် လှဖုန်းကိုမင်းသားသစ် မောင်မောင်ဖုန်းဟူ၍ မထင်မှတ်ကြသေးပေ....။

လှဖုန်းထိုင်၍အပြီးတွင် ဦးဘဲဥသည် ချောင်းအာချက်ကိုဟန့်ကာ ညော့်ပရိသတ်များ ဖက်သို့လှည့်၍ အသံကျယ်ကျယ်နှင့်ပြောကာ မင်းသားသစ် မောင်မောင်ဖုန်းနှင့် စတင်၍ မိတ်ဆက်စကားကို ဤသို့ပြောကြားတော့သည်။



'ကြွရောက်လာကြတဲ့ ညော့်ပရိသတ်ကြီး များခင်ဗျာ... အခုအချိန်မှစပြီး ညော့်ပရိသတ်များ အထူးမြှော်လင့် စောင့်စားကာနေကြသော ကျနော်ရဲ့ ဘုန်းကြီးဝတ်တော့မယ်....ဇာတ်ကားက လက်ရွေးစဉ်မင်းသားသစ် မောင်မောင်ဖုန်းနဲ့ မိတ်ဆက်ပေးပါတော့မယ် ခင်ဗျာ....'

ဦးဘဲဥကပြောလျှင် ညော့်ပရိသတ်ကြီးမှာ လှဖုန်း၏ရုပ်ကို မမြင်ရသေးသဖြင့် သြဘာလက်ခုပ်သံတွေ တဖြောင်းဖြောင်းနှင့် ပေးနေကြသည်။

လှဖုန်းမှာတော့ ထိုလက်ခုပ်သံတွေကြောင့် စောစောကထက် ပို၍ တုပ်လှုပ်ချောက်ချားကာ နေမိသည်။

ဦးဘဲဥသည် ပရိသတ်ကြီးဖက်သို့လှည့်ကာ ပြောကြားပြီးနောက် .. လှဖုန်းဖက်သို့လှည့်ကာ ပြောသည်။

'ကဲ—မောင်လှဖုန်း ထိုင်ရာကထပြီး ပရိသတ်ကို မင့်မျက်နှာပြပေတော့....'

ဦးဘဲဥကခိုင်းလျှင် လှဖုန်းသည် တုန်တုန်ရည်ရည်နှင့် ထိုင်ရာမှထရပ်စဉ်....ဦးဘဲဥ၏အသံမှာလည်း ပေါ်လာသည်။

'သူပါဘဲခင်ဗျာ....ကျနော်ရဲ့မင်းသားသစ် မောင်မောင်ဖုန်းဆိုတာ....'

လုံးဝမမြှော်လင့်ကာ မထားကြသော လှဖုန်း၏ရုပ်သွင်ကို တွေ့မြင်လိုက်ကြရလျှင် ညော့်ပရိသတ်ကြီးမှာ ဟင်....ကနဲ အာမေဋိတ်သံကြီးများ ပေါ်ထွက်လာကြသည်။

ထိုအာမေဋိတ်သံကြီး၏ အဆုံးတွင်တော့ ပရိသတ်ကြီး၏ နှုတ်ဖျားမှ ဝါး ကနဲ ရယ်ချသံကြီးမှာ တညီတညာတည်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာကြတော့သည်။ လှဖုန်းရုပ်ကို မြင်လိုက်ကြရလျှင် စောစောပိုင်းက သူ့ကို စာပွဲထိုးအမှတ်နှင့် ခေါက်ဆွဲပန်းကန် အယူခိုင်းမိသောလူမှာ တအံ့တသြနှင့် သူ၏လူများဖက်သို့လှည့် ကာပြောသည်။

'ဟောဗျာ... မင်းသား မောင်မောင်ဖုန်းဆိုတာ ဒီငနဲကိုး ငါဖြင့် သူ့ကို ခေါက်ဆွဲပန်းကန် ချပေးတဲ့လူမှတ်တာ၊ ခေါက် ဆွဲပန်းကန်တောင် အယူခိုင်းမိသေးတယ် ဟား ဟား ဟား....'

လှဖုန်းသည် သူ့ကို ကြည့်၍ ဝိုင်းရယ်ကာ နေကြသော ပရိသတ်ကြီးကြောင့် သူ့မှာ ဆက်၍ရုပ်နေရတောင်းနိုး... ထို နေရကောင်းနိုးနှင့် ဖြစ်နေသည်။

'ဟေ့ မောင်လှဖုန်း....မင်းက ဘာလုပ်ကြောက်နေရတာလဲ သူတို့ဖက်ကို ရဲရဲလှည့်ပြီး ရုပ်ပြနေစမ်း....'

ဦးဘဲဥက လေသံနှင့် လှဖုန်းကို အားပေးသဖြင့် လှဖုန်းလည်း အနည်းငယ် ရဲသွားပြီး သူ့ကိုဝိုင်းဟားကာ နေကြသော ပရိသတ် ကြီး ဖက်သို့ကိုယ်ကို ဘယ်ညာပြန်၍ လှည့်ပြသည်။ သူထို လှည့်ပြစဉ် သူထိုင်ခဲ့သော ကုလားထိုင်မှာ သူ၏ပေါင်နှင့် တိုက် သဖြင့် နောက်ဖက်သို့ ရွေ့ကာသွားသည်။ ဒါကို လှဖုန်းသည်မသိ သဖြင့် ပရိသတ်ကြီးကို လှည့်ပြ၍ အပြီးတွင် ကုလားထိုင်ကို မကြည့်ဘဲ ထိုင်ချလိုက်ရာ သူ့မှာ ကုလားထိုင်ပေါ် မရောက် တော့ဘဲ လေထဲတွင် ထိုင်မိကာ နောက်ဖက်သို့ ပက်လက်လန်ကာ လဲကျသွားပြီး ဝတ်ထားသော လုံချည်မှာလည်း ဗြဲကနဲ ပြဲသွား သည်။ ဤတွင် သူ့ကို ကြည့်နေကြသော ဧည့်ပရိသတ်ကြီးမှာ ဝါးကနဲနေအောင် ထပ်မံ၍ ရယ်မောမိကြပြန်သည်။



လှဖုန်းမှာတော့ ထိုသို့လဲကျသွားမှုကြောင့် မျက်နှာဘာပြင်လုံး မီးစကြီးနှင့် အထိုးခံလိုက်ရသလို ပူကနဲဖြစ်ကာ အရှက်ကြီး ရှက် သွားတော့သည်။

ဦးဘဲဥမှာ သူ၏ မင်းသား လဲကျသွားသဖြင့် လျင်မြန်စွာ ပြေး၍ ထူပေးရသည်။

'ဘယ်လိုများ ဖြစ်ရတာလဲမောင်လှဖုန်းရယ် မင်းကလဲ ကိုယ် ထိုင်မယ့် ကုလားထိုင်ကိုတောင် မိမိရရ မထိုင်နိုင်ဘူးလား'

လှဖုန်းသည် မည်သို့မျှ ပြန်မပြောဘဲ ရှက်ရယ်ကလေး ဟီးကနဲ သာ ပြန်ရယ်ပြပြီးနောက် လဲကျရာမှ ပြန်ထကာ သူ၏ကုလားထိုင် ကို ပြန်အထိုင်တွင်သူ၏ ဖင်ပိုင်းတခုလုံး အေးကနဲ ဖြစ်သွားသဖြင့် လက်နှင့် မသိမသာ စမ်းကြည့်ရာ သူ၏လုံချည် ပြဲနေကြောင်း ကို သိရတော့သည်။

'ဟိုက်.... ဒုက္ခဘဲ .. ငါ့လုံချည်တော့ ပြဲနေဘီ.... နောက်တခါ ငါ့ကိုအထခိုင်းယင် ဒုက္ခဘဲ' လှဖုန်းသည် စိတ်ထဲမှတွေးယင်း ငိုချင် စိတ် ပေါက်လာတော့သည်။

ထိုသို့ ငိုချင်စိတ် ပေါက်လာရာမှ ဘေးတွင် ထိုင်နေသော ကြည်လွင်ဖြိုး၏ မျက်နှာကလေးကို အသာ အကဲခတ်ကြည့် သည်။

ကြည်လွင်ဖြိုးကတော့ လှဖုန်းကို ပါးစပ်ကလေး အဟောင်း သားနှင့်သာ ငေးကြည့်နေသည်။

ဦးဘဲဥမှာ လှဖုန်းထိုင်အပြီးတွင် စကားကို ပြန်ဆက်ပြန်သည်။

'ကျနော့် မင်းသား ဟာ ကတုံးကြီးနဲ့ ထူးထူးခြားခြား ဖြစ်နေ တာ တွေ့ရသည့် ပရိသတ်ကြီးများ စိတ်ထဲမှာတော့ တော်တော်

www.burmeseclassic.com

www.burmeseclassic.com



ဆန်းနေမှာဘဲ၊ အမှန်တော့ ကျနော် အခုရိုက်မယ့် ကားဟာ မင်းသားက ဘုန်းကြီးဝတ်ရမယ့် အခန်း ပါနေတဲ့အတွက် မောင် မောင်ဖုန်းလို မင်းသားမျိုးနဲ့မှ ဖြစ်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မောင်မောင်ဖုန်းဟာ ခေတ်ပညာ အနေနဲ့ မန်းတက္ကသိုလ်က ဘီအေဘွဲ့ကိုရထားပြီး သူဟာ ဘုန်းကြီးဘဝနဲ့ ကိုရင်ဝါ ဆယ်ဝါ ရဟန်းဝါ သုံးဝါကျော် နေလာခဲ့တဲ့ လူပြိန်တော်တဦး ဖြစ်လို့ ပါဘဲ၊ ဒါကြောင့် ကျနော်ဟာ သူ့ကို မင်းသားအဖြစ်နဲ့ ရွေး လိုက်တာပါ၊ ဇာတ်ကား ပြီးစီးလို့ ရုံတင်ပြတဲ့အခါမှာ သူ့ အထင်အမြင် သေးနေကြတဲ့ ပရိသတ်ကြီးဟာ သူ့အစွမ်း မြင်တွေ့ကြရပြီး ချီးမွမ်းကြရမှာ မလွဲပါဘူးလို့ ကျနော်ဟာ ကတိက ရဲရဲကြီး ကြိုတင်ပြောထားပါတယ် ခင်ဗျာ'

ဦးဘဲဥ၏ စကားအဆုံးတွင် နားထောင် နေကြသော ပ သတ်ကြီးထံမှ ဩဘာ လက်ခုပ်သံကြီးများမှာ ဆူညံစွာ ပေါ် ထွက်လာကြသည်။

ကြည်လွင်ပြုံးမှာ စောစောပိုင်း ကတည်းက လှဖုန်း၏ အ အမူနှင့် ရုပ်သွင်ကို မျက်စိစပါးမွေး စူးနေရသည့်အထဲ ဘုန်းကြီ လူထွက်မှန်း သိသွားသော အခါတွင်တော့ မျက်စိ မျက်နှာတွေ မျက်ကုန် တော့သည်။

ကြည်လွင်ပြုံးသည် အနီးရှိ လှဖုန်း၏ မျက်နှာကို မျက်နှာ ထား တင်းတင်းနှင့် ကြည့်လိုက်ရာ လှဖုန်းကလည်း ပြန်အကြည့် နှင့်မို့ အကြည့်ချင်းဆုံကာ သွားကြသည်။

ထိုသို့ ဆုံမိကြရာမှ လှဖုန်းသည် မနေတတ် မထိုင်တတ်ဖြစ်လာ သဖြင့် ကြည်လွင်ပြုံးကို ပြုံးပြရန်အတွက် ပါးစပ်ကြီးကို ဖြဲလိုက်



တွင် ပါးစပ်သာမက လျှာပါအပြင်သို့ ထွက်လာသဖြင့် ပြုံးပြ သည်နှင့် မတူတော့ဘဲ ကြည်လွင်ပြုံးကို လျှာထုတ်၍ နောက် ပြောင်သလို ဖြစ်သွားတော့သည်။

ကြည်လွင်ပြုံး၏ စိတ်ထဲတွင်လည်း လှဖုန်းက သူလို နိုင်ငံ ကျော် ရွှေမင်းသမီး တယောက်ကို ပမာမခန့် နောက်ပြောင် သည်ဟု ထင်မှတ်ကာ ထိုင်နေရာမှ ဝုန်း ကနဲထရပ်ကာ လှဖုန်းကို န်တွေ့ တော့သည်။

'ဟင်.... ဒါကလူကို ဘာလုပ်တာလဲ.... ပါးရိုက် ခံချင်လို့လား'

ရုတ်ဘရက်ထ၍ ပြောလိုက်သော ကြည်လွင်ပြုံး ၏ အသံ ကြောင့် လူအားလုံးမှာ အထိတ်တလန့်နှင့် သူတို့ရှိရာသို့ လှမ်း ကြည့်ကြသည်။

ဦးဘဲဥမှာလည်း ကြည်လွင်ပြုံး၏ရန်တွေ့သံကြောင့် ပျာပျာ သလဲဖြစ်ကာ လှမ်းမေးသည်။

'ဟဲ့ ဟဲ့....တူမကြီးရဲ့ ဒါကဘာဖြစ်ကြတာလဲ'

ကြည်လွင်ပြုံးသည် သူ၏မျက်နှာကို ကြောင်စီစီကလေးနှင့် ကြည့်ကာနေသော လှဖုန်းကို မျက်စောင်းကြီးထိုးကာကြည့်ယင်း ဦးဘဲဥကို တိုင်တော့သည်။

'ဘာဖြစ်ရမှာလဲ ဆရာရဲ့....ဆရာ့မင်းသား ကတုံးက ကျမကို လျှာထုတ်ပြီး ပြောင်ပြတယ်လေ....'

'ဟေ.... မောင်လှဖုန်းကလဲ ဘာဖြစ်လို့ ဒီလိုပြောင်ရတာလဲ ကွ....'

ကြည်လွင်ပြုံး၏စကားအဆုံးတွင် ဦးဘဲဥက လှဖုန်းကိုအပြစ် တင်သံနှင့်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျနော် မ မ မပြောင်ရပါလား ဆရာရယ်'

'ဘာမပြောင်ဘူးလဲ၊ ရှင် လျှာကိုထုတ်ပြတာ ဟောဒီနားက လူတွေ အကုန်မြင်တယ်သိရဲ့လား၊ ဘုန်းကြီးဘာဝကသာပီး မုသာဝါဒတွေ သုံးရသလားရှင့်....'

ကြည်လွှင်ပြုံးမှာ လှဖုန်း၏စကားကြောင့် ပိုမို၍ဒေါပွသွားပြန်သည်။

'စိတ်မဆိုးပါနဲ့ဗျာ.... ကျနော်ဟာ မုသာဝါဒတွေ သုံးနေတာမဟုတ်ပါဘူး၊ ပီးတော့ ခင်ဗျားကိုလဲ ပြောင်တာမဟုတ်ဖူး၊ ကျနော်ဟာ ခင်ဗျားကို ရီပြလိုက်ရာမှာ ကျနော့လျှာကပါ ထွက်သွားလို့ပါဗျာ'

လှဖုန်း၏စကားကိုကြားကြရလျှင် ကြည်လွှင်ပြုံးတို့ မိသားစုမှတပါး ကျန်လူများမှာ ဝါးကနဲ မြည် အောင် ရယ်နေကြသည်။

'ကဲပါတူမရယ်.... သူက ပြောင်တာမဟုတ်ပါဘူး၊ မတော်တဆ လျှာထွက်သွားလို့ပါလို့ တောင်းပန်နေမှ ကြေနပ်လိုက်ပါ ကိုယ်နဲ့တဲ့ရမယ့် မင်းသားဘဲဟာ...'

ဦးဘဲဥက ကြေရာကြေကြောင်း တောင်းပန်ပေးသည်။ သို့သော်... ကြည်လွှင်ပြုံးကတော့ လက်မခံပေ....။

'အို.. မကြေနပ်နိုင်ပါဘူး၊ စကားဆိုတာ ကိုယ်လိုသလို လှည့်ပြောယင် ရတာဘဲဟာ၊ ပြုံးတော့ ဒီလူနဲ့တဲ့ပီး ရုပ်ရှင်မရိုက်ချင်တော့ဘူးဆရာ၊ ဒီတကြိမ်တော့ ပြုံးကိုခွင့်လွှတ်ပါ'

ကြည်လွှင်ပြုံး၏ စကားကိုကြားရလျှင် ဦးဘဲဥသာမက ပိုင်ရှင် သေဌေးလင်မယားပါ မျက်လုံး ပြူးကျယ်ကုန်ကြတော့သည်။



'ဟာ....ပြုံးမရိုက်လို့တော့ ဘယ်ဖြစ်မလဲ၊ ပြုံးလို ထိပ်ထိပ်ကျ နာမယ်ကြီးက မရိုက်ဖူးဆိုယင် ဦးတို့အနေနဲ့လဲ ဒီကားကို မရိုက်ဘဲ နေလိုက်ယုံဘဲပေါ့....'

ပိုင်ရှင်ဖြစ်သူ ဦးအောင်ချစ်၏စကားကြောင့် လှဖုန်းမှာ စိတ်ထဲတွင် ထောင်းကနဲဖြစ်ကာ ထိုင်ရာမှ ထရပ်လိုက်သည်။ ပြီးမှ သူ၏ဖင်ဖက်တွင် လုံချည်ပြဲနေမှန်းသိကာ ချက်ချင်း ပြန်ထိုင်၍ လိုက်ရပြန်သည်။

ဧည့်ပရိသတ်ကြီးကတော့ လှဖုန်း၏အပြုအမူကိုကြည့်၍ တခစ်ခစ်နှင့် ဖြစ်နေကြသည်။

လှဖုန်းကတော့ မရယ်နိုင်ဘဲ သူ့အပေါ်တွင် အထင်အမြင် သေးသေးနှင့်ပြောလိုက်သော ပိုင်ရှင်သေဌေးကို ထိုင်နေရာမှ ဘုပြန်မှုတ်တော့သည်။

'ဒီမှာဗျ....ခင်ဗျားဟာ လူကြီးဖြစ်နေပီး လူကြီးစကားပြောဘိုကောင်းတယ်၊ အခုတော့ မျက်နှာကြီးရာ ဟင်းဖတ်ပါဆိုတာလို ကျုပ်ကိုတော့ နှိမ်ထားပီး မင်းသမီးကျတော့ အမွှမ်းတင်တာ ကောင်းသလား၊ ကျုပ်ကလဲ ခင်ဗျားကားကို ရွှေထွက်အောင် မရိုက်တော့ဘူး သိလား....'

'အေး....မရိုက်ချင်ယင် အခုဘဲထွက်သွားကွာ၊ မင်းလိုကောင် မရိုက်လို့ ငါကလဲ မမှုပါဘူး....'

ဦးအောင်ချစ်တလည်း သူ့ကို ဘုပြုပြောသော လှဖုန်း၏ စကားကြောင့် ဒေါပွကာ နှင်ထုတ်တော့သည်။

လှဖုန်းမှာ စိတ်ဆိုး မာန်ဆိုးနှင့် ထွက်သွား၏။ သို့သော်လည်း သူ့ဖင်မှာ သူ့လုံချည်မှာ ပြဲနေသဖြင့် ထသွား၍ရခက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကျုပ်ကလဲ သွားမလို့ပါဘဲ၊ လုံချည်ပြဲနေလို့ဗျို....’ ဟူ၍သာ ပြန်အော်လိုက်ချင်သည်။

ထိုစဉ် ဦးဘဲဥမှာ ကြားမှ၀င်၍ ပြန်ဖြေရပြန်သည်။

‘အာ အာ ... မောင်လှဖုန်း၊ မင်းကလဲ စိတ်ကဘယ်တိုတာကိုး....ဦးအောင်ချစ်ကလဲ ဒီလိုမပြောသင့်ဘူးပေါ့ဗျာ....’

ဦးဘဲဥသည် လှဖုန်းနှင့် ဦးအောင်ချစ်ကို ပြောပြီးနောက် ကြည်လွင်ပြုံးဖက်သို့လှည့်ကာ ချော့မော့ရပြန်သည်။

‘ဒီမှာတူမကြီး.... မာနဆိုတာ နေရာတကာမှာ ထားတာ မကောင်းဘူး၊ အခုကိစ္စမှာ မောင်လှဖုန်းကဘဲ လွန်တယ်ထားအုံး....တူမကြီးဟာ နာမယ်ရနေတဲ့ မင်းသမီးတယောက်မို့ အနေပညာသည်ချင်း သဘောထားကြီးကြီးထားပီး သီးခံတဲ့အနေနဲ့ ကြေနပ်ဖို့ကောင်းပါတယ်၊ ဆရာ့ကို တကယ်ဘဲကျေးဇူးတင်မယ်ဆိုယင်....ရုပ်ရှင်ကိုရိုက်ပါ။ မရိုက်ဘဲမနေပါနဲ့၊ ဟုတ်ပလား’

ဦးဘဲဥ၏ စကားကြောင့် ကြည်လွင်ပြုံးမှာ နေရာတွင်ပြန်ထိုင်နေတော့သည်။

ကြည်လွင်ပြုံး၏ မိဖများကတော့ လှဖုန်းအပေါ်တွင် သိတ်ကြေနပ်ကြပုံ မပေါ်ကြပေ၊ ကိုကြည်နှင့် ကိုကျော်မြင့်တို့လည်း လှဖုန်းအနီးသို့ရောက်လာပြီး လှဖုန်းကို ဆူကြတော့သည်။

‘မောင်လှဖုန်းရယ် ဒါက ဘာဖြစ်ရတာလဲ၊ မင်းဟာလေ နေရာတကာ ပြဿနာ ပေါ်အောင်တော့ တော်တော် လုပ်တဲ့ကောင်....’

ကိုကြည်က လှဖုန်းကို အပြစ်တင်သံနှင့်ပြောသည်။



‘ကျနော်က ပြဿနာပေါ်အောင် လုပ်တာ မဟုတ်ပါဘူး....တော်တဆဖြစ်သွားတာကို သူတို့က ကြီးကြီးကျယ်ကျယ် ပြောနေကြလို့....တောက်....’

လှဖုန်း၏စကားကိုကြားရလျှင် ငြိမ်နေသော ကြည်လွင်ပြုံးမှာ တစခန်းထပြန်သည်။

‘ဘာ ကြီးကြီး ကျယ်ကျယ်လဲ....ရှင်နော် စကားပြောယင် ကောင်းကောင်းပြော၊ ကျမက ဆရာ့ကို အားနာလို့ ပြန်လက်ခံလိုက်တာ’

‘ခင်ဗျားက လက်ခံခံရော ကျုပ်က ဂရုစိုက်ရမှာလား... ဗမာပြည်မှာ ခင်ဗျားတယောက်ထဲ မင်းသမီးရှိတာ မဟုတ်ဘူး၊ ရိုက်သက်လို့ မကုန်အောင်ပြည့်လို့ဗျို့....ပြည့်လို့’

လှဖုန်း၏ စကားကြောင့် ကြည်လွင်ပြုံးမှာ ဆတ်ဆတ်ခါမျှ နာကျင်သွားသည်။ သို့ဖြစ်၍ သူသည် ဦးဘဲဥကို လှမ်းတိုင်သည်။

‘ကြားလားဆရာ....ဆရာ့လူက ပြုံးကို စော်ကား မော်ကား ပြောနေတာ၊ ဒီအတိုင်းတာဆိုယင် ပြုံးတော့ ဆက်ပီးသီးမခံနိုင်ဘူး....’

ကြည်လွင်ပြုံးကတိုင်လျှင် ဦးဘဲဥမှာ ငိုတော့မည့် မျက်နှာမျိုးနှင့် ၀င်၍ တောင်းပန်ပေးရ ပြန်သည်။

‘အေးပါ တူမရယ်....သီးခံတဲ့လက်စနဲ့ ဆက်ပီး သီးခံလိုက်ပါ၊ ဒီသူငယ်က ဘုန်းကြီးလူထွက်မို့ လူမှုရေးရာ သိပ် နားမလည်သေးလို့ပါ’

ဦးဘဲဥ တောင်းပန်၍အပြီးတွင် ကြည်လွင်ပြုံး၏ ဖခင် ဦးမြအုန်းက ၀င်ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လူမှုရေးရာ နားမလည်ပေမယ့်၊ စကားကိုတော့ ဆင်ဆင်ချင်ချင်နဲ့ ပြောသင့်တာပေါ့ဗျာ၊ အခုတော့ ဒီသူငယ်က ကျုပ်တို့မိဖတွေရှေ့မှာထားပြီး၊ သမီးကို နှစ်ပြား မတန်အောင် ပြောတာတော့ မကောင်းပါဘူး၊ ဆရာ့မျက်နှာနဲ့မို့ ကျုပ်တို့က သီးခံနေတာပေါ့၊ နို့မို့ ကျုပ်က ထထိုးပြီးတာကြာလှဘီ'

ဦးမြအုန်း၏ စကားကိုကြားရလျှင် လှဖုန်းကလည်း အညံ့ခံမနေဘဲ ပြန်ဘုပြောပြန်သည်။

'ထိုးကြည့်ပါလားဗျ၊ ကျုပ်ကလဲ လက်ကျိုးနေတဲ့ကောင်မှ မဟုတ်တာ၊ ကျုပ်ကလဲ ပြန်ပြီးကပ်ပွဲလိုက်မှာပေါ့ တကာကြီးရဲ့ အဲ... ဦးကြီးရ'

လှဖုန်း၏ ဘုန်းကြီးသံ ပါလာသော စကားများကြောင့် သူတို့ရန်ဖြစ်နေကြသည်ကို အသာငြိမ်၍ နားထောင်နေကြသော ညွှန်ပရိသတ်ကြီးမှာ ဝါးကနဲ ပွဲကျသွားကြပြန်သည်။

'ကြည့်စမ်း....ကြည့်စမ်း....ပြုံးကိုသာမကဘူး၊ ဖေဖေ့ကိုပါ ဆရာ့လူက စော်ကားနေဘီ....အို.. မဖြစ်ပါဘူး ဆရာရယ်၊ ပြုံးသွန့်တဲ့ပြီး ဇာတ်ကားမရိုက်ပါရစေနဲ့တော့ ပြုံးလေ....ဆရာ့ကို ရှိခိုးတောင်းပန်ပါတယ်'

ကြည်လွင်ပြုံးမှာ ငိုသံပါကလေးနှင့် ဦးဘဲဥကို ပြောသည်။ လှဖုန်းကလည်း ဝင်ပြောပြန်သည်။

'ဟုတ်တယ်ဆရာ၊ဒီမင်းသမီးကို ပြောင်းယင်ပြောင်း မပြောင်းယင် ကျွန်တော့ကို ပြောင်းပါလို့ တကာကြီးကို အဲလေ....ဆရာ့ကို ကုလားလို ဆလံပေး ဗမာလိုရှိခိုးပြီး တောင်းပန်ပါတယ်'



ဤတွင် ဦးဘဲဥမှာ ငိုသံပါကြီးနှင့် သူတို့နှစ်ယောက်ကြားတွင် ချပ်ကာ တောင်းပန်ရပြန်သည်။

'တော်ကြ ပါတော့ကွာ....တော်ကြပါတော့....မင်းတို့ နှစ်ယောက်စလုံးကို ထိုင်ရှိခိုးဆိုယင် ငါခိုးပါ့မယ်၊ ငါ့တသက်မှာ ဒီကနေ့လောက် စိတ်ညစ်ရတာမရှိဘူး၊ သေချင်တာဘဲ၊ အဟုတ်ပါဘဲကွာ....မိုးတွင်းကြီးမှာ မိုးကြိုးကို ပစ်သေလိုက်ချင်တယ်.... မိုးကြိုးရေ.. မိုးကြိုး ပစ်လိုက်စမ်းပါကွာ....'

ဦးဘဲဥက စိတ်ညစ်ညစ်နှင့် အော်ပြောလိုက်စဉ် နှုတ်ခမ်းမွေး ရေးရေးနှင့် မိုးကြိုးအမည်ရှိ လူရွယ်တယောက်မှာ ရောက်လာသည်။ (ထိုလူ၏ ရုပ်ပုံကိုရှုလိုလျှင်ဤဝတ္ထုမျက်နှာဖုံးတွင် အကျိုးဆောင်းဘီရှည်ကိုဝတ်ကာ ကလက် ကိုင်ကာထားသူကို ရှုပါခင်ဗျား)။

'ဆရာ... ကျနော့ကို ခေါ်သလားခင်ဗျာ'

မိုးကြိုး၏ စကားကိုကြားရလျှင် ဦးဘဲဥ၏ မျက်နှာကြီးမှာ သုံးမိတာခန့် ပိုမို၍ မဲသွားပြီး ဒေါသနှင့် ပြန်မေးသည်။

'မင့်ကို ဘယ်သူက ခေါ်လို့လဲ...ချောက်ရေးထဲမှာ မင်းက ဘာမှောင့်ဘဲ'

'သိဘူးလေဆရာ ...စောစောတုန်းက မိုးကြိုးရေလို့ခေါ်လိုက်သံ ကြားရလို့ပါ'

'ဟ....အဲဒီ မိုးကြိုးက မင့်ကိုပြောတာမဟုတ်ဘူး....မိုးပေါ်က သိကြားဖင်းပစ်မယ့် မိုးကြိုးကို ပြောတာ ကာလနာရဲ့ သွားစမ်း'

'အဟီး....သိပါဘူး.... ဒီနေ့ဆုမှာ မိုးကြိုး အမည် ရှင်ဟာ ကျနော်တယောက်ဘဲ ရှိလို့ လာတာပါဆရာ ဟား ဟား ဟား'

www.burmeseclassic.com

www.burmeseclassic.com



'အမယ်....သွားကြီးဖြီးပီး ရီနေပြန်ဘီ....သွားစမ်းကွာ၊ ဒီမှာ ပြဿနာတခုက မရှင်းရသေးဘူး'

ထိုသို့ပြောတော့မှ မိုးကြိုးမှာ စပ်ဖြီးဖြီး လုပ်ကာ ပြန်ထွက်သွားသည်။

မိုးကြိုးထွက်သွား အပြီးတွင် ဦးဘဲဥသည် လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ကို တောင်းပန်သံနှင့် ဆက်ပြောနေပြန်သည်။

'ကဲ....မင်းတို့ နှစ်ယောက်စလုံးကို ငါ နောက်ဆုံး အခန့်ရှိ တောင်းပန်ပါရစေ၊ ငါ့ကိုတကယ် မျှစ်တယ်,ခင်တယ်, ကျေးဇူးရှင်တယောက်ရယ်လို့ သဘောထားကြမည်ဆိုယင်၊ နောက်ထပ် ရန်ဖြစ်မနေကြဘဲ၊ ဟောဟို ကန်တော့ပွဲရှေ့ကို သွားပီး ငြိမ်ငြိမ်လေး နေကြပါ၊ ငါတော့ ဒါဘဲ ပြောချင်တယ်'

ဦးဘဲဥ၏ စကားအဆုံးတွင် ကြည်လွင်ပြုံးသည် ဆရာသမား၏ ကျေးဇူးကို သိတတ်သူပီပီ ထိုင်နေရာမှ ထရပ်ကာ ကန်တော့ပွဲရှိရာသို့ သွားရန်ပြင်သည်။ လှဖုန်းမှာတော့ ကန်တော့ပွဲ ကြီးကို လှမ်းကြည့်ပြီး ဦးဘဲဥကို ပြောသည်။

'ဒီမှာဆရာ....ကျနော့လို ဘုန်းကြီး လူထွက် တယောက်က ဒီကန်တော့ပွဲကြီးကို ကန်တော့ဘို့ လိုသေးသလား'

'ဟာ....လိုတာပေါ့ မောင်လှဖုန်းရယ်.... ဟိုတုန်းကသာ မင်းက ဘုန်းကြီးဘဲ၊ အခု လူဖြစ်နေဘီဟာ ...ဒီတော့ ဂိုးထူးမနေဘဲ သွားသာ ကန်တော့စမ်းပါ'



ဦးဘဲဥကပြောလျှင် လှဖုန်းသည် မထချင် ထချင်နှင့် ထလိုက်ပြီးနောက် သူ၏ ဖင်ပိုင်းတွင် ပြဲနေသော လုံချည်ကို လျှင်မြန်စွာ လှည့်၍ ဝတ်လိုက်သည်။

ပြီးမှ သူသည် ကန်တော့ပွဲရှိရာသို့ လျှောက်သွားသည်။

ထိုအခါကျတော့မှ ဦးဘဲဥနှင့်တကွ ကိုကြည်နှင့် ကိုကျော်မြင့်တို့မှာ ရင်အေးသွားကြတော့သည်။

လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ ကန်တော့ပွဲရှေ့သို့ အရောက်တွင် မေသန်းလွင်လည်း သူ့နေရာမှ ထလာပြီးနောက် ဦးဘဲဥကိုမေးသည်။

'ဆရာ... လွင်တို့ကိုကော ဒီကနေ့စတီး(လ်) (Still)ပုံရိုက်မှာလား၊ မရိုက်ယင် ကန်တော့ပွဲအပီးမှာ ပြန်ပါရစေ'

'ဟာ....ရိုက်မှာပေါ့ ငါ့တူမကြီးရယ်....သွားသာ ကန်တော့စမ်းပါ'

ဦးဘဲဥကပြောလျှင် မေသန်းလွင်မှာ တင်ကလေးလှုပ်လှုပ်နှင့် လုပ်ကာ ထွက်သွားသည်။

ကိုကျော်မြင့်သည် မေသန်းလွင်ကို နောက်မှ ကြည့်နေပြီးနောက် ဦးဘဲဥကို မေးသည်။

'နေပါအုံးဗျ....ဒီအချောက်ကရော ဆရာဘဲဥတို့ကားမှာ ပါသလား'

'ဟာ ပါတာယ်ပေါ့ကွ....သူက ရုပ်ရှင်ဆိုယင် သိတ်ပါသနာပါတာ၊ ဒီတော့ ငါကားရိုက်တိုင်း သူ့အတွက် တခန်းနှစ်ခန်းလောက်တော့ ထားပေးရတယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



ဦးဘဲဥသည် ကိုကျော်မြင့်ကို ပြန်ပြောနေစဉ် ကန်တော့ပွဲပေးထားသော နေရာဆီမှ ဆူဆူညံညံ ကြားရပြန်သဖြင့် သူတို့တတွေမှာ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ကာ ပြေးသွားကြရပြန်သည်။

ကန်တော့ပွဲပေးသောနေရာတွင် လှဖုန်းက ရှူးရှူး ရှဲရှဲနှင့် မေသန်းလွင်ကို ထိုးဟန်ပြင်နေသဖြင့် မိုးကြိုးက နောက်မှဆွဲကာ တောင်းပန်နေသည်ကို တွေ့ရသည်။

'ဟေ့ ဟေ့....ဒါက ဘာဖြစ်ရပြန်တာလဲ မောင်လှဖုန်းရဲ့... ငါတော့ သေချင်ပါတယ်'

ဦးဘဲဥက မော်ဟိုက်သံကြီးနှင့် လှဖုန်းကိုမေးသည်။

'ဘာဖြစ်ရမှာလဲ ဆရာ....ဟောဒီ အချောက်က'

'ဘာ ဘာ....လူကို အချောက်လဲ၊ ကျုပ်ဟာ မချောက်ဖူး... စိုးလွန်းအားကြီးလို့ ရွဲတောင်နေသေးတယ် သိလား....ဟင်း'

လှဖုန်း၏ စကားမဆုံးမီ မေသန်းလွင်က ကြားဖြတ်ကာ ရန်လှမ်းတွေ့သည်။

'တယ် .. ဒီမိန်းမ မဟုတ် ယောကျ်ားမဟုတ်တော့....ငါဆွဲထိုးရယင် သွေးတွေနဲ့ ရွှဲကုန်တော့မယ်... လွှတ်စမ်းဗျာ'

လှဖုန်းမှာ သူ့ကိုရန်တွေ့နေသော မေသန်းလွင်ကို ထိုးဟန်ပြင်နေပြန်သည်။

ဤတွင် ကိုကြည်နှင့် ကိုကျော်မြင့်တို့ကပါ လှဖုန်းကို ဝိုင်း၍ ဆွဲထားရသည်။

ဦးဘဲဥမှာလည်း သူတို့နှစ်ယောက်ကြားတွင် ဝင်ရပ်ကာ မေးရပြန်သည်။



'နေကြစမ်းပါအုံးကွာ....မေသန်းလွင်နဲ့က ဘယ်လို ဖြစ်ကြရပြန်တာလဲ'

ဦးဘဲဥကမေးလျှင် လှဖုန်းက ပြန်ပြောသည်။

'တခြားမဟုတ်ပါဘူးဆရာ....ဒီအချောက်ဟာ ကြည်လွင်ပြုံးကို တိုးတိုး တိုးတိုးနဲ့ ကျနော့်အကြောင်းကို မဲ့ရွဲ့ပြီး ပြောနေတာမြင်လို့ ကျနော်က ကျုပ်အကြောင်းတွေ ဘာလို့ ပြောနေရတာလဲလို့ မေးတာကို ပြောဘာဖြစ်လဲဆိုပြီး ကျနော့်ကို ပြန်ပြောတယ်လေ ဒါကြောင့် ကျနော်လဲ မခံချင်လို့ ထ ထိုးမလို့ပေါ့'

'ကိုင်း....မေသန်းလွင်၊ ညည်းဟာလေ သူတို့ချင်း မသင့်မမြတ်ဖြစ်နေတာကို သိရဲ့သားနဲ့ ဘာလို့သွားပြီး ဒီလိုလုပ်ရတာလဲ၊ ကဲကဲ- ညည်းကန်တော့ပြီးယင် မြန်မြန်ကြွပေတော့၊ နို့မို့ ငါ့မင်းသားနဲ့ မင်းသမီး နောက်တကြိမ် ထပ်ဖြစ်နေအုံးမယ်'

ဦးဘဲဥကပြောလျှင် မေသန်းလွင်သည် လှဖုန်းကို မဲ့မဲ့ ရွဲ့ရွဲ့နှင့် တချက်လှမ်းကြည့်ပြီးနောက် ကန်တော့ပွဲကို ဦးချကာ ကန်တော့ပြီး စိတ်ဆိုးဟန်နှင့် ထွက်သွားသည်။

ထို့နောက် ဦးဘဲဥသည် ဘုန်းကြီးဝတ်တော့မယ်....ဆားတွင်ပါဝင်ရိုက်ကူးကြမည့် ဇာတ်ရံများနှင့် ရုပ်ရှင်အလုပ်သမားများကိုခေါ်၍ ကန်တော့ကြသည်။

သူတို့ ကန်တော့နေကြစဉ် သတင်းစာတိုက်များမှ ဓါတ်ပုံသတင်းထောက်များနှင့် ရုပ်ရှင်စာစောင်မှ သတင်းထောက်များမှာ လှဖုန်းနှင့် ကြည်လွင်ပြုံးတို့၏ ပုံကို အလုအယက် ဝိုင်း၍ ဓါတ်ပုံ ရိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မူလ အစီအစဉ်အရဆိုလျှင် ကန်တော့ပွဲအပြီးတွင် စတီး(လ်) ဓါတ် ရုပ်ပုံသေများကို ရိုက်ကြရန် ရှိသော်လည်း မင်းသားနှင့် မင်းသမီးမှာ အဆင်မပြေ ဖြစ်နေကြသဖြင့် မရိုက်ကြတော့ဘဲ နောက်တနေ့မှ ရိုက်ရန် ရက်ကို ရွှေ့လိုက်ရသည်။

သို့ဖြစ်၍ လှဖုန်းသည် ကန်တော့ပွဲ အခမ်းအနား ပြီးလျှင် ပြီးချင်း သူ၏ မိတ်ဆွေ နှစ်ယောက်နှင့်အတူ အိမ်သို့ ပြန်လာကြ သည်။

လှဖုန်းတို့ပြန်ကြပြီး ဆယ်မိနစ်လောက်အကြာတွင် ကြည်လွင် ပြုံးတို့လည်း ထိုနေရာမှ ပြန်သွားကြသည်။

*　　　*　　　*

( ငါး )

## မရှင်မပျှနှင့် ဘဝင်မကျဖြစ်နေသူ

နောက်တနေ့ထုတ် နံနက် သတင်းစာများတွင်တော့ လှဖုန်းနှင့် ကြည်လွင်ပြုံးတို့၏ သတင်းမှာ ရုပ်ပုံများနှင့်တကွ ပါရှိလာတော့သည်။

နာမည်ကြီး သတင်းစာ တစောင်ကမူ အောက်ပါအတိုင်း သူတို့၏အကြောင်းကို ရေးသားထားသည်။

### ‘ရုပ်ရုပ်သဲသဲ ကန်တော့ပွဲ’

ယမန်နေ့က ရှစ်မိုင်ရှိ အောဝမ်း ခြံကြီးထဲတွင် ‘ထွန်းသစ်စ’ ရုပ်ရှင်ထုပ်လုပ်ရေးမှ ‘ဘုန်းကြီး ဝတ်တော့မယ်’ ရုပ်ရှင်ကားအတွက် ကန်တော့ပွဲ ပေးခဲ့ကြသည်။

ဒါရိုက်တာမှာ နိုင်ငံကျော် အကယ်ဒမီသုံးဆုရ ဦးဘဲဥ ဖြစ်သည်။ မင်းသမီးကတော့ ယနေ့ရုပ်ရှင်လောကတွင် အထူးရေပန်း

www.burmeseclassic.com

www.burmeseclassic.com



စားပြီး လူကြိုက်များလှသော ထပ်ဆင့် အကာယ်ဒမိပိုင်ရှင် ကြည့်လွှင့်ပြုံးဖြစ်သည်။

မင်းသားမှာမူ ဗမာဖြစ် ယူဘာရိုင်းနား ဟုခေါ် ဆိုရမည့် မင်းသားသစ် မောင်မောင်ဖုန်းဖြစ်သည်။

ယခုအခါတွင် မြန်မာ ရုပ်ရှင်လောကသို့ အလှအသီးသီးမှ လူများရောက်ရှိအော လာကြရာ အချို့မှာဆရာဝန် ဘဝမှလည်းကောင်း၊ အချို့မှာ စစ်ဗိုလ်ဘဝမှ လည်းကောင်း၊ အချို့မှာတော့ တက္ကသိုလ် ကျောင်းသား ဘဝမှ လည်းကောင်းရောက်လာကြသည်။

ယခု မင်းသားသစ် မောင်မောင်ဖုန်းကတော့ အခြားသော မင်းသားများထက် တမူထူးခြားသည်ဟုခေါ် ဆိုရမည်ဖြစ်သည်။ အကြောင်းမှာ သူသည် ဘုန်းကြီးဘဝမှ ရောက်လာသော လူပြန်တော်မင်းသား ဖြစ်နေသောကြောင့်ပင်။

ဇာတ်ကား အမည် ကလည်း 'ဘုန်းကြီး ဝတ်တော့မယ်' မင်းသားကလည်း ဘုန်းကြီး လူထွက်တဦးမို့ အလွန်ပင် အံဝင်ဂွင်ကျဖြစ်နေသည်။

သို့သော် ကန်တော့ပွဲ ပေးကြသည့်နေ့က နာမည်ကြီးရွှေမင်းသမီးနှင့် လူပြန်တော်မင်းသားတို့မှာ အဆင်မပြေဖြစ်ကာ ရန်ဖြစ်ကြသဖြင့် ကန်တော့ပွဲပေးသော အခမ်းအနားတွင် ရှက်ရှက်သဲသဲ ဖြစ်ကုန်ကြသည်။

ထိုသို့ ရန်ဖြစ်ကုန်ကြသဖြင့် မင်းသမီးကြည်လွှင်ပြုံးက လူပြန်တော်မင်းသားနှင့် မရိုက်နိုင်ဘူးဟူ၍ ငြင်းပယ်သလို မင်းသားသစ် မောင်မောင်ဖုန်းကလည်းမာန ကြီးလှသော မင်းသမီးနှင့်



မရိုက်လိုကြောင်းကို ဒါရိုက်တာ ဦးဘဲဥအား ပြောကြတော့သည်။

သို့ရာတွင် ဒါရိုက်တာဦးဘဲဥ၏ စေ့စပ်ဖြန်ဖြေပေးမှုကြောင့် မင်းသားရော မင်းသမီးပါ ရုပ်ရှင်ကို ရိုက်ကူးကြရန် ပြန်လည်သဘောတူကြသည်။

ထိုနေ့က ကန်တော့ပွဲ ပေးယင်း မင်းသားနှင့် မင်းသမီးတို့ကို ဇာတ်ဝင်ခန်း အချို့အတွက် ပုံသေဓါတ်ပုံများ အစီအစဉ်ရှိကြသော်လည်း မင်းသားနှင့် မင်းသမီးတို့ အဆင်မပြေ ကြသဖြင့် မရိုက်ဖြစ်ကြတော့ပေ။

ထိုကဲ့သို့ မြန်မာရုပ်ရှင်လောကဘွင် မဖြစ်စဖူး ထူးကဲစွာနှင့် မင်းသားနှင့် မင်းသမီးတို့ တွေ့လျှင်တွေ့ချင်း ရန်ဖြစ်ကြမှုကြောင့် 'ထွန်းသစ်စ 'ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးမည့် 'ဘုန်းကြီးဝတ်တော့မယ်' ရုပ်ရှင် ကားမှာ အဆင်ပြေပြေနှင့် ထွက်လာနိုင်မထွက်လာနိုင် ဆိုသည်ကို ကျွန်ုပ်တို့အနေနှင့် အလွန်စိတ်ဝင်စားစွာ စောင့်မျှော်ကာ ကြည့်ကြရဦးမည် ဖြစ်သည်။

အထက်တွင် ဖေါ်ပြထားသော သတင်းမှာ သတင်းစာကြီးမှဖြစ်၍ ဤမျှလောက်သာ ဖေါ်ပြထားသော်လည်း အပတ်စဉ်ရုပ်ရှင် စာစောင် များကတော့ ထိုသို့မဟုတ်ဘဲ အပို ဆာဒါလေးတွေကိုပါ ထည့်သွင်းကာ ရုပ်ရှင်ကြည့် ပရိတ်သတ်ကြီးစိတ်ဝင်စား လာကြစေရန် အမျိုးမျိုး ရေးသား ဖေါ်ပြထားကြသည်။ ထိုအထဲမှ အရောင်းရ အတွင်အကျယ်ဆုံး ဖြစ်သော 'ရုပ်ရှင် ဗိမာန်' အပတ်စဉ် စာစောင်၏ ရေးသားချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သတင်းကြီးတဲ့ ရွှေမင်းသမီးကိုမှ အပြုံးမထားဘဲ၊ အမုန်းပွားမိတဲ့ ကတုံးမင်းသားတို့ရဲ့ ဘုန်းကြီးဝတ်တော့မယ် ကန်တော့ပွဲမှ ဆော်ပွဲ ကလော်ပွဲ'

အရယ် သန့်သူများအဖို့ ဟစ်၍သာ ရယ်ဘို့ ကောင်းသလို ကြောက်တတ်သူများ အတွက်တော့ ထိုင်၍ငိုချင်စရာ ကောင်းလှအောင် မြန်မာ ရုပ်ရှင်လောကတွင် မဖြစ်ဖူးသေးသော ထူးလှသည့် အဖြစ်ဆန်း ကလေးမှာ တစ်ဂဏန်းအဖြစ် မှတ်တမ်းထားရအောင် ပေါ်ပေါက်ခဲ့လေပြီ။

'ထွန်းဘာစ်စ' ရုပ်ရှင်ထုတ်လုပ်ရေးမှ ကြားဖြတ် အစီအစဉ်ဖြင့် ရိုက်ကူးမည့် 'ဘုန်းကြီး ဝတ်တော့မယ်' ဇာတ်ကား အမည်ကို ကြားရကတည်းက ကျွန်ုပ်တို့အနေနှင့် မြန်မာရုပ်ရှင် ဇာတ်ကားထဲတွင် ဟဘာသာ ထူးခြားဦးမည့် ကားဟူ၍ တင်ကြို၍မှတ်ချက် ချခဲ့သည်။

ယခု ဇာတ်ကား စရန်အတွက် ကန်တော့ပွဲ ပေးသောနေ့သို့ အရောက်တွင် တင်ကြို၍ မှတ်ချက် ချထားခြင်းမှာ မှန်ကန်ကြောင်းကို သိရသည်။

ဒါရိုက်တာမှာ အကယ်ဒမီ သုံးထပ်ကွမ်း ရထားသည့် ဦးဘဲ့ မို့ အထူးပြောစရာ မလိုသလို၊ မင်းသမီးကလည်း ယခု ခေတ်တွင် အကျော်ကြားဆုံး ထပ်ဆင့်အကယ်ဒမီ ကြည်လွင်ပြုံး ဖြစ်သည်။ ထို့ ထက်ပိုမို၍ ထူးခြားသည်ကတော့ မင်းသားပင် ဖြစ်သည်။

ကျွန်ုပ်တို့ ရုပ်ရှင် လောကတွင် ဆရာဝန်မင်းသား၊ စစ်ဗိုလ်မင်းသား၊ စာရေးဆရာ မင်းသား၊အဆိုတော် မင်းသား စသည်ဖြင့် ပေါ်ပေါက်ခဲ့ရာမှ ယခုအခါတွင် ဘုန်းကြီးမင်းသား ဟူ၍နာ



အမည် ခေါ်ယူရမည့် လူပြိန်တော် မဟာပညာယှဉ် မင်းသားသစ် တဦးကား ပေါ်ပေါက် လာခဲ့လေပြီ။

ထိုသူကား မောင်မောင်ဖုန်းပင် ဖြစ်သည်။

မောင်မောင်ဖုန်းသည် လူပြိန်တော်ရိုးရိုး တဦးသာ မဟုတ်သေးဘဲ ရဟန်း ဘဝကတည်းက ဘီအေ ဘွဲ့ကိုရခဲ့သူ ဖြစ်သည်။

ဘုန်းကြီး လူထွက်ပီပီ ဒေါင့်ကလည်း သိတ်မကျိုးသေးသဖြင့် နာမည် ကြီးသလောက် မာနကြီးလှသည့် ရွှေမင်းသမီး ကြည်လွင်ပြုံးနှင့် ဆုံမိကြသော အခါတွင် အဆင်မပြေ ဖြစ်ကုန်ကြသည်။

မင်းသားသစ် လူပြိန်တော် မောင်မောင်ဖုန်းအား ရွှေမင်းသမီး ကြည်လွင်ပြုံးနှင့် ဆုံမိကြလျှင်ဆုံမိခြင်း မင်းမဟော်က အမယာကို ပညာစမ်းကြည့်သလို စမ်းကြည့်တော့သည်။ မင်းမဟော် ကတော့ အမယာကို လက်သီးကို ဆုပ်ပြကာ ပညာစမ်းခဲ့သော်လည်း မောင်မောင်ဖုန်းကတော့ လျှာကလေး ထုတ်ပြပြီး ကြည်လွင်ပြုံးကို ပညာ စမ်းသည်။

ထိုအခါတွင် ကြည်လွင်ပြုံးက အစမ်းမခံဘဲ ထ၍ဆူပွက်လေလျှင် မောင်မောင်ဖုန်းကလည်း အညံ့မခံဘဲ တန်ပြန် ထိုးစစ်ကို ဆင်နွှဲ တော့သည်။

ဤတွင် ဆရာဘဲဥမှာ ခေါင်းကို ခဲတုံခံရသလို ဖြစ်ကာအထိတ်တလန့်နှင့် ကြားမှဝင်၍ ဖြန်ဖြေပေးရသည်။ သို့သော် မင်းသားနှင့် မင်းသမီးတို့မှာတော့ တဦးနှင့်တဦး မကြေနိုင် မချမ်းနိုင်ဖြစ်ကာ တဦးကိုတဦး ဆော်ကြ,ကလော်ကြနှင့် လုပ်နေကြသည်

www.burmeseclassic.com

www.burmeseclassic.com



သည်အထဲတွင် မာမရှိန်း မေသန်းလွင်က ဝင်၍ ရှုပ်လိုက်ပြန်သဖြင့် မင်းသားနှင့် မင်းသမီးတို့မှာ နောက်တခါ စိတ်မကြေပွဲ နွှဲကြရန် ပြင်ကြသေးသည်။

ဦးဘဲဥက အချိန်မှီ ထိန်းသိမ်းနိုင်၍သာ တော်တော့သည်။

ထိုကဲ့သို့ ကန်တော့ပွဲပေးကြသည့်နေ့တွင် ဆော်ပွဲ ကလော်ပွဲတွေ ဖြစ်ကုန်ကြသဖြင့် ထိုနေ့တွင် စတီအဖြစ် ရုပ်ရှင်ရိုက်ကူးကြမည့် အစီအစဉ်ကိုလည်းကောင်း၊ စတီး(လ်)ခေါ် ပုံသေ ရုပ်ပုံများ ရိုက်ကူးကြမည့် အစီအစဉ်များကိုလည်းကောင်း ဟပ်ပတိုင်းနှင့် ရပ်ဆိုင်းပစ်ကြရသည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့ ရုပ်ရှင် ဝါသနာအိုးများ အနေနှင့်ကတော့ မင်းသားနှင့် မင်းသမီး မဖြစ်စဖူး အဖြစ်ထူးကြုံမှုကြောင့် ဤ ဘုန်းကြီးဝတ်တော့မယ်....ရုပ်ရှင်ကား ကိုသာ စိတ်ဝင်စားစွာနှင့် ရှေ့သို့ မည်သို့မည်ပုံ စခန်းသွားကြမည်ကို စောင့်ကြည့်ကြရဦးပေမည်။

* * *

အထက်ဖော်ပြပါ သတင်းဆောင်းပါးများမှာ သတင်းစာများတွင်ရော အပတ်စဉ် ရုပ်ရှင် စာစောင်များတွင်ပါ ပါရှိလာသဖြင့် လှဖုန်းမှာ ထိုသတင်းများကိုဖတ်ကာ ကြေနပ်သဘောကျနေသည်။

အထူးသဖြင့် သူ့အကြောင်းကို ယခုလို တခမ်းတနားဖွဲ့ကာ ရေးသားထားသော စာမျိုးကို တကြိမ်တခါမျှ မဖတ်ဖူးသဖြင့် ကြေနပ်နေခြင်းဖြစ်သည်။



သို့သော် တဖက်မှ ကြည်လွင်ပြုံးမှာတော့ ထိုသတင်းများကို ဖတ်ရလျှင် မရှင်မပျနှင့် ဘဝင်မကျဖြစ်ကာနေတော့သည်။

မှန်ပေသည်။ လှဖုန်းမှာ မင်းသားသစ် တဦးမို့ ယခုမှသာ သူ၏အကြောင်း စတင်၍ အရေးခံရသဖြင့် ဝမ်းသာမိသော်လည်း ကြည်လွင်ပြုံးကတော့ နာမည်ကြီး မင်းသမီး ဖြစ်နေသဖြင့် သူ၏အကြောင်းမှာ သတင်းစာထဲတွင်လည်းကောင်း၊ ရုပ်ရှင်စာစောင် မဂ္ဂဇင်းများတွင်လည်းကောင်း မကြာခဏ ပါရှိနေသဖြင့် ရိုးနေပြီမို့ ဝမ်းသာဝမ်းနည်း မဖြစ်တော့ပေ။

သို့သော် ယခုပါရှိလာသည့် သတင်းကတော့ သူ့အဖို့ သိက္ခာကျစရာတွေ ဖြစ်နေသဖြင့် သူတို့အကြောင်း ရေးသားထားသော ရုပ်ရှင်ဗိမာန်....စာစောင်ကို ဖတ်ရှု၍ အပြီးတွင် လက်နှင့် ချေမွကာကိုင်ယင်း နောက်ဖေးဖက်ရှိ ထမင်းစားခန်းထဲတွင် ဆောက်နေကြသော မိဖများရှိရာသို့ ဒေါလုံး မောလုံးကလေးနှင့် ခြေကိုဆောင့်နင်းကာ ထွက်သွားသည်။

သမီးဖြစ်သူကို တွေ့မြင်လိုက်ရလျှင် ဖခင်ဖြစ်သူ ဦးမြအုန်းက လှမ်းမေးသည်။

'ဟဲ့ သမီး....စောစောစီးစီး ဘာဖြစ်လာတာလဲ၊ သမီး ညီမတွေနဲ့ စိတ်ကောက်ပြန်ပလား သမီးရဲ့....ဟဲ ဟဲ'

'မဟုတ်ပါဘူး ဖေဖေရယ်....ဟောဒီ ရုပ်ရှင်ဗိမာန် စာစောင်က ရေးထားတာကို သမီးမခံချင်လို့ပါ'

ကြည်လွင်ပြုံးသည် ပြောယင်းမှ လက်ထဲတွင် ချေမွကာကိုင်ထားသော ရုပ်ရှင်ဗိမာန် စာစောင်ကို ဖခင်ဖြစ်သူထံ လှမ်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမြအုန်းမှာ သမီးဖြစ်သူ လှမ်းပေးသော စာစောင်ကို လှမ်းယူပြီးနောက် ကျေမွကာ နေသဖြင့် တဖြည်းဖြည်း ပြန်လည်ဖြုန့်နေရာမှ ဆက်မေးပြန်သည်။

'ဘာတွေများ သမီးစိတ်ဆိုးအောင် ရေးထားလို့လဲ'

'သမီးကို ဒီစာစောင်က မာနကြီးတဲ့ မင်းသမီးကလေး ဘာလေးနဲ့ ရေးထားတယ်၊ ဟိုကတုံး ကျတော့ မြှောက်ရေးထားတယ်လေ၊ သိပ်လှုပါးဝတဲ့ စာစောင်ဘဲ ဖေဖေ'

ကြည်လွင်ပြုံး၏စကားအဆုံးတွင် အနီးတွင်ရှိနေသော မိခင်ဖြစ်သူ ဒေါ်ခင်ငြိမ်းက ဝင်ပြောသည်။

'ကဲပါတော်....သမီးကို မေးမနေပါအုံး၊ ရှင့်လက်ထဲက စာစောင်ကိုသာ ကျမတို့ပါ ကြားရအောင် ဖတ်ပြစမ်းပါ'

ထိုအခါကျမှ ဦးမြအုန်းမှာ လေရှည်ကာ မှဓန ဘော့ဘဲ 'ရုပ်ရှင်ဗိမာန်' စာစောင်တွင် ရေးထားသော သတင်းဆောင်းပါးကို အသံကျယ်ကျယ်နှင့် ဖတ်ပြနေသည်။

'ဟုတ်သားဘဲတော်၊ ဒီစာစောင်ကလဲ တရားမျှတမှု မထားဘဲ မတော်ရားလိုက်ရေးတယ်၊ ကျုပ်သမီးကို မာနကြီးတယ် ဆိုရအောင်၊ ကျုပ်သမီးက ဒင်းတို့အပေါ်မှာ ဘာတွေများ မာနတွေကြီးနေလို့လဲ'

ဦးမြအုန်း ဖတ်ရှု၍အပြီးတွင် ဒေါ်ခင်ငြိမ်းက မကြေမနပ်နှင့် ပြောနေသည်။

'တခြားတော့ မဟုတ်ပါဘူးကွယ်.... ငါ့အထင်ပြောရယင် ဒို့သမီး အကယ်ဒမီရတုန်းက ရုပ်ရှင်လောကနဲ့ စာနယ်ဇင်းလောကက ပုဂ္ဂိုလ်တွေကို ဖိတ်ကြားပြီး ညှော်ခံပွဲလုပ်ရာမှာ ဒို့က ဒီစာ



စောင်ကို မေ့ကျန်နေလို့ မဖိတ်မိဘူး၊ ဒါကို သူတို့ကအငြိုးထားပြီး အခုလို အကွက်ပေါ်လာတဲ့အချိန်မှာ တွယ်လိုက်တာဘဲကွ'

'ဒါဟာ အငြိုးထားစရာလား ဖေဖေရယ်၊ ဒီလို သူတို့ကိုမေ့ကျန်ပြီး မဖိတ်မိတဲ့အတွက် သမီးတို့ဟာ ချက်ချင်းဘဲ သူတို့ဆီကိုဖုံးဆက်ပြီး တောင်းပန် ခဲ့သေးတယ် မဟုတ်လား၊ ဟင်း သမီးဟာ မိန်းကလေး ဖြစ်နေလို့သာပေါ့၊ ယောကျ်ားများဆိုယင် ချက်ချင်းပြေးသွားပြီး စာစောင်က ကောင်တွေကို ဆွဲထိုးတယ်သိလား....'

ကြည်လွင်ပြုံးမှာ မခံချင်သံနှင့် ပြောနေသဖြင့် ဖခင်ဖြစ်သူ ဦးမြအုန်းမှာ သမီးစိတ်ပြေစေရန် ချော့မော့သံနှင့် ပြောရသည်။

'ကဲပါသမီးရယ်....ဒါတွေကို အရေးစိုက်မနေစမ်းပါနဲ့၊ သမီးဟာ နိုင်ငံကျော် မင်းသမီးတယောက်မို့ 'ချစ်သူကို သာစေ...မုန်းသူကို နာစေ....' ဆိုတာမျိုးလို ရေးထားတဲ့ ဒီစာစောင်မျိုးတွေကို ဂရုစိုက်မနေဘဲ၊ ပြည်သူလူထုရဲ့ မေတ္တာကိုသာ အစွန့်ရှည်ရှည်နဲ့ ခံယူနိုင်ဘို့သာ ကြိုးစားစမ်းပါ၊ ကဲ...သမီးလဲ လဖက်ရည်မသောက်ရသေးဘူး မဟုတ်လား....'

ဦးမြအုန်းသည် ပြောယင်းမှ သမီးဖြစ်သူသောက်ရန် လဖက်ရည်ကို သူကိုယ်တိုင် ကြွေကရားထဲမှ ငှဲ့ကာထည့်ပေးနေသည်။

ကြည်လွင်ပြုံးလည်း မရွှင်မပျမျက်နှာနှင့် ကုလားထိုင်တွင် ဝင်ထိုင်သည်။

'ဒါထက်....သမီးတို့ ဒီကနေ့ စတီး(လ်)ပုံတွေ ရိုက်ရမယ်လို့၊ မနေ့တုန်းက ဆရာဘဲဥ လာပြောသွားတယ်၊ အဲဒါ မသွားဘူးလား—'

www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူ ဒေါ်ခင်ငြိမ်းက ကြည်လွင်ပြုံးကို မေးပြန်သည်။

'သမီးအနေနဲ့တော့ မသွားချင်ဘူး မေမေ၊ ခက်တာက...ဒီကားကို ဆရာဘဲဥက ဒါရိုက်တာလုပ်ရိုက်နေတော့ ငြင်းဘို့ခက်နေတယ်၊ ဒီပြင် ဒါရိုက်တာ သာ ဆိုယင် သမီးတော့ ငွေဘယ်လောက်ဘဲရရ ငြင်းပစ်မှာဘဲ၊ ဒီဘုန်းကြီးလူထွက်နဲ့ မျက်နှာချင်းကို မဆိုင်ချင်တော့ဘူး....'

ကြည်လွင်ပြုံးက စိတ်ညစ်သံကလေးနှင့် ပြောနေလျှင် ဦးမြအုန်းကလည်း ဝင်၍ထောက်ခံသည်။

'အေးကွဲ့...ဖေဖေလဲ ဒီကတုံးနဲ့တွဲပြီး ရိုက်တာကို သဘောမကျဘူး၊ ဒီကောင်ဟာ ဘုန်းကြီးလူထွက်ပီပီ ဒေါင့်ကလဲမကျိုးဘူး၊ စကားပြောယင်လဲ အထက်စီးက နေချင်တဲ့ကောင်....'

'ဒီလိုဆို သမီး ဒီကားကို မရိုက်တော့ပါဘူးလို့ ဆရာဘဲဥဆီ ဖုန်းဆက်ပြီး ငြင်းလိုက်ရမလားဟင်'

ကြည်လွင်ပြုံးကမေးပြန်လျှင် ဦးမြအုန်းက ပြန်ပြောသည်။

'ငြင်းလို့ရမယ်ဆိုယင်တော့ ကောင်းတာပေါ့၊ ဒါပေမယ့် ဖေဖေတော့ ငြင်းရမယ်မထင်ဘူး၊ သမီးပြောသလိုဘဲ ဒါရိုက်တာက ဆရာဘဲဥ ဖြစ်နေတော့ ခါးခါးသီးသီး ငြင်းလွှတ်ရမှာခက်တယ်ကွဲ့....'

ဦးမြအုန်း၏ စကားအဆုံးတွင် ဒေါ်ခင်ငြိမ်းက ဝင်ပြောပြန်သည်။

'ဟုတ်တာပေါ့တော်...ဆရာဘဲဥဟာ သမီးရဲ့လက်ဦးဆရာလဲဖြစ်၊ ကျေးဇူးရှင်လဲ ဖြစ်နေတော့ ငြင်းလိုက်လို့ရှိယင် ကျေးဇူးကန်းရာ ရောက်သွားမှာကိုလဲ စိုးရသေးတာပေါ့၊ ဒီတော့ 'ရွှေ



လုပ်မှတော့ * မယ်နကုန်မှာ မကြောက်နဲ့' ဆိုတဲ့ စကားလိုဘဲ၊ ဒီဘုန်းကြီးလူထွက်နဲ့ တွဲရမှာ ကြောက်နေလို့မဖြစ်ဘူး၊ ဒီတကားတော့ ရှေ့မျက်နှာနောက်ထားပြီး တွဲပေတော့ သမီး၊ နောက်ကားတွေကျယင်တော့ ဒီမင်းသားနဲ့ ရှောင်ပေါ့....'

'အောင်မယ်....မခင်ငြိမ်းကလဲ ဒီမင်းသားသစ် အပေါ်မှာများ အထင်ကြီးတဲ့သားနဲ့ပြောနေလိုက်တာ မင့်မင်းသားဟာ ဒီတခါထဲနဲ့ကို မပေါ်လာ မင်းသားဖြစ်သွားမှာပါကွ၊ နောက်ကားတွေ ဘာတွေဆိုတာ သူ့အတွက် မရှိတော့ပါဘူး၊ သမီးကလဲ ရုပ်ရှင်ရိုက်တဲ့အခါကျယင် ဒီမင်းသားကို ပညာခန်းတွေပြပြီး ကျဆုံးအောင် လုပ်ပြလိုက်စမ်း၊ ဒါမှ ဒီအကောင် မှတ်သွားမယ်....'

'အဲ....ဖေဖေပြောမှဘဲ သမီး လဲ သ တိ ရ တော့ တယ်၊ ဟုတ်တယ်ဖေဖေ၊ ဒီကတုံးကို ရုပ်ရှင်ရိုက်တဲ့အခါကျယင် သမီးက ပညာသားပါပါနဲ့ နှိပ်စက်ပြလိုက်မယ်၊ သမီးကသာ ဒီလိုလုပ်ထားလိုက်ယင် ဒီကတုံးဟာ တကားထဲနဲ့ ကြွသွားတော့မှာ....'

ကြည်လွင်ပြုံးမှာ အလွန်ကျေနပ်အားရနေသံနှင့် ပြန်ပြောနေသည်။

ထိုစဉ်မှာပင် သူတို့ရှိရာသို့ ကြည်လွင်ပြုံး၏ ညီမငယ်နှစ်ဦးဖြစ်ကြသော မိုးဝါနှင့်မိုးပြာ ညီမငယ်တို့မှာ ရောက်လာကြသဖြင့် သူတို့လည်း ပြောလက်စ စကားများကို ရပ်ထားလိုက်ကြသည်။

---

* မယ်န (ဥပါဒါက) သံ....။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com

( ခြောက် )

## ရုပ်ရှင်ရိုက်သည့် ပထမနေ့

ဦးဘဲဥမှာ အဆင်မပြေ ဖြစ်ကာ နေကြသော လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ကို ချက်ချင်းရုပ်ရှင်ရိုက်ရန် မခိုင်းသေးဘဲ ရက်ကို ရွှေ့ထားပြီးနောက် စတီး(လ်)ခေါ် ပုံသေ ရုပ်ပုံများကိုသာ ရိုက်ထားသည်။

ထိုအထဲတွင် ကြည်လွင်ပြုံးမှာ အခြား ရုပ်ရှင်အတွက် နှစ်ပတ်ခန့် နယ်သို့ရုပ်ရှင် ရိုက်ရန် ထွက်သွားသဖြင့် လှဖုန်းနှင့် ကြည်လွင်ပြုံးတို့မှာ လူချင်း ရက်အတန်ကြာ ဝေးသွားကြပြန်သည်။

ဒါရိုက်တာ ဦးဘဲဥအဖို့တော့ မင်းသမီးဖြစ်သူမရှိသေးသော်လည်း သူ၏မင်းသား လှဖုန်းကို အလကားမထားဘဲ ရုပ်ရှင် ဘက်တွင် အတွေ့အကြုံ ရှိစေရန်အတွက် လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ ရိုက်ကြရမည့်အခန်းကို အစမ်းသဘောနှင့်ကြည်လွင်ပြုံး၏ကိုယ်စားမာမရှိန်း မေသန်းလွင်ကိုခေါ်၍ ရိုက်သည်။



မေသန်းလွင်နှင့် လှဖုန်းမှာလည်း သင့်မြတ်ကြသူများမဟုတ်သဖြင့် ထိုသို့အစမ်းခေါ်၍ရိုက်ကူးကြရာတွင် မကြာခဏ ရန်ဖြစ်နေကြသဖြင့် နောက်ဆုံးတွင်တော့ ဦးဘဲဥမှာ မေသန်းလွင်ကို မခေါ်တော့ဘဲ လှဖုန်း တယောက်ထဲကိုသာ ခေါ်၍ သရုပ်ဆောင်ရမည့် အခန်းများကို အပင်ပန်းခံကာ သင်ကြားပြသနေသည်။

သို့ဖြစ်၍ လှဖုန်းမှာ ရုပ်ရှင်နှင့် စိမ်းမနေတော့ဘဲ အတော်အတန်ပင် တိုးဘက်ကာ လာသည်။

နှစ်ပတ်ကျော်ခန့် အကြာတွင်တော့ နယ်သို့ကား ထွက်ရိုက်နေသော ကြည်လွင်ပြုံးမှာ ပြန်ရောက်လာသဖြင့် ဒါရိုက်တာ ဦးဘဲဥမှာ သူ၏ ဘုန်းကြီးဝတ်တော့မယ် ကားကို ရိုက်ရန်ပြင်ဆင်ရသည်။

ထိုနေ့သည် မင်းသားသစ် မောင်မောင်ဖုန်း ခေါ် လှဖုန်းနှင့် ကြည်လွင်ပြုံးတို့မှာ ပထမဆုံးအကြိမ် ရုပ်ရှင်ရိုက်ကူးကြမည့်နေ့ဖြစ်သည်။

ရုပ်ရှင်ဟူသည်မှာ ဝတ္ထုဖတ်သလို အစမှနေ၍ မရိုက်ကူးကြဘဲ အဆင်သင့်မည့် အခန်းကသာဖြတ်၍ ရိုက်လေ့ရှိကြသည်။ ရိုက်၍ပြီးစီးသွားကြသည့် အခါကျမှသာ ဖလင် အယ်ဒီတာကတည်းဖြတ်ကာ အစအဆုံး ဖြစ်သွားအောင် ပြုပြင်ပေးရသည်။ ရုပ်ရှင်ထဲတွင် သီဆိုကြရမည့် တေးသီချင်းများ အတွက်လည်း ဦးဘဲဥက ကြိုတင်၍ သွင်းယူထားပြီး ဖြစ်သည်။

လှဖုန်းရော ကြည်လွင်ပြုံးတို့ပါ ပင်ကိုယ်အသံများ ကောင်းမွန်ကြသဖြင့် အဆိုတော်များနှင့် လူစားထိုးကာ မသွင်းယူကြဘဲ သူတို့နှစ်ယောက်၏အသံများနှင့်သာ သွင်းယူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အသံသွင်းပယ္ခဲ့စဥ်တုန်းကတော့ သူတို့နှစ်ဦးမှာ ဘုမကျကြ ပေမကျအောင်လည်း ဦးဘဲဥက စီစဥ်ထားရသည်။

ရုပ်ရှင် ရိုက်ကူးမည့်နေ့သို့ အရောက်တွင် လှဖုန်းမှာ မင်းသား သစ်တဦးမို့ နံနက် အစောကြီး ကတည်းက ဝိရိယ ကောင်း ကောင်းနှင့် စတူဒီယိုသို့ ရောက်နေသည်။

ကြည်လွင်ပြုံးကတော့ နာမည်ကြီးမင်းသမီးများ၏ လမ်းစဥ် အတိုင်း အချိန်မှီမရောက်ဘဲ နေ့လည် ဆယ့်တနာရီထိုးလောက် မှ ရောက်လာသည်။ မင်းသမီး အချိန် နောက်ကျခြင်း အတွက် ဦးဘဲဥနှင့်တကွ ရုပ်ရှင် အဖွဲ့သားမှာ ရိုးနေကြပြီဖြစ်သဖြင့် မည် သို့မျှသဘော မထားကြသော်လည်း လှဖုန်းကတော့ ကိန်းခန်း ကြီးလှသော မင်းသမီးကို ဒေါပွနေမိသည်။

သို့ဖြစ်၍လည်း ကြည်လွင်ပြုံးမှာ ရုပ်ရှင်ရိုက်ကူးမည့် စတူ ဒီယို ရုံတွင်းသို့ မိခင်ဖြစ်သူနှင့် ရောက်အလာတွင် လှဖုန်းသည် ကြည်လွင်ပြုံးကြားစေရန် ကလက် သမားကိုမိုးကြိုးကို စောင်း၍ ပြောသည်။

'ဟေ့လူ ကိုမိုးကြိုး....ခင်ဗျား တို့များ သိပ်ပြီး ဖင်ဂေါင်း ကျယ်တာဘဲနော် ကိုးနာရီ အရောက်လာရမှာကို နေဖင်ထိုးပြီးမှ လာတော့တယ်၊ စောစောလာယင် မြေကိုက်ခံရမှာကို ကြောက် လို့လားဗျ၊ ဟဲ...ဟဲ....ဟဲ....'

ထိုစကားကို သူတို့၏ရှေ့မှ ဖြတ်လျှောက်ကာ သွားသော ကြည်လွင်ပြုံးက ကြားလိုက်သဖြင့် ဒေါကန်ကာသွားသည်။

သို့သော် သူတို့ကို တိုက်ရိုက် ပြောခြင်းမဟုတ်ဘဲ အင်ဒါရိုက် နည်းနှင့် ပြောနေခြင်းဖြစ်သဖြင့် ကြည်လွင်ပြုံးသည် ပြန်၍ရန်



တွေ့ မနေတော့ဘဲ မကြားဟန်ဆောင်၍ ဆက်လျှောက် သွား သည်။

မိုးကြိုးကတော့ တဟား ဟားနှင့် ရယ်နေပြီးနောက် ကြည်- လွင်ပြုံးထွက်သွားမှ လှဖုန်းကို ပြန်ပြောသည်။

'ဟေ့လူ.... သူ့ခံချင်အောင် ဘာလို့ သွားစ နေရတာလဲဗျ တော်ကြာ စိတ်ကောက်ပြီး အိမ်ပြန်သွားလို့ ပိုင်ရှင် သေဌေး အတွက်နစ်နာ နေပါအုံးမယ်ဗျာ.... အေးအေး နေစမ်းပါ'

မိုးကြိုးက ပြောနေသော်လည်း လှဖုန်းကတော့ အလျှော့ မပေးဘဲ ပြန်ပြောပြန်သည်။

'မနေနိုင်ပါဘူးဗျာ.... ဖင်ဂေါင်း ကျယ်တာကို အမြင်ကပ်လို့ ပြောနေတာ စိတ်ဆိုးလို့ ပြန်သွားလဲ အရေးလုပ်စရာလား.... ဒီမြင် အခန်းတွေ ရိုက်တာပေါ့'

'ဟာဗျာ.... ဒီလိုတော့ မလုပ်ပါနဲ့.... အေးအေး ချမ်းချမ်းနေ ကြစမ်းပါ'

မိုးကြိုး ပြောအပြီးတွင် ဦးဘဲဥသည် ပျာယီ ပျာယာနှင့် သူတို့ ထံသို့ ရောက်လာသည်။ လှဖုန်းကို တွေ့ရလျှင် စိတ်ညစ်သံနှင့် မေးသည်။

'ဟေ့ မောင်လှဖုန်းရဲ့.... မင်းကဘာလို့ ကြည်လွင်ပြုံးကို နောက်ရတာလဲ'

'ဗျာ....ကျနော်ဘယ်မှာ နောက်လို့လဲတကာကြီးရဲ့ အဲ ဆရာရဲ့'

'ခုနတုန်းက မင်းဟာ ကြည်လွင်ပြုံး လာတာ မြင်တော့ မိုးကြိုး ပြောသလိုလိုနဲ့ စောင်းပြီး သူဘာလို့ နေ့ဖင်ထိုးမှ လာရ

www.burmeseclassic.com

www.burmeseclassic.com



သလဲလို့ တိုစောစော လာယင် မြေကိုက်မှာ ကြောက်လို့လားလို့ ပြောတယ်ဆို'

'ပြောမှာပေါ့ဆရာ.... သူကဘာလို့ နောက်ကျမှ လာရတာလဲလို့ သူမင်းသမီး ဖြစ်စတုန်းက ဒီလိုဘဲ နောက်ကျမှ လာသလား ကျနော့လို အစောကြီး လာတယ် မဟုတ်လား'

'ဟ. အဲဒီတုန်းကတော့ သူက မင်းသမီးသစ်ကိုး စောစော လာမှာပေါ့'

'အေး မင်းလဲမှတ်ထား.... မင်းဟာအခု မင်းသား သစ်လဲဖြစ်နေတယ်လဲ မကြီးသေးလို့ ဝီရိယ ကောင်းနေတာ ကြည်လင်ပြုံးလို နာမယ် ကြီးလာယင် အခုလို စောမှာမဟုတ်ဖူး'

'အမယ်လေ ဗျာ ဆရာကလဲ ကျုပ်ကိုများ အထင်သေးနေလိုက်တာ လူခြင်း တူပေမယ့်... အီး ပေါက်တာချင်း လွဲပါသေးတယ်ဗျာ၊စိတ်သဘောချင်း ကျနော်ကတော့ နာမယ်ကြီးကြီး မကြီးကြီး ဒီလိုတော့ ဘယ်တော့မှ မလုပ်ဖူး'

'အေးအေး....မင့်စကားသာမင်း မြဲမြဲမှတ်ထားပါ ကဲလာကွာ ရှုတင် စကြစို့'

ဦးဘဲဥက ခေါ်လျှင် လှဖုန်းလည်း ခေါင်းညိတ်ပြသည်။

ပြီးမှဦးဘဲဥသည် တစုံတခုကို သတိရဟန်နှင့် လှဖုန်း၏ ခေါင်းကိုကြည့်ကာ မေးသည်။

'ဒါထက် မင့်ခေါင်းကို မနက်က ထပ်ရိတ်ခဲ့ သေးသလားကွ'

'ရိတ်ပါတယ်ဗျာ....ဒါကြောင့် ကျနော့ခေါင်းဟာ မှန်ရောင်လိုပြောင်ဝင်းပြီးနေတာကိုး....ဒါဘဲနော်.... ဒီကား တကား သာကတုံးလက်စနဲ့မို့ ရိုက်တာ၊ နောက်ကား ဆိုယင်တော့ တိုတော



အရှည်ကလေး ထားရိုက်မှာဘဲ၊ ဒါကိုတော့ဆရာ ဂတိပေးရလိမ့်မယ်'

'အေးပါကွာ....ဂတိပေးပါ့မယ်၊ ကဲလာကွာ....သွားကြစို့'

ဦးဘဲဥသည် ပြောပြောဆိုဆိုနှင့် ရှေ့မှ ထွက်သွားရာ၊ လှဖုန်းနှင့်မိုးကြိုးတို့လည်း နောက်မှ လိုက်ပါသွားကြသည်။

စတူဒီယိုထဲသို့ အရောက်တွင် ကြည်လွင်ပြုံးမှာ လာစဉ်က အဝတ်မျိုးနှင့်မဟုတ်ဘဲ၊ အခြားအဝတ်နှင့် ဖြစ်ကာ နေသည်ကို လှဖုန်းတွေ့ရသည်။

'ခြော် ...မောင်လှဖုန်း....မင်းလဲ ခါးက အဝတ်တွေကိုလဲချလေ၊ ပြီးတော့ မိတ်ကပ်လိမ်းရမယ်'

လှဖုန်းမှာ ဦးဘဲဥ၏ သွန်သင်ပြသချက်ကြောင့် မိတ်ကပ်များပင် ကိုယ်တိုင်ကိုယ်ကျ လိမ်းတတ်နေပြီဖြစ်သည်။

သို့သော် ရုပ်ရှင်မရိုက်ကူးမီ မိတ်ကပ်ကြီး လိမ်းထားရမည်ကိုရှက်သဖြင့် မလိမ်းဘဲနေခြင်းဖြစ်သည်။

ယခု ဦးဘဲဥက ခိုင်းလျှင် စတူဒီယိုအတွင်းရှိ အလှပြင်သောအခန်းထဲသို့ ဝင်သွားပြီးနောက် ဦးဘဲဥဝယ်ပေးထားသော နိုင်ငံခြားဖြစ် မိတ်ကပ်များကိုလိမ်းချယ်နေသည်။ မိတ်ကပ်လိမ်းအပြီးတွင် ယခုစရိုက်မည့်အခန်းအတွက် သူဝတ်ရမည့် အဝတ်များကို ရွေးချယ်၍ ဝတ်ဆင်နေသည်။ ပြီးလျှင် သူသည် ရှေ့တွင်ရှိသော ကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင် သူ့ရုပ်ကိုသူ ပြုံးပြုံးကြီး လုပ်ကာ ပြန်ကြည့်နေသည်။အားရအောင် မှန်ထဲတွင်ကြည့်ပြီးတော့မှ အပြင်သို့ ပြန်ထွက်လာသည်။

၉

www.burmeseclassic.com

www.burmeseclassic.com



ကြည်လွင်ပြုံးမှာ ခေါင်းက ပြောင်ပြောင် မိတ်ကပ်တွေ အဖွေးသားနှင့် ဖြစ်ကာနေသော လှဖုန်း၏ ရုပ်ကိုကြည့်ပြီး ရယ် ချင်နေသည်။

ကြည်လွင်ပြုံး ရယ်ချင်မည် ဆိုလျှင်လည်း ရယ်ချင်စရာပေ

အကြောင်းမှာ တတုံးနှင့် မိတ်ကပ်မှာ ဘယ်လိုမှ ကြည့် မကောင်းသဖြင့် ထိပ်ပြောင်ပြောင်နှင့် လှဖုန်း၏ မျက်နှာမှ မိတ်ကပ်တွေကြောင့် မင်းသားနှင့်မတူဘဲ၊ ကလေးမသာကလေ လိုလို....ချောက်သီးကြီးကို အလယ်မှဖြတ်၍ ထုံးသုတ်ထား သည် လိုနှင့် တူနေသောကြောင့်ပင်။

မိုးကြိုးမှာ မိတ်ကပ်တွေအဖွေးသားနှင့် ထွက်ကာလာသော လှဖုန်းကို ဆီး၍ နောက်သည်။

'ဟာ ကိုမောင်မောင်ဖုန်း.... မျက် နှာ တော့ မိတ်ကပ်တွေ အဖွေးသားနဲ့ ခေါင်းကိုတော့ မဖီးဘူးလားဗျ ဟား ဟား ဟား'

လှဖုန်းကလည်း ပျော်တတ်သူမို့ ပြန်၍ နောက်သည်။

'မဖီးတော့ဘူးဗျို့....ကျုပ်ခေါင်းက ခဏခဏ မဖီးရအောင် ပလပ်စတစ် ကိုင်ထားတယ်လေဗျာ ဟဲ ဟဲ'

လှဖုန်း၏ စကားကို ကြားရလျှင် ကြည်လွင်ပြုံးမှာ နှလုံးနာ ဟန်နှင့် မျက်နှာကို မဲ့ပြသည်။

'ကိုင်း....မင်းသမီးရော....မင်းသားရော လာကြဟေ့.... မင်းတို့ ဘာတွေပြောပြီး ဘာလုပ်ကြရမယ်ဆိုတာ သိကြရအောင်'

ဦးဘဲဥက လှမ်းခေါ်သဖြင့် လှဖုန်းနှင့် ကြည်လွင်ပြုံးတို့မှာ ဦးဘဲဥ ရပ်နေရာသို့ သွားကြသည်။



သူတို့ရောက်လာလျှင် ဦးဘဲဥသည် လက်ထဲတွင် ကိုင်ထားသော ဇာတ်ညွှန်းစာအုပ်ကြီးကို ဖွင့်၍ လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ကို ပြနေသည်။

'ဟောဒီက အခန်းကို မင်းတို့နှစ်ယောက်စလုံး ဖတ်ထားကြ ရော့....'

ဦးဘဲဥသည် ပြောယင်း လက်တွင်းမှ ဇာတ်ညွှန်း စာအုပ်ကို လှမ်းပေးရာ ကြည်လွင်ပြုံးရော လှဖုန်းကပါ ပြိုင်တူ လှမ်းယူကြသည်။

'အို....ဘယ့်နှယ်....သူများယူထားတဲ့ စာအုပ်ကို လုရတာလဲလို့ လွှတ်ပါ'

ကြည်လွင်ပြုံးက ဇာတ်ညွှန်း စာအုပ်ကို ကိုင်ထားသော လှဖုန်းကို လွှတ်ရန်ပြောသည်။

'လွှတ်နိုင်ပါဘူးဗျာ.... ခင်ဗျားချည့် ဖတ်ဘို့ ပေးတာမှ မဟုတ်တာ ကျုပ်လဲ ဖတ်ရမှာဗျ'

နှစ်ယောက်သား စကားများတော့မည့်အခြေသို့ ရောက်လာပြန်သဖြင့် ဦးဘဲဥမှာ ကြားမှဝင်ဖြန်ရသည်။

'ဟေ့ ဟေ့....စကားမများမနေကြနဲ့လေ၊ နှစ်ယောက် အတူတူ ဖတ်ကြပါ၊ မောင်လှဖုန်းက အရပ်ရှည်သားဘဲကွာ၊ သူ့နောက်က ရပ်ပြီး ဖတ်ယင်လဲ မြင်ရပါတယ်'

'အာ....သူ့နောက်ကတော့ မရပ်ချင်ဘူးဆရာ'

လှဖုန်းက ကြည်လွင်ပြုံးကို စလိုဟန်နှင့်ပြောသည်။

'ဘာဖြစ်လို့လဲကွ....ပြောပါအုံး'

www.burmeseclassic.com

www.burmeseclassic.com



'တခြားကြောင့်မဟုတ်ပါဘူး၊ ကျနော်က သူ့နောက်က ရပ်နေတုန်း သူက အီးပေါက်လိုက်ယင် နံမှာ ကြောက်လို့ပါ... ဟဲ ဟဲ ဟဲ....'

'တော....ကြားလားဆရာ၊ သူပြုံးကို ရန်စနေတယ်'

ကြည်လွင်ပြုံးက မခံချင်သံနှင့် ဦးဘဲဥကို လှမ်းတိုင်သည်။

'ဟုတ်သားဘဲကွာ....မောင်လှဖုန်းတလဲ သူမခံချင်အောင်အာ လို့စ,ရတာလဲ'

'စ,တာ မဟုတ်ဖူးဆရာ .. လာမယ့်ဘေးကို ကြိုတင်ရှောင်ချင် လို့ပြောတာ'

'ဟယ်....မင်းကလဲ ပြောလေ ကဲလေဘဲ၊ ရှောင်လဲ မနေပါနဲ့ ကွာ....မင်းသမီး အီးဟာ ပေါက်ယင်လဲ မနံပါဘူး၊ မွှေးပါတယ် ကွ...ဟား ဟား ဟား'

'မွှေးတယ်လို့ပြောရအောင် ဆရာက ရှူဘူးလို့လား'

'အေး....အာဟုတ်ပါဘူး၊ရှူတော့ မရှူဘူးဘူးပေါ့၊ထင်တာ ပြောရတာပါ၊ဒီတော့....မင်းကလဲ ထပ်ပြီး လျှာရှည်မနေပါနဲ့... ငါပြောသလို သူ့နောက်ကသာ ရပ်ပြီးဖတ်ပ'

စတူဒီယိုတွင်းရှိ အခြားရပ်ရှင် အလုပ်သမားများမှာ သူတို့ နှစ်ဦးအဖြစ်ကိုကြည့်၍ ရယ်နေကြသည်။

လှဖုန်းလည်း နောက်ထပ်၍ ကြည်လွင်ပြုံး မခံချင်အောင် စ,မနေတော့ဘဲ ဇာတ်ညွှန်းကိုသာ ကြည်လွင်ပြုံးနှင့်အတူ ငုံ့ ဖတ်ကြည့်ရာ အောက်ပါအတိုင်း ရေးထားသည်ကို တွေ့မြင်ရ သည်။



အခန်းစဉ် ၆- အိမ်တွင်း။ (နေ့)

မင်းသမီး ကြည်လွင်ပြုံး...အိမ်ထဲတွင် သီချင်းဆိုနေ၊နှစ်မိနစ်။

မင်းသမီး သီချင်း ဆိုနေပုံကို....မင်းသား မောင်မောင်ဖုန်းက အပြင်မှ ချောင်း၍ နားထောင်ပြီး ပြုံးနေ။

သီချင်းပြီးလျှင် မောင်မောင်ဖုန်းက ချောင်းသံတချက်ပေး ကာ အိမ်တွင်းသို့ဝင်လာ။

မောင်မောင်ဖုန်းကို တွေ့မြင်ရလျှင် ကြည်လွင်ပြုံး အံ့အား သင့်သွားပြီး မေး။

ကြည်လွင်ပြုံး။ (အံ့ဩသံကလေးနှင့်) အလို....ဒါက ဘယ် လိုဖြစ်လာတာလဲ ကိုဖုန်း။

မောင်မောင်ဖုန်း။ (ခေါင်းကလေးကို အသာပွတ်ယင်း) ဘယ် လို ဖြစ်ရမှာလဲ၊ ပြုံးမြင်တဲ့အတိုင်းဘဲလေ.... ဟဲ ဟဲ။

ပြော၍အဆုံးတွင် ကြည်လွင်ပြုံး၏ အနီးကို တိုးကပ်သွားရ သည်။

ကြည်လွင်ပြုံး။ (ချွဲသံကလေးနှင့်)ကြည့်ပါလားလို့၊ သူများ မေးနေတာကိုတော့ မပြောဘဲနဲ့၊ ဘာလို့ အနားကပ်လာရတာလဲ။

မောင်မောင်ဖုန်း။ ကပ်ဆို....ပြုံးကိုချစ်လို့ပေါ့။

ကြည်လွင်ပြုံး။ ချစ်တယ်ဆိုယင် သူများမေးနေတာကို ပြော လေ။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဖုန်း။ သူများမေးတာတော့ မပြောချင်ဘူး၊ ပြုံးမေးမှ ပြောမယ်....ဟဲ ဟဲ ဟဲ’

ကြည်လွင်ပြုံး။ (မင်းသား၏ရင်ဘတ်ကို လက်သီးကလေးနှင့် မနာအောင်ထုယင်း)ကြည့်....သူနဲ့ တွေ့လိုက်ယင် ဒီလိုချည့်ဘဲ၊ အဲဒီလို ပြောင်တိပြောင်စပ်ကို ပြုံးမကြိုက်ဖူး သိလား။

မောင်မောင်ဖုန်း။ (မင်းသမီး၏ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ယင်း) ကဲကဲ.. ပြုံးမကြိုက်ယင် မောင်မနောက်တော့ပါဘူး၊ကောင်းကောင်းပြောပါ့မယ်၊ မောင်လေ....အခု ဘုန်းကြီး ဝတ်တော့မလို....သိလား။

ကြည်လွင်ပြုံး။ (အံ့ဩဟန်နှင့်မျက်ခုံးကလေးချီယင်း)ဘုရားရေ....ဘာစိတ်ကူးပေါက်လို့ ဘုန်းကြီး ဝတ်မှာလဲ။

မောင်မောင်ဖုန်း။ ပြုံးမေတ္တာကို တောင်းခံလို့ မရလို့ပေါ့။

ကြည်လွင်ပြုံး။ တောင်းခံလို့ မရဘူးဆိုရအောင် မောင့်ကို ပြုံးက ငြင်းနေလို့လား လို့။

မောင်မောင်ဖုန်း။ ငြင်းတော့ မငြင်းဘူးပေါ့ကွယ်၊ ဒါပေမယ့် ပြုံးက လက်ထပ်ဖို့ ကိစ္စကျတော့အတိအကျ မှမသတ်မှတ်ဘဲ။

ကြည်လွင်ပြုံး။ (စိတ် ထိခိုက်သံ ကလေး နှင့်) ဒါကတော့ မောင်ရယ်....ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုတာလို....ပြုံးရဲ့ဘဝက လွတ်မှ မလွတ်လပ် သေးတာ။



မောင်မောင်ဖုန်း။ ဒီလိုဆို....မောင့်နဲ့အတူ လိုက်ပြေးပါလား.... မောင်လဲလေ ပြုံးနဲ့ခွဲပြီး ကြာကြာမနေနိုင်တော့ဘူး၊ လိုက်ခဲ့နော်ပြုံး....အခုဘဲ လိုက်ခဲ့ပါ အချစ်ကလေးရယ်။

ပြောယင်း မောင်မောင်ဖုန်းက ကြည်လွင်ပြုံးကို အတင်းဆွဲခေါ်၊ ကြည်လွင်ပြုံးက လိုက်ရကောင်းနိုး၊ မလိုက်ရကောင်းနိုး ဖြစ်နေစဉ် အိမ်ရှေ့တွင် အားတစ်စီး ရပ်သံကြား....နှစ်ဦးစလုံး ထိပ်ထိပ်ပျာပျာဖြစ်....

ကြည်လွင်ပြုံး (ထိတ်လန့်သံနှင့်) ဟောမောင် ဖေဖေပြန်လာပြီထင်တယ်ဒုက္ခဘဲ ကဲလာလာ ပြုံးရဲ့အခန်းထဲခဏဝင်နေ။

ကြည်လွင်ပြုံး စိုးရိမ်ထိတ်လန့်သော အမူအယာနှင့် မောင်မောင်ဖုန်း၏လက်ကိုဆွဲကာ အခန်းတွင်းသို့ခေါ်သွား....

‘ဖြတ်’

*　　　*　　　*

ကြည်လွင်ပြုံးသည် ထိုအခန်းကို ဖတ်ရှု၍အပြီးတွင် ဇာတ်ညွှန်းစာအုပ်ကို ပိတ်လိုက်သည်

‘နေ နေ....နေပါအုံးဗျ....မပိတ်ပါနဲ့အုံး၊ ဒီမှာမပြီးသေးဘူး’

လှဖုန်းက နောက်မှလှမ်း၍အော်ပြောယင်း ကြည်လွင်ပြုံး၏ လက်တွင်းမှ ဇာတ်ညွှန်းစာအုပ်ကိုလှမ်းယူသည်။

‘ကတဲတော် ဘုန်းကြီးလူထွက်တယောက်ဖြစ်နေပြီး ဒီလောက်ဘဲစာဖတ်ကန္တေးရသလား’

www.burmeseclassic.com

www.burmeseclassic.com



ကြည်လွှင်ပြုံးက သဘောမကျဟန်နှင့် မျက်စောင်းကလေး ထိုး၍ပြောသည်။

'စာဖတ်နေးတာမဟုတ်ဖူးဗျ၊ ကျုပ်က မင်းသားသစ်ဆိုတော့ ဖြည်းဖြည်းချင်း တွေးဖတ်ရတာ၊ ခင်ဗျားသာ နောက်က ကျား လိုက်သလို ဖတ်တာ'

'အို....ဒီလောက်လဲ မလိုသေးပါဘူး၊ အခုဟာက သဘော လောက် နားလည်အောင် ဆရာဘဲဥက ဖတ်ခိုင်းတာပါရှင့်၊ သိ ပလား'

'မသိဘူးတော့... အဲဗျ— ကျုပ်က မင်းသားသစ်မို့ တခါထဲ မှတ်ထားရမယ် ထင်နေတာ'

အချီအချ ပြောနေကြမှုကြောင့် ဦးဘဲဥမှာ စကားပြတ်သွား ကြစေရန် ဝင်၍ ပြောရသည်။

'ကဲ ကဲ....တော်ကြပါတော့... အခု ရိုက်ကြရမယ့် အခန်းကို သိယုံလောက် ငါကပြတာပါကွာ၊ ဟေ့ ... မီးသမားတွေ လုပ်ကြ တော့ဟေ့ ... ကားရိုက်မယ်၊ ကင်မရာဆရာကလဲ အသင့်ပြင်ထား'

'ဟင် ဆရာ....တခါထဲရိုက်မလို့လား... ရီဟာဇယ် မလုပ်တော့ ဘူးလား'

'ကြည်လွှင်ပြုံးက အံ့အားသင့်သံနှင့် မေးသည်။

'လုပ်မှာပေါ့ဟ... ရီဟာဇယ်မလုပ်ဘဲနဲ့ ဖြစ်မလား၊ အခုပြ ခိုင်းနေတာက မင်းတို့ ရီဟာဇယ် လုပ်ပြီးတာနဲ့ တခါထဲ ရိုက်မလို့ ပါ...'

ထိုအခါကျမှ ကြည်လွှင်ပြုံးမှာ သဘောပေါက်သွားပြီး ပြုံး နေသည်။



'လာကြဟေ့...ရီဟာဇယ်လုပ်ကြရအောင်'

ဦးဘဲဥသည် လှဖုန်းနှင့် ကြည်လွှင်ပြုံးတို့ကို ခေါ်ပြီးနောက် ရုပ်ရှင်ရိုက်မည့် နေရာသို့ ခေါ်သွားသည်။

ထိုနောက် သူတို့သည် အထက်တွင် ရေးပြခဲ့သည့် အခန်းတွက် ရီဟာဇယ်ကို သုံးကြိမ်တိတိ လုပ်ကြည့်သည်။ ပြီးလျှင်တော့ ရုပ်ရှင်ကို ရိုက်ရန်အတွက် ဦးဘဲဥသည် ဓါတ်ပုံဆရာကို ရိုက်ရန် ခွင့်ပေးသည်။

ရုပ်ရှင်တကယ်ရိုက်တော့မည်မို့ ကလက်ရိုက်သမား မိုးကြီးမှာ ကြည်လွှင်ပြုံး၏ ရှေ့ဘွင်ရပ်ကာ အော်ပြောသည်။

'အဲင်းနံပတ်ဆစ်(စ်) ကပ်ဝမ်း'

မိုးကြီးအော်၍ အပြီးတွင် ကြည်လွှင်ပြုံးသည် သူ၏အသံနှင့် သွင်းထားသော ပလေးဘက်(ခ်)တေးသံကလေးနှင့် အတူ သရုပ် ဆောင်ပြနေသည်။ လှဖုန်းမှာ မီးရောင်အောက်တွင် အလှကြီး လှလာနေသော ကြည်လွှင်ပြုံးကို ကြည့်ယင်း စိတ်ထဲတွင် ချစ် ကြိုက်လာမိသည်။

'ဟယ်....မဖြစ်ပါဘူး၊ သူကနာမယ်ကျော် ရွှေမင်းသမီး၊ ငါ က ဖွတ်ကျား မင်းသားဘဲ၊ ငါကသူ့ကို ကြိုက်နေယင် ငါဘဲ စိတ် ဒုက္ခရောက်ရမပေါ့'

လှဖုန်းသည် အထက်ပါအတိုင်း တွေး၍ ပြောနေစဉ် ဦးဘဲဥ ၏ အသံမှာ ထွက်လာသည်။

'ဟေ့ မောင်လှဖုန်း...မင့်အခန်းရောက်ပီ သွားတော့လေ'

ထိုသို့ သတိပေးတော့မှ လှဖုန်းမှာ တွေးလက်စကို ဖြတ်ကာ ကြည်လွှင်ပြုံး ထံသို့ ဇာတ်ညွှန်းထဲတွင် ပါသလို ဝိုက်လုပ်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တတွေမှာ ပထမတွင် အဆင်ပြေပြေနှင့် သရုပ်ဆောင်နေကြသော်လည်း ကြည်လွင်ပြုံးက ထုရမည့် အခန်းသို့အရောက်တွင် ပြဿနာတွေ ပေါ်လာတော့သည်။ အကြောင်းမှာ ကြည်လွင်ပြုံးက လှဖုန်း၏ ရင်ဘတ်ကို လက်သီးကလေးနှင့်ဆုပ်၍ မနာအောင် ထုရမည့်အစား ခတ်နာနာကလေးထုလိုက်သဖြင့် လှဖုန်းမှာ အမယ်လေဗျာ... နာလိုက်တာ....ဟူ၍ အော်ယင်း ကြည်လွင်ပြုံး၏ လက်ကို ဆောင့်တွန်းပစ်သည်။ ကြည်လွင်ပြုံး ကလည်း မခံဘဲ လှဖုန်းကို ပြန်ရိုက်မည် ပြင်စဉ် ဦးဘဲဥမှာ ထိုင်ကြည့်နေရာမှ ပြေးလာကာ ဖြန်ဖြေရသည်။

'ဟေး ဟေး....ဒါက ဘယ်လိုဖြစ်ကြရပြန်တာတုန်း၊ ငါတော့ သေချင်ပါဘိ'

'သူ့ သူ....ကျနော့ရင်ဘတ်ကို တအားထုတယ်ဆရာ နာလိုက်တာ....'

လှဖုန်းကတိုင်လျှင် ကြည်လင်ပြုံးကလည်း ပြန်တိုင်သည်။

'သူကလဲ ပြုံး၏လက်ကို တအားဆောင့်တွန်းပစ်တယ် ဆရာ'

'ဟာ ဒုက္ခပါဘဲ....မင်းတို့ဟာတွေက တယောက်နဲ့တယောက် နန့်နဲ့ကလေးမှ သီးမခံကြဘဲကိုး၊ ကဲပါကွာ.... ဒီအခန်းကို ပြန်ရိုက်မယ်၊ ဒီတခါ မင်းသမီးကလဲ တကယ်မထုနဲ့၊ မင်းသားကလဲ သီးခံပေါ့၊ ကဲရိုက်မယ်....'

ဦးဘဲဥသည် ထိုသို့ပြောပြီးနောက် ထိုအခန်းမှစ၍ ရိုက်ပြန်သည်။

ရုပ်ရှင်ကို ပြန်၍ ရိုက်ကြသောအခါ ထိုအခန်းမှာ လျော့လျော့ ရှူရှူနှင့် ပြီးစီးသွားသော်လည်း နောက်တခန်းတွင် ပြဿနာတွေ ပေါ်လာပြန်သည်။



ထိုအခန်းမှာ လှဖုန်းက ကြည်လွင်ပြုံးကို လူကြီးများမရှိကြခင်....သူနှင့်လိုက်ပြေးကြရန် ခေါ်သောအခန်းဖြစ်သည်။

လှဖုန်း ပြောရမည့် စကားများမှာ 'ဒီလိုဆို မောင်နဲ့အတူ လိုက်ပြေးပါလား၊ မောင်လဲလေ....ပြုံးနဲ့ကြာကြာခွဲပြီး မနေနိုင်တော့ဘူး၊ လိုက်ခဲ့နော် ပြုံး.... အခုဘဲ လိုက်ခဲ့ပါ အချစ်ကလေးရယ်....'ဟူ၍သာ ပြောရမည် ဖြစ်သော်လည်း လှဖုန်းက ထိုသို့ မပြောဘဲ လိုက်ခဲ့ပါ အချစ်ကလေးရယ်.... နော်နော်....မောင့်အသက်ပုတူတူး.... မောင့် ဒါလီလည်ဆွဲ.... မောင့်ချစ်သဲကလေးရယ်....ဟူ၍ ဇာတ်ညွှန်း စာအုပ်ထဲတွင် မပါသော အပိုဆာဒါတွေကို သုံး၍ပြောပစ်သည်။

ထိုစကားများကြောင့် ကြည်လွင်ပြုံးမှာ ဒေါပွကာ လှဖုန်း၏ရင်ဘတ်ကို တွန်းပစ်ယင်း ရန်တွေ့တော့သည်။

'ဟင်...ဒါက ဘာစကားလဲ၊ ဘာလူပါးဝတာလဲ၊ ကျမကို ဘယ်လိုမင်းသမီးမှတ်လို့ ဒီလိုပြောရတာလဲ၊ အူကြောင်ကြောင် လာမလုပ်နဲ့ ပါးကိုရှစ်စိတ်ကွဲသွားမယ် သိလား....'

ဤတွင် ဦးဘဲဥမှာ မနေသာဘဲ သူတို့ရှိရာသို့ ရင်တစ်ညှော်ဘီးနှင့် ပြေးရပြန်သည်။

'ဒါက ဘာဖြစ်ရပြန်တာလဲဟရို့....ဒီအခန်းပီးကာ နီးကျမှ ရန်ဖြစ်ကြရသလား၊ မင်းတို့ဟာတွေက ဘယ်လိုလဲ၊ ပြုံးကလဲ နဲနဲပါးပါး သီးခံမှပေါ့....'

'ဟာ ဆရာကလဲ....တဆိတ်ရှိ ပြုံးကိုသာ ဆူနေတာဘဲ....ဆရာ့မင်းသားကိုလဲ ဆုံးမအုံးမှပေါ့....'

ကြည်လွင်ပြုံးက မခံချင်သံနှင့် ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကို ဆုံးမရအောင် ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ'

လှဖုန်း၏စကားကြောင့် ကြည်လွင်ပြုံးသည် ဆတ်ကနဲ လှမ်းကြည့်ပြီးပြောသည်။

'ဩော်....ရှင့်မှာ အပြစ်မရှိဘူး ဟုတ်လား.... ရှင်ဟာ ဘာဖြစ်လို့ ဇာတ်ညွှန်းထဲမှာမပါတဲ့ မောင့်အချစ်တို့၊ မောင့်ပုတုတူးကလေးတို့ ဆိုတာတွေကို ထဲ့ပြောရတာလဲ ပြောပါအုံး'

'ဒါကတော့ဗျာ....ပိုပီးများ လေးနက်မလားလို့ ပြောမိတာပေါ့....'

'အို...မလိုချင်ပါဘူး၊ လေးနက်ချင်နက် မနက်ချင်နေ ကျမကတော့ ဇာတ်ညွှန်းထဲမှာပါတဲ့ စကားတွေဘဲ လက်ခံမယ်၊မပါတာတွေဆို နိမ်းဒေဟးဘဲ....'

ဦးဘဲဥမှာတော့ သူတို့နှစ်ဦး အချီအချ ပြောနေကြသည်ကိုအေးမှ မျက်လုံးအပြူးသားနှင့် နားထောင်ယင်း၊ ဘာဝင်ပြောရမည်မသိ ဖြစ်နေသည်။

'ဒီမှာ....မာတုဂါမ ကလေးရဲ့....'

'အို....ကျမကို မာတုဂါမလို့ မခေါ်ပါနဲ့၊ မကြိုက်ပါဘူး'

'ခင်ဗျားမကြိုက်ပေမယ့် ကျုပ်ကတော့ ကြိုက်တယ်....'

'ဘာ....ဘာပြောတယ်.... ရှင်နော် လူပါးမဝနဲ့....'

'အာ အာ အာ....စိတ်မဆိုးပါနဲ့အုံး၊ ကျုပ်ပြောတာက မာတုဂါမဆိုတဲ့ စကားကို ကျုပ်ကကြိုက်တယ်လို့ ပြောတာပါ၊ ဒီစကားဟာ ပါဠိစကား....ဗမာလိုဆိုတော့ အမျိုးသမီးလို့ အဓိပ္ပါယ်ရတယ်....'



'တော်စမ်းရှင်....ဘုန်းကြီးလူထွက်ပီပီ ပါဠိတွေသုံးမနေစမ်းနဲ့၊ ဗမာလို ရိုးရိုးဘဲပြောပါ....'

'အာ....ခင်ဗျားကလဲ တော်တော် အကဲပါတာဘဲ'

'ပါတယ်လေ....ပါတယ်....ကျမပါတာ ရှင်မသိဘူးလား'

'သိသားဘဲ....နဲတဲ့အပုံကြီး မဟုတ်ဖူး....'

လှဖုန်း၏စကားသံကြောင့် ဦးဘဲဥသာမကဘဲ အနီးတွင်ရပ်၍ ပါးစပ်ကြီး အဟောင်းသားနှင့် ကြည့်ကာ နေကြသော လူများပါ ဝါး ကနဲ ပွဲကျသွားကြသည်။

ကြည်လွင်ပြုံးကတော့ ရှူးရှူး ရှဲရှဲ ဖြစ်ကာ လှဖုန်း၏ မျက်နှာကို ရိုက်ရန်ပြင်စဉ်၊ ဦးဘဲဥက ကြားမှဖြတ်၍ လှမ်းဆွဲထားရသည်။

'ဟေ့ ဟေ့.... ဒီလိုမလုပ်နဲ့လေ တူမကလဲ....'

ကြည်လွင်ပြုံးမှာ လှဖုန်းကို မရိုက် လိုက် ရ သ ဖြင့် ဒေါသအလွန်ထွက်ကာ ခြေကို ဆောင့်၍ ခုန်ယင်း ငိုသံပါကလေးနှင့် ဦးဘဲဥကို ပြောသည်။

'ဆရာ သူ့ပြောနေတာ ကြားတယ်မဟုတ်လား၊ ပြုံးသိပ်စိတ်ဆိုးတယ်ဆရာ....စိတ်ဆိုးတယ်'

ပြောအပြီးတွင် ကြည်လွင်ပြုံးသည် ဒေါသ ဖြစ်နေဟန်နှင့် ခုန်နေပြန်သည်။ လှဖုန်းမှာ ကြည်လွင်ပြုံးခုန်နေသည်ကို ကြည့်ပြီး ပြောပြန်သည်။

'သိပ်မခုန်နဲ့....သိတ်မခုန်နဲ့၊ အမိဟာတွေ ပြုတ်ကျ ကုန်အုံးမယ် ဟဲ ဟဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်ခနော် ရှင်၊ ညစ်ညစ်ပတ်ပတ်တွေ မပြောနဲ့'

'ကျုပ်ပြောတာ မညစ်ပတ်ပါဘူးဗျာ၊ ခင်ဗျားက ဒေါသတကြီးနဲ့ ခုန်နေလို့ ခင်ဗျားကိုယ်ပေါ်မှာ ဆင်ယင်ထားတဲ့ စိန်ဘယက်တို့၊ စိန်ကြယ်သီးတို့ပြုတ်ကျကုန်မှာ စိုးလို့ သတိပေးတာပါ၊ ရှင်းပလား'

'မရှင်းဘူး....မရှင်းဘူး၊ ရှင်ပြောယင် အမြဲ ရုပ်ခနေတာချည်းဘဲ....'

ဤတွင် ဦးဘဲဥမှာ ကြားမှဝင်၍ စိတ်ညစ်သံကြီးနှင့် ပြောတော့သည်။

'ကိုင်း....မင်းတို့ တတွေ စကားနိုင်လုလို့ အားရကြပလား၊ မရှသေးယင်လဲ ဆက်ပြောကြကွာ၊ ငါလဲ ကား မရိုက်တော့ဘူး၊ တောက် ငါရုပ်ရှင်ရိုက်လာရတဲ့ သက်တန်းတလျှောက်မှာ ဒီကနေ့လောက် စိတ်ညစ်စရာကောင်းတာ မရှိခဲ့သေးဘူး၊ ငါ့ကိုများ သနားကြပါအုံးကွာ၊ ငါတော့ သေချင်နေဘီ၊ အဟုတ်ပါဘဲ၊ သေကိုသေပစ်ချင်တယ်၊ မိုးကြိုးရေ ငါ့ကိုပစ်လိုက်စမ်းပါ'

ဦးဘဲဥမှာ စိတ်အလွန် ညစ်လာသဖြင့် လှဖုန်းတို့ကို အော်ပြောနေစဉ် မလှမ်းမကမ်းတွင် ရှိနေသောမိုးကြိုးမှာ သူ့ကိုအပစ်ခိုင်းသည်ထင်ကာ လက်ထဲမှ ကလက်ကြီးကို ဦးဘဲဥဆီသို့ပစ်ရန် ရွယ်ယင်း လှမ်းမေးသည်။

'ဆရာရေ.... ကျနော့ကို ပစ်ခိုင်းသလား၊ ကျနော်ပစ်လိုက်မယ်နော်'

မိုးကြိုး၏အသံကို ကြားရလျှင် ဦးဘဲဥမှာ လန့် သွား ပြီး အလန့်တကြားနှင့် ပြန်အော်ပြောရသည်။



'ဟ....ဟ....ဟကောင်ရ မိုးကြိုးဆိုတာ နင့်ကိုပြောတာ မဟုတ်ဖူး၊ မိုးပေါ်က မိုးကြိုးကိုပြောတာ နင့်ကလက်ကြီးနဲ့သာ ငါ့အပစ်ခံရယင် ခေါင်းကွဲပြီး သေသွား တော့မှာပေါ့၊ ကာ လ နာ ရဲ့ တောက် တယ်လဲ စိတ်ညစ်ရပါကလား'

ဦးဘဲဥ၏ စကားကြောင့် ရုပ်ရှင် အလုပ် သမား များမှာ တ ဟား....ဟား....ဟားနှင့် အော်ရယ်နေကြသည်။

လှဖုန်းနှင့် ကြည်လွင်ပြုံးတို့မှာ ဦးဘဲဥစိတ်ညစ်နေမှန်းသိကြသဖြင့် အသာ ငြိမ်နေကြသည်။

ဦးဘဲဥသည်။ မိုးကြိုးကို ပြန်ပြောပြီးနောက် လှဖုန်းနှင့်ကြည်လွင်ပြုံးဖက်သို့ လှည့်ကာပြောပြန်သည်။

'ကိုင်း ...ဘယ်လိုလဲ၊ မင်းတို့ထပ်ပြီး ရန်ဖြစ်ကြ အုံးမှာလား၊ ဒါမှမဟုတ် ရုပ်ရှင်ကို ကောင်းကောင်း ရိုက်ကြမှာလား'

'ပြုံးရုပ်ရှင်ကို ကောင်းကောင်း ရိုက်ပါ့မယ်ဆရာ'

ကြည်လွင်ပြုံးက မျက်နှာငယ်ကလေးနှင့် ပြန်ပြောသည်။

'ကျနော်လဲ ကောင်းကောင်း ရိုက်ပါ့မယ်ဆရာ'

'အေး....ဒီလိုဆို ပြန်ရိုက်မယ်၊ ဒီတခါ ရန်ဖြစ်ယင်တော့ မရိုက် တော့ဘူး'

'မဖြစ်ပါဘူးဆရာ ကျနော်က ပိုပြီးသဘာဝ ကျအောင်လို့ အခုလိုပြောရတာပါ'

'ဘာသဘာဝလဲ ဇာတ်ညွှန်းထဲ ပါတာဘဲပြောပါ'

'မဟုတ်သေးပါဘူး ...မာတုဂါမလေးရယ်'

'ရှင်ခေါ်ပြန်ပလား၊ ဒီစကား'

www.burmeseclassic.com

www.burmeseclassic.com



'အား....ဆောရီး၊ ကျနော် နဲနဲရှင်းပြပါအုံးမယ်၊ ခင်ဗျားနဲ့ ကျနော်နဲ့ဟာ ဇာတ်လမ်း အရဆိုယင် သမီးရည်းစား မဟုတ်လား၊ ကျနော်က ခင်ဗျားကို သိပ်ချစ်နေသလို ခင်ဗျားကလဲ ကျနော့ကို သိပ်ချစ်တယ်'

'မချစ်ပါဘူး.... ပေးလိုက်တာ'

'ဟာဗျာ... ဇာတ်လမ်းထဲကဟာကို ပြောနေတာပါ၊ ကျနော့ကို တကယ်ချစ်ရမယ်လို့ မဆိုလိုပါဘူး'

'ဆိုလိုလဲ....ဒီကတော့ကန်တော့ဆွမ်း ဘဲကိုယ်တော်'

'ကျုပ် ကိုယ်တော်မဟုတ်ဖူး၊ လူဖြစ်နေဘီလေ....မျက်စိပွင့်ကြည့်ပါအုံး ဟဲ... ဟဲ....'

ရန်မဖြစ်ကြပါဘူး ဟူ၍ အာမခံပြီးမှသူတို့ဘတွေမှာ စကားကို အနိုင်လုရ၍ ပြောနေကြပြန်သဖြင့် ဦးဘဲဥမှာ စိတ်ညစ်သံနှင့် ပင်ပြောရပြန်သည်။

'ဩော်... ငါနှယ် ပြောမပြောချင်တော့ပါဘူး၊ ရန်မဖြစ်ကြတော့ပါဘူးဆိုပြီး၊ ဘာလို့တယောက်နဲ့ တယောက် စကားနိုင်လုနေရပြန်တာလဲ၊ ဒါနဲ့တော်ကြာ ရန်ဖြစ် ကြအုံးမယ်၊ တိတ်ကြတော့ ရုပ်ရှင် ရိုက်မယ်'

ဦးဘဲဥသည် လှဖုန်းတို့ ပြန်အပြောကို စောင့်မနေတော့ဘဲ သူ၏ ကုလားထိုင်ဆီသို့ ပြန်လှည့်ထွက်သွားသည်။

သည်တော့မှ လှဖုန်းနှင့် ကြည်လွင်ပြုံးတို့၏ အသံမှာလည်း တိတ်ဆိတ် သွားသည်။



ထိုနောက်တော့ ရုပ်ရှင်ကို ပျက်သွားသောအခန်းမှစ၍ ပြန်ဆက်ရိုက်ကြပြန်သည်။ သည်တကြိမ်တွင်တော့ အဆင်ပြေပြေနှင့် ပြီးသွားကြသည်။

ထိုအခါကျမှ ဦးဘဲဥမှာ သက်ပြင်းရှည်ကြီးကို ချနိုင်တော့သည်။

ထိုအခန်းပြတ်သွားလျှင် ညနေစောင်းနေပြီမို့ နောက်တခန်းကို ဆက်၍မရိုက်ကြတော့ဘဲ ရုပ်ပစ်ကြသည်။

လှဖုန်းလည်း ကုမ္ပဏီမှ လိုက်ပို့သည့်ကားနှင့် သူနေထိုင်ရာ တောင်ဥက္ကလာပသို့ ပြန်လာခဲ့သည်။

*　　*　　*



www.burmeseclassic.com

www.burmeseclassic.com

(ခုနစ်)

## သူ့ဝါသနာ

'ဘယ်လိုလဲဗျ… ရွှေမင်းသား၊ ရုပ်ရှင်ရိုက်နေတာ ကြာပြီ အခုထက်ထိ ရွှေမင်းသမီးနဲ့ မစွံသေးဘူးလား'

တလခန့်အကြာတွင် စာရေးဆရာ ရွှေဂုံတိုင် ကျော်မြင့်မှာ လှဖုန်းရှိရာသို့ ရောက်လာပြီး မေးသည်။

ထိုနေ့က လှဖုန်းမှာ ရုပ်ရှင်ရိုက်ရန် သူ့အခန်း မရှိသဖြင့်အိမ်တွင် အနားယူနေသည်။ သို့သော် ကြည်လွင်ပြုံးမှာတော့ သူ၏အခန်းများ ရိုက်ရန်ရှိသဖြင့် ဆက်လက်၍ ရိုက်ကူးနေသည်။

'မစွံပါဘူးဗျာ….ခင်ဗျားမင်းသမီးထ မာနတလဲ ကြီးလိုက်တာ လွန်ပါရော၊ ဒီကြားထဲ သူ့အဖေနဲ့ အမေကလဲ သမီးကို မျက်စိအောက်က အပျောက်မခံဘဲ လိုက်စောင့်ရှောက် နေတော့ ပိုခက်တာပေါ့'

လှဖုန်းက မခံချိသ်ကလေးနှင့် ကိုကျော်မြင့်ကို ပြန်ပြောသည်။



'အလို အလို….ဒီစကား ပြောပုံထောက်တော့ ကိုယ့်လူဟာ တကယ်ဘဲ ကြည်လွင်ပြုံး အပေါ်မှာ စွဲလန်းနေဘီ ထင်တယ်…. ကျုပ်ကတော့ နောက်ပီး မေးတာဗျ'

'မနောက်နဲ့ဗျို….ကြည်လွင်ပြုံးကိုကျွနော်ကြိုက်နေတာတော့ အမှန်ဘဲ၊ တနေ့တခြားကို ချစ်မေတ္တာ အဆောက်အအုံကြီးဟာ ကျုပ်ရင်ထဲမှာ အုံကြွလာနေတယ်၊ ဘယ်နေ့ ရင်နှစ်ခြမ်းကွဲပီး အန်ထွက်လာမလဲ မသိဘူးဗျို့….ဟား ဟား ဟား'

လှဖုန်းကပြောပြီး ရယ်နေလျှင် ကိုကျော်မြင့်လည်း ရယ်နေတော့သည်။

'ဟား ဟား ဟား….ကိုယ့်လူကတော့ အရူးအမဲသား စားရသလို ဖြစ်နေဘီ ထင်တယ်'

'ပြောတော့ ကိုကျော်မြင့်….ပြောပေတော့….ခင်ဗျားပြောလဲ ခံရမှာဘဲ၊ ကျုပ်ကတော့ မရှက်ပါဘူး၊ အမှန်ကို အမှန်အတိုင်း၊ အဖြစ်ကို အဖြစ်အတိုင်း၊ ရင်ထဲမှာ ဖြစ်ပေါ်သမျှတွေကို ပြောပြနေတာဘဲ၊ ခင်ဗျားတခု စဉ်းစားကြည့်၊ ကျုပ်လို ရဟန်းဘောင်မှာ ဆယ်နှစ်သားကတည်းက ဗီအေသက် ဒီအရွယ်အထိ နေလာရတဲ့ လူသားအရိုင်း တယောက်ဟာ ကြည်လွင်ပြုံးလို အပျိုလဲ အပျို၊ ရုပ်ရည်ကလဲ နတ်သမီးကလေးတမျှ ချောမော လှပတဲ့ သူတယောက်နဲ့ ရုပ်ရှင်ဇာတ်လမ်းအရ ပွေ့ဖက်ရတဲ့ အလုပ်ကို လုပ်ရတဲ့အခါမှာရင်ထဲမှာမလှုပ်ရှားဘဲနေပါ့မလား။ဗျာ၊ ခြေတွေလက်တွေ အေးလာတဲ့အထိ ကျုပ်ဘဝင်နှလုံးတွေဟာ တုန်လှုပ်ချောက်ချား လာမိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတင်ဘဲလား၊ ကြည်လွင်ပြုံးကတော့.... ခင်ဗျားလို မခံစားရဘူးလား'

ကိုကျော်မြင့်က လှဖုန်းမျက်နှာကို ပြုံးဖြီးဖြီးနှင့်ကြည့်ယင်း ပြန်မေးသည်။

'ဟာ.. သူကတော့ ရုပ်ရှင်နယ်မှာ နှစ်ကြာလာတဲ့ ဝါရင့်မင်းသမီးဆိုတော့ ဘယ်မှာ ခံစားရပါ့မလဲ၊ ကျုပ်ကတော့ မင်းသားသစ်လဲဖြစ်၊ မိန်းမဆိုလို့ ဘယ်မိန်းမမှ ထိဘူး၊ ကိုင်ဘူး၊ တွေ့ဘူးတဲ့ လူယောက်ျားမဟုတ်လို့ အခုလို ထိတွေ့ရတဲ့အခါ ချစ်မိကြိုက်မိသွားတာပေါ့ဗျာ'

'အဲဒီလို ဆိုယင်လဲ သူ့ကို ခင်ဗျားရဲ့ မေတ္တာကို သိသွားအောင် ဖွင့်ပြောပါလား'

'ဩော်....ကျနော် ပြောခဲ့ပကော....သူ့အနားမှာ သူ့အားဖန်အခမဲ့ တွမ်တီးဖိုးအာဝါ ဘော်ဒီဂတ် အဖြစ် စောင့်နေပါတယ်လို့....ဒီတော့ ဘယ်လိုလုပ်ပြောမလဲ'

'ကဲဗျာ....ဒီလို ဖွင့်မပြောသာယင်လဲ စာနဲ့ရေးပြီးပြောဗျာ... ဘယ့်နှယ်လဲ'

'ဖြစ်ပါ့မလား ကိုကျော်မြင့်ရာ၊ သူက မယူယင်ရော'

'မယူယင် ယူအောင်ပြောပေါ့ဗျ....နောက်ပြီး ခင်ဗျားကိုလဲ တခုမှာချင်တယ်၊ ခင်ဗျားဟာ....ကြည်လွင်ပြုံးကို မေတ္တာရှိတယ်ဆိုယင် သူက ခင်ဗျားအပေါ်မှာ ပြန်ပြီး မေတ္တာ ရှိလာအောင်နေပေါ့၊ ခုတော့ ခင်ဗျားက သူ့ကို မတွေ့လိုက်နဲ့ တွေ့ကြက်တာနဲ့ ဘုတွေ ဖောက်တွေ ပြောနေတာကိုးဗျ၊ မိန်းမ ဆိုတာက ဖော့ချော့တို့ အမြှောက်တို့မှ ကြိုက်တာ'



'ကျနော်သူ့ကို ဘုဘောက်ပြောတာဟာ စိတ်ထဲက ပါလို့ မဟုတ်ပါဘူးဗျာ၊ သူ့ကို ချစ်လို့ တမင် သူမခံချင်အောင် စနေတာပါ၊ ဟုတ်တယ်ဗျ.... ကြည်လွင်ပြုံးဟာ စိတ်ဆိုး လာယင် သိတ်ချစ်ဖို့ ကောင်းတာဘဲ၊ ဒါကြောင့် သူစိတ်မဆိုး ဆိုးအောင် ကျနော်က စနေတာ'

'မြတ်စွာဘုရား ဒီတခါဘဲ ခင်ဗျားလိုလူမျိုး ကြုံဘူးသေးတယ်....'

'မကြုံဘူးနဲ့လေ....လူတယောက်မှာ ဝါသနာ တမျိုးစီ ရှိကြတတ်တယ်ဆိုတဲ့စကားလို ကျနော့ဝါသနာကိုကလဲ လူတယောက်ကို မခံချင်အောင် စချင် နောက်ချင်တယ်၊ စကားစပ်မိလို့ ကျနော်ဘုန်းကြီးဘဝတုန်းက အဖြစ်ကလေးကို ပြောရအုံးမယ်၊ ကျနော်ကိုရင်ကြီးဘဝနဲ့တုန်းကပေါ့ဗျာ....ကျနော်တို့ဟာ ကိုယ်နေတဲ့ ကျောင်းကနေ မနက်တိုင်း မိတ္ထီလာမြို့ထဲကို ဆွမ်းခံထွက်ကြရတယ်၊ အဲဒီလို ဆွမ်းခံထွက်ရာမှာ မိတ္ထီလာဈေး အရှေ့ရပ်က အိမ်တအိမ်မှာ ကျနော်တို့နဲ့ရွယ်တူ အပျိုချောကလေး တယောက် ရှိတယ်၊ ဒီအပျိုဟာ....ကျနော်တို့လို ဘုန်းကြီးငယ်ငယ်တွေ လာယင် ဘယ်တော့မှ ဆွမ်းကိုထွက်မလောင်းဘူး၊ အဲ အသက်ကြီးကြီး ဘုန်းကြီးတွေဆွမ်းခံကြွမှ သူကလောင်းတယ်၊ ဒါကိုကျနော် သိရတဲ့အခါ ဒီအပျိုကို နောက်ချင် ပြောင်ချင်တဲ့စိတ်ဟာ ပေါ်လာပါရော... ဒါနဲ့ကျနော်ဟာ တနေ့မှာ ရိုးရိုးဆွမ်းခံမထွက်ဘဲ'

'ရိုးရိုးဆွမ်းခံမထွက်လို့ ခင်ဗျားက ဘယ်လို ထွက်လာသလဲ၊ ခေါင်းပေါင်းပေါင်းပြီး ထွက်လာရောလား ဟား ဟား ဟား'

www.burmeseclassic.com

www.burmeseclassic.com



လှဖုန်းပြောနေစဉ် ကိုကျော်မြင့်က ဝင်မေးလိုက်သည်။

'ဟာဗျာ....နောက်မနေစမ်းပါနဲ့၊ ကျနော် ပြောတာကိုသာ နားရှုက်မခတ်ဘဲ နားထောင်စမ်းပါ၊ ကျနော်က ဘယ်လိုဆွမ်းခံထွက်လာသလဲဆိုတော့ တကယ့်ဘုန်းကြီးအိုကြီး ဟန်မျိုးနဲ့ မျက်နှာကို မမြင်နိုင်အောင် ခေါင်းပေါ်ကို သင်္ကန်းရုံပြီး ထားတယ် ပြီးတော့ တုန်တုန်ရည်ရည်နဲ့ လမ်းကိုလျှောက်ပြီး လာတာကိုး ဒါကို အဲဒီအိမ်က အပျိုက မြင်ရတဲ့အခါ ကျနော့ကို တကယ် ဘုန်းကြီးအိုကြီးမှတ်ပြီး၊ သူတို့အိမ်ရှေ့အရောက်မှာ ဆွမ်းဟင်းခွက်မှုလေးကိုင်လို့ ထွက်လောင်းတယ်၊ သူလဲအနားကို ရောက်ရော ကျနော်ဟာ ရုံထားတဲ့ သင်္ကန်းကို ဖြေပြ လိုက်တယ်၊ ဒီလိုလဲ ပြလိုက်ရော... အဲဒီအပျိုဟာ ဟော်တော့... လို့ပြောပြီး လက်ထဲမှာ ကိုင်ထားတဲ့ အငွေ့တထောင်းထောင်းနဲ့ဟင်းခွက်ကြီးကို ရှက်ကိုးရှက်ကန်းနဲ့ ကျနော့လက်ပေါ် ယောင်ပြီးလောင်းချလိုက်ပါရော ဟင်းခွက်က ပူလွန်းလို့ ကျနော့မှာ နှုတ်သဘောနဲ့ ဗုဒ္ဓေါ လို့တောင် ထုတ်မပြောနိုင်ဘဲ ကသုတ်ကမျောနဲ့အဟုတ်မောအောင် ပြေးခဲ့ရတာဘဲဗျို့ ဟား ဟား ဟား....ဒါတောင် နောက်ဖက်က လှမ်းပြီး အပျိုကလေးရဲ့ အဖေက ဟေးကိုယ်တော်....ဟေးကိုယ်တော်....နောက်တခါ ဒါမျိုးလာလုပ်ယင် ဘုန်းကြီးသော ဘာသော ညာသော ရှောင်နေမှာ မဟုတ်ဖူး၊ ဒုတ်နဲ့ကိုထွက်ပြီး ကပ်ပြလိုက်မယ်လို့ လှမ်းကြိမ်းနေတာ ကြားရတယ်ဗျ ဟား ဟား ဟား....'

လှဖုန်းက ပြောပြလျှင် ကိုကျော်မြင့်မှာလည်း တဟားဟားနှင့် အော်ရယ်ကာ နေမိသည်။



'ဟား ဟား ဟား....နောက်လဲ နောက်တဲ့လူဘဲဗျာ၊ ဘုန်းကြီးဝတ်နဲ့တောင် သွားပြီး နောက်ရသေးသလားဗျာ'

'ဒါကတော့ ဝါသနာကိုးဗျ၊ ကျနော်က လူဘယောက်ကို ခင်မတန်မှ နောက်ချင် ပြောင်ချင်ပါတယ် ဆိုမှဘဲ'

'ပြောင်ချင်တာက အရေးမကြီးပါဘူးကိုယ့်လူ.... ကြည်လွင်ဖြိုးက ခင်ဗျားအပေါ် သိပ်ပြီးစိတ်ဆိုးသွားလို့ လူချင်းမနီးစပ်ဘဲ နေပါအုံးမယ်၊ ဒီတော့ သူ့အလိုလိုက် သူ့အကြိုက်ကို ဆောင်ပြီး ချော့မော့ပေါင်း၊ နဲနဲကလေးအဆင်ပြေလာတော့မှ ခင်ဗျားရဲ့ မေတ္တာစာကို ပါးလိုက်ပေါ့၊ ဒါထက် ခင်ဗျားက မေတ္တာစာကို ရေးတတ်လို့လား၊ မရေးတတ်ယင် ကျနော် ရေးပေးမယ်လေ ဟဲ ဟဲ....'

'နေပါစေဗျာ....သူများရေးပေးတဲ့ မေတ္တာစာဆိုတာ ခံစားချက် သိတ်မပါဘူး၊ ဒါကြောင့် ကိုယ်တိုင်ဘဲ ရေးမယ်'

'အမယ်....ခင်ဗျားကပေမယ့် အလာကြီးပါလား၊ အေးလေ ခင်ဗျားရေးတတ်ယင်လဲ ရေးပေါ့၊ ကျနော်က မရေးတတ်ယင် ရေးပေးမလို့ပါ၊ ကဲ....ကျနော်လဲမြို့ထဲသွားလိုက်အုံးမယ်၊ ခင်ဗျားနဲ့ ကြည်လွင်ဖြိုးတို့ အမြန်နီးစပ်ကြပါစေလို့ ဆုတောင်းမေတ္တာပို့ခဲ့ပါတယ်ဗျာ ဟဲ ဟဲ ဟဲ'

ကိုကျော်မြင့်အား ပြောယင်း ထိုင်နေရာမှ ထရပ်လျှင် လှဖုန်းသည် သွားကြီးအဖြိုးသားနှင့် 'ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျား' ဟု ချိုပြောယင်း ရယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မြင့် ပြန်သွားလျှင်တော့ လှဖုန်းသည် ကြည်လွင်ပြုံး နှင့်တွေ့လျှင် ချစ်သဝဏ်လွှာတလေး ပေးရန်အတွက် သူ၏အခန်း ထဲတွင်ဝင်၍ မေတ္တာစာကို တချိန်လုံး ထိုင်ရေးနေသည်။

ရေး၍အပြီးတွင် သူသည် ကြည်လွင်ပြုံးကိုပေးမည့် မေတ္တာ စာကို အပြန်ပြန်အလှန်လှန် ဖတ်ကာ ကျေနပ်အားရနေဟန်နှင့် ပြုံးပြုံးကြီးလုပ်နေသည်။

ကိုကြည်၏ ဇနီး ဒေါ်မြခင်က ညစာထမင်းစားရန် အပြင်မှ အသံပြုတော့မှ သူသည် အခန်းထဲမှ ထွက်လာတော့သည်။

* * *

( ၅၈ )

## သိတ်ကြောင်တဲ့ထိပ်ပြောင်

နောက်တနေ့တွင် လှဖုန်းနှင့် ကြည်လွင်ပြုံးတို့မှာ အောက်ဒိုး (ခေါ်) အပြင်ခန်းများကို ရိုက်ကူးရသည်။ ထိုရိုက်ကူးကြရ သည့် အခန်းမှာလည်း အခြားနေရာတွင် မဟုတ်ဘဲ ဆူးလေ ဘုရားလမ်းရှိ နေပြည်တော်ရုံရှေ့တွင်ဖြစ်သည်။

ထိုနေရာမှာ လူအလွန်စည်ကားလှသော နေရာမို့ နေ့လည် ဖက်တွင်ရိုက်လျှင် အပြင်မှ ဝိုင်းဝန်းကာကြည့်နေကြမည့် လူအုပ် ကြီးကြောင့် လူအသွားအလာပါးသော နံနက်(၈)နာရီ အချိန် တွင် သွား၍ရိုက်ကူးကြရသည်။

ယခု သူတို့ရိုက်ကူးကြမည့်အခန်းမှာ မင်းသမီး ကြည်လွင်ပြုံး ရပ်ရှင်ကြည့်ရာမှ ထွက်အလာတွင် မင်းသားလှဖုန်းက လာရောက် ကြိုသောအခန်းဖြစ်သည်။

ထိုအခန်းကို ရိုက်ကူးရန်အတွက် မင်းသားနှင့် မင်းသမီးတို့ မရောက်လာမီ အချိန်ကတည်းက ဒါရိုက်တာဦးဘဲဥမှာ ကင်မရာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာ၊ အသံဖမ်းဆရာ၊ မှန်ထိုး သမားများနှင့် အတူ အခေစာကြီးသွား၍ အသင့်ဖြစ်စေရန် ကြိုတင်ပြင်ဆင်ထားသည်။ လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ ရောက်လာချိန်တွင် ရုပ်ရှင်ရိုက်ကူးနေသည်ကို ကြည့်ရှုကာနေကြသော လူများမှာ အလွန်ပင်များပြားကာနေခလပြီ....။

ဦးဘဲဥမှာ လူအုပ်ကြီးကိုကြည့်၍ စိတ်ရှုပ်ကာ နေတော့သည်။

'ဒုက္ခတဲ့ဟော....ငါက ဒီလောက် လူမများဘူး ထင်နေတာ၊ အခုတော့ လာကြည့်ကြတဲ့လူတွေက သိတ်များနေဘိ၊ ဘယ်လိုရိုက်ရမှန်းတောင် မသိဘူး'

ကြည်လွင်ပြုံး အနေနှင့်လည်း နိုင်ငံကျော် မင်းသမီးမို့ ဤမျှ များပြားလှသော လူအုပ်ကြီးကိုတွေ့ရလျှင် စိတ်ပျက်နေတော့သည်။

'ခက်တာဘဲ....ဒီလောက်လူတွေကြားထဲ ဘယ်လိုရုပ်ရှင်ရိုက်ရမယ် မသိဘူး၊ လူတွေကလဲ ကျမကားနားမှာဘဲ ဝိုင်းကြည့်နေကြတယ်....'

ကြည်လွင်ပြုံးတို့ စိတ်ပျက်နေကြသော်လည်း လှဖုန်းကတော့ မင်းသားသစ်တဦးပီပီ စိတ်ပျက်ပုံမပြဘဲ သူ့ကို ဝိုင်းကြည့်ကာနေကြသော လူအုပ်ကြီးကို ပြန်ကြည့်ကာ ရှိုးပေးနေသည်။

ကြည်လွင်ပြုံးနှင့် လှဖုန်းတို့မှာ အတူရှိနေကြသဖြင့် လှဖုန်း ရှိုးထုတ်နေသည်ကို တွေ့ရလျှင် ကြည်လွင်ပြုံးမှာ နှလုံးနာနေဟန်နှင့် မကြားတကြား စောင်းမြောင်းကာ ပြောသည်။



'လူတွေများလို့ စိတ်ညစ်ရတဲ့အထဲ ရှိုးပြချင်တဲ့လူကလဲ မျက်စိနောက်အောင်ကို ပြနေတာဘဲ၊ ဒါမျိုးပေါ့....မူးကိုမြစ်ထင်တဲ့လူဆိုတာ'

ထိုစကား ကြားရလျှင် လှဖုန်းသည် သူ့ကို စောင်းပြောနေမှန်းသိသဖြင့် ကြည်လွင်ပြုံးကို အရွဲ့တိုက်လိုဟန်နှင့် သူတို့ကို ဝိုင်းကြည့်နေကြသော လူအုပ်ကြီးကို သူသည် ပြုံးပြုံးပြီးနောက် စကားလှမ်းပြောသည်။

'ခင်ဗျားတို့ ရုပ်ရှင်ရိုက်တာ လာကြည့်ကြတာလားဗျ ဖဲ ဟဲ'

ထိုအခါတွင် သွက်သွက်လက်လက် ရှိသော အသက် ၁၈-နှစ်ခန့်ရှိ လူငယ်တဦးက ပြန်ပြောသည်။

'ဟုတ်တယ်ဗျ....အခု ဘာကားရိုက်မှာလဲ'

'ကားနာမယ်က ဘုန်းကြီးဝတ်တော့မယ်တဲ့ဗျ'

'မင်းသမီးနဲ့ မင်းသားကကော ဘယ်သူတွေလဲ'

လှဖုန်းက ပေါ်ပေါ်ရွှေရွှေနှင့် ပြန်ပြောသဖြင့် ထိုလူငယ်ထံ ပြန်မေးပြန်သည်။ ကျန်လူများကတော့ လှဖုန်းကို ဝိုင်းကြည့်နေကြသည်။ ကြည်လွင်ပြုံး၏ စိတ်ထဲတွင်တော့ လှဖုန်းကို အလွန်ပင် ဒေါသထွက်နေသည်။

'မင်းသမီးက ခင်ဗျားတို့ရဲ့အသဲစွဲ ပြိုင်စံမဲ့ပေါ် နိုင်ငံကျော်တဲ့ အဆီတွဲဖုံးနေတဲ့ ကြည်လွင်ပြုံးလေဗျာ၊ မင်းသားကတော့ နေပါအုံး သူ့နာမယ်တောင် မေ့နေပါတယ်'

လှဖုန်းက အနောက်အပြောင် ဝါသနာပါသူပီပီ ပရိသတ်ပွဲကျအောင် တမင်လုပ်လိုဟန်နှင့် မေ့ချင်ယောင် ဆောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ထိုသို့လုပ်နေမှုကြောင့် စောစောက လူငယ်မှာ အခြား မင်းသားတဦးထင်ကာ သူ့ကိုမေးပြန်သည်။

‘နေပါအုံးဗျ...မင်းသားနာမယ် မေ့ရအောင် အဲဒီမင်းသား က ဘယ်သူမို့လဲ၊ အခု ပါမလာဘူးလား’

‘ပါလာပါတယ်ဗျာ....ခင်ဗျားတို့ မမြင်ကြဘူးလား’

‘မမြင်လို့ပေါ့ဗျ....ဘယ်မှာလဲ....ပြောပါအုံး’

ထိုသို့မေးလျှင် လှဖုန်းသည် ဟန်ပါပါနှင့် ဟိုသည်ကြည့်နေပြီးနောက်....ဝမ်းသာအားရနှင့် ပြန်ပြောသည်။

‘အဲ အဲ....တွေ့ပြီဗျို့....သူပဲဗျ....သူပဲ....’

သူ့ကိုယ်သူ လက်ညှိုးနှင့်ပြန်ထိုးယင်း ပြလိုက်ရာ.... ပရိသတ် ကြီးမှာ လှဖုန်း၏ အပြုအမူကိုကြည့်၍ ဝါးကနဲ သဘောကျစွာ ရယ်ချလိုက်ကြသည်။

ထိုအခါတွင် အခြားတယောက်က ဝင်မေးသည်။

‘ဗြော်....မင်းသားက နောင်ကြီးကိုး၊ နာမယ်က ဘယ်သူတဲ့ လဲ....’

‘ကျုပ်နာမယ်လား၊ အမေ မွေးတုန်းကတော့ ရက်ချုပ်တော တာထဲမှာ ကြွက်နီတဲ့၊ နောက်ကြီးလာလို့ ကျောင်းကို အပ်တဲ့ အခါ လှဖုန်းတဲ့၊ အဲ ဖုန်းကြီး ဘဝနဲ့တုန်းကတော့ ဦးပဏ္ဍိတဘိ ဟောအခု မင်းသားဖြစ်တော့ မောင်မောင်ဖုန်းတဲ့ဗျို့ ဟား ဟား ဟား....’

လှဖုန်း၏ စကားအဆုံးတွင် ကြည့်နေကြသော လူအုပ်ကြီး မှာ အုံးကနဲမြည်အောင် ရယ်ကြရပြန်သည်။



ကြည်လွင်ပြုံးကတော့ လှဖုန်း၏ လုပ်ဆောင်နေမှုကို ကြည့် ၍ နောက်မှ ကျောကုန်းကြီးကို အားပါးတရ ထုပစ်ချင်အောင် ဒေါပွနေသည်။

လှဖုန်း ပြန်ပြောအပြီးတွင် အခြားတဦးက ဝင်မေးပြန်သည်။

‘ခင်ဗျားက အခုမရှိကန်မင်းသား ယူဘာရိုင်းနားကို အားကျ လို့ ကတုံးခင်းသား လုပ်တာလားဗျ’

‘ဘယ်ဟုတ်လိမ့်မတုန်း ကျုပ်ခေါင်းမှာ ဒက်တွေ ပေါက်လို့ ကတုံးတုံးထားတာဗျ၊ ဟား....ဟား....ဟား’

ထိုသို့ပြောပြန်လျှင် လူအုပ်ကြီးမှာ အလွန်သဘောကျ သွား ကြဟန်နှင့် ဟအုံးအုံးနှင့် ရယ်နေကြပြန်သည်။

‘ဒီလိုဆို ခင်ဗျား ခေါင်းအတွက်ဘာရိုင်ရယ်ကရိန်းတို့ ကလိယို ထံထရာ ခေါင်းလိမ်းဆီတို့ တော်တော်ကုန်အောင် ထည့်ရမှာ ပဲနော် ဟား... ဟား... ဟား....’

‘ဟာ....ကုန်ဘိလား ခေါင်းလိမ်းဆီဘိုးတင် ဘယ် ကလိမ့် လဲ အခုလိုရုပ်ရှင်ရိုက်ဖို့ ထွက်လာဘီဆိုယင် ကျနော်က ဆံပင် ဘလှ ပြင်ဆိုင်ကိုပြေးပြီး ကျနော့ခေါင်းကိုလေဒဏ်မိုးဒဏ်နဲ့ မင်း သမီးဒဏ်ကို ခံနိုင်အောင် အာမခံနဲ့ ပြုပြင်ခိုင်းရတယ်ဗျ၊ ဒါမှ မင်းသမီးက ဆံပင်ကို ဆွဲဆောင့်ယင် ပျက်မသွားမှာကိုး....ဟား ဟား....ဟား....’

ကြည်လွင်ပြုံး ဒေါပွနေမှုန်း သိသဖြင့် လှဖုန်းမှာ တမင် အရွှတ်ကြံကာ စကားပြောနေသည်။ ထိုစဉ်မှာပင် ဓါရိုက်တာ ဦးဘဲဥမှာ သူတို့ဆီသို့ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲဟေ့ မင်းသမီးက ကားပေါ်က ဆင်းတော့ လူတွေက သိတ်များနေလို့ အမြန်ရိုက်ပြီး ပြန်ကြမယ်'

ဦးဘဲဥက ပြောလျှင် ကြည်လွင်ပြုံးသည် လှဖုန်းဖက်သို့ တချက် မျက်စောင်းကလေး ထိုးကာကြည့်ပြီး ဦးဘဲဥကို တိုင်တော့သည်။

'လူများမှာပေါ့ ဆရာ့ ထိပ်ပြောင်က၊ သိတ်ကြောင်နေတာကိုး....'

ကြည်လွင်ပြုံး၏ စကားကိုကြားရလျှင် လှဖုန်းကလည်း အညှိုးခံမနေဘဲ ပြန်ပြောသည်။

'ဘာပြောတယ် ထိပ်ပြောင်ကို သိပ်ကြောင်တယ်ဆိုပြီး မင်းက ပိတ်လှော်ချင်သပေါ့၊ ဟုတ်လား ဒီမှာဟေ့ အတိတ်တဘောင်နဲ့ နိမိတ် ဆောင်ကာ ပြောရယင်၊ ထိပ်ပြောင်ဟာ အနိုင်နကောင်ဆိုတာ အရိပ်အယောင် ပြနေတာမို့ မင်းကကြိတ်မလှော်ချင် စမ်းပါနဲ့ ဟဲ.. ဟဲ.. ဟဲ..'

'ရှင့်ကို ကြိတ်မလှော် စေချင်ယင်၊ သိတ်မကြောင်ဘဲနေပေါ့၊ ကိုယ့်ဖက်ကိုယက်တဲ့ လိပ်ကောင်ကြီးရဲ့'

သူတို့ နှစ်ဦး အခြေအတင် ပြောနေကြသဖြင့် ဦးဘဲဥမှာ ကြားမှဝင်၍ ပြောရသည်။

'ဒီမှာ....ဒီမှာ နိမိတ်ကောင်တွေ လိပ်ကောင်တွေ လုပ်မနေကြပါနဲ့ ဟိတ်ကောင်တွေရဲ့၊ ငါတော့ စိတ်တောင်ကုန်လာပါပြီ ဒီတော့ ရုပ်ရှင်သာ မြန်မြန် ရိုက်ကြပါစို့'

ဦးဘဲဥက စိတ်ညစ်သံနှင့်ပြောလျှင် လှဖုန်းတို့သည်း နောက်ထပ်၍ မလေရှည်မနေကြတော့ဘဲ ငြိမ်နေလိုက်ကြသည်။



ထိုနောက်တော့ သူတို့သည် လူအုပ်ကြီး၏ ကြားထဲမှနေ၍ ရုပ်ရှင်ကို ခက်ခက်ခဲခဲနှင့် ရိုက်ကြရသည်။

(၁၀) နာရီ ကျော်ကျော် လောက်တွင်တော့ ထိုအခန်းမှာ ပြီးဆုံးသွားကြသည်။ သို့ဖြစ်၍ သူတို့ အားလုံး ရှစ်မိုင်ဘက်ရှိ အောဝမ်းခြံထဲသို့ အင်ဒိုး (ခေါ်) အတွင်းခန်းများ ဆက်၍ ရိုက်ကူးကြရန် ပြန်လာကြသည်။

လှဖုန်းမှာ ယမန်နေ့က သူကြိုးစား ပန်းစား ရေးသားထားသော မေတ္တာစာကလေးကို ကြည်လွင်ပြုံးကိုပေးရန် ကြိုးစားနေသည်။

သို့ရာတွင် အနီးအနားတွင် လူတွေက ရှိနေသဖြင့် မပေးနိုင်ဖြစ်နေသည်။ ခြံထဲသို့ ပြန်ရောက်လျှင်တော့ သူတို့ ရုပ်ရှင်အလုပ်သမားများမှာ ကုမ္ပဏီမှ အဆင်သင့် ချက်ပြုတ်ကာ ထားကြသော ထမင်းဟင်းများကို ပျော်ပျော်ပါးပါးနှင့် စားသောက်နေကြသည်။

လှဖုန်းမှာ ကြည်လွင်ပြုံး၏ အနီးတွင် လူအလစ်ကို ချောင်းနေသူမို့ ထမင်းစားသောက်ပြီး၍ ကြည်လွင်ပြုံးသည် လူရှင်းရာ နေရာသို့ ထွက်အသွားတွင် လှဖုန်းက နောက်မှ လိုက်၍သွားသည်။

သူတို့ ယခု သွားကြသည့်နေရာမှာ စတူဒီယို အပြင်ဘက်ရှိ ကွင်းပြင်ကြီးတွင်မို့ သူတို့နှစ်ဦးမှလွဲ၍ မည်သူမျှမရှိပေ။ ထို့ပြင် လှဖုန်းအတွက်ပို၍ ကံကောင်း နေသည်ကတော့ ကြည်လွင်ပြုံး အနီးတွင် ဘော်ဒီဂတ် အဖြစ်ဖြင့် အမြဲတန်း စောင့်ကြပ်လျက် ရှိကြသော ဦးမြအုန်းနှင့် ဒေါ်ခင်ငြိမ်းတို့မှာ ယခုနေ့ရုပ်ရှင် ရိုက်ကူးကြရာတွင် ပါမလာကြသော ကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ကြည်လွင်ပြုံးမှာ သူ၏ နောက်ဖက်မှ လျှောက်လာသော ခြေသံကို ကြားရသဖြင့် လှည့်ကြည့်ရာ ပြုံးဖြီးဖြီးနှင့် လုပ်နေသော လှဖုန်းကို မြင်ရသည်။

ကြည်လွင်ပြုံးသည် လှဖုန်းကို မြင်လိုက်ရလျှင် မျက်နှာကြီးကို ဆူပုတ် ပစ်တော့သည်။

'ဒီအပြင်က ကောင်းတယ်နော် လေကလေး တဖြူးဖြူး နဲ့အထဲက တယ်အိုက်တာဘဲဗျာ ဟဲ .. ဟဲ'

လှဖုန်းက မျက်နှာကို အတတ်နိုင်ဆုံး ချိုချိုပြုံးယင်း ပြောသည်။

ကြည်လွင်ပြုံးကတော့ မျက်နှာထားတင်းတင်းနှင့်ပင် လှဖုန်းကို ကြည့်ကာ ပြန်ပြောသည်။

'အပိုတွေ လာပြော မနေစမ်းပါနဲ့ .. ရှင်ဘာလို့ ဒီကိုလိုက်လာရဘာလဲ တခြားကို သွားစမ်းရှင်'

'ဟာဗျာ.... ခင်ဗျားကလဲ နှင်လှချည်လား... ကျနော် အခုလာတာ ကိစ္စရှိလို့ပါ မာတုဂါမကလေးရဲ့'

'ရှင်း ပြာပြန်ပလား ဒီစကား.... ကျမကို မာတုဂါမလို့ ခေါ်တာ မကြိုက်ပ ဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ'

'အေးပါဗျာ....မကြိုက်ယင်လဲ နောက်မခေါ်ပါဘူး ဟဲ .. ဟဲ'

'ဟဲဟဲတွေ... ဟေးဟေးတွေ လာလုပ်မနေနဲ့.... ကျမဖါသာ တယောက်ထဲ လွတ်လွတ် လပ်လပ် နေစမ်းပါရစေ'

'နေပါတယ်ဗျာ....ကျနော်အခုဘဲ သွားတော့မှာပါ....မသွားခင် .... အဲ.. ခ ခ ခင်ဗျားကို ဝါစိကာဟာရက.... ကလေး ပေးခဲ့ချင်လို့ပါ'



လှဖုန်းမှာ စာပေးလိုကြောင်းကို ပြောမထွက်သဖြင့် ပါဠိလို ပြောသည်။

'ဘာလဲရှင့်.... ဘာဝါစိတွေ ကာစိတွေ လုပ်နေတာလဲ ကျမ နားမလည်ပါဘူး ရှင်းရှင်း ပြောစမ်းပါ'

'အဲ.... နားလည်အောင် ပြောရမယ်ဆိုယင် ဝါစိကာဟာရက ပါဠိလို ပြောတာပါ.... မြန်မာလိုပြန်ယင် မေတ္တာစာ အင်္ဂလိပ်လိုဆိုတော့ လပ်(ဗ်)လက်တာ ပေါ့ဗျာ ဟား ဟား ဟား'

လှဖုန်းသည် ပြောပြီးနောက် သဘောကျစွာနှင့် ရယ်နေသည်။ ကြည်လွင်ပြုံးကတော့ အလွန်ပင် ဒေါသ ထွက်သွားသည်။

'ရှင်....ရှင်၊ရှင်နော်.... ကျမကို လာစမနေနဲ့ ဆရာနဲ့ သွားတိုင်ပြောလိုက်မယ်'

'တိုင်ချင်လဲ တိုင်ဗျာ.... ကျနော်က စနေတာမှ မဟုတ်ဘဲ ခင်ဗျား အပေါ်မှာ တကယ်သွဲ့ မေတ္တာရှိလို့ စာလာ ပေးနေတဲ့တာ'

လှဖုန်းသည် ပြောယင်း သူ၏အိပ်တွင်းမှ စာကိုထုတ်၍ ကြည်လွင်ပြုံးအား တုံရည်သော လက်ကလေးနှင့် ပေးနေသည်။

ကြည်လွင်ပြုံးမှာ လှဖုန်း၏ အပြုအမူကို ကြည့်၍ လှောင်ရယ် ကလေး ရယ်နေသည်။

'ဟီး ဟီး ဟီး.... ရီစရာ ကောင်းလိုက်တာ ကိုမောင်မောင်ဖုန်းရယ်.... မင်းသားက မင်းသမီးကို ရည်းစားစာ ပေးတာ ကျမ တသက်မှာတော့ ဒီတခါဘဲ ကြုံဘူး ကြားဘူး သေးတယ် ရှင်မျက်ဖူးလားဟင်'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ.... ရှက်ရမယ် ဟုယ်လား.... ရှက်ရအောင် ကျနော် သူများ ပစ္စည်းခိုးနေတာမှ မဟုတ်ဘဲ.... ပြီးတော့ ခင်ဗျားဟာ ပရပုဗ္ဗာလို့ ခေါ်တဲ့ လင်ရှိဘူးတဲ့ မိန်းမလဲ မဟုတ်ဖူး.... အပျို တယောက်မို့ လူပျိုစစ်စစ် တယောက်က စာပေးတာဟာ ရှ စရာလား'

'အို....ရှင်မရှက်ပေမယ့် ကျမကတော့ ရှက်တယ်၊ဒီအကြေ တွေများ ရုပ်ရှင် စာစောင်က လူတွေသိသွားယင်.... ယို တကျော်ဖြစ်အောင် ဝိုင်းရေးကြမှာရှင့်'

'ဝိုင်းရေးကြတော့ ဘာဖြစ်လဲဗျာ.... ချစ်ခြင်း မေတ္တာတ ဆိုတာ လူတိုင်းရှောင်လွဲလို့ မရကြတဲ့ ကမ္ဘာ့ နိယာမ တရား ဘဲဟာ ဂရုစိုက်လို့'

'ရှင်က ဂရုမစိုက်ပေမယ့်.... ကျမကတော့ နိုင်ငံကျော် သမီး တယောက်မို့ ဂရုစိုက်ရလိမ့်မယ်.... ဒီလို အင်ပရက် ခေါင်း နိုင်တဲ့ ကိစ္စမျိုးတွေ ပေါ်ပေါက်လာမှာ မလိုလားဘူ ရှင့်'

'မဆိုင်ပါဘူးဗျာ....ဒီကိစ္စမျိုးဟာ အင်ပရက်ရှင်လဲ မခေါ် ပါဘူး၊ဒီတော့ ဂျီးထူမနေဘဲ....ကျနော့်ရဲ့ ဝါစိကာဟာရက.... လေးကိုသာ လက်ခံစမ်းပါ.... ရော့ပါဗျာ.... ရှက်မနေပါနဲ့.... နော်တောင်မှ မရှက်ဘဲနဲ့ ဟဲ ဟဲ'

လှဖုန်းက အတင်းပင် ပေးနေသည်။

'ရှင်နော် ကောင်းကောင်း ပြောနေတာ မရဘူးလား.... စာကို လက်အညောင်းခံပြီး ယူမနေနိုင်ဘူး.... ကျမဆီက မျှော ကိုလဲ မြှော်လင့် မနေနဲ့ ရှင့်ကိုကျမ မုန်းတယ် သိလား'



'မုန်းပါ.... မုန်းနိုင်ပါတယ်.... ပဋိဃာနုသယ လို့ခေါ်တဲ့ မုန်း ခြင်း ချစ်ခြင်းဆိုတာ လူ့လောကမှာ ရှိစမြဲမို့ ခင်ဗျားကိုကျနော် ကအပြစ် မတင်လိုပါဘူးလေ.... မုန်းတဲ့အခါ မုန်းလိုက်....ချစ်ချင် လာတဲ့ အခါကျတော့.... ချစ်နိုင်ပါတယ်၊ ကျနော်ကတော့ အမြဲ တန်း တခါး ဖွင့်ထားပါတယ်၊ဒီတော့ ကျနော့် မေတ္တာစာက လေးကိုသာ ဖတ်ကြည့်ပြီးတော့ ချစ်သင့်သည်၊ မချစ်သင့်သည်ဆို တာကို ဝိစေစန လုပ်ပေတော့'

'ဘာလဲရှင့်.... ဝိစေစန ဆိုတာ.... ဘုန်းကြီးလူထွက်ပီပီ ပါဠိ တွေသုံးပီး မပြောစမ်းပါနဲ့ နား မလည် ဘူး၊ ဗမာလိုရှင်းရှင်း ပြောစမ်းပါ'

'ဝိစေစန ဆိုတာ.... ရွေးချယ်ခြင်းလို့ အဓိပ္ပါယ်ရပါတယ်.... ခင်ဗျားကို ရွေးချယ်ပါလို့ ဆိုလိုတာပါလေ ရှင်းပလား'

'အို....ရွေးလဲ မနေပါရစေနဲ့.... ရှင့်စာကို ပေးလဲမနေပါနဲ့.... အဝေးကိုသာ သွားတော်မူပါတော့'

'ဟာ ဒီလိုတော့ မသွားနိုင်ဘူး၊ ကျနော်က အောင်မြင်မှ ဆုတ်ခွာသွားမှာ၊ ဒီတော့ ကျနော့်ကိုသွားစေချင်ယင်၊ ကျနော့် စာကိုယူပေတော့ ရော့....'

လှဖုန်းက ဇွတ် ပင် ပြော နေ သဖြင့် ကြည်လွင်ပြုံးမှာ အန် ကြိတ်ကာ စိုက်ကြည့်နေသည်။ ပြီးတော့ ဘာစိတ်ကူးပေါက်ကာ သွားသည်မသိ၊ လှဖုန်းပေးသောစာကို ဆတ်ကနဲ လှမ်းဆွဲကာ ထိုနေရာမှ ထွက်သွားသည်။

လှဖုန်းမှာ သူ့စာကိုယူသွားသော ကြည်လွင်ပြုံးကို အဘော ကျစွာနှင့် နောက်မှလှမ်းကြည့်ပြီး ပြောင်ချော်ချော်နှင့် ပြော သည်။

www.burmeseclassic.com

www.burmeseclassic.com



'အား....ဒီတခါတော့ ခင်ဗျား ဘော်တော်လီမှာသွားဘဲ.... အာမုဗျာ....သာမု....ဤသို့ ကျနော့ရဲ့ ဝါစိကာဟာရက ကလေး ကိုယူသွားသော စေတနာတရားကလေး ကြောင့် သေတပန် သက်တဆုံး စိတ်နှလုံး အလွန်ချမ်းသာစွာနှင့် လူပြန်တော် မဟာပညာယှိကလေး မောင်မောင်ဖုန်းနဲ့ မလွဲမသွေရပါစေ မြတ်ရှင်စော သြကာသ သြကာသ ဟား ဟား ဟား....'

ကြည်လွင်ပြုံးကတော့ လှဖုန်း၏ နောက်ပြောင် နေသံကို ကြားရသော်လည်း ပြန်လည်၍ နှုတ်လှန်ထိုးမနေတော့ဘဲ စတူဒီယို ရုံတွင်းသို့သာ သွက်သွက်ကလေး လျှောက်သွား နေသည်။

လှဖုန်းလည်း....နောက်မှ ဖြည်းဖြည်းချင်း ပြန်လျှောက်လာ သည်။

* * *

( ကိုး )

## လှဖုန်းမေတ္တာစာ

စတူဒီယိုရုံအတွင်းသို့ ရောက်လျှင် ကြည်လွင်ပြုံးသည် ဆေးပေါ့လိပ်ကြီးကိုခဲယင်း ဆက်လက်ရိုက်ကူးရမည့် အခန်းအတွက် စဉ်းစားခန်းဝင်နေသော ဒါရိုက်တာ ဦးဘဲဥထံသို့ လှဖုန်းပေးလိုက်သောစာကို ကိုင်ယင်းသွားသည်။

'ဆရာ.... ဟောဒီမှာ ဆရာ့မင်းသားက ပြုံးကို စာလာပေး တယ်....'

ကြည်လွင်ပြုံး၏ စကားကိုကြားရလျှင် ဦးဘဲဥမှာ ဟော.... ကနဲ ဖြစ်သွားသည်။

'စာဟုတ်လား.... ဘာစာလဲ တူမကြီးရဲ့၊ ဘုရားကိုးဆူလုပ် မလို့ ဖိတ်တဲ့ဖိတ်စာလား၊ ဟုတ်ပါဘီ...ဟုတ်ပါဘီ....ဒါဘဲဖြစ်ရ မယ်၊ ဒီကောင် ဟိုလွန်ခဲ့တဲ့ နှစ်ရက် လောက်ကတဲက သူနေတဲ့ အိမ်မှာ ဘုရားကိုးဆူ လုပ်ချင်လို့ဆိုဘာ ငါ့ကိုပြောထားသားဘဲ ဟဲ ဟဲ ဟဲ—'

www.burmeseclassic.com

www.burmeseclassic.com



ဦးဘဲဥက သူထင်ရာတွေလျှောက်၍ တလွဲပြောနေမှုကြောင့် ကြည်လွင်ပြုံးမှာ စိတ်ပျက်သံနှင့် ပြန်ပြောသည်။

'ဟာ ဆရာကလဲ ဘာတွေရှောက်ပြောနေမှန်း မသိပါဘူး။ ဆရာပြောတာတွေ တခုမှမဟုတ်ဖူး၊ သူပေးတဲ့စာက ဘာတဲ့... ကွာစိခွါမရဆိုလား ဘာဆိုလား....'

'ဟေ.... ဒီစကားက ဘာစကားလဲ၊ ဗိယင်နမ် စကားလား။ ကမ္ဘောဒီးယား စကားလား၊ ဒီတခါဘဲ ကြားဘူးတယ်'

'မဟုတ်ဖူးဆရာရဲ့....ပါဠိစကားတဲ့၊ အဲ ဗမာလိုဆိုတော့... မေတ္တာစာပါ၊ အဲဒီစာကို ပြုံးကမယူချင်ဘဲ အတင်းလာပေးတယ်၊ အဲဒါ ဆရာ့မင်းသားကို နဲနဲပါးပါး ဆုံးမပေးစမ်းပါအုံး၊ ရော့ ဟောဒီမှာ သူပေးတဲ့စာ...'

ကြည်လွင်ပြုံးကပြောယင်း လှဖုန်း၏စာကို ဦးဘဲဥထံ ပေးနေသည်။

ထိုအချိန်မှာပင် လှဖုန်းမှာလည်း စတူဒီယိုထဲသို့ ပြန်ရောက်လာပြီမို့ သူ၏စာကို ဦးဘဲဥထံ ကြည်လွင်ပြုံးကပေးနေသည်ကို တွေ့ရလျှင် 'ဟောဗျ... ငါ့စာဟာ ဆရာဘဲဥဆီ ရောက်နေပါပကော...'ဟူ၍ မျက်လုံးပြူး မျက်ဆံပြူး နှင့် တိုးတိုးကလေး ပြောယင်း...အရိပ်အကဲကို စောင့်ကြည့်နေသည်။

ဦးဘဲဥမှာ ကြည်လွင်ပြုံးပေးသောစာကို တခစ်ခစ်နှင့်ရယ်တာ လှမ်းယူယင်း ပြန်မေးသည်။

'ဘာတွေများ ရေးထားလို့လဲတူမရဲ့ ဟား ဟား ဟား၊ ဆရာ့ကိုပြောပြစမ်းပါအုံး....'

'ဟာ....ဆရာကလဲ... ပြုံးမှ သူ့စာကို ဖတ်မကြည့်ဘဲ၊ ဘယ်သိပါ့မလဲ....သိချင်ယင် ဆရာဘဲ ဖတ်ကြည့်ပေတော့....'



'ဖတ်ပါ့မယ်ဗျာ....ဖတ်ပါ့မယ်....စိတ်ချပါ....ဒါက ဒါမျိုးဆို င် သိတ်ဝါသနာပါတာ ဟား ဟား ဟား....'

'အို.... ဆရာကလဲ၊ လူမိုက်အားပေးစကားတွေ ပြောနေပြန် ဘီ....ပြုံး သွားတော့မယ်....'

'ဟဲ့ ဟဲ့.... နေပါအုံးလေ.... ငါဖတ်ပြတဲ့စာကို နားထောင် း ပါအုံး....'

'ဟင့်အင်း နားမထောင် ချင်ပါဘူး၊ နှလုံး နာလွန်းလို့ပါ။ ရော့ဖါသာဖတ်ပီး ဆရာ့မင်းသားကို ဆုံးမပေးပါ'

'နေပါအုံးလေ....သူဘာတွေ ရေးထားတယ်ဆိုတာ ငါ့တူမ လဲ နားထောင် သွားအုံးမှပေါ့၊ ပီးတော့ ဆရာ ဆုံးမပေးပါ့ င်'

ဦးဘဲဥက အတင်းပင် တားနေသဖြင့် ကြည်လွင်ပြုံးမှာ သွားနိုင်တော့ဘဲ ရပ်နေရသည်။ လှဖုန်းကတော့ သူ့ကိုမမြင် စေရန် တိုင်တတိုင်ကွယ်၍ ရပ်ကာ အသာကြည့်နေသည်။

ဦးဘဲဥသည်လက်တွင်းမှစာကို ဖြန့်၍ အောက်ပါအတိုင်းအသံ ယ်ကျယ်နှင့် ကြည်လွင်ပြုံးပါ ကြားစေရန် ဖတ်ပြနေတော့ ည်။

'အဟံ အဝေရော ဟောမိ အဗျာပဇ္ဇော ဟောမိ အနီဃော ဟာမိ သုခီအတ္တာနံ ပရိဟာရန္တု.... ညွှန်းပြုံကာဝေယင်း၊ ဤ မေတ္တာစာကိုစေလိုက်ပါသည် မာတုဂါမကလေး ကြည်လွင်ပြုံး တဲ့ ....ဟား....ဟား....ဟား'

ဦးဘဲဥသည် စာကိုဆုံးအောင် မဖတ်သေးဘဲ တဟား ဟား င်ရယ်တင်း ကြည်လွင်ပြုံး၏ မျက်နှာကို လှမ်းကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြည်လွင်ပြုံး ကတော့ မျက်နှာကြီး ဆူပုတ်ပုတ် လုပ်ကာ နားထောင်နေသည်။

ထိုနောက် ဦးဘဲဥသည် လှဖုန်း၏ စာကိုဆက်၍ ဖတ်ပြသည်။

'ကိုပါးလိုက်တဲ့ မေတ္တာစာကလေးကို စိတ်ရှည်ရှည် ကလေးထားပြီး အမုန်းမယ်ဘဲ ဆုံးအထိ ဖတ်ပါလို့လဲ မေတ္တာရပ်ပါ ဆမုန်မတော့ မင်းသားတယောက်က မင်းသမီး တယောက် မေတ္တာစာပေးတယ်ဆိုတာ ဆန်းတာတော့အမှန်ဘဲ၊တနည်းပြ ရယင် ရှက်စရာလဲ အကောင်းသား၊ ဒါပေမယ့် အမေရိကန်ပြ က ဒေါက်တာ ရူဘင် (Dr. Reuben) နဲ့စာကလေးကို ဖ လိုက်ရလို့ ကိုဟာ ဒီကိစ္စကိုရှက်မနေနိုင်ဘဲရင်ထဲက မေတ္တာကို အန်ပြလိုက်တာဘဲ၊ အဲဒီဒေါက်တာ ရူဘင်က ဘယ်လို ရေးထာ သလဲဆိုတာ ပြုံးကိုသိအောင် သူ့မူရင်း စာသားကလေးကို ရေးပြီး မြန်မာလိုပြန်ပေးမယ်၊ ဒါကိုပြုံးစိတ်တဲမှာ ကြားတယ် လို့လဲမထင်နဲ့အုံးနော်....ကြားတာတော့ မဟုတ်ပါဘူး၊တတ် ပညာမနေသာ ဆိုတာမျိုးလို ရေးပြရတာပါ၊ သူ့စာကတော့

"Every human being, form the moment he is born until the instant of his death, is ruled by two Irresistible compulsions the quest for food and for sex....တဲ့"

အဲဒီစာရဲ့အဓိပ္ပါယ်ကတော့ မနုဿလူသားတိုင်းဟာ မွေးဖွား လာကြတဲ့အချိန်ကစပြီး....ကွယ်လွန်အနိစ္စ ရောက်ကြတဲ့အထိ ဆ တိုက်ခိုက်လို့ မရတဲ့အချက် နှစ်ချက်ဟာ လူသားတို့ကို အနိ



သာစမ့် မခံချင်လျှင်....အလှနဲ့ပြင်ရှိသေးရှာလိမ့်လား' 'ခွင့်သာ ခိုက်မှ မလိုက်ချင်လျှင်....အမိုက်နှင့်ပြင် ရှိသေးရှာလိမ့်လား' ဆို တာမျိုးလို ဖြစ်တော့မှာဘဲ ပြုံးရေ... သဲယားဖို့ ထို့ကြောင့် ကိုရဲ့ကမ်းလှမ်းတဲ့ မေတ္တာတရားကို အချိန်နှောင်း မခံဘဲ၊ အနူး အညွတ် ကြိုဆိုဂုဏ်ပြုစမ်းပါလို့....ပြောယင်းနဲ့ သည်အန်း လုပ် လိုက်ပါတယ် ပြုံးရယ်....သတ္တဝါအများ ချမ်းသာကြပါစေ.... မောင်သုမန... အဲဟုတ်ပါဘူး....မောင်မောင်ဖုန်း'

'ဟား ဟား ဟား....ငါ့ကောင်က ဘုန်းကြီး လူထွက်သဲ့ဆို တယ်၊ ရှည်းစားစာရေးအစွ ကြီးဘဲ၊ကေန္တ ဘုန်းကြီးဘဝကတဲ့တာ ဆရာ့တော်မသိအောင် အရေးကျင့်ထားသလားမသိဘူး ဟား.... ဟား....ဟား...'

စာအဆုံးတွင် ဦးဘဲဥမှာ....သဘော အလွန် ကျနေဟန်နှင့် တဟားဟား အော်ရယ်နေသည်။

'ဆရာကလဲ ရီချည့်နေတာဘဲ၊ ဘာလဲ ဆရာ့မင်းသား လုပ် တာကို သဘောကျနေလို့လား....ပြောပါအုံး'

ကြည်လွင်ပြုံးက မကြေနပ်သံနှင့် ဦးဘဲဥကို မေးသည်။

'ဟယ်... မဟုတ်ပါဘူး တူမရယ်၊သူရေးတာက ရီစရာကောင်း လို့ပါ၊ ကဲကဲ....ငါ့တူမ စိတ်ပြေအောင် ဆရာခေါ်ပြီး ပြောပါ့ မယ်၊ လှဖုန်းရေ.. ဟေ.. လှဖုန်း၊ ဘယ်မှာလဲဟေ့'

'ကျနော် ဒီမှာပါဆရာ'

လှဖုန်းသည် ညောင်နာနာ အသံကလေးနှင့် ပြန်ထူးယင်း.... ဦးဘဲဥထံသို့ ကုတ်ကုတ်ကလေး လျှောက်လာလာသည်။

ကြည်လွင်ပြုံးကတော့ လှဖုန်းကို မျက်စောင်းကြီး ခဲကာ ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင်....မင်းက ငါ့မင်းသမီးကို စာပေးတယ်ဆို၊ ဘာလို့ပေးရတာလဲ’

‘ရှိခိုးမလို့....’

‘တယ်...ဒီကောင်ဟာ နောက်ပြီ....ကောင်းကောင်း ပြောစမ်းပါ....’

‘နောက်တာမဟုတ်ဖူးလေ....ဆရာမေးတာကြီးကိုက ကိုယ့်ကားယား မေးနေတာကို၊ မိန်းကလေးတယောက်ကို ယောက်ျားကလေး တယောက်က စာပေးမှတော့....ဘာဖြစ်လို့ ရမှာလဲ....အိုင်လပ်(ဗ်)ယူ ဖြစ်လို့ပေါ့ ဆရာရဲ့’

‘အေး အေး....မင်းပြောတာ မှန်တယ်၊ ငါအမေးလော့သွားလို့ပါ၊ ဒီတော့ မင်းကို ငါတခု မေးချင်တာက အခုလို စာပေးတာဟာ ကြည်လွင်ပြုံးကို တကယ်ချစ်ကြိုက်လို့လား၊ နောက်ချင်ပြောင်ချင်လို့လား’

‘ဟာ.. တကယ့်ကို ချစ်လို့ ကြိုက်လို့ပေါ့ဆရာရယ်၊ တကယ်ပါဘဲ ကျနော်ဟာ ပြုံးကိုချစ်နေတာ အမှန်ဘဲ၊ အဲဒါ ဆရာတတ်နိုင်ယင် တဆိတ်လောက် နားဖေါက်ပေးစမ်းပါ၊ ဆရာ့ကျေးဇူးကို ကျနော် မမေ့ပါဘူး’

လှဖုန်းက နူးကလေး ထောက်ကာ ထိုင်ချယင်း ဦးဘဲဥကို ပူဆာနေသည်။

‘ဟကောင်ရ....သူ့ကို နားဖေါက်စရာ မလိုပါဘူး၊ သူ့မှာ အပေါက်ရှိပြီးဘဲဟာ.... အဲအဲ....နားက အပေါက်ကို ပြောတာနော်....ဟား ဟား ဟား’

ဦးဘဲဥ၏ စကားကြောင့် ကြည်လွင်ပြုံးမှာ ရှက်လည်းရှက် ဒေါသလည်း ထွက်သွားတော့သည်။



‘အို....ဆရာကလဲ ဘာတွေရှောက်ပြောနေတာလဲ၊ ဆုံးမပေးပါဆိုကာမှ ဆရာကိုယ်တိုင် အားပေးအားမြှောက် စကားတွေ ပြောနေရသလားလို့၊ ပြုံးတော့ ငိုချင်လာဘီ သိလား’

‘မငိုချင်ပါနဲ့ တူမရယ်၊ ဆရာက အလကား နောက်နေတာပါ၊ ကဲကဲ....ငါ့တူမ ရှေ့မှာဘဲ မောင်လှဖုန်းကို ဆုံးမပြပါ့မယ်၊ ဟော့ကောင်....ဒုတ်သွားကောက်စမ်း’

‘မြတ်စွာဘုရား’

ဦးဘဲဥ၏စကားကြောင့် လှဖုန်းမှာ လန့်သွားဟန်နှင့် ဘုရားကို တ,မိသည်။

ပြီးတော့ သူသည် မျက်နှာငယ်တလေးနှင့် ဦးဘဲဥကို မေးသည်။

‘ဆရာ....ကျနော့ကို ဒုတ်ကောက်ခိုင်းတာ ဘာလုပ်မလို့လဲ....ရိုက်မလို့လား’

‘မဟုတ်ပါဘူး....စေစောတုန်းက ဟိုနားမှာ ငါချော်လဲကျတာ အခု ရပ်မရလို့ ဒုတ်နဲ့ ရပ်ကြည့်မှာမို့ အကောက်ခိုင်းတာပါ....’

‘ဟား ဟား ဟား....သိပါဘူး၊ ကျနော့ကိုများ ဒုတ်နဲ့ရိုက်မလို့ လားလို့၊ အဟီး....’

လှဖုန်းသည် ရယ်ရယ်မောမောနှင့် ပြောယင်း ခတ်လှမ်းလှမ်းတွင် ကျနေသော သစ်သားတုတ်ကဒလေး တချောင်းကို သွားယူပေးသည်။

သည်တော့မှ ဦးဘဲဥသည် ထိုတုတ်ကို အားပြု၍ ထရပ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကိုင်း ကိုင်း.... မင်းကို ငါဆုံးမတော့မယ်၊ နားထောင် မင်းတို့တတွေဟာ အနုပညာသည်ချင်း ဖြစ်နေကြတဲ့အတွက် တဦးအပေါ်မှာတဦး မောင်နှမလိုဘဲ သဘောထားသင့်ကြတယ်၊ အခုလိုလုပ်တာကို ဟောဒီက ကြည်လွင်ပြုံးက မကြိုက်ဖူး၊ဒီတော့ မင်းကလဲ သူမကြိုက်တာတွေ ဆက်မလုပ်နဲ့ပေါ့၊ဒါမှလဲ ငါ့ကား ဟာ အဆင်ပြေပြေနဲ့ ပြီးသွားမှာ၊ နို့မို့ယင် မင်းကြောင့် ပြီးမှာ မဟုတ်ဖူး....ငါပြောတာ ဘယ့်နှယ်လဲ မောင်လှဖုန်း’

‘နားထောင်ရမှာပေါ့ ဆရာရယ်...ဒါပေမယ့် ဆရာ့ကို တခု လောက်တော့ ပြန်မေးချင်ပါတယ်၊ ဒါကို ခွင့်ပြုပါ’

‘မေးပါ.. မေးပါ....မေးနိုင်ပါတယ်၊ ငါသိယင် ဖြေရတာပေါ့’

‘တခြားတော့ မဟုတ်ပါဘူး....ဆရာပြောသလိုသာ ဆိုယင် မင်းသားနဲ့ မင်းသမီးဟာ မယူကြရတော့ဘူးလား၊ အခု ရုပ်ရှင်နယ်ထဲမှာ မင်းသားနဲ့ မင်းသမီး ယူထားကြတာတွေ ပြည့်လို့ ကျနော့ကျမှ ဒီဥပဒေ ပြဋ္ဌာန်းတာကတော့ မတရားပါဘူး ဆရာရယ်၊ နဲနဲလောက် ပြန်ပြင်စမ်းပါအုံး’

‘ဟာ....ဒီပြင် မင်းသားနဲ့ မင်းသမီး ယူကြတာက သူတို့ချင်း တယောက်နဲ့တယောက် ချစ်ကြိုက်ကြလို့ ယူကြတာကိုးကွ၊ အခု ကြည်လွင်ပြုံးက မင်းကိုမှ မကြိုက်တာ၊ ဒါကို မင်းက လျှော့မပေးဘဲ ဇွတ်ဆက်ပြီး ကြံနေယင် ကြည်လွင်ပြုံးဟာ မင်းနဲ့ ဆက်ပြီး ကားကို ရိုက်ပါအုံးမလား၊ ဒါကြောင့် ငါက တားတာပါ ရှင်းပလား’

‘ရှင်းပါဘီဆရာ၊ ကျွန်တော်လဲ နောက်ထပ်ပြီး အခုလိုစာ မပေးတော့ပါဘူး၊ ဒီလိုစာမျိုးရေးရတာ၊ တယ်ပင်ပန်းတာဘဲ



‘အေး....အေး ဒီလိုဆိုလဲ ပြီးတာပါဘဲ၊ ကိုင်း ကြည်လွင်ပြုံး ကြေနပ်ပလား’

ဦးဘဲဥသည် လှဖုန်းကိုပြောယင်းမှ တဆက်တည်း ကြည်လွင်ပြုံးကိုပါ ပြောသည်။

‘ကြေနပ်ပါတယ်၊ ဆရာ’

‘ကြေနပ်တယ်ဆိုယင်၊ ဒို့ရှုတင်စကြစို့၊ စောစောက ကိစ္စတွေ မေ့ထားလိုက်ကြကွာ၊ ဟုတ်ပလား’

ဦးဘဲဥကပြောလျှင် လှဖုန်းနှင့် ကြည်လွင်ပြုံးတို့မှာ ပြိုင်တူ ခေါင်းကို ညိတ်ပြကြသည်။ နာရီဝက် ခန့်အကြာတွင် ရိုက်စရာ ရှိသော အခန်းများကို ဆက်၍ရိုက်နေကြတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( တဆယ် )

## ရင်ဖွင့်လေသူ

ထိုသို့ ဖြစ်ပျက်ကြပြီး နောက်ပိုင်းတွင် လှဖုန်းသည် မရှင်မြသော မျက်နှာကလေးနှင့်သာ နေတော့သည်။ ကြည်လွင်ပြုံးကလည်း လှဖုန်းနှင့် တတ်နိုင်သမျှ ရှောင်၍နေသည်။ ကြည်လွင်ပြုံး၏အဖေနှင့်အမေတို့ကလည်း တလှည့်စီ ဘော်ဒီဂတ် တာဝန်ကို ပြန်လည်၍ထမ်းဆောင်နေကြသည်။

ကားမှာလည်း ရန်ကုန်တွင် တနေ့စာ လောက်သာ ရိုက်ရန်ကျန်တော့သည်။ ကျန်အခန်းများအတွက် တောင်ကြီး ဘက်သို့တက်၍ ရိုက်ကြရမည် ဖြစ်သည်။ တနေ့စာ ကျန်ရှိသော အခန်း၏ဇာတ်လမ်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

---

အခန်းစဉ် ၃၄ (ဂ) ပန်းခြံတွင်း။ (ညခန်း)

---

မင်းသား မောင်မောင်ဖုန်း ချစ်သူကို စိတ်နာလွန်းသဖြင့် အရက်တွေ မူးအောင် သောက်လာပြီး ပန်းခြံတွင်းမှာ ထိုင်၍ သီချင်းကို အော်ဆိုနေ။



မောင်မောင်ဖုန်း။ (အရက်မူးသံနှင့်ဆိုရန်) မြှေဟောက်လို လျှာနှစ်ခွနဲ့ လာသမျှရယ်တဲ့ လက်သင့်ခံ အတောက်ဉာဏ် သဘောတွေနဲ့ ဖေါက်ပြန်စွာ နှောပါလို့ အိုကွဲ့....မုန်းရက်တဲ့ မရွှေပြုံးရေ....မောင့် မှာတော့ မင်းစိတ်ကြောင့် မျက်ရည်တွေနဲ့ ဖုံး....အုံး....အုံး။

မောင်မောင်ဖုန်း၏ အရက်မူးကာ သီချင်း ဆိုသံကြောင့် ကြည်လွင်ပြုံး တိုက်တွင်းမှ ပြေးထွက်လာ။ မောင်မောင်ဖုန်း အရက်တွေ မူးနေသည်ကို မြင်ရလျှင် စိတ်မကောင်းသံနှင့်မေး။

ကြည်လွင်ပြုံး။ ကြည့်စမ်း....ကြည့်စမ်း....အရက်တွေ မူးလာပါကလား၊ ဘုန်းကြီးဝတ်ခဲ့တဲ့လူက အရက်ကို သောက်လာရသလား။

မောင်မောင်ဖုန်း။ (အရက်မူးသံနှင့် ဘုပြန်ပြော) သောက်တယ် သောက်တယ်၊ သောက် ဘာဖြစ်လဲ၊ ဘုန်းကြီးဝတ်ခဲ့တာကတခြား၊ အရက်သောက်တာက တခြား၊ မင်း ဘာမှလာပြီး ပြောမနေနဲ့.... ငါမကြားချင်ဘူး....ဂက်ဒေါက်။

ကြည်လွင်ပြုံး။ (ငိုတော့မည့် ဟန်မျိုးနှင့် ပြော) မောင်... မောင်....ပြုံးကို မုန်းသွားပြီလား၊ မောင်ရယ်၊ ပြုံးက မောင်ကောင်းဘို့ ပြောနေတာပါ။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဖုန်း။ မောင်ကြောင်းဘို ပြောတာဆိုယင် မောင်ကောင်းဆီကို သွားပြော၊ မောင်ဖုန်းဆီကို လာ မပြောနဲ့....၊ မင်းကို ငါ မုန်းတယ်... အိုင်ဟိတ်ယူ....။

ကြည်လွင်ပြုံး။ (ချော့မော့သံကလေးနှင့် ပြန်ပြော) စိတ်ညစ်လိုက်တာ မောင်ရယ်....ပြုံးကို ဘာလို့မုန်းနေတာလဲဟင်....ပြောပါအုံး။

မောင်မောင်ဖုန်း။ (အရက်မူးနေဟန်နှင့် ဒယိမ်းဒယိုင် လုပ်ယင်းပြော) ဘီကော(စ်) အဘယ်ကြောင့် ဆိုသော် တွင်-အသင်....မရွှေပြုံးကလေးသည် အဟံ....ငါတည်းဟူသော ဟိနာယာဝတ္တန်းဝါ...လူပြိန်တော် ကလေးကို မေတ္တာ သက်ဝင် ချစ်ခင်ခြင်းမရှိဘဲ အကောက်ဉာဏ်တွေနဲ့ဖေါက်ပြန်ကာ တယောက်တပါးနဲ့ မှောက်မှားကာ နေတယ် ဆိုတာ ငါ သိလို့ဘဲ... သိပလား....ဒူးယူနိုး။

ကြည်လွင်ပြုံး။ (မင်းသား၏ ကိုယ်ကို ထိန်းပေး ထားယင်းပြော) မဟုတ်ပါဘူး မောင်ရယ်၊ ဒါဟာ မောင် သက်သက် ပြုံးအပေါ်မှာ အထင်လွဲနေတာပါ။ ကဲ လာလာ....မောင် သိတ်မူးနေဘီ၊ ပြုံးဘို့ အိမ်မှာဘဲ အိပ်နော်....မောင်အိမ်ကို ပြန်မနေနဲ့တော့၊



မောင်မောင်ဖုန်း။ (ပြန်လည်ရုန်းကန်ယင်း ပြော) အို နိုးနိုး... မင်းအိမ်မှာ အိပ်လို့မဖြစ်ဖူး....မင့် မိဖတွေက ငါ့ဆိုယင် ကြည်ဖြူကြတာမှ မဟုတ်ဘဲ.... ဒီတော့ ကိုယ်သွားပါရစေ၊ လက်မီဂိုး။

ကြည်လွင်ပြုံး။ (အတင်းပြန်၍ ဆွဲထားပြီးပြော) အို-မသွားရပါဘူး၊ ဒီနေ့ည အိမ်မှာ ဖေဖေရော့ မေမေကော မရှိကြဘူး၊ အင်းစိန်ဖက်သွားနေကြတယ်၊ ဒီတော့ ပြုံးတို့အိမ်မှာဘဲ အိပ်ပါ။

ထိုသို့ပြောပြီး ကြည်လွင်ပြုံးက မောင်မောင်ဖုန်းကို တိုက်တွင်းသို့ ဆွဲခေါ်သွား...၊ မောင်မောင်ဖုန်း ရုန်းယင်း ကန်ယင်းနှင့် တိုက်တွင်းသို့ ပါသွား။

ဖြတ်။

* * *

ဇာတ်လမ်းစဉ်မှာ ထိုမျှသာဖြစ်သည်။ လှဖုန်းအတွက်မှာမူ ထိုဇာတ်လမ်းနှင့် သူ့အဖြစ်ကလေးမှာ ဆင်တူတူရှိသဖြင့် အလွန်ပင် ဝမ်းသာနေသည်။

သို့ဖြစ်၍ ထိုဇာတ်လမ်းကို ရုပ်ရှင် မရိုက်ကူးမီ ရီဟာဇယ် (အစမ်း)လုပ်လျှင်တော့ လှဖုန်းမှာ ကြည်လွင်ပြုံးကို စိတ်နာနာနှင့် အာရုံ တိုက်ကာ ဇာတ်ညွှန်းထဲတွင် မပါသော သီချင်းများကိုပါ အောက်ပါအတိုင်း လည့်ကာ ဆိုတော့သည်။

'မြွေဟောက်လို့ လျှာနှစ်ခွနဲ့ သာသာမျှရယ်တဲ့ လက်ဆင့်ခံ... အကောက်ဉာဏ်သတောတွေနဲ့ ဖေါက်ပြန်မှာ စနေပါလို့ အိုကွဲ-

www.burmeseclassic.com

www.burmeseclassic.com



မုန်းရက်တဲ့ မရွှေပြုံးရေ....မောင့်မှာတော့ မင့်စိတ်ကြောင့် မျက်ရည်တွေဖုံး....မင်းကတော့ ငါ့အပေါ်မှာ မေတ္တာတွေတုန်း— ဟုန်း ဟုန်း....'

လှဖုန်းသည် ဇာတ်ညွှန်းထဲတွင် မပါသော သီချင်းအပိုတွေကိုပါ ဆိုပြလိုက်သဖြင့် ဦးဘဲဥမှာ ကြည့်နေရာမှ မျက်လုံးကြီးပြူးသွားတော့သည်။ သို့သော် ဟန်မပျက် ထိုင်ကြည့်နေသည်။

ကြည်လွင်ပြုံးကတော့ လှဖုန်း၏ အပိုတွေသုံးကာ ဆိုနေမှုကို ကြားလိုက်ရလျှင် နှုတ်ခမ်းကြီးကို ထော်ပြလိုက်သည်။လှဖုန်း၏ သီချင်းသံ အဆုံးတွင် ဇာတ်ညွှန်းထဲကအတိုင်း တိုက်တွင်းမှနေ၍ လှဖုန်းဆီသို့ ပြေးထွက်လာသည်။

ပြီးတော့ ဇာတ်ညွှန်းထဲတွင်ပါသည့်အတိုင်း လှဖုန်းကို ပြောသည်။

'ကြည့်စမ်း....ကြည့်စမ်း– အရက်တွေမူးလာလို့ပါကလား....ဘုန်းကြီး ဝတ်ခဲ့တဲ့လူက အရက်ကို သောက်ရသလား ဟင်'

ထိုအခါတွင် လှဖုန်းမှာ ဇာတ်ညွှန်းထဲတွင် လုံးဝမပါသော စကားများကို ပြောနေတော့သည်။

'သမက်ညာခင်ရယ်....လူကိုအမှုမရှာချင်ပါနဲ့၊ကျုပ်ဟာမူးလို့ ပြောနေတာ မဟုတ်ဖူး၊ မင်းတို့ မိန်းမတွေဟာ မြွေဟောက်လို လျှာနှစ်ခွနဲ့ ဟောသလို....ဟောသလို'

လှဖုန်းသည် ပါးစပ်ကလည်းပြော၊လက်ကလည်း မြွေဟောက်၏ ပုံသဏ္ဌာန်မျိုး လုပ်ပြနေရာ၊ ကြည်လွင်ပြုံးမှာ လက်နှစ်ဖက်ခါးထောက်ယင်း မျက်လုံးကြီး ပြူးကာ ကြည့်နေတော့သည်။ (ကျွဲဝတ္ထု မျက်နှာဖုံးမှ ပုံကို ရှုပါ၊ ချစ်စွာသော စာဖတ်သူ)



လှဖုန်းသည် လက်ကို မြွေဟောက်သဏ္ဌာန် လုပ်ပြနေပြီး ဆက်ပြောပြန်သည်။

'ဟောသလို ဟောသလို....လုပ်ပြီး....ယောကျ်ားတွေကို လှည့်စားတာ ကောင်းသလား၊ ကျုပ်ကတော့ ချစ်လွန်းလို့ အရှက်ကိုသောဘဲနဲ့ မေတ္တာစာကို ပါးခဲ့ရတယ်၊ ဒါကို ကောင်းဘီ....ကောက်ရက်နဲ့၊ ယူသွားပြီး... မင်းဟာ တခြားလူကို သွားတိုင်တာ ကောင်းသလားကွယ်၊ ဒီလောက်ဘဲ စိမ်းရသလား၊ မှန်နံပင်ကြီးသို့မဟုတ် မစိမ်းပင်ကြီးရယ်'

ကျွဲသို့ ဇာတ်ညွှန်းထဲ မပါသော စကားများကို လှဖုန်းက လျှောက်ပြောနေသဖြင့် ဒါရိုက်တာ ဦးဘဲဥမှာ လှဖုန်းပြောနေသော စကားများကို ဇာတ်ညွှန်းထဲတွင် ပါသည်ဟု ထင်ယောင်ထင်မှား ဖြစ်ကာ သူ၏ ပေါင်ပေါ်တွင် တင်ကာ ထားသော ဇာတ်ညွှန်းစာအုပ်ကြီးကိုဖွင့်၍ ထိုအခန်းကို ဖတ်ကြည့်နေသည်။

'ဟယ် ...ဒီကောင်အခုပြောနေတဲ့စကားတွေ ဇာတ်ညွှန်းထဲမှာဘဲ မပါပါကလား၊ ဘာတွေအရူးထပြီး ပြောနေတယ်မသိဘူး....နဲ့တော့ ဖြစ်ကြတော့မှာဘဲ'

ဦးဘဲဥသည် တိုးတိုးကလေး ရေရွတ်ယင်း ဇာတ်ညွှန်းစာအုပ်ကြီးကို အမြန်ပြန်ပိတ်ကာ လှဖုန်းဆီသို့ လှမ်းအော်၍ ပြောသည်။

'ဟေ့ ဟေ့ မောင်လှဖုန်း....မင်းပြောတာတွေ မှားနေတယ်' ဦးဘဲဥက လှမ်းအော်၍ ပြောသည်။

'မမှားပါဘူးဆရာ....ကျနော်ပြောတာတွေဟာ အမှန်တွေပါ'

'မြတ်စွာဘုရားကြီး....ကယ်မတော်မူပါ'

www.burmeseclassic.com

www.burmeseclassic.com



လှဖုန်း၏ ပြန်ပြောသံကို ကြားရလျှင် ဦးဘဲဥမှာ အထက် အတိုင်းရေရွတ်ကာ ပါးစပ်ကြီးအပြူးသားနှင့် အဲ ဟုတ်ပါဘူး အဟောင်းသားနှင့် ဖြစ်နေတော့သည်။ အခြား ရုပ်ရှင် သမ များနှင့် ပွဲကြည့်ပရိသတ်တို့မှာတော့ ဟားတိုက်ကာ ရယ်နေ သည်။

'မဟုတ်သေးပါဘူး မောင်လှဖုန်းရ၊ မင်းပြော တာတွေဟ ဇာတ်ညွှန်းထဲမှာ မပါဘူးလေ၊ ဘာတွေရှောက်ပြောနေရ လဲလို့'

'ကျနော့်ရင်ထဲမှာ ခံစားရသမျှတွေကို ချန်မထားဘဲ အ နေတာလေ'

လှဖုန်း၏ ပြန်ပြောသံအဆုံးတွင် ဦးဘဲဥမှာ သူ၏ ခေါင်း ထုကာ ငိုချင်သံကြီးနှင့် ပြန်ပြောသည်။

'သေလိုက်ပါတော့ မောင်လှဖုန်းရာ ဒီနေရာဟာ ရင်ဖွင့် မယ့် နေရာမဟုတ်ဘူးဟ....ရုပ်ရှင်ရိုက်နေတဲ့ နေရာပါ၊ ရင် ချင်ယင် နောက်မှဖွင့်ပါ ငါ့တူရာ၊ ငါတော့ သေချင် ပါတ အဟုတ်ပါဘဲ၊ မိုးကြိုးရေ ...ပစ်လိုက်....ဟော ဟော ....ဟော ကော နှင့်ကို ပြောတာမဟုတ်ဘူး၊ မိုးပေါ်က မိုးကြိုးကို ပြောတာ မမမပစ်လိုက်ပါနဲ့နော်...ချောက်ရေးထဲ မင်းကလဲ တမှောင့် ငါ့ဆဲလိုက်ရယင်တော့ မကောင်းဘူး'

ဦးဘဲဥမှာ စိတ်ညစ်ညစ်နှင့်မိုးကြိုးကိုအပစ်ခိုင်းနေစဉ်က သမားမိုးကြိုးက ပစ်ရန်ပြင်သည်ကို မြင်သဖြင့် ကမန်းကတ လှမ်းအော်ကာ တားလိုက်ရသည်။



မိုးကြိုးမှာ သူ့ဆရာဦးဘဲဥ၏အဖြစ်ကိုကြည့်၍ တဟားဟားနှင့် အော်ရယ်နေသည်၊ အခြားလူများမှာလည်း ရယ်နေကြသည်။

ကြည်လွင်ပြုံးကတော့ လှဖုန်းကို ခါးထောက်၍ ကြည့်နေ လျက်ပင်။

လှဖုန်းကတော့ ကြည်လွင်ပြုံးကို မကြည့်ဘဲ ခတ်ငိုင်ငိုင် ကလေးလုပ်နေသည်။ ဦးဘဲဥသည် လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ ကို တယောက်စီလိုက်ကြည့်ပြီးနောက် လှဖုန်းကို ပြောသည်။

'ဒီမှာမောင်လှဖုန်း.. ရုပ်ရှင်ရိုက်တဲ့အခါမှာ ကိုယ့် ကိုယ်ရေး ကိုယ်တာ ကိစ္စတွေကိုခဏလောက် ဘေးချိတ်ထားတာအကောင်း ဆုံးဘဲ၊ မင်းရင်ထဲမှာ ဘယ်လိုခံစားရလို့ အခုလို ထုတ်အန်ပြတယ် ဆိုတာကိုလဲ ငါနားလည်ပါတယ်၊ ဒါပေမယ့် ဒီအချိန်ဟာ အဲဒါ တွေပြရမယ့် အချိန်မဟုတ်ဘူး၊မင်းရဲ့အနုပညာစွမ်းရည်ကို ရုပ်ရှင် ကြည့်ပရိသတ် မျက်စိထဲမှာရော... စိတ်ထဲမှာပါ စွဲသွားအောင် သရုပ်ဆောင်ပြရမယ့်အချိန်ကွ၊ ဒီတော့ ဇာတ်ညွှန်းထဲ မပါတာ တွေမပြောပါနဲ့၊ပါတာတွေဘဲ ပြောပါနို့မို့ မင်းတို့ချင်းစကား များကြလို့ ကားမရိုက်ရဘဲ နေပါအုံးမယ်၊ ဒီတနေ့စာဘဲ၊ရန်ကုန် မှာ ရိုက်ဖို့ရက်ကျန်တော့တာ သဘက်ခါဆိုယင် တောင်ကြီးဖက် တက်ပီး ရိုက်ရတော့မယ်ဆိုတာ မင်းလဲအသိသားဘဲ၊ ဒါကြောင့် ကောင်းကောင်းကလေး ရိုက်စမ်းပါကွာ....ဟုတ်ပလား'

ဦးဘဲဥက ပြောနေလျှင် လှဖုန်းက ခေါင်းကို ညိတ်ပြသည်။

'အေး....မင်းကို ကျေးဇူးတင်ပါတယ်ကွာ၊ တူမကြီးရောလဲ... သူပြောတာတွေကို အားသာတ, ထားမနေနဲ့၊ ကိုယ်လုပ်ရမယ့် အခန်းကိုသာ နိုင်ငံကျော် မင်းသမီးပီပီ သရုပ်ဆောင် သွားပေ တော့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ဆရာ....ပြုံးဖက်ကတော့ စိတ်ချပါ'

'ကောင်းဘီ....ဒီလိုဆိုယင် စောစောကလို ရီဟာဇယ်(အစမ်း) ပြန်လုပ်ကြ၊ ဟန်ကျယင် ကားကိုရိုက်တော့မယ်....ကဲ ရယ်ဒီ'

ဦးဘဲဥသည် လှဖုန်းနှင့် ကြည်လွင်ပြုံးကို ပြောပြီးနောက် သူ၏နေရာသို့ ပြန်ထိုင်နေသည်။

လှဖုန်းလည်း ဤအကြိမ်တွင်တော့ ဇာတ်ညွှန်းထဲမှာ ပါရှိသော စကားများကိုသာ ပြော၍ သရုပ်ဆောင် နေတော့သည်။

ရီဟာဇယ်(အစမ်း)တကြိမ် လုပ်၍ အပြီးတွင်တော့ ရုပ်ရှင်ရိုက်ကူးကြတော့သည်။ ထိုသို့ ရိုက်ကူးရာတွင်လည်း လှဖုန်းမှာ မဖေါက်ပြန်ဘဲ ကောင်းကောင်းမွန်မွန်နှင့် သရုပ်ဆောင်ခဲ့သဖြင့် အဆင်ပြေပြေနှင့် ပြီးဆုံးကာ သွားကြတော့သည်။ ဦးဘဲဥမှာ ရုပ်ရှင်ရိုက်၍ အပြီးတွင် လှဖုန်းကိုရော ကြည်လွင်ပြုံး ကိုပါ သဘောကျ ကျေနပ်သွားဟန်နှင့် လက်ဆွဲနှုတ်ဆက်ကာ သူတို့၏ သရုပ်ဆောင်မှုတွေကို ချီးမွမ်းကာနေသည်။

'ကောင်းတယ်ဟေ့... မင်းတို့နှစ်ယောက်စလုံး ဒီအခန်းကို သရုပ်ဆောင်ကြတာ သိတ်ကောင်းတာဘဲ၊ ကွန်ဂရက်ကျူလေးရှင်းဘဲဟေ့....သဘက်ခါကျယင် တောင်ကြီးကို သွားကြရမယ်နော်၊ ဒီမှာတော့ အခန်းတွေပြီးသွားပါဘီ၊ ဒါကြောင့် မင်းတို့ယူကြရမယ့် ပစ္စည်းတွေကို အိမ်ပြန်ရောက်ကြယင် အသင့်လုပ်ထားကြကွ၊ ငါပြောချင်တာကတော့ ဒါပါဘဲကွာ'

ဦးဘဲဥ၏ စကားအဆုံးတွင် လှဖုန်းသည် မိုးကြိုးမောင်းနှင်သော ဂျစ်ကားကလေးနှင့် သူနေထိုင်ရာ တောင်ဥက္ကလာပအိမ်သို့ ပြန်လာခဲ့သည်။

* * *

(တဆယ့်တစ်)

## ယုံရခက်ကြီး

တောင်ကြီးသို့တက်၍ ရုပ်ရှင် ရိုက်ကူးကြရာတွင် လှဖုန်းမှာ ကွန်းသစ်စ' ရုပ်ရှင်ထုတ်လုပ်ရေး အဖွဲ့သားများနှင့် အတူ မီးရထားဖြင့် သွားရသော်လည်း ကြည်လွင်ပြုံးကတော့ နာမည်ကြီးမင်းသမီးမို့ လှဖုန်းတို့နှင့် အတူမလိုက်ပါဘဲ လေယာဉ်နှင့် ပျံသန်းသွားသည်။

ထိုသို့ လေယာဉ်နှင့် သွားရာဝယ် ကုန်ကျစရိတ်ကို ရုပ်ရှင်ကုမ္ပဏီမှ ကျခံရသည်။

တောင်ကြီးတွင် ရုပ်ရှင်ရိုက်ပြီး၍ ရန်ကုန်သို့ပြန်မည့်ရက်တွင်တော့ ရုပ်ရှင် ဝါသနာအိုးတို့အတွက် သတင်းထူး သတင်းဆန်းမှာ မမြှော်လင့်ဘဲ ပေါ်ပေါက်ကာလာကြသည်။

ထိုသတင်းမှာ အခြားမဟုတ်ပေ၊ 'ဘုန်းကြီးဝတ်တော့မယ်' ရုပ်ရှင်ကား တောင်ကြီးမြို့တွင် လာရောက်ရိုက်ကူး၍အပြီးတွင်

www.burmeseclassic.com

www.burmeseclassic.com



မင်းသား မမောင်မောင်ဖုန်း နှင့် မင်းသမီး ကြည်လွင်ပြုံးတို့မှာ ချတ်တရက် ပျောက်ဆုံးကာ သွားကြသောကြောင့်ပင် ...။

ထို့ဖြစ်၍ ထွန်းသစ်စ ရုပ်ရှင်အဖွဲ့သားများမှာ တောင်ကြီးမြို့ အနှံ့ လိုက်လံ၍ ရှာဖွေကြသည်။ ကြည်လွင်ပြုံးနှင့်အတူ [illegible] ဒိုင်ဂတ်အဖြစ်ဖြင့် လိုက်ပါလာကြသော မိဖနှစ်ပါးမှာတော့ [illegible] တတ်စည့်တီး ငိုကြီးချက်မတွေ ဖြစ်ကုန်ကြသည်။

'အမယ်လေးတော် ... ကျုပ်သမီးကလေးတော့ ရေတိမ် [illegible] နစ်ရပါဘီထင်ပါရဲ့ ဆရာဘဲဥရယ် အစ် အစ် အီး....'

မိခင်ဖြစ်သူ ဒေါ်ခင်ငြိမ်းမှာ ပျောက်ဆုံးသွားသော သ[illegible] အတွက် ဦးဘဲဥကို ငိုယို၍ပြောသည်။

ဦးမြအုန်းကတော့ အန်တကြိတ်ကြိတ်၊ လက်သီး တဘား [illegible] တန်းနှင့်လုပ်ကာ ဤသို့ ကြိမ်းမောင်းကာနေသည်။

'မခံနိုင်ဘူး... မခံနိုင်ဘူး.... ဒီလိုလုပ်တာ ကျုပ်နဲနဲကလေး[illegible] မခံနိုင်ဘူး၊ ဒါဟာ စီးပွားရေးသမားတွေရဲ့ သပ်ကြံချက်[illegible] ကျုပ်သမီးဟာ နိုင်ငံကျော်လဲဖြစ်၊ ငွေကလဲ သောင်းနဲ့ချီ[illegible] ဝင်နေတာကိုသိလို့ သက်သက် အပိုင်စီးသွားကြတာ၊ ဒီကော[illegible] ဟာ....ယောကျ်ားပိုင်လုံးဗျ ပိုင်လုံး၊ ကျုပ်ကတော့ ဒီလိုကော[illegible] မျိုးနဲ့ ဘယ်နည်းနဲ့မှ သဘောမတူဘူး....သားတဖြာရပေစေ [illegible] ကွဲအောင်ကို လိုက်ခွဲပြမယ် သိလား'

ဦးမြအုန်းက ဒေါသတကြီး နှင့် ကြိမ်းမောင်းကာနေ[illegible] ကြောင့် ဦးဘဲဥက ချော့မော့ရသည်။

'ဦးမြအုန်းကလဲဗျာ....ဒေါချည်းဘဲ ဒေါသရှေ့မထားပ[illegible] ဗျာ....



'ဒေါသ ရှေ့မထားချင်ပေမယ့် ခင်ဗျားကောင်က ကျုပ် ဒေါသကို ရှေ့ရောက်အောင် နောက်က တွန်းပို့လိုက်တာကိုးဗျ တောက်'

'ဒီလိုလဲ မဟုတ်ဖူးလေ....ကိစ္စက ဖြစ်ပြီးနေမှတော့ တရားနဲ့ ဖြေမှပေါ့ဗျာ'

'ဗျာ....တရားနဲ့ဖြေရအောင် ကျုပ်သမီးက သေသွားတာမှ မဟုတ်တာ....'

'အေးလေ... သေသွားတာမဟုတ်ပေမယ့် သူသဘောကျတဲ့ လူနောက် လိုက်သွားတာဘိမဟုတ်လား၊ ကိုယ်ဖြစ်စေချင်တာ မဖြစ် ရတဲ့ လောကကြီးမို့ တရားနဲ့ဖြေဘို့ ပြောတာပါ ဦးမြအုန်းရဲ့'

'ဟာဗျာ... မဖြေနိုင်ဘူး၊ အခုလိုပြောနေတာဟာ ဆရာဘဲဥ စကားကို မလေးစားလို့ မဟုတ်ပါဘူး၊ လေးစားပေမယ့်လဲ ဒီ အကောင် ခွေးကျင်ခွေးကြံ ကြံသွားပုံကို ခံပြင်းလွန်းလို့ပါဗျာ ခံပြင်းလွန်းလို့....'

'ကိုင်း ကိုင်း....ခံပြင်းနေယင်လဲ ဒီကိစ္စကို ဦးမြအုန်းက ဘယ် လိုလုပ်ချင်သလဲပြောဗျာ၊ ကျနော်ကတော့ ဦးမြအုန်းတို့သဘော ကျသလို လုပ်ဆောင်ပေးပါမယ်'

'ကျုပ်ကတော့ ဒင်းတို့ကို မတွေ့တွေ့အောင်လိုက်ရှာပြီး တော ဘာနဲ့ မင်းသားစုတ်... ဘုန်းကြီးလူထွက်ကို ဓါးနဲ့ ခုတ်သတ်ပစ် ချင်တာဘဲ....'

'အာ အာ....ဒီလိုတော့ သွားမလုပ်နဲ့လေ၊ တော်ကြာ....ဦး မြအုန်းဟာ တရားလိုဘဝကနေ တရားခံ ဖြစ်နေပါအုံးမယ်'

'ဖြစ်ပေစေဗျာ.... ကျုပ် ထမင်းအိုးခွဲတဲ့ကောင်ကိုတော့ ဒီလို ဘဲလုပ်ချင်တယ်၊ ခင်ဗျားသိတဲ့အတိုင်းဘဲ.... ကျုပ်ဟာ ဒီသမီး

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးဖြစ်မှ တသက်တာမှာ ဟန်ကျပန်ကျနေနိုင်မှာမို့ သမီးကို မင်းသမီးမဖြစ်ဖြစ်အောင်ကြံပေးပြီး၊ စည်းစိမ်ရှိရှိနဲ့နေခဲ့တာ မဟုတ်လား.... ကျုပ်သမီးသာ လင်ယူသွားယင် သမီးရဲ့ငွေတွေကို ကျုပ်ရအုံးမတဲ့လား၊ ဒါတွေကြောင့် ကျုပ်သမီး လင်ယူမှာကိုမလိုလားတာ၊ မလိုလားလို့လဲ သမီးသွားလေရာကို ကျုပ်တလဲ ကျုပ်မိန်းမတလဲလိုက်ပြီး စောင့်ကြပ်နေတာဗျ၊ ဒီကြားထဲက အခုလိုဖြစ်သွားတော့ ကျုပ်အဖို့ ဘယ်လောက် အခံရခက်နေတယ်ဆိုတာ ခင်ဗျားဘဲ ကိုယ်ချင်း စာကြည့်ပါအုံး ...'

ဦးဘဲဥမှာ ထိုစကားကို ကြားရလျှင် ဦးမြအုန်းကို စိတ်ထဲမှ အတော်ပင် ရွံရှာသွားသည်။

ဘယ်သူသေသေ ငတေမာပြီးရော ဟူသည့် စကားလိုမိမိ ကောင်းစားရေးအတွက် သမီးဖြစ်ချင်း ခေါက်ခေါက် အနာပေါ်တွင် စာနာစိတ်မထားဘဲ ဖက်ဘမ်းဆံဆံ လုပ်ကိုင်နေသော ဦးမြအုန်းကိုကြည့်ယင်း ဒီလိုအဖေမျိုးတွေ ဒို့ရှပ်ရှင်နယ်မှာ ဘယ်နှစ်ဦးများ ရှိနေပါလိမ့်ဟု တွေးတောစဉ်းစားကြည့်နေသည်။

ထိုကဲ့သို့သော ဖခင် မျိုးမှာ လောဘ ရမက်ဇောတွေ တိုက်တွန်းလွန်း အားကြီး လာသဖြင့် မိဖတို့ဝတ္တရားကိုလည်း နားမလည်ကြတော့ပေ။

သမီးတွင် ငွေဝင်ကောင်းနေသမျှ ကာလပတ်လုံး လင်မပေးစားကြဘဲ သူတို့ကသာလျှင် လက်ဝါးကြီးအုပ်ကာရသမျှ သိမ်းကျုံးပြီး စားနေချင်ကြသည်။

ဦးဘဲဥမှာ ထိုသို့တွေးပြီး စိတ်ထဲမှ ဦးမြအုန်းကို ချဉ်နေသော်လည်း လူလိမ္မာ အမျက် အပြင်မထွက် ဟူသော စကားကလေးအတိုင်း အလိုက်အထိုက် မေးရပြန်သည်။



'အေးပါဗျာ....ခင်ဗျားရင်ထဲမှာ ဘယ်လိုဖြစ်ပြီး၊ ခံစားနေရတယ်ဆိုတာ၊ ကျွန်တော် ကိုယ်ချင်းစာမိပါတယ်၊ ဒီတော့ရှာတာလဲရှာပေါ့၊ ကျွန်တော်တို့အနေနဲ့က သူတို့နှစ်ဦး ပျောက်သွားကြတဲ့ကိစ္စကို နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေးသွားကြတယ်ချည့်လို့လဲ မယူဆနိုင်သေးဘူး၊ ဒီတော့ကျွန်တော့မှာ တာဝန်ရှိတဲ့သူ တဦးမို့ ရဲဌာနကို သွားပြီး လူပျောက် တိုင်ချက် ဖွင့်ရ မကောင်းဘူးလား....'

'ဟာ....လူပျောက် တိုင်ချက်မဖွင့်နဲ့ဗျာ....အခုကိစ္စဟာ ကျုပ်သမီးကို ဘုန်းပြေးတာမို့၊ မတရားသွေးဆောင် ဖျားယောင်းမှုအဖြစ်နဲ့ တိုင်ချက်ဖွင့်ချင်တယ်၊ ဟုတ်ပလား'

ဦးမြအုန်းက သူ၏ဆန္ဒကို ပြန်၍ပြောပြသည်။

'ကောင်းဘီလေ၊ ခင်ဗျား ဖွင့်ချင်သလိုဖွင့်ပေါ့၊ ကဲဒီလိုဆို တောင်ကြီးရဲဌာနကို သွားကြစို့'

ဦးဘဲဥက ပြောလျှင် ဦးမြအုန်းသည် သဘော တူဟန်နှင့် ခေါင်းညိတ်ပြသည်။

ထို့နောက်တော့ သူတို့သည် တောင်ကြီး ရဲဌာနသို့ သွား၍ ဖြားယောင်း သွေးဆောင်ကာ ခေါ်သွားမှုဖြင့် အမှုကိုဖွင့်ခိုင်းသည်။

ထိုသတင်းမှာ သတင်းထောက်များ၏ နားသို့ ပေါက်ကြားကာ သွားလျှင်တော့ သတင်းထောက်များမှာ စကုသတင်းအဖြစ် သူတို့၏ သတင်းစာတိုက်ကို ပို့လိုက်ရာမှ လှုဖုန်းနှင့်ကြည်လွင်ပြုံးတို့၏ သတင်းမှာ ဟော်လေးတကျူး ဟိုးလေးတကျော်ဖြစ်ကာ ဓါတ်ပုံများနှင့် တကွ ပါရှိလာကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းကြောင့် ရပ်ရွင်လောကတွင်ရော အပြင်လောကတွင်ပါ အထူးပင် ဂယက်ရိုက်ကာ လူတိုင်း စိတ်ဝင်စားကာ နေကြသည်။

မင်းသားသစ် မောင်မောင်ဖုန်း အနေနှင့်သည်း ထိုသတင်းပါရှိလာမှုကြောင့် ယခင်ကထက် လူသိများကာ ကျော်ကြားသွားသလို ဘုန်းကြီးဝတ်တော့မယ် ဇာတ်ကားကြီးမှာလည်း ယခင်ကထက် ဘွတ်ကင် ပိုမိုကောင်းနေတော့သည်။ နာမည်ကျော်ကြားပြီးသား ကြည်လွင်ပြုံးအနေနှင့်မူ အထူး ပြောစရာမလိုတော့ပေ။

သို့သော် ရဲဖက်ဆိုင်ရာ အနေနှင့်တော့ လူခိုးမှုနှင့် အတိုင်ခံထားရသဖြင့် လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ကို လိုက်လံ၍ စုံစမ်းပေးနေရသည်။

သို့ဖြစ်၍ လှဖုန်းနှင့် အဆက်အသွယ် ကောင်းသူများကို ရဲကြပ်ကြီးမြသွင်က လိုက်လံ၍ စုံစမ်းရာမှ လှဖုန်း နေထိုင်သော တောင်ဥက္ကလာပ (၉)ရပ်ကွက်မှ ကျော်သူလမ်းသွယ် (၁၀) လမ်းတွင်ရှိ ကိုကြည်၏အိမ်သို့ လည်ကောင်း စာရေးဆရာ ရွှေဂုန်တိုင်ကျော်မြင့် နေထိုင်သော ငါးထပ်ကြီး ဝက်ပါလမ်းအိမ်သို့ လည်ကောင်း ရောက်ရှိလာသည်။

သို့သော် ကိုကြည်နှင့် ကိုကျော်မြင့်တို့မှာ အိမ်တွင်ရှိကြသည် မဟုတ်ဘဲ ရန်ကုန်မြို့ထဲရှိ ၃၃-လမ်းမှ တော်သစ္စာ ပုံနှိပ်တိုက်တွင် ရှိနေကြသဖြင့် ထိုတိုက်သို့ ရဲကြပ်ကြီး မြသွင်မှာ စုံစမ်းရန်လိုက်လာရသည်။

'ကိုကြည်နဲ့ ကိုကျော်မြင့်တို့ ရှိကြသလားဗျ'



တော်သစ္စာ ပုံနှိပ်တိုက်သို့ အရောက်တွင် ရဲကြပ်ကြီး မြသွင်ကမေးသည်။

သူ ထိုသို့မေးနေစဉ် ကိုကြည်မှာ အပြင်သို့ သွားနေရာမှ ပြန်ရောက်လာသည်။

'ဘာကိစ္စရှိလို့လဲဗျ'

ရဲကြပ်ကြီးမြသွင်ကို တွေ့ရလျှင် ကိုကြည်က လှမ်းမေးသည်။

'ကျုပ် ကိုကြည်နဲ့ ကိုကျော်မြင့်ကို တွေ့ချင်လို့'

'ကိုကျော်မြင့်တော့ မရှိဘူး အပြင်သွားနေတယ်၊ ကိုကြည်ဆိုတာတော့ ကျုပ်ဘဲ'

'ခင်ဗျား အခု ဘယ်က ပြန်လာတာလဲ....'

မြသွင်က ဆက်၍ မေးပြန်သည်။

'ကျုပ်လား.... သုံးဆယ့်နှစ်လမ်းတိုက်က ပြန်လာတာ....'

'အဲဒီတိုက်ကို ဘာသွားလုပ်တာလဲ....'

'ကြက်မ သွားရှာတာပါ....'

'ဗျာ....'

ကိုကြည်၏စကားကိုကြားရလျှင် ရဲကြပ်ကြီး မြသွင်နှုတ်မှ အာမေဋိတ်သံကြီးမှာ ပေါ်ထွက်လာသည်။ ပြီးတော့ သူသည် ကိုကြည်၏ မျက်နှာကို လှမ်းကြည့်ပြီး ဆက်မေးပြန်သည်။

'နေစမ်းပါအုံး....ဒီအရွယ်ကြီး ရောက်နေတာတောင် ကြက်မ ရှာတာ ဝါသနာ ပါတုန်းဘဲလား၊ ကိုယ့်ခေါင်းမှာ ပေါက်နေတဲ့ ကြာဇံဖတ်တွေကိုလဲ အားနာပါအုံး....'

ရဲကြပ်ကြီး၏ စကားကို ကြားရလျှင် ကိုကြည်မှာ မျက်လုံးပြူးသွားတော့သည်။

'ဟာ .. ခင်ဗျား ဘာတွေ လာပြောနေတာလဲ...'

www.burmeseclassic.com

www.burmeseclassic.com



'ကြက်မ ရှာသွားတယ်ဆိုလို့ ပြောနေတာပေါ့.... မဟုတ်ဘူး လား....'

'ဟုတ်တယ်လေ.... ကြက်မ သွားရှာနေတာဘဲ....'

'အေးလေ.... ကျုပ်ကလဲ ဒါကို ပြောနေတဲ့ဟာ....'

'ခင်ဗျားပြောတဲ့ ကြက်မနဲ့ ကျုပ်ပြောတဲ့— ကြက်မဟာ ဟိုမိုနင်(မ်)ဖြစ်နေတယ်'

'ဘာလဲဗျ... ဟိုမိုနင်(မ်)ဆိုတာ....ဗမာလို ပြောစမ်းပါ'

'သံတူကြောင်းကွဲ ဖြစ်နေတယ်လို့ ပြောတာပါ၊ ကျုပ်ကြက် ရှာတယ်ဆိုတာက ခင်ဗျားထင်နေသလို မဟုတ်ပါဘူး၊ ကျုပ် အိမ်မှာ မွေးထားတဲ့ ကြက်ဖကြီးအတွက် ကြက်မပါဗျာ.... ရှင်း ပလား....'

'ခင်ဗျား ဒီစကားဟာ အမှန်ပြောနေတာလား၊ ဖြီးနေ တာလား....'

ကျုပ် ဖြီးနေတယ်ထင်ယင် အဲဒီသုံးဆယ့်နှစ်လမ်းက အမိနာ ဘီဘီရဲ့ တိုက်ကို သွားမေးပေါ့ဗျာ....'

'မေးသင့်ယင် မေးရမှာဘဲ ကိုယ့်လူ၊ ခင်ဗျားပြောတဲ့စကား တွေဟာ ယုတ္တိကင်းနေတယ်၊ ဘယ့်နှယ်ဗျာ ... ကြက်မရှာတာ ကြက်ခြံတွေထဲတော့ သွားမရှာဘူး၊ ရန်ကုန်ထဲက တိုက်မှာ ရှာ တယ်လို့ဘဲ....'

ရဲကြပ်ကြီး မြသွင်က မသက်သာသံနှင့် ပြောနေသည်။

'ဒါက ဒီလိုလေဗျာ.... အဲဒီတိုက်မှာ နေတဲ့ အမိနာဘီဘီရဲ့ ယောကျ်ား ကိုအီဗရာဟင်လင်ကွန်း၊ မာမက်နာဆာ၊ သီဟာနု နှစ်ကာဆင်၊ ကာရူရွှေ၊ မော်စီတုံး၊ ယာယာခန်....'



'မြတ်စွာဘုရား ခင်ဗျားလူ့ရှိနမယ်ကာ၊ ရှည်လှချည်လား၊ ဆုံး အုံးမှာလားဗျ'

'ဆုံးပါတော့မယ်ဗျာ၊ နောက်ထပ် တထွာလောက်ဘဲ၊ လို ပါတော့တယ်'

'ဗုဒ္ဓော....တထွာလောက်သာ ဆက်ပြောနေယင်၊ ကမ္ဘာ့ပေါ် မှာရှိသမျှ ခေါင်းဆောင်ကြီးတွေရဲ့ နာမယ်ဒတာ ကုန်တော့မှာ ဘဲ၊ တော်ပါတော့ဗျာ၊ ရှိခိုးပါရဲ့'

ရဲကြပ်ကြီး မြသွင်မှာ စိတ်ညစ်လာဟန်နှင့် ကိုကြည်ကို တောင်းပန်နေသည်။

'ခင်ဗျားမယုံဘူးဆိုလို့ ကျုပ်က ပြောနေရတဲ့ဟာ'

'ပြောလဲ တိုတိုပြောမှပေါ့၊ ခင်ဗျားက အရပ်ပုသလောက် တော်တော်ရှည်တဲ့လူ၊ ဒါဟာ ဘာမှမဟုတ်ဖူး၊ ကျုပ်ကို မျက်စိ လည်အောင် ဉာဏ်နဲ့လုပ်နေတာ မဟုတ်လား၊ ခင်ဗျားထက်ပါး သို့ ရဲကြပ်လုပ်နေတာ၊ သိလား'

'ခင်ဗျား နှယ်ဗျာ၊ မေးလို့လဲ ဖြေရတာ အကောင်း ဖြေရသေး တယ်....'

'ခင်ဗျား ဖြေတာတွေက၊ ကောင်းကောင်းမှ မဟုတ်ဘဲ၊ ကဲ ပါ၊ ကျုပ် အခုလာတာ အလာကား လာတယ်မျှား၊ မှတ်နေ သလား....'

'အလကား မလာလို့ ပိုက်ဆံ လာတောင်းတာလား၊ ဒီလိုဆို ကန်တော့ပါသေးရဲ့'

ကိုကြည်၏စကားကြောင့် ရဲကြပ်ကြီးမြသွင်မှာ ကန့်ကနဲဖြစ် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မသေတော့မှာဘဲ၊ ဒီလူဟာ အူကြောင်ကြောင်နဲ့၊ ကျုပ်ကို များ သူတောင်းစား မှတ်နေသလားမသိဘူး၊ ကျုပ်အခုလာတာ ဟာ၊ ပိုက်ဆံလာတောင်းနေတာ မဟုတ်ဖူးဗျ၊ အမှုစစ်ဘို့ လာနေ တယ်....'

'ဗျာ....ဘာအမှုလဲ၊ ကျုပ်တို့မှာ ဘာအမှုမှ စစ်စရာမလိုဘူး'

'လိုတာပေါ့ဗျ၊ ခင်ဗျားနဲ့ မင်းသားသစ်၊ မောင်မောင်ဖုန်း ဟာ သိပ်ခင်ကြတယ်မဟုတ်လား၊ ပီးတော့ ခင်ဗျားအိမ်မှာလဲ နေသွားတယ်ဆို၊ဒီတော့မောင်မောင်ဖုန်း မိန်းမခိုးပြေးတဲ့ကိစ္စမှာ ခင်ဗျားသိရမှာပေါ့'

'မဆိုင်လိုက်တာဗျာ၊ ကျုပ်ကသိရအောင် ဒီပွဲစကွဲ့ရနေတဲ့ လူမှမဟုတ်ဘဲ၊ ကျုပ်နဲ့လဲ ဘာမှမဆိုင်ဘူး၊ ရှင်းပလား'

'ဟာ....ခင်ဗျား ဒီလိုလွယ်လွယ်ကူကူ ငြင်းနေလို့ မဖြစ်ဘူး လေ....'

'ဒီလိုဆိုယင်လဲ ဥပဒေအတိုင်း အရေးယူဗျာ၊ ကျုပ်ကတော့ ဝါးလုံးကို ဝါးလုံးလို့ ပြောနေတာဘဲ၊ ဝါးခြမ်းကြီးပါလို့ လိမ် ပြောနေတာမှ မဟုတ်တာ'

'စိတ်မဆိုးပါနဲ့ဗျာ၊ ကျနော်တို့ဏလဲ ဝတ္တရားအတိုင်း အခုလို လာပီး စုံစမ်းရတာပါ....'

သူတို့ပြောနေကြစဉ် စာရေးဆရာ ရွှေဂုံတိုင် ကျော်မြင့်မှာ ဆောင်းမစွသော စာအုပ်ကိုထုတ်မိ၍ ခွက်ခွက်လန်အောင် ရှုံးနေ သော ထုတ်ဝေသူ၏မျက်နှာမျိုးနှင့် ရောက်လာသည်။

'ဟောဟိုမှာ ကိုကျော်မြင့် ပြန်လာပီ....'

ကိုကျော်မြင့် ရောက်လာလျှင် ကိုကြည်က ရဲကြောင်ကြီး မြသွင် ကိုပြောသည်။



'ဟုတ်ပီ....အဲဒီ မောင်မောင်ဖုန်း အခု ဘာ ဖြစ် နေလဲ သိ သလား'

'ရုပ်ရှင် မင်းသားဖြစ်နေတယ်လေဗျာ'

'သေလိုက်ပါတော့ဗျာ'

ရဲကြပ်ကြီးမြသွင်မှာ သူလိုချင်သော အဖြေမရဘဲ၊ တလွဲရ သွားသဖြင့် သူ့နဖူးကို သူပြန်ရိုက်ယင်း ညည်းညူနေသည်။

'မသေနိုင်ပါဘူးဗျာ....ကျုပ်မှာက မိန်းမနဲ့ ကလေးတွေနဲ့.... ဟောဒီက ကိုကြည်သာ သေမယ်ဆို သေပျော်ပါပီ ဟဲ ဟဲ ဟဲ'

ကိုကျော်မြင့်၏ စကားကြောင့် အနီးတွင် ကွမ်းကလေးကို တမြုံ့မြုံ့ ဝါးယင်း ကြည့်နေသော ကိုကြည်မှာ တွန့်ကနဲ ဖြစ် သွားသည်။

ရဲကြပ်ကြီး မြသွင်ကတော့ ကိုကျော်မြင့်ကို ဗိုတ်ပျက် ဟန်နှင့် ကြည့်ကာပြောသည်။

'မနေ ကပါနဲ့ဗျာ ကောင်းကောင်းဖြေစမ်းပါ'

'မနောက်ပါဘူးလေ.... ကောင်းကောင်း ဖြေနေတဲ့ဟာ....ကဲ ဘာမေးအုံးမလဲ'

'အာ....မေးစရာတွေ အများကြီးရှိသေးတယ်'

'ဒီလိုဆို မြန်မြန်မေးဗျာ၊ ကျုပ် မခင်မြိုင်ဆီ သွားပီး တနှစ် ကျော်လောက်က ချေးထားတဲ့ စက္ကူထုတ်လေးထုတ်ပြန်တောင်း စရာရှိသေးတယ်'

'မအားဗျာ....ကျနော်မေးတာ ဖြေပီးသွားပေါ့၊ ဒီတော့.... ဖြေစမ်းပါ၊ မင်းသား မောင်မောင်ဖုန်း ဘယ်မှာလဲဆိုတာ'

'ရွှမ်းပြည်ဖက် ရုပ်ရှင်ရိုက်ဘို့ ထွက်သွားတယ်လေဗျာ'

'ဒါတော့ သိသားပေါ့ဗျ'

www.burmeseclassic.com

www.burmeseclassic.com



'သိရဲ့သားနဲ့များ မေးနေရသလား'

'မေးရမှာပေါ့၊ အခုအဲဒီမင်းသားက မင်းသမီး ကြည်လွင်ပြုံး ကို ခိုးပြေးသွားတယ်လေ'

'အို...ဒါကတော့ သူတို့ချင်း ချစ်ကြိုက်ကြလို့ လိုက်ပြေးသွားကြတာ ဘာဖြစ်လဲ၊ အသက်တွေလဲ စေ့နေကြတဲ့ဟာ'

'ဒါကတော့ ခင်ဗျားတို့လို အမြင်လူတွေရဲ့ အမြင်ကိုး— ကျနော်တို့လို ဥပဒေဖက်တော်သားတွေအဖို့တော့ ကြည်လွင်ပြုံးရဲ့ မိဖက အမှုဖွင့်ထားတဲ့အတွက် သူတို့ သတင်းကို လိုက်စုံစမ်းပေးရမှာဘဲ၊ ဒီတော့ အခု ကိုမောင်မောင်ဖုန်း ဘယ်မှာနေတယ်ဆိုတာ သိယင် ပြောစမ်းပါဗျာ'

'အလို မြတ်စွာဘုရား...လက်စသတ်တော့ ဘုန်းကြီးအမှု ရှာပတ်ဆိုတာလို လူပြန်တော်ရဲ့အမှုဟာလဲ ကျုပ်တို့ကို လာပတ်နေပါပကောလား'

'မပတ်စေချင်ယင် သူတို့ရှိတဲ့နေရာကို ပြောလိုက်ပေါ့ဗျာ'

'ပြောရအောင် ကျုပ်ကမှမသိတာ...အေး...သိယင်လဲမပြောပါဘူး...စိတ်ချ'

'ဟာ...ဒီလို မပြောနဲ့လေဗျာ၊ ခင်ဗျားမှာ အပြစ် ဖြစ်သွားမယ်'

'အပြစ်ဖြစ်တယ်ထင်ယင်လဲ ဖမ်းလိုက်ဗျာ...ကျုပ်မိတ်ဆွေကိုတော့ သစ္စာမဖောက်နိုင်ဘူး၊ ဒါပေမယ့် အခု ကိစ္စတော့ ကျုပ်မသိတာအမှန်ဘဲ၊ ဒါကိုမှ မယုံယင်လဲ မတတ်နိုင်ဘူးဗျာ'

'အေးဗျာ...ခင်ဗျားပြောပုံ ဆိုပုံ အကဲခတ်ကြည့်ကတည်းက အမှန်အတိုင်း ပြောနေတယ်ဆိုတာ ယုံပါပြီ၊ ကဲ...ကျနော်လဲ ဒီကိစ္စကို ဆက်စုံစမ်းစရာရှိသေးလို့ သွားပါရစေအုံး'



ရဲကြပ်ကြီး မြသွင်က လက်လျှော့သံနှင့်ပြောပြီး ကိုကျော်မြင့်နှင့် ကိုကြည်ကို နှုတ်ဆက်လျှင် ကိုကျော်မြင့်က နောက်ပြောင်သံနှင့် ပြန်ပြောသည်။

'ဟုတ်ကဲ့...သွားပါအုံးတော့ဗျို့'

ထိုစကားကြောင့် မြသွင်မှာ မျက်နှာကြီး မဲ့ကာ သွားသည်။

'အမယ်လေးဗျာ... ခင်ဗျားပြောပုံကြီးက လူကို သူတောင်းစားစော် နံသွားတာဘဲ'

ရဲကြပ်ကြီး မြသွင်၏ စကားကို ကြားရလျှင် ကိုကျော်မြင့်နှင့် ကိုကြည်တို့မှာ ရယ်နေကြသည်။

ရဲကြပ်ကြီး မြသွင် ထွက်သွားလျှင် ကိုကြည်သည် စိတ်မကောင်းသံကလေးနှင့် ကိုကျော်မြင့်ကို ပြောသည်။

'မောင်လှဖုန်းတို့ ကိစ္စက မအေးအေး ဆေးဆေးနဲ့မှ ပြီးပါ့မလားမသိဘူးဗျာ ကြည်လွင်ပြုံးရဲ့ အဖေကြီးကတော့ သိတ်ကို ဒေါကန်နေတယ် ကြားတယ်'

'ကန်ဆို... ဒီလူကြီးက သမီးလုပ်စာကို လက်ဝါးကြီးအုပ်ပြီး စားနေတာကိုး၊ တကယ်လို့သာ သမီးက ဝင်ငွေ ကောင်းတဲ့သူ မဟုတ်ဖူးဆိုယင် ဒီ့လောက် ဒေါကန်မှာ မဟုတ်ပါဘူး...ဒီလူတွေဟာ ကိုယ့်စားပေါက်ကို ထိခိုက်လာယင် မခံချင်ကြတာ ဓမ္မတာပေါ့ဗျာ'

'အေးလေ... ဒါကြောင့် ကျနော်လဲ မောင်လှဖုန်း အတွက် ပူနေတာပေါ့၊ ဒီကောင်ဟာ အဖမ်းများ ခံရမလား မသိဘူး'

'ဒါက ဒီလို ရှိတယ်လေ... ကြည်လွင်ပြုံးက သူ့ချစ်လို့လိုက်သွားပါတယ်လို့ ဆိုယင် အမှုဟာ ပြီးနေပြီဘဲ...အေး ကြည်လွင်ပြုံးက ငြင်းလိုက်ယင်တော့ ကိုလှဖုန်းတော့ မင်းသား မဖြစ်ခင်

www.burmeseclassic.com

www.burmeseclassic.com



ထောင်မင်းသား ဖြစ်ပြီးသွားဘဲ.... ပြောသာ ပြောနေရတယ် ကျနော်ဖြင့် အခုလို ဖြစ်သွားတာ စဉ်းစားလို့ကို မရဘူးဗျ'

'အေးဗျ.... ကျနော်လဲ သူတို့နှစ်ယောက် အဖြစ်ကို တွေးလေ ရှုပ်လေ ဖြစ်နေတယ်.... ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ယောက် ထ တည့်ကြတာလဲ မဟုတ်ဖူး'

'မတည့်ကြပေမယ့်.... ကိုလှဖုန်း ကတော့ ကြည်လွင်ပြုံးကို အသဲစွဲ ချစ်နေတယ်လေ'

'သူချစ်တော့....ဟိုက ပြန်ချစ်တာမှ မဟုတ်တာ တခါတုန်းက ...စာပေးခဲ့တဲ့ ကိစ္စကိုတောင်.... ဒါရိုက်တာ ဦးဘဲဥဆီ သွားတိုင်တယ် မဟုတ်လား..ပြီးတော့ မောင်လှဖုန်းက ဘယ်လိုဘဲ သူ့ကို ချစ်ကြိုက်အောင် ကြိုးစားနေပေမယ့် ဟိုကပြန်ချစ်တာမှ မဟုတ်တာ.... အခုတော့ နှစ်ယောက်သား ထွက်ပြေးကြတယ် ဆိုတာ တွေးတွေး ယုံနိုင်စရာကို မရှိဘူး၊ ကြည်လွင်ပြုံးဟာ ကြိုက်မယ့် ကြိုက်တော့လဲ မမြန်လွန်းဘူးလား'

'ဟုတ်တယ်ဗျာ....သူတို့အဖြစ်က တော်တော့်ကို စိတ်ဝင်စားစရာကောင်းတယ်၊ လူတွေလဲ ဆုံမိကြရင် သူတို့ နှစ်ယောက်ရဲ့ အကြောင်းကိုဘဲ ပြောနေကြတာဘဲ၊ သူတို့ကိစ္စပြီးမှ ကျနော်လဲ ကိုလှဖုန်းနဲ့တွေ့ပြီး သူတို့အကြောင်းကို ဝတ္ထုရေးဘို့ မေးလိုက်အုံးမယ်ဗျာ....ဟဲ ဟဲ ဟဲ'

'ခင်ဗျားတို့ စာရေးဆရာတွေကတော့ ဒါလောက်ဘဲ ချောင်းနေကြတာဘဲနော်'

'ဒါပေါ့ဗျာ... စာရေးဆရာဆိုတာ လပ်မြင်ရတယ်ဗျ၊ ကဲ.... ကျနော်လဲ မခင်မြိုင်ဆီသွားပြီး စက္ကူထုပ်လေးထုပ်အတွက် လိုက်တောင်းလိုက်အုံးမယ်ဗျာ'



ကိုကျော်မြင့်သည် ထိုသို့ ပြောပြီးနောက် တော်သစ္စာတိုက်တွင်းမှ ပြန်ထွက်သွားသည်။

သူတို့တတွေ ထိုသို့ ဖြစ်ပျက်နေကြချိန်တွင် ဦးဘဲဥမှာတော့ လှဖုန်းနှင့် ကြည်လွင်ပြုံးတို့အကြောင်းကို ရေးသားထားသော သတင်းစာများကို တစောင်ပြီး တစောင် ဖတ်ရှုနေသည်။ သူ နောက်ဆုံး ဖတ်ရှုနေသော သတင်းစာမှာ ယနေ့ မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံး သတင်းစာကြီးဖြစ်သည့် ဒို့ခေတ်သတင်းစာမှ လှဖုန်းတို့အကြောင်း ရေးသားချက်ဖြစ်သည်။

ထိုသတင်းစာကြီးကလှဖုန်းနှင့်ကြည်လွင်ပြုံးတို့၏အကြောင်းကို အောက်ပါအတိုင်း ရေးသားထားသည်။

ပျောက်သွားပုံဆန်းလှတဲ့ လူပြိန်းတော် မင်းသားနှင့်....
နိုင်ငံကျော် မင်းသမီး။

'မယုံလျှင် ပုံပြင်သာမှတ်ကြပေတော့'ဟူ၍ ပြောစမှတ်ပြုကြရအောင် အဖြစ်ဆန်းကလေးတခုမှာ တောင်ကြီးမြို့တွင် ပေါ်ပေါက်ခဲ့ရသည်။

ထိုအဖြစ်ဆန်းကလေးမှာ တခြားမဟုတ်ဘဲ ထွန်းသစ်စ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးနေသော ဘုန်းကြီး ဝတ်တော့မယ်.... ဇာတ်ကားကို တောင်ကြီးမြို့တွင်ထွက်၍ ရိုက်ကူးရာမှ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ထိုဇာတ်ကားကို အကယ်ဒမီ သုံးဆုရ ဒါရိုက်တာ ဦးဘဲဥက စီစဉ်ရိုက်ကူးပြီး မင်းသားအဖြစ် လူပြိန်းတော်တဦးဖြစ်သူ မောင်မောင်ဖုန်းကို စတင်၍ ပွဲထုတ်ပေးထားသည်။ မင်းသမီးကတော့ အကယ်ဒမီ နှစ်ဆုပိုင်ရှင် ကြည်လွင်ပြုံးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးမြို့တွင် တပတ်ကြာမျှ ရုပ်ရှင်ကို ရိုက်ကူးခဲ့ကြပြီး နောက် ပြန်ကြမည့်နေ့တွင် မင်းသားသစ် မောင်မောင်ဖုန်းနှင့် ကြည်လွင်ပြုံးတို့မှာ ရုတ်တရက် ပျောက်ကွယ်ကာ သွားကြတော့သည် ဆိုကြောင်း။

ထိုအခါတွင် ရုပ်ရှင်သမားများမှာ တောင်ကြီးတခွင် ပြိုပြင်အောင် မင်းသားနှင့် မင်းသမီးတို့ကို လိုက်လံရှာဖွေကြသည်။ သို့သော် သူတို့နှစ်ဦးကတော့ အစရှာ၍မရအောင် ပျောက်ဆုံးနေကြသဖြင့် သို့လော သို့လောနှင့် တွေးတောကာ အမျိုးမျိုးပေဖန် ပြောဆိုနေကြသည်။

အမှန်မှာတော့ မင်းသားသစ် မောင်မောင်ဖုန်းနှင့် ကြည်လွင်ပြုံးတို့မှာ သင့်မြတ်ကြသူများ မဟုတ်ကြဘဲ ရုပ်ရှင်ရိုက်ကူးနေကြစဉ်မှာပင် မကြာခဏ ရန်ဖြစ်နေကြသူများ ဖြစ်သည်။ သူတို့နှစ်ဦး စတင် တွေ့ဆုံကြသည့် ကန်တော့ပွဲ ပေးသော နေ့ကလည်း အကြီးအကျယ် စကားများခဲ့ကြသေးသည်၊ ထိုအကြောင်း များနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ သတင်းစာတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

ထိုသို့ လုံးဝမသင့်မြတ်ကြသူ နှစ်ဦးမှာ ယခုလို ပျောက်ဆုံးသွားကြသဖြင့် ရုပ်ရှင်သမားများအနေနှင့် ယုံရခက်ခက်-မယုံရခက်ခက်နှင့် အထူးအဆန်းဖြစ်နေကြသည်။ ထိုသို့ ဖြစ်ပျက်ခဲ့ရသော ကိစ္စနှင့်ပတ်သက်၍ မင်းသမီး ကြည်လွင်ပြုံး၏ဖခင်ဖြစ်သော ဦးမြအုန်းကတော့ အလွန်ပင် စိတ်ဆိုးကာနေပြီး တောင်ကြီးရဲဌာနတွင် သမီးဖြစ်သူကို ဖျားယောင်း သွေးဆောင် မှုနှင့် တိုင်တန်းထားသည်။ ကျွန်ုပ်တို့၏ သတင်းထောက် ကိုလည်း ဦးမြအုန်းက 'ဒီမင်းသားနဲ့ ကျုပ်သမီးကို ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး၊ မကဲ့ကဲ့အောင်ကို ခွဲပြမယ်' ဟူ၍ ကြိမ်းဝါးယောင်းပြောပြခဲ့သည်။

သို့ဖြစ်၍ မင်းသားသစ် မောင်မောင်ဖုန်းနှင့် မင်းသမီး ကြည်လွင်ပြုံးတို့၏ ရှေ့ရေးမှာ ရင်လေးစရာပင်ဖြစ်မည်လော... ဘဝင်အေးစရာပင်ဖြစ်မည်လော ဆိုသည်ကို အထူးပင် စိတ်ဝင်စားစွာနှင့် စောင့်ကြည့်ကာ နေကြဦးမည် ဖြစ်ပေသည်။

ဒါရိုက်တာ ဦးဘဥသည် အထက်ပါ သတင်းကို ဖတ်ပြီးနောက် သဘောကျ ကျေနပ်နေဟန်နှင့် ပြုံးနေတော့သည်။

အဘယ်ကြောင့် ဒါရိုက်တာ ဦးဘဥသည် ကျေနပ်စွာ ပြုံး၍နေသည်ကိုတော့ နောက်ခန်းများတွင် စာဖတ်သူများ သိကြရမည်ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ( ဆယ့်သုံး )

### ဘူတာတွင်းဝယ်

ထုပတ်ခန့်အကြာတွင်တော့ လှဖုန်းထံမှ ပေးပို့လိုက်သော သံကြိုးစာ တစောင်ကို ဦးဘဲဥ ရရှိသည်၊ ထိုသံကြိုးစာ ရလျှင်ရချင်း ဦးဘဲဥသည် ကြည်လွင်ပြုံး၏ မိဘများထံသို့လည်းကောင်း ရုပ်ရှင်နှင့် [illegible]ယ်စင်း သတင်းထောက်များ ထံသို့သည်းကောင်း အကြောင်းကြားထားသည်၊ သို့ဖြစ်၍ လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ ပြန်လည်ရောက်လာကြမည့် အချိန်တွင် ရန်ကုန် ဘူတာကြီး၌ သတင်းထောက်များနှင့်တကွ ရုပ်ရှင်လောကမှ ပုဂ္ဂိုလ်များ.... ဆွေမျိုးမိဘများနှင့် ရုပ်ရှင်ဝါသနာအိုးများမှာ ကြွက်ပျံမကျ အောင် စည်ကားနေတော့သည်။

လှဖုန်းက သူနှင့် ကြည်လွင်ပြုံးတို့သည် လာမည့်ရက်နှင့် မည်သို့လာကြမည်ကို ကြေးနန်းစာထဲတွင် အပြည့်အစုံ ဖော်ပြကာ ထားသဖြင့် သတင်းထောက်များကလည်း သတင်းစာများတွင် ထိုအကြောင်းကို ထည့်၍ ရေးထားကြသည်။ သို့ဖြစ်၍ ရုပ်ရှင်



ဝါသနာအိုးများပါသိကာ ယခုလို စည်ကား နေကြခြင်း ဖြစ် သည်။

မွန်းတည့်(၁၂)နာရီအချိန်တွင်တော့လှဖုန်းနှင့်ကြည်လွင်ပြုံး တို့လိုက်ပါလာကြသော မန္တလေးအစုန် ရထားကြီး[illegible] ဥသြသံ များပေးယင်း ရန်ကုန်ဘူတာကြီးသို့ ဝင်လာတော့သည်။

ထိုအခါတွင် သူတို့ကိုစောင့်မျှော်နေကြသော လူအုပ်ကြီးမှာ ပရွက်ဆိတ်အုံကို ဒုတ်နှင့်ထိုးလိုက်သလို လှုပ်လှုပ်ရွရွ ဖြစ်သွားကြ ပြီး မီးရထားသံလမ်း အနီးသို့ တိုးကပ်ကာ ကြည့်နေကြသဖြင့် သက်ဆိုင်ရာ မီးရထား အမှုထမ်းများက ထိုသို့ မပြုလုပ်ကြရန် လိုက်လံ၍ တားမြစ်နေကြရသည်။

ဓါတ်ပုံ သတင်းထောက်များ အနေနှင့်တော့ လူအုပ်ကြီးက လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ အလာကို ယခုလို သူ့ထက်ငါ တိုး ဝေ့၍ ကြည့်ရှုနေကြသောအဖြစ်ကို အလွတ်မခံဘဲ ဓါတ်ပုံများ ကို ရိုက်ယူထားကြသည်။

ပြီးတော့ လှဖုန်းတို့ ရောက်လာလျှင်လည်း [illegible]တ်ပုံများကို ရိုက်ယူကြရန်အတွက် အသင့်ပြင်ဆင်ထားကြသည်။

မန္တလေး အစုန်မီးရထားကြီးကား ဝင်လာခဲ့လေပြီ။ ဘူတာ တွင်းရှိ လူအုပ်ကြီး သည် ဝင်လာနေသော မီးရထားကြီးမှ ရထားတွဲများဆီသို့ လှမ်းကြည့်ကာ လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ ကို ရှာဖွေနေကြသည်။

လူအုပ်များလျှင် လမ်းသရဲများလည်း ပါရှိလာမြဲမို့ သူတို့ သည် လူအုပ်ကြီးထဲတွင်ဝင်၍ ဘာရှုတ်ကျနေကြတော့သည်။

လူအုပ်ကြီးက... မီးရထားတွဲထဲတွင် ပါရှိလာကြမည့် လှဖုန်း နှင့် ကြည်လွင်ပြုံးတို့ကို မျှော်လင့်ခြင်း ကြီးစွာနှင့် ဝိုင်း၍ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေကြစဉ်...လမ်းသရဲတဦးက ဝမ်းသာအားရသံနှင့် လှမ်းအော်ကာ ပြောသည်။

'ဟာ...ဟိုမှာဗျို့.... ဟိုမှာ.... ဟိုမှာ.... မောင်မောင်ဖုန်းနဲ့ ကြည်လွင်ပြုံး....'

ထိုအသံကြောင့် လူအုပ်ကြီးမှာ လမ်းသရဲညွှန်ပြရာသို့ ဝိုင်း၍ လှမ်းကြည့်ကြပြီးနောက် အုံးကနဲ ရယ်သံကြီးမှာ ထွက်ပေါ်လာကြသည်။

အကြောင်းမှာ ထိုလမ်းသရဲ ညွှန်ပြလိုက်သော သူတို့မှာ လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ မဟုတ်ဘဲ... ရထားပြူတင်းပေါက်မှ ထွက်၍ကြည့်ကာနေကြသော မုတ်ဆိတ်မွေးအဖွေးသား ပန်ချာပီကုလားကြီးတယောက်နှင့် မယ်သီလရင်တို့ ဖြစ်နေသောကြောင့်ပင်၊ ထိုအခါတွင် လမ်းသရဲတယောက်က ရယ်ယင်းနှင့် စောစောက နောက်ပြောင်ကာပြသော လမ်းသရဲကို လှမ်းကြိမ်းသည်။

'တယ်....ဒီအကောင်ကတော့ နောက်ပီ.... ဘယ်ကလာ မင်းသားနဲ့ မင်းသမီးရမှာလဲကွ၊ ပန်ချာပီကုလားကြီးနဲ့ ဖွားသီလရှင်ကြီးပါ ဟား ဟား ဟား...'

'သိဘူးဗလကွာ....ငါက လူတွေမြင်မှာစိုးလို့ ရုပ်ဖျက်ပီးလာကြတယ်မှတ်လို့ပါ ဟား ဟား ဟား....'

ပန်ချာပီကုလားကြီးနှင့် မယ်သီလရှင်တို့မှာတော့ သူတို့ကို ဘူတာရုံတွင်းမှ လူအုပ်ကြီးက ဝိုင်းကြည့်ကာ ရယ်ချလိုက်မှုကြောင့် ရှက်သွားကြပြီး နှစ်ဦးစလုံးမှာ ရထားပြူတင်းပေါက်များမှ ပြန်ဝင်ပြေးသွားကြသည်။



လူအုပ်ကြီးမှာလည်း ပန်ချာပီကုလားကြီးနှင့် မယ်သီလရှင်တို့အဖြစ်ကို ကြည့်ကြယင်း တဝါးဝါးနှင့် ရယ်နေကြသည်။

မီးရထားကြီးဆိုက်လျှင်တော့ လူအုပ်ကြီးနှင့် သတင်းထောက်များမှာ အထက်တန်း အိပ်ခန်းတွဲများဆီသို့ အပြေးကလေးသွားနေကြသည်။

ထိုတွဲပင် ကြည်လွင်ပြုံးနှင့် လှဖုန်းတို့မှာ အတူယှဉ်တွဲကာ ရယ်ရယ်ပြုံးပြုံးနှင့် ရပ်နေကြသောကြောင့် ဖြစ်သည်။

ထိုအခါတွင် ဓါတ်ပုံ သတင်းထောက်တို့မှာ တဖြတ်ဖြတ်နှင့် ဝိုင်း၍ လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ကို ရိုက်ကြတော့သည်။ (ဓါတ်ပုံကို ပြောတာနော် ....)

သတင်းများ ဓါတ်ပုံရိုက်နေကြစဉ် ကြည်လွင်ပြုံး၏ ဖခင်ဖြစ်သူ ဦးမြအုန်းကတော့ ဒေါ်သတကြီးနှင့် သူ၏လက်တွင်းမှ ဒုတ်ကောက်ကြီးကို ဝေ့ရမ်းယင်း လှဖုန်းကို အော်ပြောနေသည်။

'ဟေ့....ဘုန်းကြီးလူထွက် သိုက်သမား၊ ငါ့သမီးနဲ့ မင့်ကိုများ၊ သဘောတူမယ်များထင်လို့၊ မင်းက အခုလို အတူတွဲပြီး ဓါတ်ပုံ အရိုက်ခံနေတာလားကွဟေ၊ ဒီလောက်ဘဲ ချောက်ချက်ကနဲရသလား၊ မင်းလိုအကောင်နဲ့ သဘောမတူဘူး၊ မင်းကိုလဲ ဒီဘူတာရုံမှာ အသေ သတ်ပြမယ်၊ မြအုန်းတဲ့ကွ၊ တအုန်းတည်းအုန်းတယ် သိလား'

ဦးမြအုန်းသည် ဒေါ်သတကြီးနှင့် ပြောယင်း လက်တွင်းမှ ဒုတ်ကောက်ကြီးနှင့် လှဖုန်းကို ရိုက်ရန် လူအုပ်ကြီးကို တိုးဝှေ့၍ အတင်း ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင် လူအုပ်ကြီးက ဦးမြအုန်းကို ဝိုင်းဆွဲ ထားကြသည်။

သတင်းထောက်များမှာ လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ကို မေးမြန်း ဓါတ်ပုံရိုက်နေကြရာမှ ဦးမြအုန်း၏ အပြုအမူကို မြင်ကြရပြီး လျှင်တော့ သူတို့သည် အလွတ်မပေးဘဲ ဓါတ်ပုံများကို ရိုက်ယူ ထားကြပြန်သည်။

ဦးမြအုန်းကတော့ သူ့ကိုဝိုင်းဆွဲကာ ထားကြသောသူများအား ဒေါသတကြီးနှင့် ပြန်ပြောနေသည်။

'လွှတ်ကြစမ်းပါဗျာ... ဒီအကောင် လူပါးဝတာ၊ မခံချင်လို့ပါ၊ မဆွဲကြစမ်းပါနဲ့'

ဦးမြအုန်း၏အပြုအမူကို တွေ့ရသော ဦးဘဲဥမှာ မနေသာဘဲ သူပါဝင်ကူဆွဲယင်း ချော့မော့နေရသည်။

'ဦးမြအုန်းကလဲဗျာ၊ ဒေါသ ရှေ့မထားပါနဲ့လို့ ပြောထားတယ်မဟုတ်လား၊ ခင်ဗျားအခုလို စိတ်လိုက် မာန်ပါ လုပ်ယင်မှားကုန်မယ်ပေါ့၊ စိတ်အေးအေး ထားစမ်းပါဗျာ'

ကြည်လွင်ပြုံးမှာ ဖခင်ဖြစ်သူ ဒေါသကြီးနေသည်ကို တွေ့ရသဖြင့် ဖခင်ဖြစ်သူထံသို့ လျှောက်သွားပြီး ကြည်လင်သာယာလှသော အသံကလေးနှင့် တောင်းပန်နေသည်။

'အို....ဖေဖေ....ဒေါသ သိပ်ကြီး မနေနဲ့နော် ပြုံးတို့ဟာ ဖေဖေတို့ ထင်နေကြသလို မဟုတ်ပါဘူး၊ ကိုမောင်မောင်ဖုန်းနဲ့ ပြုံးတို့ အကြောင်းကို အိမ်ကြမှတော့ ရှင်းပြပါမယ်၊ ကဲလာလာ ပြုံးတို့သွားကြမယ်'

ကြည်လွင်ပြုံးသည် ပြောယင်း ဖခင်ဖြစ်သူကို အတင်းဆွဲခေါ်နေသည်။



ထိုခေါ်နေပုံကိုလည်း သတင်းထောက်များက အလွတ်မပေးဘဲ ဓါတ်ပုံ ဝိုင်းရိုက်ကြပြန်သည်။

လှဖုန်းမှာတော့ သူ့ကိုဒေါသတကြီးနှင့် ရိုက်ရန်ပြင်နေသော ဦးမြအုန်းကို လှမ်းကြည့်ပြီး ပြုံးနေသည်။ ကိုကြည်နှင့် ကိုကျော်မြင့်တို့မှာလည်း ရောက်နေကြသည်မို့ သူတို့သည် လူအုပ်ကြီးကို အတင်းတိုးဝှေ့ကာ လှဖုန်းထံသို့ ရောက်လာကြသည်။

'ဟေ့...ဟေ့....မောင်လှဖုန်း....မင်းတို့ ဘယ်လိုဖြစ်ကြတာလဲကွ၊ ဟေ'

ကိုကြည်က လှဖုန်းအနီးသို့ အရောက်တွင် မေးသည်။

ကိုကျော်မြင့်ကလည်း ကိုကြည်၏ စကားအဆုံးတွင် မေးမြန်းသည်။

'ကျုပ်ကိုတော့ ခင်ဗျားတို့ရဲ့ ထရှူးစတိုရီကို အစအဆုံးပြောပြရမယ်ဗျို့၊ ဝတ္ထုရေးမလို့ဗျ ဟဲ ဟဲ'

'အေးပါဗျာ....အိမ်ရောက်တော့ ပြောပြပါမယ်၊ အခုတော့ ခင်ဗျားတို့ မြင်ကြတဲ့ အတိုင်းဘဲ၊ လူအုပ်ကြီး ကလဲ များ၊ ယခမောက်လောင်းကြီးကလဲ ဒေါပွနေလို့မဖြစ်သေးဘူး၊ သွားကြစို့'

လှဖုန်းက ပြုံးရွှင်သော မျက်နှာနှင့် သူတို့ကို ပြန်ပြောသည်။

ထိုစဉ် သတင်း ထောက်များလည်း လှဖုန်း၏အနီးသို့ရောက်ရှိလာကြပြီး သူ့ကို ဝိုင်းမေးနေကြသည်။ တဖက်တွင်လည်း ကြည်လွင်ပြုံးကို သတင်းထောက်များက ဝိုင်းမေးလျက်ရှိကြသည်။

လှဖုန်းက သူတို့ကိုပြုံးကာကြည့်ယင်း ဤသို့ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



‘ကျနော်နဲ့ ကြည်လွင်ပြုံးတို့ဟာ ခင်ဗျားတို့ ထင်မြင်နေကြသလို မဟုတ်ပါဘူးဗျာ၊ ခရီးလွန်သွားကြလို့ အခုလို ဖြစ်ကြတာပါ၊ မကြာခင် ကျနော်တို့ရဲ့ အကြောင်းစုံကို၊ ခင်ဗျားတို့ သတင်း ထောက်တွေရော တိုင်းပြည်ကပါ သိကြရအောင် ကျနော်နဲ့ ကြည်လွင်ပြုံးတို့က၊ ပြောပြကြပါမယ်၊ အခုတော့ သီးခံပါအုံး’

လှဖုန်းသည် ထိုသို့ပြောပြီးနောက် ကြည်လွင်ပြုံးတို့ မိသားစု အနီးတွင် ရပ်ကာနေသော ဦးဘဲဥထံသို့ သွား၍ နှုတ်ဆက်သည်။

‘ဆရာရေ၊ ကျနော်တော့ ဆရာ့ကို သိပ်ကျေးဇူးတင်တာဘဲ’

လှဖုန်း၏ စကားကို ကြားရလျှင် ဦးဘဲဥမှာ ပြုံးနေသည်။

ကြည်လွင်ပြုံးကတော့ ရှက်နေဟန်နှင့် ခေါင်းကလေးကို အောက်သို့ငုံ့ကာ ထားသည်၊ ဦးမြအုန်းကတော့ လှဖုန်း၏မျက်နှာကို အခဲမကြေဟန်နှင့် အန်ကြီးကြိတ်ကာ ကြည့်နေသည်။

လှဖုန်းသည် သူ့ကိုအန်ကြိတ်ကာ ကြည့်နေသော ဦးမြအုန်းကိုမြင်လျှင် အနောက်အပြောင် ဝါသနာပါသူပီပီ လှမ်းနောက်သည်။

‘အမယ် ဦးလေးရဲ့သွားတွေက အကောင်းကြီးဘဲ၊ ဒါပေမယ့် အခုလိုတော့ နှုတ်ခမ်းဖုံးပေါ် တင်ပီးမထားနဲ့၊ အပြင်က လေတွေ သွားယင် သွားတွေ တုပ်ကွေးဖြစ်ကုန်မှာ စိုးရတယ် ဦးလေးရ— ဟား ဟား ဟား’

ဦးမြအုန်းကတော့ လှဖုန်း၏ စကားကြောင့် ဒေါကန်သွားသည်။



‘ဟင်….မင်းကလား ငါ့ကို ပမာမခန့်နဲ့ လာနောက်တာ၊ ငါ့ကို ဘာကောင်မှတ်လို့လဲကွ’

‘မင်းသမီး ကြည်လွင်ပြုံးရဲ့ အဖေမှတ်လို့ပေါ့၊ မဟုတ်ဖူးလား၊ ဟဲ…ဟဲ’

‘ဟေ့ကောင်….မင်း ဒီနေရာက မြန်မြန်သွားယင် ကောင်းမယ်၊ နို့မို့ ငါ့လက်က ဒုတ်နဲ့ ရိုက်မိယင် မင်းခေါင်း ပေါက်သွားလိမ့်မယ်’

‘ဩော်….ဦးလေးက ဒီလိုဆိုဘော့လဲ ကျနော့အပေါ်မှာ မေတ္တာအရှိသားဘဲ၊ ကိစ္စမရှိပါဘူး၊ ဦးလေးရိုက်ယင် ကျနော်က ကြေကြေနုပ်နုပ်ကြီး ခံရမှာပေါ့’

လှဖုန်းက မသွားသေးဘဲ ဦးမြအုန်းကို ပြန်စ,နေသဖြင့် လူအုပ်ကြီးမှာ သဘောကျကာ တဝါးဝါးနှင့် ရယ်နေကြသည်။

ဦးဘဲဥကတော့ လှဖုန်းကို နှင်လွှတ်တော့သည်။

‘ကဲပါ မောင်လှဖုန်းရယ်….မင်းက အစ,တော့ သိတ်သန်တာဘဲ၊ သွားမှာ သွားစမ်းပါကွာ၊ ညနေကျယင် မင်းတို့နှစ်ယောက်စလုံး ငါနဲ့ လာတွေ့လှည့်ကြ’

ဦးဘဲဥ၏ စကားအဆုံးတွင် ကိုကြည်ကလည်း လှဖုန်းလက်ကို အတင်းဆွဲကာ ခေါ်သွားသည်။ လှဖုန်းသည် ရယ်ရယ်ပြုံးပြုံးနှင့် ကိုကြည် ဆွဲခေါ်ရာသို့ လိုက်သွားယင်းမှ ကြည်လွင်ပြုံးကို လှမ်းနှုတ်ဆက်သည်။

‘သွားမယ်နော် ပြုံး….နောက်မှ တွေ့ကြသေးတာပေါ့’

လှဖုန်းက နှုတ်ဆက်လျှင် ကြည်လွင်ပြုံးက ရယ်ယင်း ခေါင်းကို ညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် လှဖုန်းသည် ကိုကြည်နှင့် ကိုကျော်မြင့်တို့ ခြံရုံကာဘူတာမှ ထွက်လာသည်။

လှဖုန်းသွားပြီးနောက် ကြည်လွင်ပြုံးလည်း သူ၏ ဖခင်ကိုခေါ်ကာ ဘူတာရုံတွင်းမှ ထွက်လာသည်။ သူတို့ မရှိကြလျှင် လူအုပ်ကြီးမှာလည်း တဖြည်းဖြည်းနှင့် ဘူတာတွင်းမှ ထွက်ခွာနေစဉ် စောစောပိုင်းက လမ်းသရဲတစု လှမ်း နောက်ခဲ့သော ပန်းချီ ကုလားကြီးမှာ မယ်သီလရင်၏ ခေါင်းပေါ်သို့ ပန်းစည်းများကို တင်ဖပေးနေသည်ကို လမ်းသရဲများက မြင်တွေ့ကြရလျှင် လှမ်းအော်ကာ နောက်ပြောင်ကြပြန်သည်။

'ဟောဒီမှာဗျို… မင်းသား မောင်မောင်ဖုန်းက မင်းသမီး ကြည်လွင်ပြုံးရဲ့ ဆံကေသာ လှလှကလေးတွေရှိတဲ့ ကတုံးပေါ်ကို ပန်းစည်းတွေတင်ပေးနေတာကြည့်ထားကြဗျို့၊ဟား…ဟား… ဟား…'

လမ်းသရဲ တစုတို့၏ စကားကြောင့် လူအုပ်ကြီးမှာ လှမ်းကြည့်ပြီး အုံးကနဲမြည်အောင် ရယ်နေကြပြန်သည်။

မယ်သီလရင်ကတော့ လမ်းသရဲတစုဖက်သို့လှည့်၍ ဆဲတော့သည်။

'သေချင်းဆိုး ကာလနာ၊ အနိစ္စဇောင်တွေ၊ နင်တို့ နောက်စရာလား၊ ငါမနိုင်လို့ ကိုပန်းချီက ကူညီပြီး ပန်းစည်းတွေ တင်ပေးနေတာဟဲ့'

မယ်သီလရင်၏ စကားအဆုံးတွင် လူများမှာ ထပ်မံ၍ ရယ်နေကြပြန်သည်။

*　　　*　　　*

( ဆယ့်လေး )

## သူတို့အကြောင်း

'ကဲ ပြောပြစမ်းပါအုံးကွ၊မင်းနဲ့ကြည်လွင်ပြုံးတို့ရဲ့အကြောင်းကို ဘယ်လိုက ဘယ်လိုများ ကြိုက်ကြပြီး အခုလို ခိုးပြေးကြတဲ့ အဆင့်ရောက်ခဲ့ကြရတာလဲ'

လှဖုန်းနေထိုင်ရာ တောင်ဥက္ကလာပ အိမ်သို့ အရောက်တွင် ကိုကြည်က လှဖုန်းကို မေးတော့သည်။

'အာ အာ…စကားကို အရမ်းမပြောနဲ့လေဗျာ၊ ကျနော်တို့ တတွေဟာ ခိုးပြေးကြတာ မဟုတ်ဖူးဗျ'

'ဟော…ဟောဗျ'

လှဖုန်း၏ ပြန်ပြောသံကို ကြားရလျှင် ကိုကြည်က ဟောကနဲဖြစ်ပြီး ကိုကျော်မြင့် ကတော့ ဟောဗျ…ဟူသော အာမေဋိတ်သံကြီးတွေ ပေါ်ထွက်ကုန်ကြသည်။

'ဒါဖြင့် ဘာဖြစ်လို့ ခင်ဗျားတို့နှစ်ယောက်စလုံး ရှောက်နေကြရတာလဲဗျ၊ ဟုတ်မှလဲ လုပ်စမ်းပါဗျာ၊ ကိုယ့်လူက ရှက်ပြီး ဖုံးချင်လို့နေ့တူတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မြင့်က မယုံကြည်သံနှင့် လှဖုန်းကို ပြုံးပြုံးကြီး ကြည့်ကာ မေးနေသည်။

‘မဟုတ်ပါဘူးဗျာ....အခုလိုဖြစ်ရတာက ဆရာဘဲဥရဲ့ အစီအမံကြောင့်ပါ’

‘ဟေ....ဘယ်လိုကြောင့်လဲကွ’

ကိုကြည်က ဝင်မေးပြန်သည်။

‘ဘယ်လိုလဲဆိုတော့ ကျနော်ရှင်းပြပါ့မယ်၊ ဒီလိုဗျ....ဘောင်ကြီးမှာ ကားသွားရိုက်ကြတဲ့ နောက်ဆုံးနေ့မှာ ဆရာဘဲဥဟာ ကျနော်နဲ့ ကြည်လွင်ပြုံးတို့ကို ရုပ်ရှင်ရိုက်ဘို့ ရှုခင်းကြည့်သလိုလို ဘာလိုလိုနဲ့ တောင်ကြီးမြို့ပြင်ဖက်ကို ခေါ်သွားတယ်၊ ကားထဲမှာ ကျနော်၊ ကြည်လွင်ပြုံးနဲ့ ဆရာဘဲဥဘဲ ပါတယ်၊ မြို့ပြင်ရောက်တဲ့အခါ ဆရာဘဲဥဟာ မောင်းလာတဲ့ဂျစ်ကားကလေးကိုရပ်ပြီး.... ကျနော်နဲ့ ကြည်လွင်ပြုံးကို ဘယ်လိုပြောသလဲဆိုတော့....

မင်းတို့နှစ်ယောက်ကို အခုလိုခေါ်လာ ခဲ့တာဟာ တခြားကြောင့်မဟုတ်ဘူး၊ ငါ့မှာ အကြံအစည် ရှိလို့ဘဲတဲ့၊ သူက ဒီလိုပြောတဲ့အခါ ကျနော်တို့လဲ သူ့မျက်နှာကို ငေးကြည့်ပြီး နားထောင်နေကြတာပေါ့ဗျာ၊ နောက်သူက ဘယ်လိုဆက်ပြောသလဲဆိုယင် ငါ့မှာအကြံအစည်တခုရှိတယ်၊ ဒီအကြံအစည်အတိုင်း မင်းတို့နှစ်ယောက် အကောင်အထည်ဖေါ်ပေးမယ် ဆိုကြယင် သုံးဦးသုံးဖလှယ်အတွက်တော့ အကျိုးရှိမှာဘဲတဲ့၊ ဒီအခါ ကျနော်က ပြန်မေးတယ်၊ ဘယ်လိုအကြံအစည်လဲဆရာ၊ ပြောမှာသာ ပြောပြပါ၊ ကျနော်လိုက်လျောပါ့မယ်လို့ ပြောတယ်၊ ကြည်လွင်ပြုံးကလဲ နှုတ်မှ ဖွင့်မပြောပေမယ့် သဘောတူဟန်နဲ့ ခေါင်းညိတ်



ပြပါတယ်၊ ဒီအခါ ဆရာဘဲဥက ပြုံးပြီး တခြားတော့မဟုတ်ဘူးကွတဲ့၊ ဒီကနေ့ညနေဖက်လောက်မှာ....မင်းနဲ့ ကြည်လွင်ပြုံးတို့ တည ဘယ်သူမှ မသိကြရအောင်တခြားကိုရှောင်နေကြဘို့ဘဲတဲ့၊ ဒီစကားကို ကြားရတဲ့အခါ ကြည်လွင်ပြုံးက ဟစ် ကနဲ ဖြစ်သွားတာပေါ့၊ ‘ဆရာပြောတာ ပြုံးနားမလည် ပါဘူး၊ ဘာဖြစ်လို့ ပြုံးတို့က ရှောင်နေကြရမှာလဲ’ လို့ ပြန်မေးတယ်၊ ဒါကို ဦးဘဲဥက ဘယ်လို ပြန်ရှင်း ပြပြန်သလဲ ဆိုတော့....ဒီလိုလေကွယ်....ဒို့အခု ရိုက်ကူးနေကြတဲ့ ကားဟာ မင်းသားသစ်နဲ့ဆိုတော့ ပရိသတ်က စိတ်ဝင်စားမှု နည်းနေကြတယ်၊ နည်းမုန်း ဘယ်လို သိရသလဲ ဆိုယင် နယ်ကန်ထရိုက်တော့ဆီက ဘွတ်ကင် ဟာသိပ်မလာကြဘူး၊ လာတဲ့ဘွတ်ကင်ကြတော့လဲ ဈေးသိပ်မကောင်းဘူး၊ ဥပမာကွယ် ငါ့တူမ ကြည်လွင်ပြုံး ပါခဲ့တဲ့ အယင် ကားတွေဟာ ဆိုယင် မန္တလေးက ခုနစ်သောင်းအထိ ပေးခဲ့ပေမယ့်၊ အခုကားကျတော့ လေးသောင်း ဘဲပေးတယ်၊ ဒီတော့ ဈေးက ခေါက်ချိုးနီးနီးကွာနေတာပေါ့၊ တခြားနယ်တွေမှာလဲ ဒီအတိုင်း ဖြစ်နေတယ်....ဒါကို တွေ့မြင်ရတဲ့အခါ ကုမ္ပဏီပိုင်ရှင်တာ စိတ်မချမ်းသာဖြစ်နေတာပေါ့၊ စိတ်မချမ်းသာဆို ဘွတ်ကင်ကသာ သိတ်မကောင်းတာ ဒီကားရဲ့ ကုန်ကျစရိတ်က အယင်ကားတွေထက် တောင် ပိုကုန်နေတာကိုး၊ ကုန်မှာပေါ့၊ ငါကလဲ ဒီကားကို ပိုမိုခမ်းနားအောင်ဆိုပြီး ဆက်တင်တွေကို အကျဆောက်လုပ် ခိုင်းတာကိုး’

လှဖုန်း ပြောပြနေစဉ် ကိုကြည်မှာ ကြားမှဖြတ်၍ သူနား မလည်သောစကားကို ဝင်မေးသည်။

‘နေပါအုံးကွ မင်းပြောတဲ့ ဘွတ်ကင်ဆိုတာကဘာလဲ၊ ငါနားမလည်လို့ပါ....’

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင် လှဖုန်း ကိုယ်စား ကိုကျော်မြင့်က ပြန်ပြောသည်။

'ဘွတ်တင်ဆိုတာ ကန်ထရိုက်တွေဆီက ငွေကိုကြိုးယူထားတာကို ပြောတာပါ၊ ခင်ဗျားကလဲ ဒါကလေးတောင်မှ မသိဘူးလား....'

'မသိလို့မေးတာပေါ့၊ သိမှဖြင့် ပစ်ပ်အားညာင်းခံ မေးပါ့မလား....'

'ကဲပါဗျာ.... တယောက်နဲ့ တယောက် စကားများမနေကြစမ်းပါနဲ့၊ ကျနော်ပြောတာကို နားထောင်ကြပါအုံး'

လှဖုန်းက ဝင်ပြောတော့မှ သူတို့လည်း တိတ်သွားကြသည်။

လှဖုန်းလည်း အောက်ပါအတိုင်း ဆက်၍ ပြောပြန်သည်။

'ဆရာဘဲဥက ပြောပြနေတဲ့အခါ ကြည်လွင်ပြုံးရဲ့ မျက်နှာပေါ်မှာ စိတ်မကောင်းတဲ့အသွင် ပေါ်လာတယ်.... ဒီလိုဆိုယင်ပြောပါဆရာ၊ ပြုံးကို ဘယ်လိုလုပ်စေချင်လဲ၊ ပြုံးအနေနဲ့ ဘွတ်ကင်အကျမခံနိုင်ဘူး၊ ဒါဟာ တနည်းအားဖြင့်လဲ ပြုံးရဲ့နာမယ်ကို ထိခိုက်ပါတယ်လို့ ပြန်ပြောတယ်၊ ဒီစကား ကြားရတဲ့အခါ ဆရာဘဲဥရဲ့မျက်နှာဟာ ပြုံးလာတယ်၊ အေးပေါ့ကွယ် အနုပညာသမားဆိုတာ ဒီလိုစိတ်မျိုးထားမှပေါ့လို့ ပြန်ပြောတယ်၊ နောက် ဆရာဘဲဥက ဘယ်လိုပြောပြန်သလဲဆိုတော့၊ အဲဒီလိုဖြစ်တဲ့အတွက် ငါဟာ....မင်းတို့နှစ်ဦးစလုံးကိုရော ရုပ်ရှင်ကားကိုပါ လူတိုင်းဟာ စိတ်ဝင်စားလာကြပြီး ဘွတ်ကင့် ကောင်းအောင် မင်းတို့နှစ်ယောက်ဟာ ရှောင်တိမ်း နေကြတဲ့၊ ဒီစကားကြားရတော့ ကြည်လွင်ပြုံးဟာ မျက်စိမျက်နှာမလှ ဖြစ်သွားပြန်ရောဟာ ဆရာကလဲ....ပြုံးတို့ရှောင်နေတာနဲ့ဘဲ ကားဟာ ဘွတ်ကင်ကောင်းမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ပြုံးတော့ နားမလည်ပါဘူးလို့ပြောတယ်၊ ကျနော်ကတော့ ဘာမှ ဝင်မပြောဘူးလေ....'



'မင်းက ပြောမလားကွ... မင်းအတွက်တော့ အရှုံးမှမရှိဘဲ မြတ်လဲမြတ်.... အကြိုက်လဲ အကြိုက်ဖြစ်နေတာကိုး ဟားဟားဟား....'

ကိုကြည်က လှဖုန်းပြောနေစဉ် ကြားမှ ဖြတ်၍ပြောပြီး ရယ်နေသည်။

'နေစမ်းပါဗျာ,... ဟိုက ပြောနေယင် ခင်ဗျားက ဝင်ဝင်ရှုပ်နေတာကိုး၊ ငြိမ်ငြိမ်ကလေး အမြီး မနဲ့ဘဲ နားထောင်စမ်းပါအဟီး....'

ကိုကျော်မြင့်က ဇိမ်ပျက်မခံချင်သံနှင့် ကိုကြည်ကို ပြောသည်။

ကိုကြည်လည်း သူ့ကိုခွေးနှင့် နှိုင်းကာ ပြောသော ကိုကျော်မြင့်၏ ကိုယ်ကိုဘထောင်နှင့် တွက်ယင်း လှဖုန်းပြောမည့် စကားကို နားပြန်စွင့်နေသည်။

လှဖုန်းကလည်း ရယ်ယင်း ပြန်ပြောသည်။

'ဟဲ ဟဲ....ဒါတော့ ခင်ဗျားတို့ဘဲ ကိုယ်ချင်းစာကြည့်ကြပေါ့ဗျာ၊ ကျနော်က ကြည်လွင်ပြုံးကို ပိုးနေတဲ့သူဆိုတော့ သူနဲ့အတူတွဲပြီး ရှောင်နေရမှာကို သဘောမကျဘဲ ရှိပါ့မလား... ကျလွန်းလို့ ရင်ထဲမှာ ဖိုးကျိုင်းဒုတ်.... ဖိုးကျိုင်းဒုတ်.... ဖြစ်နေတာပေါ့၊ ဒါပေမယ့်လဲ ကိုယ့်ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ ဝမ်းသာမှုကို အပြင်ထုတ်ပြီးတော့ မပြဝံ့ဘူးပေါ့ဗျာ၊ မင်းသေသေကလေး

www.burmeseclassic.com



နဲ့သာ နေရတာပေါ့၊ ကြည်လွင်ပြုံးက သူနဲ့ကျနော် တိတ်တိတ် ရှောင်ပုန်းနေရမှာကို မလိုလားတဲ့အသံနဲ့ ပြောတဲ့အခါ ဆရာ ဘဲဥက ဘယ်လိုပြောပြန်သလဲဆိုတော့.... ဒီမှာ ပြုံးတဲ့....မရှောင် လို့တော့မဖြစ်ဘူး၊ ရှောင်ကိုရှောင်မှဖြစ်မယ်၊ ငါ့တူမဟာ ဆရာ့ ကို တကယ်ဘဲ ကျေးဇူးရှင် တယောက်အနေနဲ့ ကျေးဇူးဆပ်လို သပါ့ဆိုယင်၊ အခု ဆရာ့ပြောတဲ့အတိုင်းလုပ်.. ဒါမှလဲ စောစော က ဆရာပြောခဲ့သလို တူမအတွက်ရော.... ဟောဒီ မောင်လှဖုန်း အတွက်ရော... ပြီးတော့ ရုပ်ရှင် ကုမ္ပဏီ အတွက်ပါ သုံးဦး သုံး ဖလှယ် အကျိုးရှိမှာဘဲတဲ့၊ ဆရာဘဲဥရဲ့စကားကို ကြားရတဲ့အခါ ကြည်လွင်ပြုံးဟာ မငြင်းနိုင်ဘဲ ဖြစ်သွားတာပေါ့....ကောင်းပါ ဘီဆရာရယ် ပြုံးတို့ ဘယ်ကိုသွားပြီး ရှောင်နေရမယ်ဆိုတာသာ ပြောပါတော့.. ကြည်လွင်ပြုံးဆီက သဘောတူတဲ့စကားကို ကြားရတော့ ကျနော်ရော ဆရာဘဲဥရောဟာ သိတ်ပြီးဝမ်းသာ သွားကြတာပေါ့....

ထိုနေရာသို့အရောက်တွင် လှဖုန်းသည် အနည်းငယ်မောသွား ဟန်နှင့် ကိုကျော်မြင့် သောက်နေသော စီးကရက်ကို ဆွဲယူကာ သောက်နေသည်။

'ဟ... မောင်လှဖုန်းရ ကောင်းခန်းကြီးမှာ ဖြတ်မထားနဲ့ လေကွာ.... ဆက်ပြောပါအုံး၊ နောက်မှ စီးကရက် သောက်စမ်း ပါ...'

ကိုကြည်က ဇိမ်ပျက်မခံလိုဟန်နှင့် လှဖုန်းကိုပြောသည်။

သို့ဖြစ်၍ လှဖုန်းသည် စီးကရက်ကို ကိုကျော်မြင့်ထံ ပြန်ပေး ယင်း စကားကို ဆက်ပြောနေပြန်သည်။



'ကြည်လွင်ပြုံး သဘောတူတဲ့အခါ ဆရာဘဲဥက ဘယ်လို ပြန်ပြောပြန်သလဲဆိုတော့၊ အေးပါ.. ဆရာပြောပြမှာပေါ့.... တခြားနေရာတော့ မဟုတ်ဘူး၊ အောင်ဗန်းမြို့မှာရှိတဲ့ ငါ့မိတ်ဆွေ အိမ်မှာ ရှောင်နေကြ...ညနေကျယင် ငါ့မိတ်ဆွေရဲ့ကားဟာ.... ဒို့တည်းတဲ့ အိမ်ရဲ့သမ်းထိပ်မှာ လာစောင့်နေလိမ့်မယ်၊ မင်းတို့ နှစ်ယောက် ရုပ်ဖျက်ပြီး အဲဒီကားပေါ်သွားကြ... မင်းတို့ကို သူ က အောင်ဗန်းကအိမ်ကို ခေါ်သွားလိမ့်မယ်၊ စားဘို့သောက်ဘို့ လဲ မပူပါနဲ့၊ သူတို့က စီမံပေးကြပါလိမ့်မယ် ... ငါကတော့ အား လုံးအသင့်ဖြစ်အောင် စီမံထားပြီးဘီလို့ ပြောတယ်....'

'ဟင်....ဒီလိုဆို ပြုံးတို့နဲ့ မတိုင်ပင်ခင်ကတည်းက၊ ဆရာက စီ မံထားပြီးဘီပေါ့လို့၊ ကြည်လွင်ပြုံးက အံ့အားသင့် သံလေးနဲ့ ပြန်ပြောတယ်၊ ဦးဘဲဥက ခေါင်းညိတ်ပြတယ်၊ အေးပေါ့ကွယ် ငါတပည့်တွေဟာ၊ ဆရာကပြောယင်၊ ငြင်းဆံကြမှာ မဟုတ်ဘူး ဆိုတာ၊ ကြိမ်းသေသိလို့ပါတဲ့၊ သိတာက အရေးမကြီးဘူးဆရာ၊ အခုဟာက ဆရာ့ကျေးဇူးရှိနေလို့သာ လုပ်ပေးရမှာ၊ ပြုံးရဲ့နာ မယ်ကို ထိခိုက်သွားမှာကိုတော့၊ ကြောက်သားလို့ကြည်လွင်ပြုံး က ပြောပြန်တယ်၊ မကြောက်ပါနဲ့ကွယ်၊ တူမကြီး နာမယ်ကို မထိခိုက်နိုင်ပါဘူး၊ အောင်ဗန်းမြို့မှာ ရှောင်ပြီး၊ တပတ်လောက် ကြာတဲ့အခါကျတော့၊ ရန်ကုန်ကိုပြန်သာ၊ ပြီးတော့ ကျမတို့နှစ် ယောက်ဟာ၊ရုပ်ရှင်ပြီးလို့၊အောင်ဗန်းမြို့ဖက်ကို ခရီးထွက်သွားရာ မှာ ခရီးလွန်သွားကြလို့ အခုလိုထင်ယောင်ထင်မှား ဖြစ်ကုန်ကြ တာပါလို့ ရှင်းပြလိုက်ယင် ပြီးတာဘဲဟာ ဆရာဘဲဥကအဲဒီလိုပြန် ပြောတော့ ကြည်လွင်ပြုံးဟာ ဆက်ငြင်းမနေတော့ဘဲ ခေါင်း ညိတ်ပြတယ်၊ ဒါနဲ့ တိုတိုပြောရယင်၊ ကျနော်တို့ဟာ ဆရာဘဲဥ

www.burmeseclassic.com

www.burmeseclassic.com



ရှဲအစီအမံအတိုင်း အဲဒီညနေဖက်မှာ ဘယ်သူမှ မသိအောင် တိတ်တိတ်ကလေး တည်းခိုတဲ့ အိမ်ကနေထွက်ပြီး၊ အောင်ဗန်းမြို့ ဖက်ကို ဆရာဘဲဥ စီစဉ်ထားတဲ့အတိုင်း ရှောင်ပြေးခဲ့ကြတာဘဲ ရှင်းပလား'

'ဟယ်....မင်းတို့ဟာကလဲ၊ ကောင်းတော့ မလိုသိုနဲ့ အဖျား ရှူးသွားတာကိုးကွ၊ မနိုပ်လိုက်တာ ဟား....ဟား....ဟား'

လှဖုန်း၏ စကားအဆုံးတွင် ကိုကြည်က ဘဝင်မကျသံနှင့် မှတ်ချက်ချကာ ရယ်နေသည်။

'နေပါအုံးဗျ....ခင်ဗျားတို့ နှစ်ယောက် တိတ်တိတ် အတူတွဲ ပြီးနေကြတာတောင်၊ ခင်ဗျားက ကြည်လွင်ပြုံးကို စွံအောင် မပိုးနိုင်ဘူးလား၊ ရှော်တဲ့လူဗျာ၊ ကျုပ်သာဆိုယင် စွံအောင်ပိုး ပြီးသွားဘဲ'

ကိုကျော်မြင့်က အားမလို အားမရ သံကလေးနှင့် လှဖုန်းကို ပြောပြန်သည်။

'ဟဲ....ဟဲ....ခင်ဗျားတို့ ဘာတွေများ ပြောကြ အုံးမလဲဆို တာ၊ သိချင်လို့၊ ကျနော်ကအစုံမပြောဘဲ ချန်ထားတာဗျ ဟား ဟား ဟား....'

လှဖုန်း၏စကားကို ကြားကြရလျှင် ကိုကြည်ရော ကိုကျော် မြင့်မှ စိတ်ဝင်စားကာ သွားကြပြန်သည်။

'ဒီလိုဆိုလဲ၊ ဆက်ပြောကွာ၊ တဝက်တပျက်ကြီး လုပ်မထား နဲ့ ငရဲကြီးတတ်တယ်ကွ... ဟဲ....ဟဲ....ဟဲ'

ကိုကြည်က လှဖုန်းကို ဆက်၍ပြောခိုင်းသည်။



ထိုအခါတွင် လှဖုန်းက ဆက်၍ သူနှင့် ကြည်လွင်ပြုံးတို့ အကြောင်းကို ဆက်ပြောပြန်သည်။

လှဖုန်းဆက်ပြောသည့် စကားများဆို စာဖတ်သူများ အရ သာ အပြည့်အဝ ခံစားနိုင်ကြစေရန် ကျနော်သည် ဝတ္ထုတပုဒ် လို အောက်တွင် ရေးသား တင်ပြလိုက်ပါသည်။

* * *

လှဖုန်းနှင့် ကြည်လွင်ပြုံးတို့မှာ ဦးဘဲဥ၏ အစီအမံအတိုင်း လိုက်နာကြပြီးနောက် အောင်ပန်းမြို့ရှိ အိမ်တအိမ်တွင် လျှို့ဝှက် စွာ နေထိုင်ကြသည်။

သူတို့နေထိုင်ကြသော အိမ်ကြီးမှာ ကျယ်ဝန်းသော ဝန်းခြံ ကြီးထဲတွင် ဖြစ်သည်။

အခြားလူဆို၍ ခြံစောင့်ရှမ်းအမျိုးသားကြီးတဦးသာရှိသည်။

သို့ဖြစ်၍ သူတို့နှစ်ဦးမှာ တအိမ်လုံးတွင် နှစ်ယောက်ထဲ နေ ကြရသည်။

သူတို့အတွက် နေ့စဉ်စားသောက်ဖို့တာဝန်ကိုတော့ ဦးဘဲဥ ၏ မိတ်ဆွေဖြစ်သော ဦးဉာဏ်ရှိန်က တာဝန်ယူကာ လိုလေသေး မရှိ ပြုလုပ်ပေးသည်။

ဦးဉာဏ်ရှိန်ကလည်း နံနက်ဖက်တခေါက်၊ ညနေဖက်တခေါက် သာ လာပြီးနောက် အိမ်တွင် ကြာကြာမနေဘဲ ပြန်သွားသည်။

ကြည်လွင်ပြုံးအနေနှင့် အဖေါ်ဆို၍ အိမ်ထဲတွင် လှဖုန်း တဦးသာ ရှိနေသဖြင့် မတွေ့ချင်၍လည်း မနေရ၊ မဖေါ်ချင်၍ လည်းမရ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ လှဖုန်းနှင့် နှစ်ဦးတည်းနေရမည်ကို သိရှိပါက သူသည် ယခုလို ရှောင်တိမ်းဘို့ကို သဘောတူသိမ့်မည်မဟုတ်ပေ။ ယခုတော့ အသိနောက်ကျသွားသဖြင့် သူ့မှာ အခက်တွေ့နေရတော့သည်။

လှဖုန်းကတော့ ရင်ထဲတွင် ဘုရားပွဲလှည့်သလို ကြည်လွင်ပြုံးနှင့် နေ နေရသည်ကို ကြေနပ်မဆုံး တပြုံးပြုံး ဖြစ်နေသည်။

သို့သော် ကြည်လွင်ပြုံး စိတ်ဆိုးမည့်ကိစ္စမျိုးကိုတော့ သူသည် လုံးဝ မလုပ်ပေ။ ယခင်က လိုသည်၊ ကြည်လွင်ပြုံး မခံချင်အောင် မစတော့။

အိမ်ကြီး တခွဲသားနှင့်သာ နေသည်။

ထိုအိမ်သို့ ရောက်စညဉ့်၌ ကြည်လွင်ပြုံးသည် လှဖုန်းနှင့် နှစ်ယောက်တည်း အိပ်ရမည်မို့ ရဲရဲမအိပ်ဝံ့ဘဲ တညလုံးထိုင်၍ ဝတ္ထုဖတ်နေသည်။ လှဖုန်းကလည်း ကြည်လွင်ပြုံး၏အဖြစ်ကို ရိပ်မိကာ ကြိတ်၍ ရယ်နေသည်။

သူကတော့ သိုးနေအောင် အိပ်ပစ်သည်။ သူတို့မှာ အခန်းချင်းကလည်း ကပ်လျက်ရှိသည်။

‘မကြည်လွင်ပြုံး....ညက ဘာဖြစ်လို့မအိပ်တာလဲဗျ၊ အိပ်ယာက ဂျပိုးကိုက်လို့လား၊ ဒါမှမဟုတ် မျက်စိ ကြောင်နေလို့လားဗျ တဲ ဟဲ...’

နောက်တနေ့ နံနက်ပိုင်းသို့အရောက်တွင် လှဖုန်းက ကြည်လွင်ပြုံးကို မေးသည်။

‘မဟုတ်တာပါဘူးရှင်....ဝတ္ထုက ဖတ်လို့ သိပ်ကောင်းတာနဲ့ မိုးအလင်း ဖတ်လိုက်တာပါ’

ကြည်လွင်ပြုံးက မဖြေချင် ဖြေချင်သံနှင့် ပြန်ဖြေသည်။



လှဖုန်းမှာ အဘယ်ကြောင့် ကြည်လွင်ပြုံး မအိပ်ဘဲနေသည်ကို သိသော်လည်း မသိဟန်ဆောင်နေသည်။

‘အေးဗျာ....ဝတ္ထုစာအုပ်ဆိုတာ၊ ဖတ်လို့ စွဲဘီပေါ့ ဆိုယင် လက်ကမလွှတ်ချင်ဘူး၊ အစအဆုံး ဖတ်မိတာဘဲနော်....ကျနော်လဲ ခင်ဗျားလိုဘဲဗျ၊ ဝတ္ထုကောင်းကလေး ဖတ်ရယင် ပီးမှဘဲ လက်က ချပစ်တော့တယ် ဟဲ ဟဲ’

လှဖုန်းမှာ ကြည်လွင်ပြုံးနှင့် စကားမရှိစကားရှာကာ ပြောနေသည်။

‘ရှင်က တဟဲဟဲနဲ့ လုပ်နေပုံထောက်တော့ ဒီမှာ နေရတာ ပျော်နေပုံရတယ် ဟုတ်လား’

ကြည်လွင်ပြုံးက မကျေနပ်သံနှင့် လှဖုန်းကို မေးသည်။

‘ဟုတ်ကဲ့....အဲဟုတ်ပါဘူး....ပျော်တယ် လို့တော့ မဟုတ်စားပေါ့ဗျာ၊ ဆရာဘဲဥက ခိုင်းလို့လဲတကြောင်း၊ ပီးတော့ ကျနော်တို့အကျိုးကလဲ ပါနေလို့ဘကြောင်းပါ၊ ဒီတော့ ပျော်ပျော်နေတာဟာ စိတ်ချမ်းသာတာပေါ့၊ ခင်ဗျားလဲ ပျော်ပျော်သာနေပါဗျာ’

‘အို....ကျုမကတော့ မနေနိုင်ပါဘူး၊ စိတ်ဘယ့်လောက် ညစ်နေရတယ်မှတ်သလဲ၊ အခုလောက်ရှိ ဖေဖေဟာ ကျုမအပေါ်မှာ ဘယ့်လောက်စိတ်ဆိုးနေမယ်မသိဘူး၊ ကျုမအနေနဲ့ ဖေဖေတို့ကို အကျိုးအကြောင်း ပြောပြခဲ့ချင်တာ၊ ဒါကို ဆရာဘဲဥက မပြောမနေပါနဲ့ကွယ်၊ ဒီကိစ္စကို ဒို့သုံးယောက်က လွဲပီး....ဒိပြင် လူတွေ မသိတာဘဲ ကောင်းတယ်တဲ့၊ တကယ်လို့ ငါတို့မက မိဘတွေကို အကျိုးအကြောင်း ပြောပြခဲ့မယ်ဆိုယင် ငါတို့မကြီးရဲ့ မိဖတွေက ဖျက်လိုဖျက်ဆီး လုပ်ကြလိမ့်မယ်၊ မလုပ်ယင်လဲ သူတို့ဟာ ငါ

www.burmeseclassic.com

www.burmeseclassic.com



အခကြီးပျောက်သွားတဲ့ ကိစ္စကို သူတို့ဟာ စိတ်ပူပင်မှု မပြတ်နေကြလိမ့်မယ်၊ ဒီလိုသာ ဆိုယင် လူတွေကို သရာတို့ လုပ်ဇာတ်ကြီးကို သိသွားကြမှာပေါ့တဲ့၊ ဒါကြောင့် မပြောဘဲ နေတာအကောင်းဆုံးဘဲ ဆိုပြီး တားထားလို့ ကျမဟာ ပြောချင်ရက်နဲ့ ပေဖေနဲ့ မေမေ့ကို မပြောပြခဲ့ရဘူး သိလား’

‘အင်း....ဆရာဘဲဥ ပြောတာလဲ... ဟုတ်တာဘဲဗျ၊ ခင်ဗျားမိဘတွေကို ဖွင့်ပြောပြယင် ဒီလိုလုပ်ခွင့် ပြုမှာမဟုတ်ဘူး’

လှဖုန်းက ပြန်ပြောနေသော်လည်း ကြည်လွင်ပြုံးက စိတ်ဝင်စားဟန် မပြဘဲ အခြားတဖက်သို့ ငေးကြည့်ကာ နေပြီးနေစက် တိုးတိုးကလေး ပြောနေသည်။

‘အခုလေးက်ဆိုယင် ကျမတို့ သတင်းဟာ လူတွေရဲ့ ပစပ်ထဲမှာ တယောက်တပေါက်နဲ့ ရောက်နေရောပေါ့နော်....’

‘ရောက်နေရောပေါ့ဗျာ.... ဒါပေမဲ့ ဘယ်လိုဘဲရောက်ရောက် သူတို့ ထင်သလို မဟုတ်ယင် ပြီးတာဘဲ မဟုတ်လား’

‘ဒါတော့....ဒါပေါ့ရှင်၊ အဲ.... ရှင်နဲ့ကျမဟာ နှစ်ယောက်ထဲ နေကြရမှာမို့.... ရှင်ကလဲ သစ္စာရှိဘို့ လိုတယ်၊ ကျမ တယောက်ထဲ ရှိတယ်ဆိုပြီး.... မဟုတ် တယုတ်တော့ မကြံနဲ့နော်....’

ကြည်လွင်ပြုံးက ပြောလျှင် လှဖုန်းသည် ဟက်ဟက်ပက်ပက်ကလေး ရယ်ချသည်။

‘ဟား ...ဟား....ဟား ... မကြည်လွင်ပြုံး ကလဲဗျာ....ကျနော့်အပေါ်မှာ အထင်အမြင်က သေးလိုက်တာ လွန်ပါရောလား၊ စိတ်ချပါ၊ မလစ်ယင် မကြံဘူး၊ အဲ....ဟုတ်ပါဘူး၊ ခင်ဗျားအပေါ်မှာ နှမကလေး အရင်းလို စောင့်ရှောက်ပါ့မယ်၊ အထင်မမှားပါနဲ့ဗျာ...ဒုန်းမစ် အန်ဒါစတင်းမီး’



‘အေးလေ.... အပြောနဲ့ အဟော ညီမညီ စောင့်ကြည့်ရဦးမှာပေါ့၊ ရှင်မဟုတ်တာတွေ လုပ်လာယင်တော့ ကျမဟာ ဒီအိမ်မှာ ဆက်မနေဘူး ထွက်အသွားဘဲ’

‘ဟာဗျာ.... မလုပ်ပါဘူး ဆိုနေမှ ခင်ဗျားကလဲ အခုထက်ထိ မယုံသေးဘူးလား စိတ်အေးအေးထားပြီး နေပါဗျာ’

လှဖုန်းက အာမဘာခန္တခံ၍ နေပေကာမူ.... ကြည်လွင်ပြုံးကတော့ ယုံကြည် စိတ်ချပုံ သိတ်မရပေ။ သို့သော်... လှဖုန်းက သူ့အပေါ်တွင် မရိုးသားသော အမူအယာကို မပြဘဲ သစ္စာရှိရှိနှင့် နှစ်ရက်ခန့် နေပြတော့မှ သုံးရက်မြောက်သောနေ့တွင် ကြည်လွင်ပြုံးသည် လှဖုန်းအပေါ်တွင် ယုံကြည်ကာ ညဖက်တွင် မိဘ်ချလက်ချ အိပ်ပေတော့သည်။

ကြည်လွင်ပြုံးနှင့် လှဖုန်းတို့မှာလည်း ပိုမို၍.... ရင်းနှီးခင်မင်ကာ လာကြသည်။

သို့ဖြစ်၍ ကြည်လွင်ပြုံးသည် နံနက်ပိုင်းတွင် လှဖုန်း အတွက်ကိုပါ သူကိုယ်တိုင် လဖက်ရည်များကို ဖျော်ပေးသည့် အဆင့်သို့ ရောက်လာသည်။ ယခင်ကမူ သူ့တယောက်စာကိုသာ ဖျော်၍သောက်သည်၊

လှဖုန်းမှာလည်း ကြည်လွင်ပြုံးက သူ့အပေါ်တွင် ယခင်အခါများကလို မဟုတ်ဘဲ အတော်ပင် လိုက်လိုက် လျောလျောနေထိုင်ကာ လာသည်ကို တွေ့ရလျှင် ဝမ်းသာမဆုံး တပြုံးပြုံးဖြစ်၍ နေတော့သည်။

လဖက်ရည်ကိုသာ မဟုတ်ဘဲ ထမင်း စားကြရာတွင်လည်း ကြည်လွင်ပြုံး ကိုယ်တိုင်ပင် ဦးဉာဏ်ရှိန် လာပို့သော ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ဟင်းများကို ကိုယ်တိုင် ခူးခတ်ကာ လှဖုန်း အတွက်ရော သူ့အတွက်ပါ ထည့်၍ အတူ ထမင်းစားကြသည်။

ယခင်ကမူ ထိုသို့မဟုတ်ပေ။ သူ့ ပန်းကန် သူယူ၍ ထမင်းဟင်းများကို တယောက်စာ ထည့်ကာ လှဖုန်းနှင့် လွတ်ရာသို့ သွားစားလေ့ ရှိသည်။

လှဖုန်းမှာတော့ အချိုးပြောင်းကာ လာသော ကြည်လွှင်ပြုံးကြောင့် ထက မတတ် ဝမ်းအသာကြီး သာနေမိသည်။ သူတပျော်သတ် ချင်ကြိုက်ကာ နေရသော သူကလေးနှင့် အတူနေ အတူစားကာ နေရမှုကြောင့် ဇိမ်လည်း အလွန် တွေ့နေသည်။ 'ဘုရားသိကြားမလို့ ဗျာ.... ကျနော်နဲ့ ကြည်လွှင်ပြုံးဟာ.... အခုလိုအနောက်ထပ် တလတိတိလောက် နေပရစေ....' ဟူ၍လည်း စိတ်ထဲမှ ကြိတ်ကာ ဆုတောင်း နေမိသည်။

ပဉ္စမမြောက် ဖြစ်သော ညဖက် သုံးနေ့ခေါင်ယံ တွင်တော့ ကြည်လွှင်ပြုံးမှာ အိပ်ပျော်နေရာမှ.... စူးရှ ရှည်လျားစွာနှင့် အူလိုက်သော ခွေးသံများကြောင့် လန့်နိုး လာသည်။

နိုးလျှင် နိုးခြင်း သူသည် အခန်းပတ်ဝန်းကျင်ကို ဂရုထားကာ ကြည့်မိသည်။

သူအိပ်နေသော အခန်းထဲတွင် မည်သို့မျှ မထူးခြားဘဲ တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေသည်ကို တွေ့ရလျှင် သူသည်ပြန်၍ အိပ်ရန် ပြင်သည်။

ထိုသို့ပြင်လိုက်စဉ် ခြံတွင်းမှနေ၍ စူးစူး ရှရှ ဆွဲဆွဲ ငင်ငင်နှင့် အူလိုက်ပြန်သော ခွေးအူသံကြောင့် ကြည်လွှင်ပြုံးမှာ ထိတ်ကာ ဖြစ်ကာ ခေါင်းနပန်းကြီးပါ ကြီးလာမိသည်။



'ဘုရား.... ဘုရား ဒီခွေး အူသံကြီးဟာ ဘာဖြစ်လို့ အူနေပါလိမ့် မကောင်းဆိုးဝါးကိုများ တွေ့လို့လား၊ဟုတ်ချင်လဲ ဟုတ်မှာဘဲ ခြံကြီးကလဲ အကျယ်ကြီးမို့ မကောင်းဆိုးဝါး ကပ်ချင်ကပ်နေမှာဘဲ ဟင်.... ဒီလိုဆို ငါဘယ်လို လုပ်ရပါ့မလဲ ဒီအခန်းထဲမှာ ငါတယောက်ထဲရယ်.... ကိုမောင်မောင်ဖုန်းက ဟိုဖက်ခန်းမှာ အိပ်နေတာ.... သရဲများ ငါ့ဆီရောက်လာယင် ဒုက္ခပါဘဲ'

ကြည်လွှင်ပြုံးသည် အထက်ပါအတိုင်း တွေးနေရာမှ ကြောက်စိတ်တွေ ဝင်လာပြီးနောက် ကြက်သီးတွေပါ ဖြန်းကနဲ ဖြန်းကနဲနှင့် ထလာတော့သည်။

ထိုကြောက်စိတ်ကို သူသည် ဤသို့ပြောကာ အားပေးသည်။

'ဟယ်.... တစ္ဆေသရဲဆိုတာ လောကမှာ တကယ် မရှိပါဘူး ဒါတွေဟာ ယုံတမ်း စကားတွေပါ.... ဘာကြောက်စရာ ရှိလဲ မကြောက်နဲ့'

ထိုသို့ သူ့ ကိုယ်သူ အားပေးစာနေသော်လည်း ကြောက်စိတ်များမှာ လျော့၍မသွားဘဲ ပို၍ပင် ကဲလာသဖြင့် သူသည် အိပ်နေရာမှ ထ ထိုင်ကာ အခန်းတွင်းရှိ မီးခလုတ်ကို သွားဖွင့်သည်။ ပြီးတော့ ဘုရားကို အာရုံပြုကာ ရှိခိုးနေတော့သည်။

'ဩကာသ.... ဩကာသ.... ကာယကံ ဝစီကံ မနောကံ....' ဟည်းဟူသော ကံသုံးပါးတို့ဖြင့်.... ကြည်လွှင်ပြုံး ဘုရားရှိခိုးနေစဉ် နံရံမှ ဘုတ်ကနဲ ကျလာသံကြောင့်....

'အမယ်လေး' ဟူ၍ အော်လိုက်မိသည်။ ပြီးတော့ သူသည် ကြောက်ကြောက် ရွံ့ရွံ့နှင့် အသံလာရာသို့ ကြည့်လိုက်ရာ အခြားမဟုတ်ဘဲ ကြွက်တကောင်ဖြစ်နေသည်ကို တွေ့ရသည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျမှ သူသည် ကြောက်စိတ်ပြေသွားပြီးနောက် ဘုရားကို ဆက်၍ ရှိခိုးနေသည်။

သူ ဘုရားရှိခိုးပြီးနောက် အမျှဝေနေစဉ် ခွေးအူသံကြီးမှာ စောစောကလိုပင် စူးစူးရှရှနှင့် ပေါ်ပေါက်လာပြန်သည်။

'တယ်....ဒီခွေးဟာ ဘာဖြစ်လို့ဒီလောက်အူနေရတယ်မသိဘူး၊ သူ့အူတာနဲ့ ငါပါရောပြီး ကြောက်စိတ်ဝင်ဝင်လာတယ်'

ကြည်လွင်ပြုံးသည် အူနေသောခွေးကို ဒေါသဖြစ်နေဟန်နှင့် စိတ်ထဲမှ ပြောနေစဉ် သူ၏နားတွင်းသို့ တရှပ်ရှပ်နှင့် လျှောက်ကာ လာသောအသံကို ကြားရသည်။

ထိုခြေသံကိုကြားရလျှင် ကြည်လွင်ပြုံးမှာ ခေါင်းနပမ်းကြီးများ ကြီးသွားတော့သည်။

'ကိုလှဖုန်းများ ငါ့ဆီလာတာလား'ဟူ၍ အတွေးပေါက်ကာ ကြည်လွင်ပြုံးသည် အခန်းတွင်းမှနေ၍ ကြောက်ရွံ့သံကလေးနှင့် လှမ်းခေါ်သည်။

'ကို....ကို ကိုမောင်မောင်ဖုန်းလားဟင်....ကိုမောင်မောင်ဖုန်း'

သူခေါ်လိုက်စဉ် အပြင်မှ ခြေသံမှာ ရုတ်တရက် ပျောက်သွားသည်။

ကြည်လွင်ပြုံးမှာလည်း ရင်တထိတ်ထိတ်နှင့် အသံကို နားစွင့်ကာ စောင့်နေသည်။

သို့သော် အသံကတော့ လုံးဝ ပျောက်ကွယ်သွားသည်။ အသံပျောက်သွားသဖြင့် ကြည်လွင်ပြုံးသည် စိတ်အေးသွားပြီးနောက် သူ၏ အိပ်ယာတွင် ပြန်၍ အိပ်မည်ပြုစဉ် သူ၏ ခေါင်းရင်းဖက် ပြူတင်းပေါက်ဆီမှ ငိုရှိုက်သံလိုလို အသံတခုကို ကြားရပြန်လျှင်



ကြည်လွင်ပြုံးမှာ မအိပ်နိုင်ဘဲ အထိတ်တလန့်နှင့် ဖြစ်ကာ ထိုင်နေရ ပြန်သည်။

'ဘယ်... ဘယ် ဘယ်သူများ ငါ့ခေါင်းရင်းက ပြူတင်းပေါက်မှာ လာငိုနေပါလိမ့်၊ အသံနားထောင်ရတာမိန်းမအသံနဲ့တူတယ်၊ ဒီလိုဆို ခုနင်က ခြေသံကလဲ ကိုမောင်မောင်ဖုန်းရဲ့ ခြေသံမဖြစ်နိုင်ဘူး၊ ဒိပြင်လူများလား၊ အဲဒီလူဟာလဲ ဘယ်သူလဲ၊ သရဲလား၊ တစ္ဆေလား၊ လူလား၊ ဘုရား-ဘုရား....ငါတော့ ဒုက္ခဘဲ၊ ဒီလိုသာ ဖြစ်နေယင် ဒီအခန်းထဲမှာ ငါဆက်အိပ်နေလို့ မဖြစ်ဘူး'

စိုးရွံ့စိတ်နှင့် သူပြောနေစဉ်မှာပင် အပြင်မှငိုသံသည် တဖြည်းဖြည်းနှင့် ကျယ်လောင်လာသည်။ ခွေးအူသံများမှာလည်း ထို အသံလာရာဖက်သို့ ဆွဲဆွဲငင်ငင်နှင့် အူနေပြန်သည်။

ကြည်လွင်ပြုံးကတော့ ထိုအသံများကြောင့် ခြေလက်များပင် အေးလာသည်အထိ ကြောက်ရွံ့ကာ လာတော့သည်။

'မြတ်စွာဘုရား....ကယ်တော်မူပါ၊ ဒီအတိုင်းသာ ဆိုယင်တော့ ငါဟာ ဟိုဖက်က ကိုမောင်မောင်ဖုန်းအခန်းကို ပြေးမှာဘဲ၊ ဒီမှာ အိပ်နေလို့တော့ မဖြစ်ဖူး'

ကြည်လွင်ပြုံးသည် ထိုသို့ပြောတွေးပြီးနောက် လှဖုန်း ရှိရာသို့ သွားမည်ပြင်စဉ် စောစောက ငိုရှိုက်ကာ နေသော မိန်းမသံမှာ ဟက်ဟက် ပက်ပက်ကြီး ကျယ်လောင်စွာ ရယ်ချလိုက်သည်ကို ကြား ရပြန်သည်။

ထို ရယ်သံကြီးနှင့် အတူ ကြည်လွင်ပြုံး အိပ်သော အခန်းမှ ပြူတင်းပေါက် မှန်ကြီးကို တဒေါက်ဒေါက်နှင့် ခေါက်သံပါ ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကြည်လွင်မြူးမှာ အောင်မယ်လေးတော့ ... ဟူ၍ ကြောက်လန့်တကြား အော်ဟစ်ယင်း အခန်းတွင်းမှ ထွက်ပြေးသွားတော့သည်။

အခန်းအဖြင်သို့ အရောက်တွင် လှဖုန်း အိပ်ပျော် နေသော အခန်းကို အပြင်မှ လက်နှင့်ထုရိုက်ယင်း ခေါ်သည်။

'ကိုမောင်မောင်ဖုန်း....ကိုမောင်မောင်ဖုန်း....ထ ပါအုံးရှင့်'

ကြည်လွင်မြူးက ခေါ်နေသော်လည်း မောင်မောင်ဖုန်းက တော့ မနိုးပေ။

သို့ဖြစ်၍ ကြည်လွင်မြူးသည် ထုရိုက်ကာမနေဘဲ တံခါးကို ဆောင့်တွန်းလိုက်ရာ အတွင်းမှ ဂလန့်မချထားသဖြင့် တံခါးမှာ အလွယ်တကူပင် ပွင့်သွားသည်။

တံခါးပွင့်လျှင် ပွင့်ချင်း ကြည်လွင်မြူးသည် အခန်းတွင်းသို့ ပြေးဝင်လာခဲ့ပြီးနောက် လှဖုန်းအိပ်နေသော ကုတင်ဆီသို့ သွားကာ မောဟိုက်သံကြီးနှင့် ခေါ်ယင်း လှဖုန်း၏ ကိုယ်ကို လှုပ်နှိုး နေသည်။

'ကိုမောင်မောင်ဖုန်း ...ကိုမောင်မောင်ဖုန်း...., ထ စမ်းပါရှင့်၊ ကတော်တော် အအိပ်ကလဲ ကြီးတော်မူလိုက်တာ၊ အရေးဆို ဘာမှ အားမကိုးရဘူး'

ကြည်လွင်မြူး၏ နှိုးသံကြောင့် တရှူးရှူးနှင့် အိပ်မောကျ နေသော လှဖုန်းမှာ.... ဟင်....ဘာလဲ... ဘာလဲ.... ဘာဖြစ် လို့ လဲဗျ....ဟူ၍ အိပ်မှုံစုံမွှားနှင့် ပြန်မေးယင်း ထထိုင်သည်။

'ဘာဖြစ်လို့ရမှာလဲတော့.... ကျမ အခန်းထဲ ချောက်နေလို့ ရှင့်....'



ကြည်လွင်မြူးမှာ အကြောက်လွန်နေသူမို့ စကားကို အပြည့် အစုံ မပြောနိုင်ဘဲ အဆင်ပြေသလို မပြည့်မစုံ ပြောချလိုက် သည်။

'ဟာဗျာ....ခင်ဗျားအခန်းထဲမှာ ချောက်နေတာမကြိုက်ယင် ပိသွားအောင် ရေဖြန်းပြီး အိပ်လိုက်ပေါ့ဗျာ'

'အို....ကိုမောင်မောင်ဖုန်းကလဲ အိပ်မှုံစုံမွှားနဲ့ဘာတွေလျှောက် ပြောနေရတာလဲလို့၊ ချောက်တယ်ဆိုတာက သရဲချောက်တာ ကို ပြောတာပါ'

ကြည်လွင်မြူးက ရှင်းပြလျှင် လှဖုန်းသည် တဟားဟားနှင့် ရယ်နေတော့သည်။

'ဟား...ဟား...ဟား....မကြည်လွင်မြူးတယောက် အိပ်မက် မက်ပြီး ယောင်ယောင်ကတန်း ဖြစ်လာတယ်ထင်တယ်၊ ဘယ်ကလာ သရဲတွေ တစ္ဆေတွေ ချောက်ရမှာလဲဗျ၊ကျနော့အခန်းမှာတော့ မချောက်ဘဲနဲ့'

'ရှင့်အခန်း မချောက်ပေမယ့် ကျမ အခန်းမှာ ချောက်နေ ဘယ်ရှင့်၊ ကျမလဲ ပထမတော့ သရဲချောက်တယ် မထင်ပါဘူး.... နောက်မှ ထင်တာ'

ကြည်လွင်မြူးက ယခုအထိ အကြောက် မပြေသေးဟန်နှင့် လှဖုန်းကို ပြောပြနေသည်။

'ဟုတ်မှလဲလုပ်ပါ မကြည်လွင်မြူးရာ ...ခင်ဗျား အိပ်မက်နေ တာ ဖြစ်ပါလိမ့်မယ်'

'မဟုတ်ပါဘူး ဆိုနေမှရှင်....ပြောရ ကျပ်လိုက်တာ'

'ကဲဗျာ....ဒီလိုဆို ပြောစမ်း၊ ခင်ဗျားကို ချောက်တယ်ဆိုတဲ့ သရဲဟာ ဘယ်လိုလဲ....အထီးလား အမလား'

www.burmeseclassic.com

www.burmeseclassic.com



'သရဲမလို့ ထင်တာဘဲ'

'ဩော်... သရဲမလား၊ ဒါဖြင့် သူက ဘယ်လိုဝတ်ထားသလဲ မှောင်ခိုပစ္စည်းတွေ ဝတ်ထားသလား၊ ဒါမှမဟုတ် ကိုယ်တုံးလုံး နဲ့လား... ဟဲဟဲ'

'အို....ကိုမောင်မောင်ဖုန်းကလဲ ကျမမှ မမြင်ရတာ၊ ဒါတော့ ဘယ်သိပါ့မလဲရှင့်'

'နို့....ခုနင်တုန်းက ခင်ဗျားပြောတော့ သရဲမဆို၊ ဒါကို ဘယ်လိုလုပ် သိတာလဲ'

'အဲဒါက သူ့အသံကို အကဲခတ်ကြည့်ရတာပါ၊ မြင်ရလို့ ပြောနေတာမှ မဟုတ်ဘဲ'

'ဒါဖြင့် ပြောစမ်းပါအုံး၊ဒီသရဲချောက်မှန်း ခင်ဗျားက ဘယ်လို ရွှေဉာဏ်တော်စူးပြီး ယူဆရတာလဲ'

လှဖုန်းက လေရှည်ရှည်နှင့် မေးနေသဖြင့် ကြည်လွင်ပြုံးမှာ သရဲချောက်ပုံ အလုံးစုံကို ပြန်လည် ပြောပြနေသည်။

လှဖုန်းသည် ကြည်လွင်ပြုံး ပြောပြနေသည်ကို စိတ်ဝင်စားစွာနှင့် နားထောင်နေသည်။ ထိုသို့နားထောင်နေရာမှ မျက်စိ ကိုလည်း အလကားမထားဘဲ ကြည်လွင်ပြုံး၏ တကိုယ်လုံးကို သိမ်းကျုံး၍ ကြည့်ကာ မေးနေမိသည်။

ကြည်လွင်ပြုံး၏စကား ဆုံးသွားမှ လှဖုန်းသည် သူ၏မျက်စိ များကို ကြည်လွင်ပြုံး၏ ကိုယ်ပေါ်မှ ခွာကာ ပြန်ပြောသည်။

'အင်း....ခင်ဗျားပြောသလိုသာ ဆိုယင် ဒီသရဲဟာ ခင်ဗျား အခန်းမှာဘဲ ရှိနေအုံးမှာ၊ ဒီတော့ ကျနော် သွားကြည့်မယ်၊ သရဲ မမြင်ဘူးတာနဲ့ အတော်ဘဲဗျို....'



'အရေးထဲ ရှင်က နောက်မနေနဲ့ရှင်..., တော်ကြာ ရှင့်ဂုတ်ကို ချိုးသတ်ထားလိမ့်မယ်....'

'သူသတ်နိုင်ယင် သတ်ပေစေပေါ့ဗျာ၊ ကျုပ်က တုန်းကြီး လူထွက်တယောက်ဘဲဟာ....သရဲလောက်တော့ နိုင်ပါတယ်လေး ကဲ ကျနော်သွားမယ်....'

လှဖုန်းက ပြောယင်း သွားဟန်ပြု လျှင် ကြည်လွင်ပြုံးမှာ အခန်းထဲတွင် တယောက်တည်း နေရမည်ကို ကြောက်သဖြင့်.... လှဖုန်းကို ပြန်ပြောသည်။

'ရှင်သွားယင် ကျမပါလိုက်ခဲ့မယ်၊ ဒီမှာမနေရဲဘူး'

'ကောင်းဘီ...မနေရဲလဲ လိုက်ခဲ့ပေါ့၊ တကယ်လို့များ ကျနော်နဲ့သရဲနဲ့ နပမ်းချယင် ခင်ဗျားက ကြည့်မနေနဲ့နော်၊ ကျနော့ ဖက်က ကူးပြီးအုပ်ပေးစမ်းပါ ဟား ဟား ဟား...'

လှဖုန်းက ပြောင်ချော်ချော်နှင့် ပြောကာ ကြည်လွင်ပြုံး၏ အခန်းသို့ ထွက်သွားသည်။ ကြည်လွင်ပြုံးမှာလည်း လှဖုန်း၏ နောက်မှကပ်၍ လိုက်ပါသွားသည်။

'ဘယ်မှာလဲဗျ... ခင်ဗျားဆီ အလည်လာတဲ့သရဲ ပြပါအုံး'

ကြည်လွင်ပြုံး၏ - အခန်းတွင်းသို့အရောက်တွင် လှဖုန်း မေး သည်။

'စောစောတုန်းက ဟောဒီ ကျမအိပ်တဲ့ ကုတင်ခေါင်းရင်း ဖက်က ပြူတင်းပေါက်နားမှာ ငိုသံကြားရတာဘဲ....'

ကြည်လွင်ပြုံးက လက်ညှိုးလေးလေး ထိုးကာပြယင်း ပြောပြ နေသည်။ လှဖုန်းသည် ပြူတင်းပေါက်အနီးသို့သွားကာ စစ်ဆေး ကြည့်သည်။ ပြီးတော့ ပြူတင်းပေါက်ကို ဖွင့်၍ အောက်သို့ငုံ့ ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မရှိပါလားဗျ…ကေန္တ ခင်ဗျားဆီ အလည်လာတဲ့သရဲဟာ၊ ခင်ဗျားက ညှော်မခံတာနဲ့ စိတ်ဆိုးပြီး ပြန်သွားဘီထင်တယ် ဟား ဟား ဟား….'

'အို…ကိုမောင်မောင်ဖုန်းကလဲ နောက်နေပြန်ဘီ၊ ကျမ တကယ် သရဲအခြောက်ခံရလို့ ပြောနေတာပါ၊ ရှင်က မယုံဘူး လား….'

'ယုံစရာ ယင်လဲ ယုံရတာပေါ့ဗျာ၊ ဒါပေမယ့် သရဲကိုမတွေ့ရတာတော့ နာသဗျာ… တောက်….ဒီသရဲကလဲ ကျနော့ဆီတော့ လာမခြောက်ဘူး၊ ဘယ့်နှယ် ခင်ဗျားဆီ သွားခြောက်သလဲမသိ ဘူး၊ သရဲရေ ဟော့ သရဲ….'

လှဖုန်းက ပြောင်ချော်ချော်နှင့်လှပ်ကာ သရဲကိုခေါ်နေစဉ် ပြောဖက်ဆီမှ ဆွဲဆွဲငင်ငင်နှင့် အူလိုက်သော ခွေးအူသံကြီးကို ကြားလိုက်ကြရသည်။

'ဟော ကြားလား… ခွေးအူပြန်ဘီ၊ သရဲဟာ ရှင်ခေါ်တာနဲ့ ပြန်လာဘီနဲ့တူတယ်'

ကြည်လွင်ပြုံးသည် ကြောက်ရွံ့သံကလေးနှင့် ပြောယင်း…. လှဖုန်းအနီးသို့ တိုးကပ်ကာသွားသည်။ လှဖုန်းကလည်း ခွေးအူ သံကို နားစွင့်ထောင်နေသည်။

ထိုစဉ် စောစောပိုင်းက အခန်းတွင်းသို့ ရောက်နေသော ကြွက်ကလေးမှာ သူတို့၏အသံများကြောင့် ဖြတ်၍အပြေးတွင် ကြည်လွင်ပြုံး၏ ခြေထောက်ကို ဝင်တိုးမိသည်။ ဤတွင် ကြည် လွင်ပြုံးမှာ လန့်ဖျပ်ကာ အမယ်လေး ဟူ၍အော်ယင်း ကြောက် အားလန့်အားနှင့် လှဖုန်းကို ပြေးဖက်ထားတော့သည်။



ကြည်လွင်ပြုံး ကဖက်လျှင် လှဖုန်းကလည်း ပြန်လည်၍ တအားခပ္ပ ဖက်ထားသည်။

ထိုအခါတွင် သူတို့နှစ်ဦးစလုံးမှာ မေ့တ်လိုက်သွားကြသလို ဖြစ်ကာ တဦးကိုတဦး ပြန်မလွှတ်ကြတော့ဘဲ အတန်ကြာ ဖက် ထားကြသည်။

နှစ်ဦးစလုံးမှာ အပျိုလူပျိုတွေမို့ အတွေ့တွေ့ထူးကာ မေ့မူး နေကြသည်။

'ပြုံး….ဟုံးဖုံး…'

လှဖုန်းက ငှက်ဖျားထက်သံကြီးနှင့် ကြည်လွင်ပြုံးကို ခေါ် သည်။

ကြည်လွင်ပြုံးကတော့ ရှက်နေဟန်နှင့် ထူးသည်းမထူး… လှဖုန်းကိုလည်း မော့မကြည့်ဘဲ မျက်နှာကိုငုံထားသည်။ သို့သော် လက်နှစ်ဖက်ကတော့ မေ့တ်လိုက်နေသလို လှဖုန်း၏ကိုယ်ကို ဖက် ၍ဖက်ထားသည်။

လှဖုန်းသည် ကြည်လွင်ပြုံးက မထူးဘဲနေသဖြင့် အားမလို အားမရဖြစ်ကာ ကြည်လွင်ပြုံး၏ မျက်နှာကလေးကို ဆွဲမော့ ယင်း မေးပြန်သည်။

'ပြုံး….ဘာလို့မထူးဘာလဲ၊ ရှက်နေလို့လား'

လှဖုန်းကမေးလျှင် ကြည်လွင်ပြုံးက နှုတ်နှင့်အဖြေမပေးဘဲ ခေါင်းကိုသာ ညိတ်ပြသည်။ လှဖုန်းသည် ချစ်စရာကောင်းလှ သော ကြည်လွင်ပြုံး၏မျက်နှာကလေးကို ကြည့်ယင်း ပါးမြင် ကလေးနှစ်ဖက်ကို သူ၏နှာခေါင်းကြီးနှင့် တအားဖိကပ်ကာ နမ်း ယူနေသည်။ ကြည်လွင်ပြုံးကတော့ သူပြုသမျှကို ရုန်းကန်ခြင်း မပြုဘဲ ငြိမ်ခံနေသည်။ ထိုအခါတွင် လှဖုန်းသည် ပါးမြင်များ

www.burmeseclassic.com

www.burmeseclassic.com



ကိုသာမကဘဲ... နှဖူးဆီသို့ တဆင့်တက်ကာ နမ်းနေပြန်သည်။ နှဖူးမှ သည်နား၊ နားမှသည်နှုတ်ခမ်း၊ ထိုကမှတဖန် ပါးပြင်ဆီသို့ ဒုတိယပိ ပြန်သွားပြီးနောက်... နှဖူးပြင်သို့ဆက်၍ နမ်းပြန်သည်။ နှဖူးပြင်ကိုနမ်းပြီးနောက်၊ ကြည်လွင်ပြုံး၏ ပိတုံးယောင်ကောသာများဆီသို့ အတတ်ဆန်းကာ အနမ်းထွင်တော့ ကြည်လွင်ပြုံး၏ ဆံပင်တွေမှာ လှဖုန်း၏နှာခေါင်းပေါက်သို့ ဝင်ကုန်သဖြင့် လှဖုန်းမှာ ဟတ်ချိုး ဟူ၍ ချေမိတော့သည်။

'ဒါက ဘာဖြစ်ရတာလဲ...သူ နေရာတကာ နောက်တယ်'

ချေဆတ်နေသော လှဖုန်း၏အဖြစ်ကို ကြည်လွင်ပြုံးက မေးသည်။

'အာ...ဘာဖြစ်ရတာလဲဆိုတော့ ပြုံးကို ကိုယ်ချစ်လွန်းအားကြီးလို့ မျက်နှာ တဝိုက်သာမကဘူး ဆံပင်ပါ သွားအနမ်းမှာ... နှာခေါင်းထဲ ပြုံးရဲ့ဆံပင်တွေ ဝင်သွားလို့ ချေမိတာပါဗျာ... ဟဲ ဟဲ...'

'တော်ပါ ဟဲဟဲတွေ ပဲပဲတွေ လုပ်မနေပါနဲ့၊ ပြုံးကကြောက်လို့ သူ့ကိုဖက်တာကို သူက ဒီ လို အခွင့် ရေး ယူ တာ ကောင်းသလားလို့...'

'အခွင့်ရေးယူတာ မဟုတ်ပါဘူးပြုံးရယ်၊ ဖိုနဲ့မဆိုတာ ဓါတ်သဘောနဲ့ပြောရယင် ခွာမရဘဲ မီးပွင့်အောင်လိုက်တတ်လို့ အခုလို ဖြစ်သွားရတာပါ အဟီး...'

'ဒါဖြင့် ပြုံးကိုချစ်လို့မဟုတ်ဖူး၊ ဓါတ်လိုက်သွားလို့ပေါ့... ဟုတ်လား...'

'အမယ် အမယ် အမယ်...ဒီလိုတော့ လူကိုအပြစ်မရှာချင်ပါနဲ့... ချစ်ကညာခင်... မာတုဂါမကလေးရယ်၊ ပြုံးအပေါ်မှာ



ပေါ့ဒီက ကတုံးဟာ အဲလေ...ကိုဖုန်းဟာ ဘယ့်ကလောက် ချစ်တယ်ဆိုတာ ရင်ကိုခွဲပြီး ပြလိုက်ချင်တယ်၊ အူတွေထွက်ပြီး သေသွားမှာကြောက်လို့ သိလား ဟား ဟား ဟား...

လှဖုန်းက အရွှန်းတွေဖေါက်ကာ ပြောနေလျှင် ကြည်လွင်ပြုံးမှာလည်း ရယ်နေသည်။

'ဒါနဲ့များ ပြုံးကို နှမလေးလိုသဘောထားပြီး စောင့်ရှောက်ပါမယ်ဆို...အခုတော့ အပြောနဲ့မညီပါလား'

'ဒါက တော့ ပြုံး ရယ်... ကိုဖုန်းက နှမကလေးလို စောင့်ရှောက် မ လို့ ပါ ဘဲ၊ ဒါပေမယ့် ပြုံးက နှမကလေးလို စောင့်ရှောက်နိုင်အောင်မှ မနေတာ၊ ချစ်သူလိုနေတော့ ဒီကအကောင်လဲ ဘယ်ခံနိုင်ပါမလဲ ဟဲ ဟဲ...'

'ဘာပြောတယ်...နှမကလေးလို ပြုံးကမနေဘူး ဟုတ်လား၊ ဒီလိုဆို ကိုဖုန်းက ပြုံးကို အထင်သေးနေတာပေါ့...'

ကြည်လွင်ပြုံးက မခံချင်သံလေးနှင့်လှဖုန်းကို ပြန်မေးသည်။

'အာ အာ... မဟုတ်ပါဘူး၊ ကိုဖုန်းက အထင်သေးလို့ပြောနေတာ မဟုတ်ပါဘူး၊ အထင်မသေးတဲ့အပြင် ကျေးဇူးတောင်တင်မိပါသေးတယ်၊ ဒီအကောင်က ပြုံးကို အသဲစွဲနေတာ ကြာဘီမဟုတ်လား၊ အခုမှဘဲ အလိုပြည့်တော့တယ်'

'ဘာ အလိုပြည့်တာလဲ၊ သူ့ကို ဘယ်သူက ချစ်တယ်လို့ပြောသေးလို့လဲ...'

'ပြောဘို့ လိုသေးသလား ပြုံးရာ... တဦးဝမ်းထဲမှာ ဘိုး ဘယ်လိုသဘောထားကြတယ် ဆိုတာ ရုပ်မြင်သံကြားစက်နဲ့ ဖွင့်ပြလားကြဘီဘဲဟာ ...ပြုံးက လိမ္မာပါတယ်၊ ကဲ လာလာ...အိပ်ကြစို့ ...မိုးလင်းလုနီးနေဘီ...'

www.burmeseclassic.com

www.burmeseclassic.com



'အမယ်....ကိုယ်တော်မြတ်ဗျာ ပိုင်လိုက်တာ၊ အိပ်ကြရို ဆိုရအောင်....ပြုံးက သူနဲ့အတူတူ အိပ်တာကျနေတာဘဲ ဟင်း....'

'ဩော်...ပြုံးကလဲ အတူတူ မအိပ်ပေမယ့် ပြုံးအခန်းထဲမှာ သရဲချောက်လို့ဆို၊ ဒီတော့ ကိုဖုန်းနဲ့ လိုက်မအိပ်လို့ဖြစ်မလား....လားပါကွယ်၊ တော်ကြာ သရဲကြီးက မျက်လုံးကြီး မောင်ဝင်းလောက်နဲ့ အဲ ဟုတ်ပါဘူး... မောင်းကွင်းလောက်နဲ့ လာချောက်နေလို့မှမနေဘ် ဟဲ ဟဲ ဟဲ....'

'တော်စမ်းပါ၊ လူကိုကြောက်အောင် ချောက်မနေစမ်းပါနဲ့ ဘုန်းကြီး လူထွက်များ၊ ဉာဏ်ကိုများတယ်ဟင်း'

'ဉာဏ်များတာ မဟုတ်ပါဘူးလေ၊ ဒီက စေတနာနဲ့ ပြောတာကိုဘဲ-ကိုဘဲ'

'ကိုဘဲတွေ ကိုဆိတ်ခတွလုပ်မနေနဲ့ ပြုံးတော့ သရဲအချောက်ခံရမှာထက် ကိုဖုန်းနောက် လိုက်ရမှာကို ကြောက်တယ်၊ ဒါကြောင့် သရဲအချောက်ဘဲ ခံတော့မယ်၊ ကိုဖုန်းသာ ကြွပေရတော့ ဂိုးဘက်(ခ်)ရော်ရှမ်းပလိ(စ်)'

ကြည်လွင်ပြုံးကပါးစပ်ကလည်းပြော လက်နှင့်လည်းအတင်းတွန်းကာ လှဖုန်းကို နှင်နေတော့သည်။ လှဖုန်းသည် မသွားသေးဘဲ ပေကပ်ကပ်ကလေး လုပ်ယင်း ကြည်လွင်ပြုံးကို ပြန်ပြောသည်။

'ဂိုးဘက်(ခ်)ရော်ရှမ်းဆိုပြီး၊သတိုးမကိုင်ကြည့်ာမှန်းက အငြိုးတိုက်ကာ မဆိုလိုက်ပါနဲ့ ကိုဖုန်းမှာ ပုဆိုးဗိုက်ကာ ပြန်ရယင်တော့ ဟန်ကျမှာ မမြင်လို့ ပြုံးကလေ ဆလံကာ ပေါင်းယန်ပါရော ကိုယ့်ကို ဒီမှာ အိပ်ခွင့်ပြုပါ၊ လက်ဒီဆလိမိုင်ဒီးယားကလေးရယ် ဟဲ ဟဲ'



'အို...ဒီယားတွေ လုပ်မနေနဲ့ တော်ကြာ မီးပွားမှာ ပြုံးကြောက်တယ်၊ ဒါဘဲနော်...ပြုံးကိုချစ်တယ်ဆိုယင် အခွင့်အရေးတွေသိပ်မယူနဲ့၊ ပြုံးစကားကို နားထောင်ရမယ်၊ကဲ...ကြွပါတော့ ကိုယ်တော်ဘုရား'

ကြည်လွင်ပြုံးသည် ပြောယင်း လှဖုန်း၏ ကိုယ်ကြီးကို နောက်မှ အတင်းတွန်းကာ အခန်းအပြင်သို့ရောက်အောင်ထုတ်နေသည်။

'ပြုံးတို့မိန်းမတွေရဲ့ စိတ်ကလဲ မီးရထားအချိန် စာရင်းဇယား ပြောင်းတတ်ပါလား၊အေးလေ... ပြုံးက သွားဆိုယင် ကိုဖုန်းသွားပါမယ်၊ အဲ... မသွားခင် ပြုံးကို တခုတော့ ပြောခဲ့ချင်တယ်၊ အဲဒါ ပြုံးအခန်းနဲ့ ယုံချင်ယုံ မယုံချင်နေ၊ စောစောကတော့ ပြုံးကြောက်နေမှာစိုးလို့ မပြောတာ အခုတော့ ပြောတော့မယ်'

လှဖုန်းသည် ဉာဏ်နီ ဉာဏ်နက်တွေ သုံးကာ ကြည်လွင်ပြုံးကို ပြောတော့သည်။

'ဘာလဲကိုဖုန်း....ဘာကိုပြောမှာလဲ၊ ပြောယင်ပြောလေ'

'တခြားတော့ မဟုတ်ပါဘူး၊ ပြုံးကိုချောက်တယ်ဆိုတဲ့ သရဲမအကြောင်းပေါ့၊ ဒီအကြောင်းကို ကိုဖုန်းလေ ခြံစောင့် ရှမ်းအဘိုးကြီးဆီက သိတာကြာလှဘီ၊ ပြုံးကြောက်မှာ စိုးလို့ မပြောဘဲနေတာ သိလား'

ထိုစကားကို ကြားရလျှင် ကြည်လွင်ပြုံးမှာ တကယ်ပင်မှတ်ခါ နားထောင်လိုစိတ်ပေါက်လာသည်။

'ဟုတ်လားယင်....ဒီလိုဆို ပြောပြစမ်းပါ၊ ပြုံးနားထောင်ချင်...

www.burmeseclassic.com



'နားထောင်ချင်ယင် မနက်မှဘဲ ပြောပါတော့မယ်လေနော်၊ မို့ ဖြိုးကြောက်နေအုံးမယ် ဟုတ်လား'

'ကြည့်ပါလားလို့…ပြောပါဆိုကာမှ သူက ဈေးကိုင်နေပြန် ဘီ၊ ပြောယင်ပြော မပြောယင် ဖြိုးတော့ ကိုဖုန်းကို မခေါ်တော့ ဘူးသိလား'

ကြည်လွင်ဖြိုးက စိတ်ကောက်သံနှင့် ပြောလျှင် လှဖုန်းသည် တခစ်ခစ်နှင့် ရယ်နေပြီးနောက် ပြန်ပြောသည်။

'ကဲပါဗျာ….စိတ်တော့ ကောက်မနေပါနဲ့၊ ပြောဆိုလဲပြောရ တာပေါ့၊ ဒီလိုတဲ့ ဖြိုးရဲ့၊ ဖြိုးကိုချောက်တယ် ဆိုတဲ့ ဆရာမကြီး ဟာ သူ့ယောကျ်ားစိတ်နဲ့ ဟိုဘက်က ရေတွင်းပျက်ကြီး ထဲကို ခုန်ချပြီး သတ်သေတယ်ဆိုဘဲ'

'ဟင့်ဟုတ်လား..ဘာဖြစ်လို့ ဒီလိုသတ်သေရတာလဲဟင်'

'ဘာဖြစ်လို့လဲဆိုတော့ သူ့ယောကျ်ားဟာ သူ့ကိုပစ်ပြီး… နောက်မိန်းမ ယူသွားလို့တဲ့၊ ဒါကို ဒီမိန်းမက သိတဲ့အခါ တင်ပို့ တရိုရိုနဲ့ လုပ်နေပြီး၊ နောက်တော့ သူ့ကိုယ်သူ ရေတွင်းပျက်ထဲ ခုန်ပြီး သေလိုက်သတဲ့၊ ဒါကြောင့် ဒီမိန်းမဟာ အာဃာတမ်းပြီး နတ်စိမ်း အဲဟုတ်ပါဘူး….သရဲမ ဖြစ်နေတာတဲ့၊ သရဲမ ဖြစ်ပြန် တော့လဲ သူဟာ ယောကျ်ားတွေကို မချောက်ဘူး၊ ဖြိုးတို့လို မိန်းမချောချော ကလေးတွေကိုမှ ရွေးချောက်သတဲ့၊ ယောကျ်ား ရှိနေယင်တော့ သူက လုံးဝ လာမချောက်ဘူးဆိုဘဲ ကဲ… ကဲ… ဒီလောက်သိရယင် တော်ရောပေါ့၊ ကိုဖုန်းသွားတော့မယ်'

လှဖုန်းသည် မဟုတ်မဟတ် လုပ်ဇာတ်တွေကို ကြည်လွင်ဖြိုး ကြောက်အောင် ပြောပြခဲ့ပြီးနောက် သွားရန်ပြင်သည်။



ကြည်လွင်ဖြိုးမှာ လှဖုန်းပြောသည်ကို အဟုတ်မှတ်ကာ နေ့ သဖြင့် လှဖုန်းသွားရန်ပြင်လျှင် သူသည် အခန်းထဲတွင်တယောက် ထဲ မနေဝံ့တော့ဘဲ ဖြစ်နေသည်။

'အို….ကိုဖုန်း….နေအုံးလေ ဖြိုးလဲလိုက်မယ်'

'ဟောဗျ….လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဖြိုးအခန်းမှာ ဖြိုးအိပ် နေပါ….'

'တော်ပါ..လူကို မကြောက်ကြောက်အောင် ချောက်ပြီးမှ အိပ်ခိုင်းမနေပါနဲ့ ကိုဖုန်းလေ….သိပ်ဥာဏ်များတာ သိလား'

'မများပါဘူးဗျာ….ဖြိုးက နားထောင်ချင်တယ် ဆိုလို့လဲ… အကောင်းပြောရသေးတယ်….အခုတော့ လူ့ကိုဘဲ ဖြိုးက အပြစ် တင်နေသေးတယ်'

'ကဲပါ….အပြစ်မတင်ချင်လဲ မတင်တော့ပါဘူး….ကိုဖုန်း အခန်းထဲ ဖြိုးလိုက်ခဲ့မယ်၊ ဖြိုးတော့ ဒီအခန်းမှာ မအိပ်ရဲတော့ ဘူး….'

တုန်လှုပ်ချောက်ချားနေသော ကြည်လွင်ဖြိုးကို ကြည့်ယင်း လှဖုန်းမှာ ပြုံးနေမိသည်။

'လိုက်ချင်လဲလိုက်ခဲ့ပေါ့ဖြိုးရယ်….ဒါပေမယ့်အခန်းခ တော့ ပေးရမယ်နော် အဟီး'

လှဖုန်း၏ စကားကိုကြားရလျှင် ကြည်လွင်ဖြိုးသည်ချစ်စဖွယ် နှုတ်ခမ်းကလေး စူပြယင်း ပြန်ပြောသည်။

'ဟင်း….အခွင့်အရေးကတော့ အမျိုးမျိုးယူနေတာဘဲ၊ ဖြိုး ကိုချစ်တယ်ဆိုယင် အခန်းခတော့ ဘာတော့ တောင်းမနေနဲ့ မေတ္တာ နဲ့ခွင့်ပြုရမယ် သိလား'



www.burmeseclassic.com

www.burmeseclassic.com



'အာ....ပြုံးကလဲ၊ ချစ်လို့ပြောနေတာပေါ့ မချစ်ယင် ပြောမလား၊ ဒီတော့ အခန်းခ,ကလေးတော့ ပေးရမှာဘဲ'

'ဟင့်အင်း....ဟင့်အင်း မပေးနိုင်ဘူး၊ ကိုဖုန်းနဲ့ ပြုံးတို့ဟာ တယောက်ကို တယောက် ချစ်နေကြတာဘဲဟာ၊ ဒီတော့လက်မထပ်ခင်အချိန်မှာ ဘာအခွင့်အရေးတွေမှ မယူပါနဲ့၊ ဒီလိုယူယင်တော့ ကိုဖုန်းကို ပြုံးက မုန်းလိုက်မယ် သိလား'

ကြည်လွင်ပြုံး၏ စကားကိုကြားရလျှင် လှဖုန်းမှာ သဘောအကျကြီး ကျသွားသဖြင့် ကြည်လွင်ပြုံး၏ကိုယ်ကလေးကို ဆတ်ခနဲဆွဲယူကာ ပွေ့ဖက်ပြီး ပါးပြင်ကလေးမို့မို့ကို သူ့နှာခေါင်းနှင့် အထပ်ထပ် ဖိုနေတော့သည်။

ကြည်လွင်ပြုံးသည် ပထမတော့ ငြိမ်သက်စွာ နေပြီးနောက် လှဖုန်း၏ ကိုယ်မှရုန်းကန်ကာထွက်ပြီး မောဟိုက် သံကလေးနှင့် ပြန်ပြောသည်။

'ကတဲတော်....ဘုန်းကြီးလုပ်လာတဲ့ လူ့ရဲ့လက်ကလဲ မြန်ဆန်တော် မှုလိုက်တာ၊အုင်မတန်ရဲတာဘဲ၊ ပြုံးတော့ကြောက်တောင်လာဘီ'

'မကြောက်ပါနဲ့ ပြုံးရယ်၊ ကိုဖုန်းစိတ်ထဲ မချင့်မရဲ ဖြစ်လာလိုက်တာ... ကဲ ကြောက်တယ်ဆိုယင် ကိုဖုန်းအခန်း လိုက်အိပ်ပေတော့....စိတ်ချ ကိုဖုန်းလေ ပြုံးအပေါ်မှာ နောက်ထပ် ဘာအခွင့်အရေးမှ မယူပါဘူး၊ ယုံကြည်စိတ်ချစွာ အိပ်ပေတော့'

လှဖုန်းသည် ပြောရင်းမှ ကြည်လွင်ပြုံး၏ လက်ကလေးကို ဆွဲ၍ ခေါ်သွားသည်။ သို့နှင့်ပင် လှဖုန်းနှင့် ကြည်လွင်ပြုံးတို့မှာ သရဲချောက်သည်ကို အကြောင်းပြု၍ တဦးနှင့်တဦး ချစ်ကြိုက်ကာ သွားကြတော့သည်။ ခုနစ်ရက် ပြည့်လျှင်တော့ သူတို့သည် အောင်ပန်းမြို့မှနေ၍ ရန်ကုန်သို့ မီးရထားနှင့် ပြန်လာခဲ့ကြသည်။



* * *

လှဖုန်းသည် ကြည်လွင်ပြုံးနှင့် သူ့အကြောင်းကို အထက်ပါအတိုင်း ကိုကြည်နှင့် ကိုကျော်မြင့်တို့ကို ပြောပြနေသည်။

ကိုကြည်နှင့် ကိုကျော်မြင့်တို့မှာ ဆိုကိုစွမျိုးဆိုလျှင် လဖက်ထက်ကြိုက်တတ်သူများပီပီ သွားရည်တမြားမြားကျမတတ် စိတ်ဝင်စားစွာနှင့် နားထောင်နေကြသည်။ လှဖုန်း၏စကား ဆုံးသွားတော့မှ ကိုကြည်၏အသံမှာ ထွက်ပေါ်လာသည်။

'ဒီလိုဆို....မင်းနဲ့ကြည်လွင်ပြုံးတို့ဟာ လွန်လွန် ကျူးကျူးတော့ မဖြစ်ကြ ဘူးပေါ့ဟုတ်လား'

'မဖြစ်ပါဘူးဗျာ၊ဒီလို မဖြစ်ကြအောင်တော့ သူရော ကျနော်ရော စောင့်ထိန်းခဲ့ကြရတာပေါ့'

'ဒီလိုဆို မင်းညံ့သေးတာပေါ့ မောင်လှဖုန်းရာ--ကိုယ့်လက်ထဲရောက်နေတဲ့ ငါးကျော်ကြီးကို၊ မင်းက စားမပစ်ဘဲ၊ အလှကြည့်နေရသလားကွ၊ ငါလိုသာဖြင့် စားပစ်ပီးသားဘဲ'

ကိုကြည်က အားမလို အားမရသံနှင့် ပြောသည်။

'ဟာ....ကိုကြည်ကလဲဗျာ၊ ကျနော်တို့ချင်းတဦးနဲ့တဦး ချစ်ကြိုက်နေကြမှတော့၊ ဒီလိုလုပ်လို့ ဘယ်ကောင်းပါ့မလဲ၊ ပြုံးကလဲရန်ကုန်ကို ပြန်ရောက်ယင်၊ ကျနော့ကို ယူပါ့မယ်လို့၊ ကတိပေးထားပီးမှတော့ သူမကြိုက်တာတွေ ကျနော် လုပ်ရပ်ဖြစ်လား'

လှဖုန်းကပြန်လည် ရှင်းလင်း၍ ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင် ကိုကျော်မြင့်က ဝင်မေးပြန်သည်။

'ကြည်လွင်ပြုံးက ဂတိပေးပေမယ့်၊ သူ့အဖေနဲ့ အမေက သဘောတူမှာမို့လား၊ အထူးသဖြင့် သူ့အဖေကြီးကို ပိုခကြောက်ရတယ်ဗျ'

'ဘိစ္စမရှိပါဘူးဗျာ၊ ကြည်လွင်ပြုံး တယောက်လုံး ကျနော့ဆီကိုပါနေမှတော့၊ ကျနော့ဖက်က မီးသေနေပါဘီ'

'သိပ်လဲ အထင်ကြီးမနေနဲ့အုံး ကိုယ့်လူ၊ တော်ကြာ ကြည်လွင်ပြုံးက သူ့မိဖတွေဖက် ပါသွားတော့မှ၊ ဟာသ မင်းသားဘဝကနေ၊ အလွမ်းမင်းသား ဖြစ်နေအုံးမယ်'

'ယာဗျာ ...ကိုကျော်မြင့်ကလဲ၊ ပါးစပ်ပုတ်ကြီးနဲ့ ပြောနေပြန်ဘီ၊ ဒါကြောင့် ဒေါ်ခင်မြိုင်က ခင်ဗျားစက္ကူလေးထုပ်ချေးပီး၊ ပြန်မဆပ်တာသိလား'

လှဖုန်းက မခံချင်သံနှင့် ပြန်ပြောလျှင် ကိုကြည်နှင့်ကိုကျော်မြင့်တို့မှာ ရယ်နေကြသည်။ သူတို့ ပြောနေကြစဉ် ကိုကြည်၏ မိန်းမ ဒေါ်မြခင်မှာ အပြင်မှ ပြန်ရောက်လာသည်။ လှဖုန်းကို တွေ့ရလျှင် ဝမ်းသာ သံကလေးနှင့် နှုတ်ဆက်သည်။

'ဟဲ့ ....မောင်လှဖုန်း ဘယ်တုန်းကများ ပြန်ရောက် နေသလဲ့....'

'စောစောကဘဲ ပြန်ရောက်တယ်၊ ဒေါ်ဒေါ်....'

'ဒါထက် မေးရအုံးမယ်၊ မင်းနဲ့ကြည်လွင်ပြုံးတို့ ခိုးရာလိုက်ပြေးကြတယ်ဆို'

'ခိုးရာလိုက်ပြေးကြတာ မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်၊ ဆရာဘဲဥကခိုင်းလို့၊ တမင်ရှောင်နေကြတာပါ၊ သိချင်ယင် ကိုကြည်ကိုမေးကြည့်ပါတော့ သူ့ကိုကျနော်ပြောပြပီးဘီ'



'ဒီကိစ္စ အသာထားပါအုံး၊ အခုဆိုယင် မင်းဟာ ရုပ်ရှင်တောင် ရိုက်လို့မီးနေဘီ၊ ငါ့ကျတော့ အခုထက်ထိ ရုပ်ရှင်ထဲပါအောင်၊ ဆရာဘဲဥကို ပြောမပေးသေးဘူး'

ဒေါ်မြခင်၏ စကားကိုကြားရလျှင် ကိုကျော်မြင့်က သွားကြီးဖြီးကာရယ်ယင်း ဝင်နောက်သည်။

'ခင်ဗျားက ရုပ်ရှင်ထဲဘာလုပ် ဝင်ချင်တာလဲဗျ၊ ဦးဘချစ်ကြီးနဲ့တွဲချင်လို့လား ဟား ဟား ဟား....'

'တော်စမ်းပါ ကျုပ်က ဦးဘချစ်နဲ့တွဲချင်လို့ မဟုတ်ပါဘူး၊ ဘယ်သူနဲ့မှလဲ မတွဲချင်ဘူး ကျုပ်ပါချင်တာက အပျိုကြီးအခန်းကပါချင်တာပါတော်'

ဒေါ်မြခင်သည် ကိုကျော်မြင့်ကို မကျေမနပ်ဟန်နှင့် မျက်စောင်းထိုးကာ ပြောသည်။

'စိတ်ချပါ ဒေါ်ဒေါ်ရယ် ဆရာဘဲဥကို ကျနော်ပြောပေးပါ့မယ်၊ ဒေါ်ဒေါ်သာ အိုက်တင်တွေ ကျင့်ထားပါ'

လှဖုန်းက ပြောအပြီးတွင် ကိုကျော်မြင့်ကအနီးရှိ ကိုကြည်ကို လှမ်း၍ပြန်သည်။

'ကဲကိုကြည်...ခင်ဗျားရဲ့ ဇနီးချောက ရုပ်ရှင်ထဲ ဝင်ချင်နေဘီ၊ ခင်ဗျားကကော မဝင်ချင်ဘူးလား၊ အင်းခင်ဗျားရုပ်က မေးမှာ ဘာမွှေးကလေးနဲ့ဆိုတော့၊ ဖူးမန်းချူ ဇာတ်ကား ရိုက်ယင်တော့၊ သိပ်ကောင်းမယ်ဗျို့ ဟား ဟား ဟား....'

ကိုကျော်မြင့်က ပြောပြီးရယ်နေလျှင်လှဖုန်းလည်း လိုက်၍ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည်ကတော့ မျက်နှာကြီး မဲ့နေသည်။ ဒေါ်မြခင်မှာ သူ၏ယောကျ်ားကို ဖူးမန်းချူးနှင့် အနိုင်ခံရသဖြင့် မကြေနပ်သံနှင့် ကိုကျော်မြင့်ကို ပြန်ပြောသည်။

'ဒီလိုမပြောစမ်းပါနဲ့တော် ကျုပ်ယောကျ်ားဟာ ဖူးမန်းချူးနဲ့တူတယ်ဆိုတော့ နေယင်းထိုင်ယင်း အကြည်ဟာ လူဆိုးဖြစ်မသွားဘူးလား၊ တဖက်သားကို ဒီလိုမနှိမ်ပါနဲ့၊ ကျုပ်မကြိုက်ပါဘူး၊ ဒီမှန်တော့ အကြည်ရဲ့မေးဖျားက အမွှေးကလေးပေါက်နေတာဟာ၊ ဝင်းဦးနဲ့ သိပ်တူတာဘဲတော့....အဟီး'

ဒေါ်မြခင်ကပြောပြီး အိမ်ထဲသို့ ဝင်သွားလျှင် လှဖုန်းနဲ့ ကိုကျော်မြင့်တို့မှာ ရယ်ယင်း ကျန်ရစ်ကြသည်။

နောက် နာရီဝက်ခန့် အကြာတွင်တော့ ကိုကျော်မြင့်သည် သူတို့ကို နှုတ်ဆက်၍ ပြန်သွားသည်။ လှဖုန်းလည်း ဒါရိုက်တာ ဦးဘဲဥနှင့် သွားတွေ့ရန်အတွက် ရေသွားချိုးနေတော့သည်။

*　　*　　*

( ဆယ့်ငါး )

အသပြာ မေမေ

ညနေဖက်တွင် လှဖုန်းသည် ဒါရိုက်တာ ဦးဘဲဥ နေထိုင်ရာ အင်းယားမြိုင် လမ်းသို့ လေးဘီးအငှါး ကားကလေးနှင့် ထွက်လာသည်။

အဆင်သင့်ပင်ဦးဘဲဥကို ပန်းခြံတွင်းတွင် တွေ့ရသည်။ ဦးဘဲဥနှင့်အတူ သူ၏သား နှစ်ယောက်နှင့် လေဒီဘဲဥပါ တွေ့မြင်ရသည်။

'လာဟေ့....မောင်လှဖုန်း ငါလဲမင်းကို မျှော်နေတာကွ'

လေးဘီးအငှါး ကားပေါ်မှ ဆင်းလာသော လှဖုန်းကို မြင်လျှင် ဦးဘဲဥက ထိုင်နေရာမှ လှမ်းခေါ်သည်။

ဦးဘဲဥ၏ ကလေးများသည် လှဖုန်း၏ ခေါင်းကိုကြည့်ပြီး ရယ်နေကြသည်။

'ဦးဦးရဲ့ခေါင်းက ဆံပင်တွေဘောင် ဘော်တော် ပေါက်လာဘီနော်'

www.burmeseclassic.com

www.burmeseclassic.com



ဦးဘဲဥ၏ သားအကြီးက လှမ်းမေးလျှင် လှဖုန်းသည် သူ၏ ခေါင်းကို လက်နှင့်ဖွစမ်းယင်း ပြန်ပြောသည်။

'အေး....နောက်ဆိုယင်၊ ဦးဦးကို ဘိုကေကကလေးနဲ့ မင်းတို့မြင်ကြရတော့မယ်ကွ... ဟား... ဟား....ဟား'

လှဖုန်း၏စကားကြောင့် ကလေးများမှာ ရယ်နေကြသည်။

'ထိုင်ကွာ.... မောင်လှဖုန်း၊ ကဲ ကဲ သားတို့က တခြားမှာ သွားဆော့ကြကွာ၊ ဖေဖေတို့ စကားပြောအုံးမယ်'

ဦးဘဲဥက ပြောလျှင် ဦးဘဲဥ၏ ဇနီးသည်က သူ၏သားနှစ်ယောက်ကို တခြားသို့ ခေါ်သွားသည်။

ကလေးများ ထွက်သွားလျှင်တော့ ဦးဘဲဥသည် လှဖုန်း၏မျက်နှာကို ပြုံးပြုံးကြီးလုပ်ကာ ကြည့်ယင်းမေးသည်။

'ဘယ်နှယ်လဲကွ၊ မင်းတို့နှစ်ယောက် ဟန်ကျသွားဘီ မဟုတ်လား....'

'ကျပါတယ်ဆရာ၊ သိတ်ကိုဟန်ကျသွားတယ်'

'ဟန်ကျဆို ငါက ကြံပြတာကိုးကွ၊ ကဲ ပြောစမ်းပါအုံး၊ အောင်ဗန်းမြို့က မင်းတို့ရဲ့ဇာတ်ကြောင်းကို'

ဦးဘဲဥက မေးလျှင် လှဖုန်းသည် သူနှင့် ကြည်လွင်ပြုံးတို့၏အကြောင်းကို အစမှအဆုံး ပြန်လည်၍ ပြောပြနေသည်။

လှဖုန်း ပြောပြနေသည်ကို ဦးဘဲဥသည် စိတ်ဝင်စားစွာနှင့် နားထောင် နေပြီးနောက် ဆုံးလျှင် ဝမ်းသာသံနှင့် ပြန်ပြောသည်။

'အေးကွာ...ကြားရတာ ဝမ်းသာလိုက်တာ၊ ငါဖြင့်ကြံသာကြံရတယ်၊ ဟန်မှဟန်ပါ့မလားလို့ စိတ်ပူနေတာကွ'



'ဟန်ပါဘယ်ဆရာရယ်၊ ဆရာရဲ့ ဒစီအစဉ်ကလဲ သိတ်ကောင်းတာကို၊ သရဲယောင် ဆောင်တဲ့ မိန်းမ ဘယ်သူလဲဆရာ သိတ်တော်တာဘဲ'

'ဘယ်သူကမှာလဲ ဦးဥာဏ်ရှိန်ရဲ့ မိန်းမပေါ့၊ သူကဒီမျိုးဆို သိတ်ဝါသနာပါတာကွ၊ ကြည်လွင်ပြုံးတော့ တကယ့်သရဲမှတ် ပီးတော့တော့ ကြောက်သွားမှာဘဲနော် ...ဟား ဟားဟား....'

'ကြောက်တာတော့ ပြောမနေနဲ့၊ ကျနော့အခန်းမှာ လိုက်အိပ်ဘာသာ ကြည့်ပေတော့၊ ကျနော်တော့ ဆရာ့ကျေးဇူးကို ဘယ်လို ဆပ်ရမှန်းတောင်မသိဘူး၊ဆရာဟာ မင်းသားဖြစ်အောင်လဲတင်ပေးတယ်၊ ပီးတော့ ကျနော် အသဲစွဲအောင် ချစ်ကြိုက်နေတဲ့၊ ကြည်လွင်ပြုံးနဲ့လဲ ဟန်ကြအောင် စီမံပေးဘယ်၊ ဆရာ့ကျေးဇူးကတော့ သိတ်ကြီးနေဘီဆရာ'

'ကဲပါကွာ၊ ကျေးဇူးတွေဘာတွေ ပြောမနေစမ်းပါနဲ့၊ မင်းတို့ဟန်ကျတယ်ဆိုတာ သိရယင်ငါကကျေနပ်ပါဘီ၊ ငါဖြင့်ကြည်လွင်ပြုံးကို မင်းနဲ့အတူ ရှောင်နေဘို့ ပြောတုန်းက လိုက်မှလိုက်လျှောပါ့မလားလို့ စိုးရိမ်လိုက်တာ၊ သူက လျှောလျှောရှုရှုနဲ့ လိုက်လျှောသံ ကြားရမှ စိတ်အေးတော့တယ်၊ အေး ဒါက အရေးမကြီးဘူး၊ မင်းတို့ချင်း လက်ထပ်ဖို့ကိစ္စက အရေးကြီးတယ်၊ သူ့အဖေကြီး ကြည့်ရတာတော့၊ မင်းနဲ့သဘောတူပုံ မပေါက်ဘူးကွ'

'မပေါက်ဆို...ဒီလူကြီးက သမီးလုပ်စာကို လက်ဝါးကြီးအုပ်ပီး၊ စားနေတာကိုး၊ ဒါပေမယ့် ကြည်လွင်ပြုံးကတော့ ကျနော့ကို ဂတိပေးထားပီးသားပါ ဆရာရယ်'

www.burmeseclassic.com

www.burmeseclassic.com



‘ဂတိ ပေးပေမယ့်၊ မင်းတို့ ကိစ္စက အလွယ်တကူနဲ့တော့ မအောင်မြင်နိုင်ဘူး ထင်တယ်၊ ဒီတော့ မင်းကလဲ အားမငယ်နဲ့ မင့်အပေါ်မှာ ကြည်လွင်ဖြူးဟာ အမြဲတန်း ချစ်နေအောင် ကြိုးစားကွ၊ မိန်းမတွေရဲ့စိတ်က လျှင်လှုပ်မလှုပ် ခန့်မှန်းရခက်တာ ထက်တောင် ခက်သေးတယ် ဟား.. ဟား... ဟား..’

‘ဒါကတော့ ကံပေါ့ ဆရာရယ်၊ ဒါပေမယ့် ဖြူးကတော့ ကျွန်တော့်အပေါ်မှာ သစ္စာဖေါက်မယ် မထင်ပါဘူး၊ ဒါထက် ကြည်လွင်ဖြူးကိုခေါ်ဖို့ ဆရာခေါ်ထားတယ် မဟုတ်လား၊ သူ ဘယ်တော့ လာမယ်တဲ့လဲ’

‘အေး... အဲဒါကြောင့်သူနဲ့မင်းဟာ နီးစပ်ဖို့မလွယ်ဘူးလို့ ငါ ကမ္ဘာကနေတာပေါ့၊ စောစောတုန်းကသူ့ဆီကို ငါကဖုန်းဆက်ပြီး ခေါ်သေးတယ်၊အဲဒါ သူနဲ့တော့မတွေ့ဘူး၊သူ့အဖေကြီးနဲ့ဘဲတွေ့ တယ်၊ သူ့အဖေက သူ့သမီးကြည်လွင်ဖြူးဟာ ခရီးပမ်းလာလို့ နေမကောင်းဘူးတဲ့၊ ဒါကြောင့် မလွှတ်ပါရစေနဲ့တဲ့ ဆရာတွေချင်ယင် သူတို့ဆီ လာတွေ့ပါတဲ့ကွာ’

ယင်းစကားကိုကြားရလျှင် လှဖုန်း၏ မျက်နှာပေါ်တွင် စိုးရိမ်စိတ်ကလေးများ သမ်းသွားသည်။

‘ဟောဗျာ... ဒီလိုဆို ဖြူးတယောက် အိမ်က ထွက်ဖို့တောင် မလွယ်ဖြစ်နေတာပေါ့၊ ကျွန်တော်ကလဲ သူ့ကို မတွေ့ရယင် မနေနိုင်ဘူးဆရာ၊ ကျွန်တော်တို့လုပ်ကြံ ထားကြတဲ့ ဇာတ်လမ်းကိုများ သူ့အဖေကြီး သိသွားပလားမသိဘူး’

‘ကြံကြံဖန်ဖန်ကွာ၊ ဒီကိစ္စက မင်းနဲ့ငါဘဲသိကြတဲ့ဟာ ကြည်လွင်ဖြူးတောင်မှမသိတာ၊ နို့နေပါအုံး မင်းက ကြည်လွင်ဖြူးကိုများ ဖွင့်ပြောခဲ့လို့လား’



‘မပြောပါဘူးဆရာရယ်၊ ဒါကိုဖွင့်ပြောလို့ ဘယ်ဖြစ်ပါ့မလဲ နောက် သူနဲ့ကျွန်တော် ရပြီးတဲ့အခါကျမှ ပြောပြရမှာပေါ့’

‘အေးကွာ...မင်းဘို့ချင်း ရပြီးမှ ပြောစမ်းပါ... ဒီလိုဆို... ကြည်လွင်ဖြူးရဲ့အဖေကြီးက ဘာဖြစ်လို့များ သမီးကိုမလွှတ်တယ် မသိဘူး၊ အေးလေ.. ဒီလူကြီးက လူလယ်ကြီးဆိုတော့ မင်းနဲ့သူနဲ့ ချစ်ကြိုက်နေကြတာဆိုတာရိပ်မိလို့လားမှ မသိတာ’

‘ဒီတော့...ကျွန်တော် ဘယ်လိုလုပ်ရမလဲဆရာ...ပြောပါအုံး’

‘နေပါအုံးလေကွာ... အချိန်တွေ အများကြီး ရှိပါတယ်၊ ပြီးတော့ ကြည်လွင်ဖြူးတယောက်လုံးလဲ မင့်ဘက်ပါနေမှတော့ တနည်းနည်းနဲ့ ကြံရမှာပေါ့’

‘ကြံတာက အရေးမကြီးဘူးဆရာ၊ သူနဲ့ ကျွန်တော် တွေ့ချင်သေးတယ်၊ ဒါကိုတော့ ဆရာအကြံထုတ်ပါအုံး’

လှဖုန်းက မျက်နှာငယ် ကလေးနှင့် ပြောနေလျှင် ဦးဘဲဥသည် အကြံယူနေဟန်နှင့် စဉ်းစားနေသည်။

‘ဒီလိုလုပ်မယ်ကွာ.. မင်းနဲ့ ကြည်လွင်ဖြူးတို့ကို ရိုက်ပြီးသွားတဲ့ ရုပ်ရှင်ဘခန်းအတွက် ကြိုက်လို့ ထပ်ရိုက်ချင်တယ်ဆိုပြီး ပြောတာပေါ့၊ ဒါဆိုယင် သူ့အဖေဟာ သမီးကို မလွှတ်ဘဲ နေမှာ မဟုတ်ဖူးကွ၊ လွှတ်မှာ...ဘယ့်နှယ်လဲ’

‘ဟာ ကောင်းတာပေါ့ဆရာ ဒီလိုဆိုယင် ကျွန်တော်တို့အတွက် ဆရာတို့မှာ ထပ်ပြီး ငွေကုန်အုံး မှာပေါ့နော်၊ ရုပ်ရှင်ဘရက်ဆိုယင် ငွေက အနည်းဆုံး နှစ်ထောင်ကုန်တဲ့ဟာ’

‘ကိစ္စမရှိပါဘူးကွာ... မင်းတို့အကျိုးအတွက် ဒီလောက်က လုပ်ပေးရမှာပေါ့’

www.burmeseclassic.com

www.burmeseclassic.com



'အကယ်လို့များ ကြည်လင့်ပြုံးရဲ့ အဖေကြီးက ငြင်းယင်ကော'

လှဖုန်းက စိတ်ပူသံကလေးနှင့် မေးပြန်သည်။

'ဟာ...မင်းကလဲ ပူစရာမဟုတ်တာ ပူနေပြန်ဘီ၊ ငြင်းလို့ ဖြစ်မလားကွ ရုပ်ရှင်ရိုက်ဘို့ ခေါ်တဲ့ဟာ'

သူတို့ပြောနေကြစဉ် ကလောက်ရိုက်သူ မိုးကြိုးမှာ သုံးဘီးကားကလေးနှင့် သူတို့ဆီရောက်လာသည်။

'အလို...မိုးကြိုးပါလား...၊ ဒီကောင့် ကြည့်ရတာ ပျော်ယို့ပျော်ယာနဲ့ ဘာများဖြစ်လာတယ် မသိဘူး'

ဦးဘဲဥသည် လှဖုန်းကိုပြောယင်း မိုးကြိုးကို ကြည့်နေသည်။

'ဆရာရေ...သတင်းထူး သတင်းဆန်းတခု ဖြစ်နေလို့ လာပြောတာဘဲ'

မိုးကြိုးသည် ဦးဘဲဥကိုမြင်လျှင် လှမ်း၍ ပြောသည်။

'ဟေ...ဘာသတင်းထူးလဲကွ၊ ခွေးကလေးက မအောင်နက်ဖြစ်သွားတဲ့ သတင်းလား....ဟား ဟား ဟား'

'မဟုတ်ဖူးဆရာ ...သိတ်ထူးတဲ့သတင်း၊ ဆရာ့ကပည့် မေသန်းလွင် အကြောင်းဘဲ'

'မေသန်းလွင် အကြောင်းလား....ဒီလိုဆို လင့်နောက် လိုက်ပြေးတဲ့ သတင်းဘဲဖြစ်ရမယ်'

'ဆရာပြောတာနဲ့ ပြောင်းပြန်ဖြစ်နေဘီ၊ မေသန်းလွင်က လင့်နောက်လိုက်ပြေးတာ မဟုတ်ဖူးဆရာရေ၊ သူက မိန်းမခိုးပြေးလို့တဲ့ ဟား ဟား ဟား'



မိုးကြိုးကပြောလျှင် ဦးဘဲဥမှာ ဟယ်...ကနဲ အာမေဋိတ်သံကြီး ထွက်သွားသည်။ ပြီးမှ သူသည် အားပါးတရ ရယ်နေတော့သည်။

'ဖြစ်မှ ဖြစ်ရလေကွာ...မေသန်းလွင်လို မာမရှိန်း တဆယောက်က မိန်းမခိုး ပြေးရသတဲ့လား... ဟား ဟား ဟား'

'ပြေးဆို...မေသန်းလွင်ရဲ့ အကြောင်းကို ဆရာက အပြည့်အစုံမှ မသိတာ၊ ဒီကောင်က လူလယ်ဆရာရဲ့၊ မိန်းမတွေနဲ့ ယှက်ပွန်းတတီး နေချင်လို့၊ မိန်းမစိတ်မပေါက်ဘဲနဲ့ မိန်းမရှာမယောင်ဆောင်နေတာ၊ အခုတော့ သူ့အကြောင်း ဘွင်းဘွင်းကြီး ပေါ်သွားဘီ၊ သူယူပြေးတဲ့ကောင်မကလေးက သေဒွေးလဲ မသေဒွေး သမီး ရုပ်ကလဲ ဖြောင့်တယ်တဲ့၊ ကောင်မကလေးရဲ့ မိဘတွေကတော့ မေသန်းလွင်နဲ့ သဘောမတူလို့ လိုက်ရှာနေကြတယ်၊ ဆရာ့ဆီတောင် ရောက်လာကြမလား မသိဘူး'

'ရောက်တာက အရေးမကြီးဘူး၊ ဒီအတိုင်းဆို ငါ့မှာလဲ အခက်တွေ့နေဘီကွ'

'ဘာဖြစ်လို့လဲဆရာ၊ ကျနော်တို့ကားက ရိုက်ပီးနေမှဘဲ'

'ရိုက်ပီးတာက မှန်ပေမယ့် မေသန်းလွင်ရဲ့ အခန်းတခန်းဟာ ကျန်နေသေးတယ်လေ၊ ဒီတော့ သူ့ကိုအမြန်ရှာပီး ရိုက်မှဘဲ၊ နို့မို့ ကားဟာ အချိန်မှီ ရုံမတင်နိုင်ဘဲနေမှာ စိုးရတယ်ကွ၊ ဒုက္ခပါဘဲကွာ'

ဦးဘဲဥက စိတ်ပျက်သံနှင့် ညည်းနေသည်။ ထိုအခါတွင် လှဖုန်းက ဝင်ပြောသည်။

'ဒီလိုဆိုယင်လဲ မေသန်းလွင်အခန်းတွေ ပြန်ဖြတ်ယင် မရဘူးလား ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ…ဘယ်ရမလဲ မောင်လှဖုန်းရ၊ သူ့အခန်း တော်ခေါင် များများကို ရိုက်ပီးနေမှာဘဲဟာ၊ တောက်…ဒီလိုမှန်း သိရယင် သူ့ကို ငါ့ကားမှာ မထည့်ပါဘူးကွာ'

'ကဲပါ ဆရာရယ်…အခုမှတော့ ငြီးမနေစမ်းပါနဲ့၊ မေသန်းလွင်ကို လိုက်ရှာကြတာပေါ့'

'နေပါအုံးကွ၊ မင်းက ဘာလို့ရှာချင်ရတာလဲ၊ သူ့ဟာသူ မိန်းမခိုးတာ ခိုးပေးစေပေါ့ကွ'

'မဖြစ်ဖူးဆရာ၊ သူခိုးသွားတဲ့ကောင်မကလေးရဲ့ အမဝမ်းကွဲနဲ့ ကျနော်နဲ့ဟာ ကြိုက်နေတော့ သူ့ကိုရအောင် ရှာပေးနိုင်မှ ကျနော့်အတွက် မျက်နှာပန်းလှမှာမို့ပါ'

မိုးကြိုးက ပြောလျှင် ဦးဘဲဥနှင့် လှဖုန်းတို့မှာ ရယ်နေကြသည်။

'ဟုတ်ပေ့ကွာ…မင်းတို့ဟာတွေကလဲ အမယ်ဗုတ်ရဲ့ သူ့ချည်ခင် ဆိုတာမျိုးလို ဖြစ်နေတာ၊ မေသန်းလွင်က တမျိုး၊ မင်းက တမျိုး၊ ဟောဒီက မောင်လှဖုန်းကတမျိုးနဲ့၊ ရှုပ်ရှင်ဆိုတဲ့အတိုင်း တော်တော်လဲ ရင်ရှုပ်ရပါကလား'

ဦးဘဲဥသည် စိတ်ပျက်သံနှင့် ညည်းညူနေသည်။

ဦးဘဲဥတို့ ထိုသို့ ဖြစ်ပျက်နေကြစဉ် ကြည်လွင်ပြုံးမှာတော့ ဖခင်ဖြစ်သူ၏ အဆူအပူ အကြိမ်းအမောင်းကို ခံနေရသည်။

ကြည်လွင်ပြုံး အကြိမ်းခံနေရခြင်းမှာ အခြားကြောင့်…မဟုတ်ဘဲ…သူနှင့် လှဖုန်းတို့ တိမ်းရှောင်နေသော ကိစ္စနှင့်ပတ်သက်၍ ဖခင်ဖြစ်သူက မေးမြန်းရာတွင် ကြည်လွင်ပြုံးက ဦးဘဲဥ၏ အစီအမံကြောင့် တိမ်းရှောင် နေရခြင်းကို ဖခင်ဖြစ်သူအား အမှန်အတိုင်း ဖွင့်ပြောပြသောကြောင့်ပင်…။



ဦးမြအုန်းမှာ ထိုစကားကို ကြားရလျှင် သမီးဖြစ်သူအပေါ်တွင် အလွန်ပင် ဒေါသထွက်နေတော့သည်။

'ဖြစ်မှဖြစ်ရပလေ သမီးရယ်… စီးပွားရေးသမားတွေဟာ ဒင်းတို့ရဲ့အကျိုးအတွက် ပြုလုပ်စီမံတဲ့ကိစ္စမှာ သမီးက ထင်ပေါ်ကျော်ကြားနေတဲ့ နာမယ်တလုံးကို အထိခံပီး ကူညီတာဟာ… သမီးလောက်မိုက်တဲ့သူ ဒီကမ္ဘာပေါ်မှာရှိမယ် မထင်ဘူး'

'ဒါတော့ ဖေဖေရယ်… ကုမ္ပဏီအကျိုးချည့် မဟုတ်ပါဘူး… သမီးရဲ့အကျိုးလဲ ပါ,ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သမီးပါတဲ့ကားမှာ နယ်ကန့်ထရိုက်ခတွေရဲ့ ဘွတ်ကင်ဟာ ကျတယ်ဆိုတော့ သမီးကိုလဲထိခိုက်တာဘဲ၊ ပီးတော့ အကူအညီတောင်းခံတဲ့လူကလဲ ဆရာဘဲဥဆိုတော့ သမီးဟာ မငြင်းသာဘဲ လက်ခံလိုက်တာပေါ့၊ အခုဆိုယင် သမီးနဲ့ ကိုမောင်မောင်ဖုန်းတို့ဟာ လူတွေထင်မြင်ယူဆနေကြသလို မဟုတ်ဖူးဆိုတာ သတင်းထောက်တွေကတဆင့် တိုင်းပြည်ကို ရှင်းပြတော့မှာမို့ သမီးနာမယ် မထိတော့ပါဘူး'

ကြည်လွင်ပြုံး၏ ဆင်ခြေပေးသံကြောင့် ဦးမြအုန်းမှာ ပိုမို ဒေါသဖြစ်ကာ တအားပြန်အော်၍ ပြောသည်။

'ဘာကွ… ဘာနာမယ် မထိရမှာလဲ၊ နင်က ဘယ့်လောက်များ နားလည်လို့လဲဟင်၊ ဒါဟာ ဘက်သက်မဲ့စီးပွားရေးသမားတွေက နင့်ကို တယ်ကြက်အဖြစ်နဲ့ အချက်ထွင်ချင်လို့ အကူဆင်တာဟ…ဒါမျိုးတွေဟာ မြအုန်းတို့က ဖြစ်သွားတာပဲ… နင့်ဆရာကို ကျေးဇူးရှိလို့ ကျေးဇူးဆပ်ချင်ယင် ဒီပြင်နည်းနဲ့ဆပ်ပေါ့… အခုတော့ ကျော်မကောင်း ကြားမကောင်း ဘာမဟုတ်တဲ့ ဘုန်းကြီးလူထွက် မင်းသားနဲ့ လိုက်ပြေးသွားတယ်လို့ တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်က အထင်မှားအောင် နင်က လုပ်ပေးရသလား၊ နင် ဒီလို လုပ်လိုက်တာဟာ နင့်အကျိုးကနဲ့ ကုမ္ပဏီနဲ့ မင်းသားအတွက် တော့ ဘယ်လောက် အကျိုးဖြစ်ထွန်းသွားပြီ မှတ်သလဲ၊ဟိုတုန်းက မင်းသားမောင်မောင်ဖုန်းကို တိုင်းပြည်က အထင်လဲ မကြီးဘူး.. အရေးလဲမစိုက်ဖူး၊ ဒါကြောင့် သူတို့ကားဟာ ဘွတ်ကင် ကျနေတာ၊ အေး...အခုတော့ နင်ကအမိုက်ခံပြီး သူတို့ကို ကူညီလိုက်တဲ့အတွက် နင့်နာမယ် ပေါက်လာတာထက် ဟိုအကောင် မင်းသားရဲ့နာမယ်က ပိုလို့တက်လာတာ သိရဲ့လား၊ လူတိုင်းရဲ့ ပါးစပ်များမှာလဲ ကတုံးမင်းသား မောင်မောင်ဖုန်း မောင်မောင်ဖုန်းနဲ့ ဟိုးဟိုးကျော်နေတာ၊ နင့်မှာတော့ ဘာမှထူးပြီး ကျော်မလာဘူး၊ တော်တာ နောက်ဆိုယင် ဒီမင်းသားနဲ့ ယှဉ်ပြီး ငွေပုံအောင် မရိုက်ရတော့ဘူး၊ ဒါဟာ ငါ့ဆီက နောက်ဆုံးစကားဘဲ သိလား....'

ဖခင်ဖြစ်သူ၏ စကားကိုကြားရလျှင် ကြည်လွင်ပြုံးမှာ ချုန်းပွဲချကာ ငိုနေတော့သည်။

ကြည်လွင်ပြုံး ထိုသို့ငိုနေခြင်းမှာ ဖခင်ဖြစ်သူ၏ အဆူအပူ အကြိမ်းအမောင်းကိုခံရ၍ချည်း မဟုတ်ဘဲ၊ သူနှင့်လှဖုန်းတို့ နီးစပ်ဘို့အကြောင်းမှာ မလွယ်ကူတော့သည်ကို တွေးမိသောကြောင့် ဖြစ်သည်။

ကြည်လွင်ပြုံး ငိုနေသည်ကို အနီးတွင် ထိုင်နေသော မိခင်ဖြစ်သူ ဒေါ်ခင်ငြိမ်းက တွေ့ရလျှင် သမီးထံကပ်၍ ချော့မော့နေသည်။

'ဟုတ်သွားဘဲ သမီးရယ်၊ သမီးဖေဖေပြောလို့ ပြောရတာဘဲ၊ သမီး အခုလုပ်သွားပုံက အဖေအမေ မရှိတဲ့သူ ကျနေတာဘဲ....



ဘာကယ်ဆို သမီးအဖေကို ဖွင့်မပြောချင်တာတောင်မှ မေမေ့ကို အကျိုးအကြောင်းဖွင့်ပြီး တိုင်ပင်ဘို့ကောင်းတာပေါ့၊ မေမေ ဘို့မှာ သမီးပျောက်သွားတုန်းကဆိုယင် စိတ်ပူလိုက်ကြရတာ.... မအိပ်နိုင် မစားနိုင်တဲ့အဖြစ်ကို ရောက်ကုန်ကြတာဘဲ၊ ဒီတော့ ဖြစ်ပြီးတာလဲ ပြီးပါစေတော့၊ နောက်ဆိုယင် ဒါမျိုးမလုပ်ပါနဲ့ သမီးရယ်....မေမေတယောက်လုံး အရှိသားဘဲ၊ မေမေ့ကိုတော့ ပြောပြပေါ့၊ သမီးက လိမ္မာပါတယ်ကွယ်....'

ဒေါ်ခင်ငြိမ်းက ချော့မော့ပြောပြနေသည်။ ဦးမြအုန်းကတော့ ကြည်လွင်ပြုံး ငိုယိုနေသည်ကို တွေ့ရလျှင် ဆက်မကြိမ်းတော့ဘဲ တဖက်ခန်းသို့ ထွက်သွားသည်။

ကြည်လွင်ပြုံးလည်း သူရောက်နေသော ဧည့်ခန်းမှထ၍ အပေါ်ထပ်ရှိ သူ၏အခန်းသို့ တက်သွားသည်။

သူ၏ညီမငယ်များ ဖြစ်ကြသော မိုးပြာ (ဆယ့်လေးနှစ်) နှင့် မိုးဝါ (ဆယ့်ငါးနှစ်) တို့မှာ အမဖြစ်သူ အဆူအပူခံနေရသည်ကို စာကြည့်ခန်းမှနေ၍ အသာချောင်းကြည့်ကာ၊စိတ်မကောင်းဖြစ် နေကြသည်။

ကြည်လွင်ပြုံး အပေါ်ထပ်သို့ တယောက်တည်း တက်သွား သည်ကို တွေ့ကြရလျှင် သူတို့လည်း အပေါ်သို့ ပြေးတက်ကာ လိုက်သွားကြသည်။

ကြည်လွင်ပြုံးမှာ အခန်းတွင်းသို့အရောက်တွင် ကုတင်ပေါ် တွင် ကိုယ်ကိုမှောက်လျက်လှဲကာ ငိုယိုနေစဉ် သူ့ညီမနှစ်ဦး မှာ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အမှဖြစ်သူ ငိုရှိုက်ကာနေသည်ကို ဂရုဏာသက်စွာနှင့်ကြည့်ယင်း ဝမ်းနည်းသံကလေးနှင့် ပြောသည်။

'မမရယ်... ငိုမနေပါနဲ့၊ ဖေဖေက အားကြီးဆိုးတာဘဲနော်... မမထာတော့ မိုးဝါတို့ စားဘို့သောက်ဘို့ ရှာပေးရ သေးတယ်... မမကြောင့် မိုးဝါတို့ဟာ အခုလို ချမ်းချမ်းသာသာ နေရတာမို့ မိုးဝါတော့ မမကို သိပ်ကျေးဇူးတင်တာဘဲ'

မိုးဝါ၏ စကားအဆုံးတွင် မိုးပြာကလည်း ဝင်ပြောသည်။

'ဟုတ်တာပေါ့ဟာ ငါလဲ မမကို သိပ်သနားတာဘဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ မမဟာ ငွေဝင်ကောင်းတဲ့ မင်းသမီး ဆိုပေမယ့် ဒီမှာ ငွေကိုရှာရတာ မဟုတ်ဖူး....နေပူကြီးထဲမှာ တနေကုန်တနေခမ်း ရုပ်ရှင်ရိုက်ရတယ်၊ ညဖက်ဆိုယင်လဲ မိုးအလင်း ရိုက်ရတယ်၊ မီကြားထဲ နယ်ကို အပင်ပန်းခံပြီး၊ ရုပ်ရှင်ကို ရိုက်ပေးရသေးတယ်မဟုတ်လား....ဒါကို ဖေဖေက ကိုယ်ချင်းစာတရားမထားဘဲ၊ မမကိုဆူတာ ဘယ်ကောင်းမလဲ၊ မိုးပြာတို့တော့ ကြီးလာယင် မမလို ရုပ်ရှင်မင်းသမီး မလုပ်ချင်ပါဘူး ဒီအလုပ်က သိပ်ပင်ပန်းတယ်...အေးအေးဆေးဆေး ဆရာဝန်မကြီးဘဲ လုပ်မယ်သိလား'

ညီအမနှစ်ဦး၏ ပြောစကားကြောင့် ကြည်လွင်ပြုံးမှာ ပိုမိုရှိုက်ဝမ်းနည်းလာသည်။

အပေါ်တွင် ထိုသို့ ပြောနေ ကြစဉ် အောက်ထပ်တွင်လည်း ဒေါ်ခင်ငြိမ်းက ခင်ပွန်းဖြစ်သူ ဦးမြအုန်းကို ဤသို့ သွားပြောနေသည်။

'ကိုမြအုန်း....တော့သမီးတော့ စိတ်ကောက်နေဘီနဲ့ တူတယ်၊ အဲဒါ ရှင်ကိုယ်တိုင် သွားချော့လိုက်အုံး၊ တော်ကြာ ကျုပ်တို့ကို ကန့်သွားလို့ အကျိုးနဲ့နေပါအုံးမယ်တော်'



ဒေါ်ခင်ငြိမ်းကပြောလျှင် ဦးမြအုန်းသည် သမီးကို လက်မှ အလွှတ်မခံနိုင်သော စီးပွားမရေးသမားပီပီ အပေါ်ထပ်သို့ တက်သွားသည်။

အပေါ်ထပ်တွင် မိုးဝါနှင့်မိုးပြာတို့မှာ ကလေးများပီပီ သူတို့ပြောချင်ရာများကို ဆက်၍ ပြောနေကြသည်။ သူတို့ပြောဆိုနေကြသော စကားများမှာ ဖခင်ဖြစ်သူ ကိုသာ အပြစ်တင်၍ ပြောနေကြသော စကားများဖြစ်သည်။

သူတို့ပြောဆိုနေကြစဉ် ဖခင်ဖြစ်သူမှာ အခန်းတွင်းသို့ရောက်လာသည်။ မိုးပြာနှင့် မိုးဝါတို့မှာ အခန်းတံခါးဖက်ကို ကျောခိုင်းကာ ရပ်နေကြသူများမို့ သူတို့ဖခင် ဝင်လာသည်ကို မသိကြပေ။ မသိ၍လည်း ပြောလက်စ စကားကို ဤသို့ ဆက်၍ပြောနေတော့သည်။

'အောင်မာ....ညည်းက ဆရာဝန်မကြီး လုပ်ချင်လို့ ဖြစ်မလား ဖေဖေက ဒို့ကိုပါ မမလို ရုပ်ရှင်မင်းသမီး လုပ်ခိုင်းမှာတဲ့တော့ သိလား....'

မိုးပြာက မျက်နှာကလေး မဲ့ကာရွဲ့ကာနှင့် ပြောနေသည်။ ဦးမြအုန်းကတော့ အသံမပြုသေးဘဲ နောက်မှ အသာရပ်၍ နားထောင်နေသည်။

'အို ...မိုးပြာရယ်....ဖေဖေဘယ်လိုဘဲ ပြောပြော ငါကတော့ မင်းသမီး မလုပ်ပါဘူး'

'ညည်းက ဘာလို့ မလုပ်ချင်ရတာလဲ မိုးဝါရဲ့၊ ပြောပါအုံး'

'ဘာဖြစ်လို့လဲ ဆိုတော့၊ မင်းသမီးလုပ်လို့ ငါဟာ မမလို နာမယ်ကျော်ပြီး ငွေဝင်ကောင်းနေယင်၊ ဖေဖေက လင်မပေးစား

www.burmeseclassic.com

www.burmeseclassic.com



တော့မှာ မဟုတ်ဘူးအေ့၊ တသက်လုံး အပျိုကြီးလုပ်ခိုင်းမှာ...အခုဘဲ မမကိုကြည့်ပါလား၊ လင်ယူမယ်ကြံတာနဲ့ ဖေဖေဟာ အဝိဇ္ဇာ ထပွက်သလို ပွက်တော့တာဘဲ'

ထိုစကားကို ကြားလိုက်ရသော ဦးမြအုန်း၏ မျက်နှာမှာ လိမ္မော်ခွံနှင့် မျက်စိထဲအညှစ်ခံလိုက်ရသလို ရှုံ့မဲ့မဲ့ကြီး ဖြစ်ကာ သွားတော့သည်။

မိုးဝါပြောပြီးလျှင် မိုးပြာကလည်း ဆိုစကားကို ထောက်ခံပြန်သည်။

'အေးဟဲ့...ဖေဖေက အားကြီးလောဘကြီးတယ်၊ ဘာဖြစ်လို့များ ဒို့ဟာ ဒို့အသပြာ အဖေဆီမှာ လာပြီး သမီးဖြစ်နေရတယ် မသိဘူးနော်၊ ဒို့ဖေဖေကြောင့် ဒီပြင်ဖေဖေသူတော်ကောင်းတွေပါ နာမယ်ပျက်ကုန် တော့မှာဘဲ'

ထိုစကားကို ကြားလိုက်ရ လျှင်တော့ ဦးမြအုန်းမှာ ဒေါသအမျက် ချောင်းချောင်း ထွက်ကာ 'ဟဲ့ခွေးမလေးတွေ' ဟူ၍ နောက်ဖက်မှ ကျားဟိန်းသံကြီးမျိုးနှင့် လှမ်းအော်သည်။

ဖခင်ဖြစ်သူ၏ အော်ငေါက်သံကြောင့် မိုးဝါနှင့် မိုးပြာမှာ လန့်သွားကြပြီး 'အမယ်လေး' ဟူ၍ပြိုင်တူအော်ကြယင်း ကြောက်အား လန့်အားနှင့် ကြည်လွင်ပြုံး အိပ်နေသော ကုတင်အောက်သို့ ပြေးဝင်ကာ ပုန်းကြတော့သည်။

ဖခင်ဖြစ်သူ၏ အသံကြောင့် ကြည်လွင်ပြုံးမှာလည်း အိပ်နေရာမှ ထထိုင်သည်။

'ဟဲ့...ခွေးမကလေးတွေ...ဘာ ခုမှ ကုတင်အောက်ကို ပြေးပုန်းနေကြတာလဲ၊ အခု ထွက်ခဲ့ကြ၊ ငါ့ကိုများ အကန်းမှတ်နေလို့လား ထွက်ခဲ့'



ထိုအခါတွင်တော့ မိုးပြာနှင့် မိုးဝါတို့မှာ ကုတင်အောက်တွင် ဝင်ပုန်းနေကြရာမှ ကမန်းကတန်း ပြန်ထွက်ခဲ့ကြရာ၊ မိုးဝါ၏ ခေါင်းနှင့် ကုတင်စောင်းမှာ ဒုန်း...ကနဲ မြည်အောင် ဆောင့်မိတော့သည်။

'အ လာ လာ လာ...နာလိုက်တာတော်'

မိုးဝါသည် မျက်နှာကလေးရှုံ့မဲ့မဲ့နှင့် နာကျင် သွားသော ခေါင်းကိုစမ်းယင်း ပြောကာ ထရပ်သည်။

ဦးမြအုန်းမှာ သမီးငယ် နှစ်ယောက်ကို အလွန် စိတ်ဆိုးနေဟန်နှင့် မီးထွက်လု မတတ်မျက်လုံးများနှင့်ကြည့်ယင်း ဆက်ကြိမ်းတော့တည်။

'ဟင်...တော်လဲ ဘော်တဲ့ သမီးတွေ၊ ဖအေအရင်း ခေါက်ခေါက်ကြီးကိုများ ချောက်တင်းတွေ အတိုင် အဖေါက် ညီညီနဲ့ ပြောနေလိုက်ကြတာ၊ တယ်လေ ငါရိုက်လိုက်ရယင် ကျိုးကန်းကုန်တော့မယ်၊ ငါ့ကိုများ အသပြာဖေဖေတဲ့ ထွီ'

ဖခင်ဖြစ်သူက ဆူပူကြိမ်းမောင်းနေသည်ကို ညီမနှစ်ယောက်မှာ လက်ကလေးတွေ ကိုယ်စီနောက်ပစ်ကာ ခေါင်းကလေးတွေငုံ့ယင်း နားထောင်နေကြသည်။ ကြည်လွင်ပြုံးမှာလည်း ညီမငယ်နှစ်ယောက်ကို ဂရုဏာသက်စွာနှင့် ကြည့်နေသည်။

'ပြောစမ်း...ဘာလို့ ငါ့မကောင်းကြောင်း တွေကို ပြောရတာလဲ ငါဟာ နင်တို့အပေါ်မှာ မကောင်းလို့လား'

'ဟုတ်ကဲ့'

ဖခင်ဖြစ်သူ၏ အမေးကို ညီအမနှစ်ယောက်က သံပြိုင်ကလေး နှင့် ကယောင်ကတမ်း ပြန်ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာ....ဘာ ဟုတ်ကဲ့ လဲ....တယ်လေ.... သေကုန်ကြတော့မယ်....'

'မ မှ....မဟုတ်ပါဘူးဖေဖေရယ်....သ သ... သမီးတို့ကဖေဖေ့မကောင်းကြောင်း ပြော ပြောနေကြတာ မ မ... မဟုတ်ပါဘူး၊ ဖေဖေဟာ သသ....သဘောကလဲသိပ်ကောင်းတယ်၊ သသ....သမီးတို့ကိုလဲ သိပ်ချစ်တယ်၊ လောဘလဲ သိပ်ကြီး'

'ဘာဘာ....ဘာလောဘကြီးတာလဲ၊ နင့်ဂျီးတော်ကြီး လောဘကြီးတာလား'

ဦးမြအုန်း၏ ဒေါက်သံကြောင့် ပြန်ပြောနေသူ မိုးဝါမှာ ဘာကိုဆက်ပြောရမည်မသိတော့ဘဲ နှုတ်ဆိတ်ကာ မျက်ရည်များကျနေသည်။ မိုးပြာကလည်း ငိုမဲ့မဲ့ကလေး ဖြစ်နေသည်။

ထိုအခါတွင် ကြည်လွင်ပြုံးမှာ မနေသာတော့ဘဲ ညီမတွေဖက်မှ ကူပြောပေးရသည်။

'ကဲပါ ဖေဖေရယ်....ညီမလေးတို့က ကလေးတွေမို့ ပြောမှားဆိုမှား ရှိတာတွေကို ဖေဖေကစွဲယူမနေပါနဲ့ သမီးတောင်းပန်ပါတယ်'

ကြည်လွင်ပြုံးက ပြောတော့မှ ဦးမြအုန်းသည် တက်တချက်ခေါက်ကာ သမီးငယ်နှစ်ယောက်ကို မောင်းထုတ်သည်။

'ကဲ ...သွားကြ၊ သွားကြ....နောက်ကို ငါ့အတင်းတွေ ပြောနေသံ ကြားရယင် သေအောင်သာ ပြင်ထားကြ သိလား၊ ခွေးမကလေးတွေ....သွား'



ဦးမြအုန်း၏ အော်ခေါက်သံကြောင့် မိုးဝါနှင့် မိုးပြာတို့မှာ ကြောက်အား လန့်အားနှင့် ဖခင်ရှေ့မှ ထွက်အပြေးတွင် ဖခင်ဖြစ်သူ၏ ခြေထောက်နှင့် ခလုပ်ဝင်တိုက်ကာ ဂျွမ်းထိုး မှောက်ခုံလဲကျ ကုန်ကြသည်။

'တယ်လေ ... ဒီ ဟာမကလေးတွေ ရှုပ်တီး ရှုပ်တပ် နဲ့ ငါ့တယောက်လုံးရုပ်နေတာဘောင် မမြင်ဘူးလားဟင်....သေတော့မှာဘဲ....'

ဦးမြအုန်းကြိမ်းမောင်းနေစဉ်မှာပင် သမီးအမ နှစ်ယောက်မှာ အခန်းတွင်းမှ ပြေးထွက်သွားကြသည်။

ကြည်လွင်ပြုံးကတော့ ညီမများ၏ အဖြစ်ကိုကြည့်ကာငိုအားသက်ရယ်အားသံ ဆိုသလို စိတ်ညစ်နေသည့်ကြားမှ တခစ်ခစ်နှင့် ရယ်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆယ့်ခြောက်

## ကိုကြီးနတ်

အချိန်မှာ ဘာလိုလိုနှင့် တလနီးပါး ကြာညောင်းကာသွား လေပြီ။

လှဖုန်းနှင့်ကြည်လွင်ပြုံးတို့မှာရန်ကုန်မြို့သို့ပြန်ရောက်ကတည်းက လူချင်းမှာ မတွေ့ကြရတော့ပေ၊ လူချင်းမတွေ့ရသဖြင့် စာချင်းဆက်သွယ်ရန်မှာလည်း မလွယ်ပေ၊ တဖန် ကြည်လွင်ပြုံး၏ တိုက်တွင်ထားသော တယ်လီဖုန်းနှင့်ဆက်သွယ်ရန် ကြိုးစားပြန်သော အခါတွင်လည်း ကြည်လွင်ပြုံး၏ အဖေနှင့် အမေကလှည့်စီ ဂျူတီစောင့်ကာ နေကြသဖြင့် လှဖုန်းမှာ အခက်တွေ့ကာ စိတ်သောက ရောက်နေရတော့သည်။

ထို့ပြင် ကြည်လွင်ပြုံးနှင့် လှဖုန်းနီးစပ်ကြစေရန် ဦးဘဲဥက ရိုက်ကူးထားပြီးသော အခန်းကို ပြန်လည်ရိုက်ကူးလိုသဖြင့် ကြည်လွင်ပြုံးကို သွားခေါ်သော အခါတွင်လည်း မရခဲ့ပေ။



ကြည်လွင်ပြုံး၏ဖခင် ဦးမြအုန်းက ဒါရိုက်တာ ဦးဘဲဥအား ဤသို့ပင် ခတ်ပြတ်ပြတ် ပြောလွှတ်သည်။

‘ဒီမင်းသားနဲ့ ကျနော့်သမီးကို ပြန်တွဲပြီး ရိုက်ဘို့ ဆိုတာကိုတော့ မစဉ်းစားပါနဲ့ဆရာ၊ ကျနော်တော့ခွင့်မပြုနိုင်ဘူး၊အဲဒါကို ဆရာတို့က စိတ်ဆိုးလို့ ကျနော့်သမီး သရုပ်ဆောင်ခအတွက် ကျန်ငွေတွေကို မပေးနိုင်ဘူးဆိုယင်လဲ မပေးနဲ့တော့၊ ကျနော်တို့လဲ မယူတော့ဘူး၊ဒီလောက်ဆိုယင် ဆရာလဲ ကျနော့်သဘောကို ရိပ်မိရောပေါ့၊ ဆရာ့ကိုတော့ ကျနော်အားနာပါတယ်၊ ဒါပေမယ့် ကျနော့်သမီးအတွက်က ပိုအရေးကြီးနေလို့ အခုလို ပြောရတာပါ၊ ခွင့်လွှတ်ပါဆရာ’

ဦးမြအုန်း၏ စကားကြောင့် ဦးဘဲဥမှာ ဆန့်ပြုတ်ကာ ဆုတ်ပြန်လာခဲ့ရသည်။ ကြည်လွင်ပြုံးမှာတော့ အပေါ်ထပ်မှ နေ၍ ဦးဘဲဥပြန်သွားသည်ကိုကြည့်ကာ ငိုရှိုက်ကာ နေမိသည်။

သို့သော်....ဖခင်ဖြစ်သူကို ကြောက်ရသူမို့ ထိုအဆင့်ထက် တက်၍ သူသည် မပြုဝံ့ပေ၊ လှဖုန်းကိုလည်း အလွန်ပင် သတိရအောက်မေ့နေသည်။အောက်မေ့မိရာမှသူနှင့်လှဖုန်းတို့ အောင်ဗန်းမြို့မှ အိမ်တွင် နေထိုင်ခဲ့ကြပုံကို အလွမ်းပြေစမြုံ့ပြန်၍ ကြည့်ရသည်မှာလည်း အမောပေ။

မြော်....ကိုဖုန်း....ကိုဖုန်း....သူ့ခမြာလဲ ငါ့လိုဘဲ စိတ်ဒုက္ခရောက်နေရရှာမှာဘဲနော်....’

ကြည်လွင်ပြုံးသည် ထိုသို့တွေးယင်း မျက်ရည်များ ကျမိရှာသည်။

ကြည်လွင်ပြုံးလိုပင် လှဖုန်းမှာလည်း သတိတရ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာခုရ ကျွန်တော်တို့ကို ဒီလိုဘဲ ကြည့်နေတော့ မှာလား၊ ဒီအတိုင်းသာဆိုယင် ကျွန်တော် သေရလိမ့်မယ်၊ ဆရာမွေးခဲ့တဲ့မီးကို ဆရာဘဲ ငြိမ်းအောင်လုပ်ပေးပါဗျာ'

လှဖုန်းမှာ ငိုတော့မလို မျက်နှာမျိုးနှင့် ဦးဘဲဥထံ အပူကပ်နေသည်။

'ငါလဲအမျိုးမျိုး ကြိုးစားနေတာဘဲ မောင်လှဖုန်းရဲ့၊ ဒါပေမယ့် ကြည်လွင်ပြုံးရဲ့ အဖေကြီးက ခေါင်းမာနေတော့၊ ခက်တာပေါ့'

'ဒါဖြင့်ကျွန်တော်ဘယ်လို လုပ်ရမလဲဆရာ၊ ဒီလိုတော့ မနေနိုင်ဘူး....'

'အေးပါ ငါလဲဒီအတွက် ကြံနေပါတယ်ကွာ၊ စောင့်လက်စနဲ့ဆက်ပြီး စောင့်နေလိုက်ပါအုံး၊ အရေးကြီးတာက ကြည်လွင်ပြုံးနဲ့အဆက်အသွယ်ရဘို့ အရေးကြီးတယ်၊ ဟာမေ့နေလိုက်တာ ငါ့အခုမှ သတိရတယ်၊ ကြည်လွင်ပြုံးရဲ့ ညီမလေးနှစ်ယောက်ဟာ ကျောင်းတက်နေသားဘဲ၊ ဒီကောင်မလေးတွေရဲ့ အကူအညီယူပြီး ကြည်လွင်ပြုံးနဲ့ ဆက်သွယ်ယင် ရမယ်ထင်တယ်၊ ကဲကွာ မနက်ဖြန်ကျယင် ဒီကိစ္စကို ငါကြိုးစားကြည့်ပါ့မယ်၊ ဟန်ကျယင် မင်းဆီကို ငါဝင်ပြောခဲ့ယ်ကွာ'

ဦးဘဲဥက ပြောသဖြင့် လှဖုန်းမှာ အိမ်သို့ပြန်လာရပြန်သည်။

နောက်တနေ့ ညနေဘက်တွင် ဦးဘဲဥသည် ဝမ်းသာအားရနှင့် လှဖုန်းနေထိုင်ရာ တောင်ဥက္ကလာပ အိမ်သို့ဝင်၍ သတင်းကောင်းကို ပါးသည်။



'မောင်လှဖုန်းရေ ဝမ်းသာပေတော့ကွ၊ ကြည်လွင်ပြုံးရဲ့ညီမတွေနဲ့၊ ငါဟာ အဆက်အသွယ်ရခဲ့ပြီ၊ သူတို့ကလဲ အမကိုသနားနေကြတာမို့ လိုတဲ့အကူအညီကိုသာ ပြောပါ၊ သူတို့ကူညီပါ့မတဲ့....'

ထိုစကား ကြားရလျှင် လှဖုန်း၏မျက်နှာကလေးမှာ
ပန်းအသွင် တခဏချင်း လန်းရွှင်လာတော့သည်။

'ဟာ... ကြားရတာ ဝမ်းသာလိုက်တာ ဆရာ
ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲဟင်'

'ဒီလိုလုပ်ကွာ၊ မင်းအနေနဲ့ စာတစောင်
မလဲဆိုတော့၊ အခုဆိုယင် ကြည်လွင်ပြုံး
မရအောင် အကျယ်ချုပ်ဘဝကို ရော သဘောကျသွားဟန်နှင့်
သူနဲ့မင်းနှီးစပ်ဘို့ဆိုတာ သူ့အပြင်ကို
သူ့ကို အပြင်ထွက်နိုင်အောင် မင်း
ပေးရမယ် အကြံကတော့ ကြည်လွင်ပြုံးကို
တကယ်ဘဲချစ်တယ်ဆိုယင်၊ အခု
ပြေ ဘို့နဲ့၊ တကယ်လို့ ဒီအကြံ ဟားကွ၊ နီးနီးနားနား ယုံဒယား
လွင်ပြုံးဟာ သူ့မိဘတွေကို ဟား ဟား ဟား'
အောင် ကြိုးစားဘို့ ဆိုတာတွေ တော်ကြာ ကျွန်တော်တို့ကို ပြည်ပြေး
ပြီးယင် ငါဖတ်ကြည့်မယ်' နှုရမှာ စိုးလို့ပါ၊ အဲဒီတော့ မပြေး

ဦးဘဲဥကခိုင်းသဖြင့်လှဖုန်း
စီကာပတ်ကုံးရေးနေ တော့သ းနှင့် အဆက်အသွယ် ရတော့မည်မို့
တော့ လှဖုန်း၏စာမှာ ပြီး နေတော့ဘဲ ပျော်ပျော်ရွှင်ရွှင် ဖြစ်

ဦးဘဲဥသည် လှဖုန်း ရေး
အောက်ပါအတိုင်းတွေ့ရသည်

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မမရတဲ့ ပြုံးရေ...

ယက္ခ ဂုမ္ဘာန်တွေ ဝိုင်းရံထားသလို ပြုံးကိုစောင့်ကြပ်ထားကြတာကြောင့် ကိုဖုန်းတော့ မရှင်ပြုံးနိုင်တော့ဘူး ပြုံးရေ၊ ဒီတော့ပြုံးဟာ ကိုဖုန်းကို တကယ် ...တ္တာစစ် မေတ္တာမှန်နဲ့ ချစ်တယ်ဆိုယင်၊ ကိုဖုန်းနဲ့လိုက်ပြေးပြုံး တောင်းပန်ချင်တာဘဲ၊ ပြုံးဟာ ကိုဖုန်းနောက်ကို

ဓမ ဓမ ဘောတူယင်တော့ ပြုံးရဲ့ အိမ်ကနေ အပြင်ကို ရောက်အောင် တနည်းနည်းနဲ့ ကြိုးစားပါ ပြုံးအပြင် ...းဟာ ခေါ်နိုင်မယ် မဟုတ်လား၊ အပြင် ဒါဖြင့်ကျနော်ဘဲ ...ကိုခေါ်နိုင်မှာ မဟုတ်ဘူး၊ ကိုဖုန်းလဲ ...ခဲဆင်းရဲလှပါဘိ၊ ဒီလိုသာ နေရယင်

'နေအားပါ ငါလဲဒီအတွ... ရှည်မယ်မထင်ဘူး၊ ဒီတော့ကာ ...ပီး စောင့်နေလိုက်ပ... းဟာအပြင်ကို ရောက်အောင်ကြိုး ...နဲ့အဆက်အသွယ်ရဘို့ အ...က်ပါတယ်....

...ခုမှ ...တိရတယ်၊ ကြည်လ...

...ျာင်းတက်နေသာဘဲ၊ ဒီမျက်မမှန်းဘဲ အသက်ထက်ဆုံး

ကြည်လှင်ပြုံးနဲ့ ဆက်သွယ်နေမယ်....

...က်ဖန်ကျယင် ဒီကိစ္စကို ငါကြ...

...းဆိုကို ငါဝင်ပြောမယ်ကွာ' မောင်မောင်ဖုန်း...

ဦးဘဲဥက ပြောသဖြင့် လှဖုန်း...ား:င်းတယ်၊ ဒီစာသာ မင့်

နောက်တနေ့ ညနေဘက်တွ...းကွ'

လှဖုန်းနေထိုင်ရာ တောင်ဥက္က... ဝမ်းသာအားရ သံနှင့်



'ဒီလိုဆို ကျနော်တို့ဟာ ဒုတိယပိုင်း ပြုံးကို ခိုးရအုံးမှာဘဲ နော်၊ ဒီလိုခိုးသွားတာ တိုင်းပြည်ကသိယင်၊ ဘယ်လိုများထင်မြင်ချက်ပေးကြမယ် မသိဘူး'

'ဘာပေးပေးပေါ့ကွာ....ဒီဘခါတော့ မင်းတို့ချင်း ချစ်ကြိုက်ကြလို့ ခိုးသွားကြတဲ့ဟာ၊ဒါတွေကို တွေးမနေစမ်းပါနဲ့၊ မင်းသာကြည်လှင်ပြုံးဆီက ပြန်စာရယင် အစစအရာရာ အသင့်ဖြစ်အောင် စီမံထား'

ကျနော့ဖက်ကတော့ စိတ်ချပါဆရာ၊ ပြုံးကသာ လိုက်မယ်ဆိုယင် ပါကစ္စတန်ကိုဘဲ ခိုးပြေးရ,ခိုးပြေးရ၊ ဗီယက်နမ်ကိုဘဲ ခိုးရ,ခိုးရ၊ ခိုးမှာဘဲ....ဟဲ....ဟဲ'

လှဖုန်း၏ အစပြောကို ဦးဘဲဥမှာ သဘောကျသွားဟန်နှင့် တဟားဟား ရယ်နေသည်။

'ဟား ဟား ဟား....မင်းပြောတာ ငါသဘောကျလိုက်တာ၊ နို့ မင်းက ပါကစ္စတန်နဲ့ ဗီယက်နမ်ထိအောင် ကြည်လှင်ပြုံးကို ခိုးပြေးမယ်ဆိုတာ မဝေးဘူးလားကွဲ၊ နီးနီးနားနား ယိုးဒယားပြည်ဖက် ခိုးပြေးပါလား....ဟား ဟား ဟား'

'အာ....မလုပ်နဲ့ ဆရာရေ၊ တော်ကြာ ကျနော်တို့ကို ပြည်ပြေးအဖွဲ့ဝင်တွေမှတ်ပြီး အဖမ်းခံနေရမှာ စိုးလို့ပါ၊ အဲဒီတော့ မပြေးချင်ဘူး....ဟား ဟား ဟား'

လှဖုန်းမှာ ကြည်လှင်ပြုံးနှင့် အဆက်အသွယ် ရတော့မည်မို့ စောစောကလို မှိုင်တွေ ချမနေတော့ဘဲ ပျော်ပျော်ရွှင်ရွှင် ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲဟော ...ဒီလိုဆို ငါသွားတော့မယ်၊ ကြည်လွင်ဖြူ ဆီက စာရမှ မင်းဆီကို ငါယူလာမယ်၊ အင်း....မင်းတို့နှစ်ယောက် မြန်မြန်ရကြမှ ငါလဲ ခေါင်းပူ သက်သာတော့မှာပါ၊ နို့မို့ မင်းတို့နှစ်ယောက်ကြားထဲ ကိုကြီးနတ် လုပ်ရတာ မစားသာဘူး၊တယ်လဲ စိတ်ညစ်ရတာဘဲ... ဟဲ ဟဲ'

ဦးဘဲဥသည် ပြောပြီး ပြန်မည်ပြုစဉ် ဒေါ်မြခင်မှာ တဖက်သို့အိမ် အလည်သွားနေရာမှ ပြန်အလာတွင် ဦးဘဲဥကိုမြင်လျှင် မျက်ရှင်ထဲ ဝင်ချင်နေသူပီပီ၊ ချိုချိုပြုံးသော မျက်နှာနှင့် လှမ်းနှုတ်ဆက်သည်။

'ခြော်....ဆရာပါလား၊ဘယ်တုန်းက ရောက်နေတာလဲဆရာ၊ ပြန်တော့မလို့လား....ထိုင်ပါအုံးလား'

'ရောက်နေတာကြာသွားလို့ မထိုင်တော့ဘူးဗျာ'

ဦးဘဲဥက ပြန်ပြောစဉ်....ဒေါ်မြခင်သည် သူတို့ကိုကြည့်နေသော လှဖုန်းအား လှမ်း၍ပြောသည်။

'ဟဲ့....မောင်လှဖုန်းရဲ့၊ ငါ့အပြော ခိုင်းထားတာ ပြောပြီးပလား'

ထိုစကားကိုကြားရလျှင် ဦးဘဲဥက လှဖုန်းကို လှမ်းမေးသည်။

'ဘာလဲကွ.... ဘာအပြောခိုင်းထားတာလဲ၊ ပြောစမ်း ပါအုံး...'

ထိုအခါတွင် လှဖုန်းက ရယ်ယင်း ပြန်ပြောသည်။



'တခြားမဟုတ်ပါဘူးဆရာ၊ ဟောဒီက ဒေါ်ဒေါ်က ရုပ်ရှင်ထဲမှာ မင်းသမီးလုပ်ချင်လို့တဲ့'

'ဟေ...'

ဦးဘဲဥသည် ဟေ ကနဲပြောယင်း ဒေါ်မြခင်၏ရုပ်ကိုကြည့်ကာ ရယ်ချင်နေသည်။ ထိုစဉ် ဒေါ်မြခင်၏အသံမှာ ထွက်ပေါ်လာသည်။

'တယ် ...မောင်လှဖုန်းကလဲ ဘယ်နှာတွေ သွားပြောနေရတာလဲ....၊ သူပြောတာ မှားနေပါတယ်ဆရာ၊ ကျုမလေ...ရုပ်ရှင် မင်းသမီးလုပ်ချင်တာ မဟုတ်ပါဘူး၊ အဲ....မင်းသမီးကြီးထဲကပေါ့၊ အထူးသဖြင့် အပျိုကြီးခန်းတွေက ပါချင်ပါတယ်၊အဲဒါ နောက်ရိုက်မယ့် ဆရာ့ကားတွေကျယင် ကျုမ ပါရစေဆရာရယ်၊ ကျုမ ပါချင်လို့ပါ'

'အာ ...ပါရမယ်၊ ပါရမယ် စိတ်ချ၊ အခု အိမ်သာမပီးသေးလို့၊....အဲ ဟုတ်ပါဘူး... အခု ကျုပ် ရုပ်ရှင် မရိုက်သေးဘူးဗျ လှဖုန်းနဲ့ ကြည်လွင်ဖြူးတို့အတွက် ကိုကြီးနတ်လုပ်နေရတာနဲ့ဘဲ အချိန်တွေဟာ ကုန်နေတယ်၊ ဒီကောင်တွေ ဟန်ကျမှ အေးမှာ၊ ဒီတော့... ခဏစောင့်နေအုံးဗျာ၊ ဟုတ်ပလား၊ အဲ ...အိုက်ဘင်တွေကိုတော့ ကျွင့်ထားပေါ့'

ဦးဘဲဥ၏ စကားကို ကြားရလျှင် ဒေါ်မြခင်မှာ အလွန်ပင် ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချဆရာ....ကျမ ရုပ်ရှင်ထဲမှာ လုပ်ရမယ့် အိုက်တင်တွေ မှန်သမျှ အမြဲတန်းကျင့်ထားပါတယ်၊ နမူနာအဖြစ် ဆရာကြည့် သွားအုံးမလား၊ ကျမ ပြမယ်လေ'

'ဟာ....ခင်ဗျားပြတာကြီး မကြည့်ချင်ပါဘူး၊ ကျုပ်-ကျုပ် မှာ သွားစရာကလေးတွေရှိသေးလို့ နောက်မှဘဲပြဗျာ၊အိုက်တင် ကို ပြောတာနော်... သွားမယ်'

ဦးဘဲဥသည် ပြောပြောဆိုဆိုနှင့် ဒေါ်မြခင်ကိုပြောကာ သူ၏ ဂျစ်ကားပေါ်သို့ တက်ပြေးသွားတော့သည်။

လှဖုန်းမှာတော့ ဒါရိုက်တာ ဦးဘဲဥ၏ အဖြစ်ကို ကြည့်ကာ ဆိုင်ရယ်နေသည်။

* * *

(ဆယ့်ခုနစ်)

## ချစ်၍ခေါ်ရာ

နောက်တနေ့တွင်တော့ ကြည်လွင်ပြုံးထံမှ ပြန်စာ ဦးဘဲဥက ယူ၍ လှဖုန်းကို လာပေးသည်။

လှဖုန်းသည် သူ့ချစ်သူ ကြည်လွင်ပြုံး၏ထံမှ စာကိုမြင်လျှင် ဝမ်းသာအားရနှင့် လှမ်းယူကာ စာကိုမဖတ်မီ အားပါးတရ နမ်းနေသေးသည်။ ပြီးမှ စာကိုဖွင့်၍ဖတ်ရာ အောက်ပါအတိုင်း တွေ့မြင်ရသည်။

ကိုဖုန်းရေ....

မမြော်လင့်ဘဲ ကိုဖုန်းရဲ့ စာကို ဖတ်လိုက်ရလို့ ပြုံး လေ သိတ်ပီး ဝမ်းသာသွားတာဘဲကွယ်၊ ပြုံးလဲ ကိုဖုန်း လိုပါဘဲ၊ နေ့တိုင်း စိတ်ညစ်နေရတဲ့ လူပါ၊ ဖေဖေတော ဆိုယင် သူ့မျက်စိအောက်က အပျောက်မခံဘူး၊ ဒီတော့ ပြုံးမှာ အပြင်ထွက်ဘို့ သိတ်ခက်နေတာပါ၊ တနေ့



www.burmeseclassic.com

www.burmeseclassic.com



တုန်းကလဲ ကုမ္ပဏီတခုက ပြုံးကို ရုပ်ရှင်ရိုက်ဘို့ လာငှားတယ်၊ ဖေဖေက လက်မခံဘဲငြင်းလွှတ်တယ်၊ အခုရက်တွေအတွင်း ပြုံးကို ဘာကားမှ ရိုက်ခွင့်မပြုနိုင်သေးဘူးတဲ့၊ အဲဒီလောက်ကို ဖေဖေက ကျပ်ကျပ် တည်း တည်း ထားတယ်....နေရတာ ကျပ်တည်းလွန်းလို့ တခါတခါကျတော့ ပြုံးကိုယ်ပြုံး အဆိပ်သောက် ပြီး သေလိုက်မယ်တောင် ကြံမိသေးတယ်၊ ဒါပေမယ့် အဲဒါမျိုး ပြုံးကလုပ်သွားယင် ဖေဖေနဲ့မေမေတို့လဲ စိတ်ဆင်းရဲကြရမယ်၊ ကိုဖုန်းအတွက်လဲ စိတ်ဆင်းရဲရမှာမို့ အကျိုးမဖြစ်တဲ့ အလုပ်ကို မလုပ်ပါဘူး၊ အခု ကိုဖုန်းရဲ့စာကို ဖတ်ရတော့ ပြုံးမှာအကြံတခုပေါ်လာတယ်၊ ဒီအကြံက ဘာလဲဆိုယင် ဖေဖေ့ကိုပြုံးက စိတ် ပြေ လက် ပျောက် မန္တလေးဖက်ကို ဘုရားဖူးသွားဘို့ ပူဆာတယ်....မန္တလေးဖက်ကိုသွားယင်းက ပြုံးတို့ဇာတိမြို့ဖြစ်တဲ့ မြင်းခြံကိုလဲ ဝင်မယ်လို့ပြောမယ်၊ ဒီလိုသာပြောယင် ဖေဖေဟာ ငြင်းမယ်မထင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပြုံးတို့ဟာ မြင်းခြံကိုမရောက်တာကြာနေဘီလေ၊ အဲဒီလိုသွားကြယင် ပြုံးတို့ဟာ မီးရထားနဲ့သွားမယ်၊ ပြုံးတို့သွားကြမယ့်နေ့မှာ ကိုဖုန်းကလဲရုပ်ဖျက်ပြီး လိုက်လာပေါ့.... ပြုံးတို့ကတော့ အထက်တန်းတွဲကစီးမယ်၊ ကိုဖုန်းကမစီးနဲ့... ရိုးရိုးတန်းကဘဲစီး....နို့ မို့ ဖေဖေနဲ့ ဆုံမိမှာစိုးလို့ဘဲ၊ အဲဒီလိုစီးတဲ့အခါ တောင်ငူဘူတာ မလွန်ခင်တော့ ကိုဖုန်းဟာ အေးအေးဘဲလိုက်လာ၊ တောင်ငူဘူတာ လွန်ပြီးတာနဲ့ မီးရထားရပ်သမျှ ဘူတာစတိုင်းမှာ ကိုဖုန်းဟာ ဆင်းဆင်းပြီးကြည့်ပါ၊ ပြုံး



လစ်တာနဲ့ ဆင်းလာခဲ့မယ်၊ ပြုံးမှန်း သိအောင် ကုတ်အင်္ကျီ အနီရောင်ကို ဝတ်ထားမယ်၊ ညဖက်ဆိုတော့ အနီရောင်နဲ့မှ ပေါ်လွင်မယ် မဟုတ်လား၊ ပြုံးတို့သွားမယ့်နေ့ သေချာယင် ကိုဖုန်းဆီ ထပ်အကြောင်းကြားမယ်.... ဒီလောက်ဆို ကိုဖုန်းလဲကြေနပ်ပေါ့ကွယ်၊ ပြုံးကတော့ ကိုဖုန်းကို ချစ်လွန်းအားကြီးလို့ တသက်တာမှာ ဘယ်တုန်းကမှ မပြုလုပ်ခဲ့ဘူးတဲ့ စွန့်စားခြင်းကြီးတရပ်ကို ရဲရဲဝံ့ဝံ့ ပြုလုပ်တော့မယ်၊ ကိုဖုန်း က သာ နောင်တချိန်မှာ ပြုံးအပေါ် သစ္စာမဖေါက်ပါနဲ့လို့ တောင်းပန်လိုက်ပါတယ်....

ကိုဖုန်းကို အသဲထဲကမခွဲဘဲ အမြဲစွဲကာချစ်နေမယ့်-

ပြုံး....

'ဝေး ဟေး ဟေး....ဒါမှ မောင့်အချစ်တုံး ပြုံးကွ'

စာကိုဖတ်၍အဆုံးတွင် လုဖုန်းသည် ဝမ်းသာအားရနှင့် ထခုန်ယင်း အော်ဟစ်တော့သည်။

'ဟ ဟ....မောင်လုဖုန်းရ တိုး တိုး လုပ် စမ်း ပါ၊ မင့်ဟာက အရူးကျနေတာဘဲ....'

ဦးဘဲဥက လုဖုန်းအဖြစ်ကိုကြည့်၍ လှမ်းပြောသည်။

'အရူးကျဆို ပြုံးရဲ့စာကိုဖတ်ရတာ ဝမ်းသာလွန်းလို့ပါ ဆရာရယ်....'

'အေး.... ဝမ်းသာချည့်မနေနဲ့အုံး၊ ပြုံးက သူတို့သွားမယ့်နေ့ကို ချိန်းတဲ့အခါ အသင့်ဖြစ်အောင် အခုကတည်းက လုပ်ထားအုံးကွ....'

www.burmeseclassic.com

www.burmeseclassic.com



'လုပ်ထားပါမယ်ဆရာ.... ဒါထက် ဆရာ ကျနော့ကို ငွေအသပြာကလေး တထောင်လောက် ချေးပါအုံး'

'ဟော....မင်းက ဘာလုပ်မလို့လဲကွ....'

'ပြိုးကိုခိုးတဲ့အခါ ငွေရှိမှဖြစ်မှာပေါ့ ဆရာရဲ့....'

လှဖုန်း၏ စကားကိုကြားရလျှင် ဦးဘဲဥမှာ ဟားတိုက်ကာ ရယ်နေတော့သည်။

'ဟား ဟား ဟား....ဖြစ်မှ ဖြစ်ရပလေ မောင်လှဖုန်းရာ.... နိုင်ငံကျော် မင်းသမီးကို သွားခိုးမယ့်ဟာ ငွေလိုသေး လို့လား ကွ....'

'ဟာ လိုတာပေါ့ဆရာရဲ့.... ကျနော်က မိန်းမပိုက်ဆံ သုံးချင်တဲ့ကောင်မဟုတ်ဖူး၊ တကယ်လို့ ဆရာမချေးချင်ယင်လဲ ကုမ္ပဏီက ကျနော့ သရုပ်ဆောင်ခကလေးတွေ ထုတ်ပေးဘို့ ပြောပေးပါ ဆရာရယ်....'

'ဟာ မင်းကလဲ....ကုမ္ပဏီတော့ ငါမပြောချင်ဘူး၊ ငါကဘဲ ချေးပါ့မယ်....အယင်တုန်းက မင့်ကိုချေးထားတဲ့ ငွေငါးရာကိုလဲ သတိရသေးရဲ့လား'

'မရတော့ဘူးဆရာ.... ကျနော်က သူများပိုက်ဆံ ချေးပြီးယင် မေ့တတ်တဲ့ အဖိုးတန်ဥာဉ်ကလေးရှိတယ် ဟဲ ဟဲ....'

'ကောင်းကွာ....တော်တော် ချေးချင်စရာကောင်းတဲ့ ကောင်ဘဲ....'

'အလကား ကျနော်က နောက်တာပါဆရာရယ်၊ ကျနော် သတိရပါတယ်၊ ကုမ္ပဏီက ငွေထုတ်ပေးတဲ့အခါ ပြန်ဆပ်ပါ့မယ် ဆရာရယ်၊ အတိုးယူချင်လဲ ပေးပါ့မယ်....'



'တော်စမ်းပါကွာ....ငါ့ကိုများ ငွေတိုးချေးစားတဲ့သူ မှတ်လို့လား မလိုပါဘူး၊ အေး.... မင်းလိုချင်တဲ့ ငွေတထောင်တော့ အခု ငါမှာ ပါမလာဘူး၊ မနက်ဖန်မှယူကွာ....ကဲ ငါပြန်တော့မယ်၊ တော်ကြာ မင်းတို့အိမ်က ရုပ်ရှင်ရူးမကြီးနဲ့ တိုးနေလို့ အိုက်တင်တွေဘာတွေ လုပ်ပြတာ ကြည့်နေရပါအုံးမယ်ကွာ'

ဦးဘဲဥသည် ထိုသို့ပြောပြီးနောက် ပြန်သွားတော့သည်။

သုံးရက်ခန့်ကြာလျှင်တော့ ကြည်လွင်ပြုံးထံမှ စာတစောင်ကို ထပ်မံရသည်။

ထိုစာထဲတွင် ယခုလာမည့် ကြာသပတေးနေ့ ည ကိုးနာရီ ဆယ်ငါးမိနစ် အဆန်ရထားနှင့် သွားရောက်ကြမည်ဖို့ ယခင်က မှာကြားထားသလို တသွေမတိမ်းပြုလုပ်ရန် ရေးထားသည်။

လှဖုန်းမှာတော့ ထိုစာကိုရလျှင် အလွန်ပင်မမ်းသာကာ မနေတော့သည်။

သူနှင့်အတူ အဖော်လိုက်ရန်အတွက် စာရေးဆရာ ရွှေဂုံတိုင်ကျော်မြင့်ကို အဖော်ခေါ်ထားသည်။ ဒါမျိုးဆိုလျှင် လိုက်ရန်ဝန်မလေးသော ကိုကျော်မြင့်ကလည်း ငြင်းပယ်မနေဘဲ ချက်ချင်းပင် လိုက်ရန်သဘောတူသည်။

လှဖုန်းမှာ သူ့ကိုမြင်လျှင် မမှတ်မိစေရန်အတွက် သိုးမွှေးခေါင်းစွပ်ကြီးကို မျက်ခုံးအထိ ရောက်အောက် စွပ်ကာထားပြီး လည်ပင်းတွင် သိုးမွှေးလည်ပတ်ကို ပတ်ထားသည်။ ကိုယ်ပေါ်တွင်လည်း လောင်းကုတ်ရှည်ကြီးကို ဝတ်ထားသည်။ ထို့ပြင် လှဖုန်းသည် ဘောင်းဘီရှည်ဘွတ်ဖိနပ်တို့ကိုလည်း ဝတ်ဆင်ထားသဖြင့် လှဖုန်းကို ဦးမြအုန်းမဆိုထားဘိနှင့် မြင်နေကြ လူများပင် ရုတ်တရက်မှတ်မိရန် ခဲယဉ်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ လှဖုန်းသည် ဘောင်းဘီအရှည်ကို မည်သည့်အခါကမှ ဝတ်ဆင်ဘူးခဲ့ခြင်း မရှိသောကြောင့်ပင်၊ သူ့အနေနှင့် ဝတ်ဆင်နိုင်ပါမည်လော၊ လှမှန်းသိသည့် အရွယ်က စ၍ သင်္ကန်းဝတ်ခဲ့ရာ မနေ့တနေ့ကမှ ရဟန်းဘောင်မှ လူထွက်လာသော ဟီနာယာဝတ္တန ဖြစ်သောကြောင့်ပင်။

ထိုသို့ တသက်လုံးက ဝတ်မလာဘူးခဲ့သော ဘောင်းဘီရှည်ကြီးကိုလည်းကောင်း၊ ဘွတ်ဖိနပ်တို့ကိုလည်းကောင်း ဝတ်ဆင်၊ စီးထားရသဖြင့် လှဖုန်းခမြာမှာ အတော်ပင် ကသိကအောက်ဖြစ်နေရ ရှာသည်။

သူဝတ်ထားသောဘောင်းဘီရှည် အသားကလည်း သက္ကလပ်ဖြစ်ရသည့်အထဲ အတွင်းတွင် ဘောင်းဘီတို ခံ၍ မထားဘဲ၊ ဝတ်ထားမိသဖြင့် လှဖုန်းမှာ အသားတွေ ယားယံကာ ပေါင်ကြားတွင် ဝဲတွေပေါက်နေသည့် လူအလား၊ မကြာခဏ ကုတ်နေမိသည်။ သူကုတ်နေမှုကြောင့် အနီးတွင်ရှိနေသော ကိုကျော်မြင့်က သတိပေးရသည်။

'ဟေ့ လူ… ကုတ်လှချည်လားဗျ၊ ဘယ်လိုဖြစ်လို့လဲ ဝဲပေါက်နေလို့လား'

'ဟာခင်ဗျားကလဲ မတော်မတဲ့ပြောဘီ၊ ဘယ်ကလာဝဲပေါက်နေရမှာလဲ တသက်လုံးက ဝတ်မလာဘူးတဲ့ ဘောင်းဘီကြီးကိုလဲ ဝတ်ရ၊ အစတာလဲ သက္ကလပ်စမို့ ကျုပ်ရဲ့ ဖင်တွေရော ပေါင်တွေပါ ယားနေလို့ပါ'

ကိုကျော်မြင့်ကို ပြန်ပြောပြီးနောက် လှဖုန်းသည် ကုတ်နေမိမြဲသည်။



ကိုကျော်မြင့်ကလည်း လှဖုန်းနည်းတူပင် ဘောင်းဘီရှည်ကို ဝတ်ထားသည်။

ကိုကျော်မြင့်၏ အရပ်မှာ ပိန်ပိန် ရှည်ရှည်ကြီးမို့ ယခုလို အနောက်တိုင်းဝတ်စုံကို ဝတ်ထားရာတွင် သူ့ရုပ်မှာ တရုပ်တော့ ရောင်းသည့် အိုကြာကွေးကို ဘောင်းဘီ ဝတ်ပေး ထားသလို ချယ်စရာကြီး ဖြစ်နေတော့သည်။

သူတို့သည် ရထားမထွက်မီ၊ ကြည်လွင်ပြုံးတို့ စီးကြမည့် အထက်တန်း အိပ်ခန်းတွဲများဆီသို့ လျှောက်ကြည့်ကြသည်။

ကြည်လွင်ပြုံးကို မတွေ့မိကြ သော်လည်း ကြည်လွင်ပြုံး၏ ဖခင်ဖြစ်သူ ဦးမြအုန်းမှာ သူတို့လိုက်ပါကြမည့် တွဲဘေးတွင် ချပ်လျက် ဆေးပြင်းလိပ် သောက်ကာ နေသည်ကို တွေ့ရသည်။ ထို့ဖြစ်၍ ကိုကျော်မြင့်နှင့် လှဖုန်းတို့မှာ အသာပြန်လစ်၍ လာကြပြီး သူတို့စီးကြမည့် ရိုးရိုးတန်းဆီသို့ ပြန်လာကြသည်။

သူတို့မှာ ထိုင်ရန် နေရာ မရကြသဖြင့် ထိုတွဲတွင် မတ်တပ်ပင် လိုက်ကြရသည်။

ညကိုးနာရီ ဆယ့်ငါးမိနစ်သို့ရောက်လျှင် သူတို့စီးနင်း လိုက်ပါကြမည့် မန္တလေးအဆန် ရထားကြီးမှာ တူတူသံပေး၍ ထွက်ခွါစ ပြုတော့သည်။

ကြည်လွင်ပြုံးမှာ ရထားကြီးစတင်၍ ထွက်လာ ကတည်းက သစ်ပြေးနိုင်ရန်အတွက် အမျိုးမျိုး ဥာဏ်နီ ဥာဏ်နက်တွေ ထုတ်ကာ စဉ်းစားကြံစည်ယင်း လိုက်ပါလာသည်။ သူတို့မိသားစုတစ်ခုလုံးမှာ လေးယောက်တွဲ အထက်တန်း အိပ်ခန်းမှ လိုက်ပါလာကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ညီမများ ဖြစ်ကြသော မိုးဝါနှင့် မိုးပြာတို့ မှာလည်း အနေရှိလျှင် အမဖြစ်သူကို အကူအညီ ပေးနိုင်ကြစေရန် ကြည်လွင်ပြုံး၏ အရိပ်အခြေကို ကြည့်၍ ပါလာကြသည်။ သူ၏မိဖမျှားကတော့ တဖက်အိပ်စင်တွင်ထိုင်လျက် အလ္လာပ၊ သလ္လာပများကို ပြောနေကြသည်။

'ဟဲ့...သမီးတို့ မအိပ်ကြသေးဘူးလား၊ ညဉ့်နက်လှပြီ... အိပ်ကျတော့လေ'

'ပဲခူးဘူတာရုံမှ မီးရထားကြီးအထွက်တွင် မိခင်ဖြစ်သူ ဒေါ်ခင်ငြိမ်းက ဝတ္ထုစာအုပ်များ ဖတ်နေကြသော ကြည်လွင်ပြုံးတို့ကို လှမ်းပြောသည်။

'အိပ်မယ်မေမေ ...သမီးမျက်စိနဲ့ ကြောင်နေလို့ပါ'

ကြည်လွင်ပြုံးက ဒေါ်ခင်ငြိမ်းကို ပြန်ပြောပြီးနောက် သူ၏ ဖခင်ရှိရာသို့ မသိမသာ အကဲခတ်ကာကြည့်သည်။

သူ၏ ဖခင်ကြီးမှာ လယ်တီဆရာတော်ဘုရား၊ ရေးသားပြုစုခဲ့သည့် နိုင်ငံတွင်းပုဏ္ဏာအဖြေပေါင်းချုပ် စာအုပ်ကို ဖတ်ရှုနေသည်ကို တွေ့ရသည်။

'မမပြုံးရေ .. ညီမကို အိပ်သာဆီလိုက်ပို့ပေးစမ်းပါ၊ အပေါ့သွားချင်လို့'

မိုးဝါက ကြည်လွင်ပြုံးကို လှမ်းပြောသည်။

'အေး.... အေး....မမပို့ပါ့မယ်'

ကြည်လွင်ပြုံးသည် ပြောယင်း သူ၏ ဘေးတွင်ချထားသော ကုတ်အင်္ကျီ အနီကလေးကို ကိုယ်ပေါ်တွင် ထပ်ဝတ်ကာ မိုးဝါနှင့်အတူ အပြင်သို့ ထွက်သွားသည်။ မိုးပြာကတော့ မိဖတို့၏ အရိပ်အခြေကို အကဲခတ်ကြည့်နေသည်။



ငါးမိနစ်ခန့် အချိန်ကြာသွားလျှင်တော့ ဦးမြအုန်းသည် စာအုပ်ကို ဖတ်နေရာမှ သူ၏ ဘယ်ဖက်လက်တွင် ပတ်ကာထားသော လက်ပတ်နာရီကို ငုံ့ကြည့်ပြီး တယောက်တည်း ပြောသည်။

'ဟ....ဒီကောင်မကလေးတွေ အိမ်သာသွားတာကလဲ ကြာလှချည်လား၊ လိုက်ကြည့်အုံးမှဘဲ'

ဦးမြအုန်းသည် ထိုသို့ ပြောပြီးနောက် ဖတ်လျက်ရှိသော စာအုပ်ကြီးကို ဘေးတွင်ချထား အခန်း အပြင်သို့ ထွက်သွားသည်။

အိမ်သာအနီးတွင် ရပ်လျက်နေသော ကြည်လွင်ပြုံးကိုတွေ့လျှင် ဦးမြအုန်း၏ရင်ထဲတွင် အေးသွားပြီး မေးသည်။

'ဟဲ့ သမီး....ဟိုကောင်မကလေး အိမ်သာသွားတာ ကြာလှချည်လား'

'သိတ်မကြာသေးပါဘူး ဖေဖေရဲ့၊ ငါးမိနစ်လောက်ဘဲ ရှိပါသေးတယ်၊ အိမ်သာသွားတာ ဒီလောက်တော့ ကြာမှာပေါ့'

ကြည်လွင်ပြုံးက ချိုသာသော မျက်နှာကလေးနှင့် ပြန်ပြောသည်။

ဦးမြအုန်းလည်း ထိုနေရာမှပြန်၍ လာခဲ့သည်။

'ဟေ့... ညီမလေးမိုးဝါ... ထွက်ခဲ့တော့၊ ဒီလောက် ဆိုယုတော်ပြီ'

အပြင်မှနေ၍ ကြည်လွင်ပြုံးက အသံပြုလိုက်ရာ မိုးဝါလည်း ထွက်လာသည်။

'ဖေဖေ ဘယ့်လောက်ကြာမှ လိုက်လာတာလဲ မမပြုံး'

အိမ်သာခန်းမှ အပြင်သို့အထွက်တွင် မိုးဝါကမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါးမိနစ်အကြာမှာ လိုက်လာတယ်၊ ဒီခေါက်ဆိုယင် မမ လစ်ဖို့ အချိန်ရပါဘီ'

ကြည်လွင်ပြုံးက ဝမ်းသာသံနှင့် မိုးဝါကို ပြန်ပြော ပြနေသည်။

'နေအုံးလေ မမပြုံးကလဲ မိုးဝါတို့ စီစဉ်ထားတဲ့ အတိုင်း မိုးပြာနဲ့ နောက်တကြိမ် စမ်းကြည့်အုံးမှပေါ့'

'အေးပါ...စမ်းကြည့်ပါအုံး၊မမတို့အစီအစဉ်ကလဲ တောင်ငူ ဘူတာ လွန်သွားမှပါ၊ဒီတော့ အချိန်ရပါသေးတယ်၊ သွားကြ စို့ ညီမလေး'

ကြည်လွင်ပြုံးသည် ထိုသို့ ပြောပြီးနောက် မိုးဝါနှင့် အတူ သူတို့အခန်းဆီသို့ ပြန်လာကြသည်။မီးရထားကြီးကတော့ အရှိန် မပျက် သူ၏ ဘာဂန် ဝတ္တရားများကို ထမ်းဆောင်လျက်ရှိသည်။

ကြည်လွင်ပြုံးနှင့် သူ၏ ညီအမများမှာ မီးရထားပေါ်သို့ ရောက်လျှင် ထိုသို့ ပြုလုပ်ထားကြရန် စီစဉ်ထားကြခြင်း ဖြစ် သည်။

သူ၏အစီအစဉ်မှာ ပထမ ယခုအတိုင်း မိုးဝါက ကြည်လွင်ပြုံး ကို အိမ်သာသို့ လိုက်ပို့ခိုင်းမည်၊ထိုသို့ လိုက်ပို့ခိုင်းရာတွင် ဖခင် ဖြစ်သူ ထွက်၍လိုက်မလာမချင်း သူတို့သည် အခန်းဆီသို့ မပြန် ကြသေးဘဲ စောင့်ဆိုင်းနေကြရန် ဖြစ်သည်။

ဖခင်ဖြစ်သူ လိုက်လာတော့မှ ပြန်ကြရန်ဖြစ်သည်။ ပြီးတော့ ဖခင်ဖြစ်သူသည် အချိန်မည်မျှကြာမှ လိုက်လာသည်ကိုလည်း အချိန်ကိုက်ထားကြမည်။ ဒုတိယ အစီအစဉ် အဖြစ် မိုးပြာက ကြည်လွင်ပြုံးတို့ လိုက်ပို့ခိုင်းရမည်။ ထိုအခါတွင်လည်း စော စောကလိုပင် ဖခင်ဖြစ်သူ လိုက်လာတော့မှ ပြန်ကြပြီး စောစော



က အချိန်နှင့် ယခုအချိန် မည်မျှ ကွာခြားသည်ကို တွက်ဆကြည့် ကြပြီးနောက် တတိယ အစီအစဉ်ဖြစ်သော ကြည်လွင်ပြုံးက ညီမတယောက်ဖြစ်သူ မိုးဝါကိုခေါ်၍ အိမ်သာကို ထွက်ခဲ့ရဦး မည်။

ဘူတာ တခုခုသို့ မီးရထား အဆိုက်တွင် ကြည်လွင်ပြုံးက ရထားပေါ်မှ ဆင်းနေရန်ပင်ဖြစ်သည်။ ပြီးတော့ မိုးဝါက မသိ သည့်ဟန်မျိုးနှင့် မိဖများထံ ပြန်လာရန် ဖြစ်သည်။

ထိုအစီအစဉ်များကို ညီအမတတွေ ကြိုတင်၍စီစဉ်ထားကြပြီး နောက် လက်တွေ့ လုပ်ဆောင်နေကြခြင်း ဖြစ်သည်။

ကြည်လွင်ပြုံးနှင့် မိုးဝါတို့ ရထား အိပ်ခန်းဆီသို့ ရောက် အလာတွင် ဦးမြအုန်းက မိုးဝါကို လှမ်းမေးသည်။

'သမီး အိမ်သာသွားတာကလဲ ကြာလှချည်လား၊ သမီးမမ စောင့်ရတာ ခြေညောင်းရောပေါ့၊ အပြင်ကလူကို နဲနဲပါးပါး လဲ အားနာရတယ် သမီးရဲ့'

'ဟာ...ဖေဖေကလဲ သမီး ဝမ်းနာလွန်းလို့ သွားနေတဲ့ဟာ၊ ဒီခေါက်တော့ ကြာမှာပေါ့၊ ဒီလိုဆို နောက်တခါသွားယင် မမပြုံးမလိုက်နဲ့ မိုးဝါတယောက်ထဲဘဲ သွားတော့မယ်'

'အို...မဟုတ်တာ ညီမငယ်၊ တယောက်ထဲသွားလို့ ဘယ် တော်ပါ့မလဲ၊ ကိစ္စမရှိပါဘူး၊ မမဘဲ လိုက်ပို့ပါ့မယ်'

ကြည်လွင်ပြုံးသည် မိုးဝါကိုပြန်ပြောပြီးနောက် မီးရထား ကြီးမှာ ဘူတာတခုတွင်ဆိုက်ရန် အရှိန်ကိုသတ်၍ ဖြည်းဖြည်းချင်း ခုတ်မောင်းလာသည်ကိုသိရသဖြင့် ရထားအခန်း ပြူတင်းပေါက် မှထွက်၍ အပြင်သို့ ငုံ့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိန်းဇလုပ် ဘူတာသို့ ရောက်နေသည်ကို တွေ့ရသည်။ အချိန်မှာ ည(၁၂)နာရီနှင့် မိနစ်(၃၀)ခန့် ရှိနေပြီ ဖြစ်သည်။

မိခင်ဖြစ်သူ ဒေါ်ခင်ငြိမ်းကတော့ တရှူးရှူးနှင့် အိပ်ပျော်နေလေပြီ။

ကြည်လွင်ပြုံးတို့ စီးစဉ်ထားသည်မှာ တောင်ငူဘူတာ လွန်မှ ဖြစ်သဖြင့် အချိန်အတန်ပင် လိုနေသေးသည် ဖြစ်သည်။ တောင်ငူဘူတာသို့ ရောက်ရန်မှာ နောက်ထပ် သုံးနာရီနီးပါးမျှ စောင့်ရဦးမည်မို့ သူတို့ညီအမ တတွေမှာ ရထားတွင်းရှိ အိပ်စင်များတွင် လဲလျောင်းနေကြသည်။

သို့သော် အိပ်တော့ မအိပ်ဝံ့ကြပေ။

အိပ်ချင်စိတ် မရှိကြစေအောင်လည်း ညီအမ တတွေမှာ စာအုပ်ကိုဖတ်လိုက်၊ စကားပြောလိုက်၊ ခေါက်ဆွဲထဲတွင် ဖျော်လာသော လဖက်ရည်များကို သောက်လိုက်နှင့် လုပ်နေကြသည်။

တောင်ငူဘူတာသို့ရောက်ရန် နှစ်ဘူတာအလိုဖြစ်သည့် ဘန္ဓုကုန်း ဘူတာသို့ရောက်လျှင်တော့ မိုးပြာက အိမ်သာသွားလိုသော ကြောင်းကို ဖခင်ဖြစ်သူ ကြားစေအောင် ကြည်လွင်ပြုံးကို ခေါ်၍ ထွက်သွားကြပြန်သည်။

ဦးမြအုန်းမှာ ညအချိန်မတော်ကြီး ဖြစ်နေသဖြင့် အိပ်လိုလှသော်လည်း သမီးဖြစ်သူ ကြည်လွင်ပြုံးကို စိတ်မချသဖြင့် မအိပ်ဘဲ ညလုံးပေါက် စာကိုသာ ဖတ်နေသည်။

အိမ်သာဆီသို့ သွားနေကြသော ညီအနှစ်ယောက်မှာ အတော်ကြာကြာ မပေါ်လာရာ သောင်းတိုင်ကုန်း ဘူတာသို့ရောက်သည်အထိ ပြန်မလာကြသေးသဖြင့် ဦးမြအုန်းမှာ စာဖတ်နေရာမှ အပြင်သို့ ထွက်လိုက်ရပြန်သည်။



မိုးဝါမှာ ဖခင်ဖြစ်သူ ထွက်သွားလျှင် သူ ဝတ်ထားသော နာရီကိုကြည့်လိုက်သည်။

သုံးနာရီထိုးရန် ရှစ်မိနစ်ခန့် လိုသေးသည်ကိုတွေ့ရသည်။ ဤတွင် မိုးဝါသည် သူ၏အမများ ထွက်သွားသောအချိန်နှင့် ချိန်ကိုက်ကြည့်ရာ မိနစ်နှစ်ဆယ်ခန့် အချိန်ကြာသည်ကိုသိရသည်။

'ဟဲ့သမီးတို့ရဲ့...အိမ်သာသွားတာ ဒီလောက်ကြာလှချည်လား'

ကြည်လွင်ပြုံးအနီးသို့ အရောက်တွင် ဦးမြအုန်းက အပြစ်တင်သံနှင့် ပြောသည်။

'ကြာဆို...ညီမလေး မိုးပြာက ဝမ်းနာနေလို့တဲ့ ဖေဖေရဲ့'

ကြည်လွင်ပြုံး ပြန်ပြောအပြီးတွင် ဦးမြအုန်းသည် ပြန်လာခဲ့ပြန်သည်။

ကြည်လွင်ပြုံးကတော့ ပြုံး၍ကြည့်နေပြီးနောက် အိမ်သာတွင်းဝင်နေသော မိုးပြာကို အပြင်မှအသံပြုသည်။

'မိုးပြာရေ ထွက်ခဲ့တော့...ဒီဘခါ ဖေဖေဟာ မိနစ်နှစ်ဆယ်ကြာမှ ထွက်လိုက်လာတာ၊ မမပြုံးအတွက်တော့ စိတ်အေးရပါဘီ....'

ကြည်လွင်ပြုံးကခေါ်လျှင် မိုးပြာလည်း အိမ်သာထဲမှ ပြုံးပြုံးရွှင်ရွှင်နှင့် ပြန်ထွက်လာသည်။ ပြီးတော့ သူတို့သည် အိပ်ခန်းဆီသို့ ပြန်လာကြသည်။

မီးရထားကြီးလည်း တောင်ငူဘူတာသို့ ရောက်လာတော့သည်။

တောင်ငူဘူတာတွင် မီးရထားကြီးမှာ အချိန်အတန်ကြာမျှ ရပ်နားဦးမည်မို့ မီးရထားစီး ခရီးသည်များမှာ ရထားတွင်းမှ အညောင်းပြေ ဆင်း၍လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘူတာတွင်းမှ စျေးသည်များ၏ စျေးရောင်းသံများကတော့ ဆူညံနေသည်။

လှဖုန်းနှင့် ကိုကျော်မြင့်တို့လည်း အခြား ခရီးသည်များနှင့် အတူ အောက်သို့ ဆင်းလာကြပြီးနောက် ဘူတာတွင်းရှိ လဖက်ရည်ဆိုင်တွင် လဖက်ရည်သောက်နေကြသည်။

မိုးဝါမှာ ရထားပြူတင်းပေါက်မှနေ၍ လှဖုန်းတို့ကို လိုက်လံရှာဖွေနေသည်။

လှဖုန်းတို့ လဖက်ရည် သောက်နေကြသည်ကို တွေ့မှသော်လည်း *မိုးဝါမှာ မမှတ်မိပေ။* လှဖုန်းမှာ သူတို့တွဲဆီသို့ လဖက်ရည်ဆိုင်မှနေ၍ လှမ်းကြည့်နေသူမို့ မိုးဝါကိုတွေ့ရလျှင် သူသည် ခေါင်းတွင်စောင်းထားသော သိုးမွေး ခေါင်းစွပ်ကြီးကို ချွတ်၍ ပြုံးယင်း၊ ခေါင်းယားဟန်နှင့် လက်တဖက်နှင့် ကုတ်နေသည်။

ထိုသို့ပြုတော့မှ မိုးဝါမှာ လှဖုန်း၏ရုပ်ကို မှတ်မိကာ သွားသည်။ ပြီးတော့ သူသည် အမဖြစ်သူ ကြည်လွင်ပြုံးကို မျက်ရိပ်ပြယင်းပြောသည်။

'မမရေ… အညောင်းပြေ အောက်ကို ဆင်းလျှောက်ကြရအောင်လား….'

ထိုစကားကို ဦးမြအုန်းကကြားရလျှင် ကန့်ကွက်သည်။

'ဟယ်… ဘာလို့ လျှောက်ချင်ရတာလဲ၊ သမီးတို့အမက နိုင်ငံကျော်မင်းသမီးမို့ လူတွေတွေ့ယင် ဝိုင်းကြည့်တာ ခံနေရအုံးမယ်….'

'ဟာ ဖေဖေကလဲ … ညအချိန်မတော်ကြီးမှာ မမကို ဘယ်သူမှလဲ သိကြမှာမဟုတ်ပါဘူး၊ သမီးတို့ ဒီတွဲနားတင်လျှောက်ကြမှာဘဲဟာ….'



မိုးဝါပြောအပြီးတွင် ကြည်လွင်ပြုံးကလည်း ဝင်ပြောသည်။

'ဟုတ်ပါတယ် ဖေဖေရယ်….ဒီတွဲနားတင် လျှောက်ပါရစေ၊ သမီးကို လူတွေမမှတ်မိအောင် မျက်နှာကို လက်ကိုင်ပုဝါနဲ့ ဖုံးထားယင် ပြီးတာဘဲဟာ….'

ထိုအခါတွင်တော့ ဦးမြအုန်းမှာ ဆက်၍ ငြင်းမနေတော့ဘဲ ခေါင်းညိတ်ပြသည်။

သို့ဖြစ်၍ သူတို့ညီအမသုံးယောက်မှာ ရထားတွဲပေါ်မှဆင်းလာကြသည်။

လှဖုန်းမှာ သူတို့တွဲသို့ လှမ်းကြည့်နေသည်မို့ ကြည်လွင်ပြုံးတို့ဆင်းလာကြသည်ကို မြင်ရသည်။

'ဗျို့ ကိုကျော်မြင့်…. ဟိုမှာ ပြုံးတို့ညီအမတွေ တွဲထဲက ဆင်းလာကြတယ် ကြည့်ဗျို့….'

လှဖုန်းက လဖက်ရည်ကို ငုံ့သောက်နေသော ကိုကျော်မြင့်ကိုပြောသည်။

ကိုကျော်မြင့်မှာ ကျောခိုင်း၍ ထိုင်နေသူမို့ နောက်ဖက်သို့ လှည့်ကာကြည့်သည်။

'ဒီလိုဆို ကျုနော်တို့ ဘယ်လို လုပ်ကြမလဲ၊ သွားတွေ့ကြမလား….'

'ဟာဗျာ….သွားတွေ့လို့ ဘယ်ဖြစ်မလဲ၊ သူ့အဖေကြီးသိသွားမှာပေါ့….'

'ခင်ဗျားကလဲ စိုးရိမ်တတ်လိုက်တာ…. မသိပါဘူးဗျ၊ သူတို့အနားကို မယောင်မလည်နဲ့ ကပ်သွားကြတာပေါ့၊ ဒါမှ ဘာသတင်းထူးတယ်ဆိုတာ သိရမှာ….'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မြင့်က ပြောလျှင် လှဖုန်းလည်း သဘောတူကာ.... လက်ရည်ဆိုင်မှထ၍ ကြည်လွှင်ပြုံးတို့ဆီ မယောင်မလည်နှင့် လျှောက်ကာသွားကြသည်။

'မမရေ... ဟိုမှာ မမအဆက်ကြီး လာနေတယ်၊ ပြောစရာရှိ ယင် မြန်မြန်ပြောလိုက်.... မိုးဝါတော့ ဖေဖေ့ အရိပ်အကဲကို ကြည့်နေမယ်....'

မိုးဝါသည် ထိုသို့ပြောပြီးနောက် အပြင်မှနေ၍ ဖခင်ဖြစ်သူကို အကဲခတ်နေသည်။ ဦးမြအုန်းမှာ ဥာဏ်များလှသော သမီးများ၏ အကြောင်းကို မသိရှာသဖြင့် ကျမ်းစာအုပ်ကိုသာ စိတ်ဝင်စားစွာဖတ်နေသည်။

လှဖုန်းသည် ကြည်လွှင်ပြုံး၏ အနီးသို့ အရောက်တွင် မသိမသာ ပြုံးပြသည်။

'ရေတာရှည် ဘူတာကျယင်၊ ပြုံးဆင်းနေခဲ့မယ်'

ကြည်လွှင်ပြုံးသည် သူတို့အနီးမှဖြတ်၍လှဖုန်းတို့ အလျှောက်တွင် အထက်ပါအတိုင်း လေသံကလေးနှင့် ပြောသည်။ လှဖုန်းက ခေါင်းကိုညိတ်ပြပြီး ကိုကျော်မြင့်နှင့် အတူရှေ့သို့ ဆက်လျှောက်ကာ သွားကြသည်။

ကြည်လွှင်ပြုံးတို့လည်း ပြောရန်ရှိသည်များကို ပြောခဲ့ပြီမို့ ရထား တွဲပေါ်သို့ ပြန်တက်သွားကြသည်။

'ကဲ....ကျနေ့ာ် မပြောဘူးလား၊ အခုလိုသွားတော့ သတင်းထူကလေးကို သိရတာပေါ့'

ကိုကျော်မြင့်က ခပ်လှမ်းလှမ်းသို့ အရောက်တွင် လှဖုန်းကို ပြောသည်။ လှဖုန်းလည်း ခေါင်းညိတ်ကာ ဝန်ခံသည်။



သူတို့ပြန်လှည့်၍အလာတွင် မီးရထားမှာ ထွက်ရန် ပြင်သည်။

သူတို့လည်း တွဲဆီသို့ ခတ်သုတ်သုတ်ကလေး ပြန်လျှောက်ယင်းမှ ကြည်လွှင်ပြုံးတို့တွဲရှေ့အရောက်တွင်လှမ်းကြည့်ကြသည်။

ကြည်လွှင်ပြုံးကလည်း ကြည့်နေသဖြင့် အကြည့်ချင်းဆုံကာ မသိမသာ ပြုံးပြကြသည်။ ထိုနောက်တော့ မီးရထားကြီးမှာ တောင်ငူဘူတာမှ ထွက်လာသည်။

ရေတာရှည် ဘူတာအနီးသို့ ရောက်လုအချိန်တွင် ကြည်လွှင်ပြုံးသည် ညီမဖြစ်သူ မိုးဝါကိုခေါ်၍ အိမ်သာဆီသို့ ထွက်လာကြပြန်သည်။

သူတို့အိမ်သာသို့ အရောက်တွင် မီးရထားကြီးမှာ ရေတာရှည် ဘူတာတွင် ရပ်နားကာနေလေပြီ။

'ကဲ... ညီမရေ မမ သွားတော့မယ်နော်၊ ရထားကြီးထွက်ပြီး ဆယ်မိနစ်လောက်ကြာမှ ညီမကပြန်သွားပြီး မမ သင်ပေးထားသလို ပြောပေတော့'

'ဟုတ်ကဲ့မမ... စိတ်ချပါ၊ မမတို့ ချစ်ခရီးလမ်းကြီး သာယာဖြောင့်ဖြူးပါစေ'

မိုးဝါ ပြန်ပြောအပြီးတွင် ကြည်လွှင်ပြုံးသည်မလက်ပေါင်းချိသောဖက်မှ မဆင်းဘဲ တဖက်မှ ဆင်းသွားသည်။

ကြည်လွှင်ပြုံး အောက်သို့ အရောက်တွင် မီးရထားကြီးမှာ ရေတာရှည်ဘူတာမှ ဆက်လက်၍ ထွက်ခွာသွားသည်။

လှဖုန်းနှင့် ကိုကျော်မြင့်တို့လည်း ကြည်လွှင်ပြုံး မှာထားသည့်အတိုင်း ရထားပေါ်မှ ဆင်းကာနေခဲ့ကြသည်။

ရထားကြီး ထွက်အသွားတွင် လှဖုန်းမှာ ကြည်လွှင်ပြုံးကို လိုက်ရှာကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟောဗျ…ပြုံးတယောက် မဆင်းဖြစ်ဘူးထင်တယ်၊ ရှာလို့ လဲမတွေ့ပါလား ဒုက္ခဘဲ'

လှဖုန်းက စိတ်ပူသံနှင့် ပြောနေစဉ် မီးရထား သံလမ်းတဖက်တွင် ရပ်ကာနေသော ကြည်လွင်ပြုံးကို တွေ့ရသည်။

'ဟာ…ဟိုမှာဗျို့ သူကတဖက်က ဆင်းနေတာကိုး ဟဲ ဟဲ'

လှဖုန်းသည် ဝမ်းသာ အားရပြောကာ ကြည်လွင်ပြုံး ရှိရာသို့ ပြေးသွားသည်။

'ဝမ်းသာလိုက်တာ ပြုံးရယ်၊ ကိုဖုန်းဖြင့် ဆင်းမှ ဆင်းဖြစ်ပါ့မလားလို့ စိတ်ပူလိုက်ရတာ'

'အို… ဆင်းမှာပေါ့ ကိုဖုန်းရဲ့၊ ကဲလာသွားကြစို့'

'နေ…နေ…နေပါအုံး…ဘယ်ကိုသွားကြမှာလဲ'

'ဟောတော့…ကိုဖုန်းဘာမှ စီစဉ် မထားဘူးလားလို့၊ စိတ်ညစ်လိုက်တာ'

'ဘယ်စီစဉ်ထားမလဲပြုံးရဲ့၊ ပြုံးက ဘယ်ဘူတာမှာ ဆင်းမှာ မှန်းမှ မသိတာ'

'မသိရော ကိုဖုန်းက ဘနေရာရာကို စီစဉ်ထားပါ့လား၊ ပီးယင်၊ အဲဒီသွားကြယင် ဖြစ်တာပေါ့'

'အဲဒီလောက်အထိ ကိုဖုန်းက လပ်မမြင်ဘူးပြုံးရဲ့၊ ကဲ ကျော်မြင့်ကျနေဘ်တို့ ဘယ်သွားကြယင် ကောင်းမလဲ'

မထက်သာသည့်အဆုံး သူတို့အနီးတွင် ရပ်ကာနေသော ကျော်မြင့်ထံသို့ လှဖုန်းက အကူအညီ တောင်းရသည်။

'ဘယ်သွားယင် ကောင်းမလဲဆိုတော့-တောင်ငူ ဖက်ကိုဘဲ ပြန်သွားဗျာ၊ တောင်ငူမှာ ကျနေဘ်နဲ့ ခင်မင်ရင်းနှီးတဲ့၊ စာအုပ်ဆိုင်ရှိတယ်၊ အဲဒီမှာနေကြတာပေါ့'



သို့ဖြစ်၍ သူတို့သည် မန္တလေးဖက်မှ စုံဆင်းလာမည့် စာပို့ရထားကြီးကို စောင့်ကာ တောင်ငူမြို့သို့ ပြန်စီးလာခဲ့ကြသည်။

မိုးဝါမှာ ကြည်လွင်ပြုံး မှာသည့်အတိုင်း ဆယ်မိနစ်ခန့် စောင့်နေပြီးနောက် အိပ်ခန်းဆီသို့ ပြန်လာသည်။

'မေမေ… မမပြုံး ဒီကိုပြန်လာပလားဟင်'

မိုးဝါ၏အမေးကို ကြားရလျှင် ဦးမြအုန်းမှာ တွန့်ကနဲ ဖြစ်သွားသည်။

'ဟော နင်နဲ့အတူသွားကြတာမဟုတ်လား၊ ပြန်မလာသေးဘူး'

'ဟောတော့…ဒီလိုဆို မမ ဘယ်ရောက်သွားတယ် မသိဘူး၊ သမီးအိမ်သာက ပြန်ထွက်လာတော့ မရှိဘူး'

မိုးဝါ၏စကားကို ကြားရလျှင် ထိပ်ခမြှပေါက်ခံရသလို ဖြစ်သွားကာ သူသည်အခန်းတွင်းမှနေ၍ အိမ်သာဆီသို့ အပြေးကလေးသွားကြည့်သည်၊ ပြီးတော့ တွဲတတွဲလုံးနှံ့ အောင်ရှာကြည့်သည်၊ မတွေ့လျှင်တော့ တက်တချက်ခေါက်ကာ ပြန်လာပြီးနောက် တရှူးရှူးနှင့် အိပ်မောကျနေသော ဒေါ်ခင်ငြိမ်း၏ ပေါင်ကိုတအားပုတ်နိုးသည်။

'အမယ်လေးတော် နာလိုက်တာ'

ဒေါ်ခင်ငြိမ်းသည် နာလည်းနာ လန့်လည်းလန့်သွားသဖြင့် အော်ဟစ်ယင်း နိုးလာသည်။

'မင်းကနာမနေနဲ့ ဟိုကောင်မမိရွှေပြုံးမရှိတော့ဘူး လစ်ပြေးသွားဘီ၊ ရုပ်ရှင် မင်းသမီး ပီပီ ရုပ်ရှင် ဆံဆံ လုပ်သွားတယ်… တောက်…'

ထိုစကားကြားရလျှင် ဒေါ်ခင်ငြိမ်းမှာ မိန်းမဘို့ ပီဖောတိုင်းတချို့ရှိ နှင့် ငိုနေတော့သည်။ မိုးဝါနှင့်မိုးမြှသို့မှာ စိတ်ထဲတွင်

www.burmeseclassic.com



မှမ်းသာနေကြသော်လည်း ဟန်လုပ်ကာ မျက်နှာငယ်ကလေး တွေနှင့်နေကြသည်။

ဦးမြအုန်းကတော့ ဒေါ်သအလွန်ထွက်နေဟန်နှင့် အခန်းထဲ တွင် လမ်းသလားယင်း တဖြစ်တောက်တောက်နှင့် လုပ်နေတော့ သည်။

ကြည်လွင်ပြုံးနှင့် လှဖုန်းတို့ကတော့ တဦးကိုတဦး ပွေ့ဖက် ကြယင်း၊ တောင်ငူမြို့ရှိ ကိုကျော်မြင့်၏ မိတ်ဆွေအိမ်တွင် ရောက် နေကြပြီဖြစ်သည်။

* * *

( ဆယ့်ရှစ် )

## လူပြုန်တော်နှင့် ရွှေမင်းသမီး

လှဖုန်းနှင့် ကြည်လွင်ပြုံးတို့ ခိုးရာ လိုက်ပြေးသွားကြသော သတင်းသည် နှစ်ရက်အတွင်း တပြည်လုံးတွင် ပျံ့နှံ့ကာသွား ကြတော့သည်။

သတင်းစာများနှင့် ရုပ်ရှင်စာစောင်တွင်လည်း အောက်ပါ အတိုင်း အမျိုးမျိုး ခေါင်းစဉ်တွေတင်ကာ ခြောက်လိုင်းစာလုံး ကြီးများနှင့် ဖေါ်ပြကာထားကြသည်။

'ဘုန်းကြီးဝတ်တော့မယ်' ဇာတ်ကားမှ မင်းသား မောင် မောင်ဖုန်းနှင့် မင်းသမီးတို့ ထွက်ပြေးကြပြန်ပြီ....။

'ဒုတိယပိ...ထွက်ပြေးကြပြန်တဲ့ လူပြုန်တော်မင်းသားနှင့် ရွှေမင်းသမီး....'

'လူပြုန်တော်နှင့် ရွှေမင်းသမီး လစ်ပြေးသွားကြပြန်ဘီ၊ ယခု တကြိမ်တော့ တကယ်ကြိုက်၍ ထွက်ပြေးကြခြင်းလော?'



'အမျိုးမျိုး ဖိနှိပ်ချုပ်ချယ်ကာ ထားခြင်းခံရသော ရွှေမင်း သမီးက မိဖများကို တော်လှန်ကာ လူပြုန်တော်မင်းသားနှင့် လိုက် ပြေးသွားကြပြီ။'

စသဖြင့် သတင်းစာများနှင့် ရုပ်ရှင်စာစောင်များက အမှန်း တင်ကာရေးသား ဖေါ်ပြ ထားကြပြီးနောက် လှဖုန်းနှင့် ကြည် လွင်ပြုံးတို့၏ သတင်းစုံကို စိတ်ဝင်စားဖွယ်ကောင်းအောင် ရေး သား တင်ပြထားကြသည်။

ထိုသတင်းကြောင့် ရုပ်ရှင်ဝါသနာ အိုးများရော ရုပ်ရှင်ကို ဝါသနာမပါကြသူများပါ လူပြောလုပ်ရှုနှင့်ဖြစ်ကုန်ကြပြီး လှဖုန်း နှင့် ကြည်လွင်ပြုံးတို့အကြောင်းကိုသာ အရေးတယူနှင့် ပြောဆို နေကြတော့သည်။

ဦးဘဉမှာလည်း လပ်မြင်လှသော ဒါရိုက်တာ တဦးပီပီ သူ၏ ဘုန်းကြီးဝတ်တော့မယ် ဇာတ်ကား၏အမည်ကို ရုပ်ရှင်စိစစ်ရေး အဖွဲ့သို့ 'လူပြုန်တော်နှင့်ရွှေမင်းသမီး'ဟူ၍ အမည် ပြောင်းပေးရန် တင်ပြတော့သည်။ ရုပ်ရှင်စိစစ်ရေးအဖွဲ့မှ အမည်ကို ပြောင်းခွင့် ပြုလျှင် ဒါရိုက်တာ ဦးဘဉသည် သတင်းစာများတွင် အကျယ် တဝင့် ကြော်ငြာထည့်ကာ ကျေညာတော့သည်။

လှဖုန်းတို့၏ သတင်းနှင့်အတူ ဦးမြအုန်း၏ ကြော်ငြာကလေး တခုမှာလည်း သတင်းစာများတွင် ပါရှိလာသည်။

'သမီးအဖြစ်မှ စွန့်လွှတ်ခြင်း'

ကျွန်ုပ်တို့၏ သမီးဖြစ်သူ ခင်ခင်ပြုံး (ခေါ်) ရုပ်ရှင်မင်းသမီး ကြည်လွင်ပြုံးသည် မိဘသဘောမတူသော သူနှင့် လိုက်ပြေးသွား ပါသဖြင့် ယခုနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းကို ကြေ ညာပါသည်။ (ပုံ-ဦးမြအုန်း+ဒေါ်ခင်ငြိမ်း)

www.burmeseclassic.com



လှဖုန်းနှင့် ကြည်လွင်ဖြိုးတို့ ခိုးရာလိုက်ပြေး ကြပြီးနောက် နှစ်ပတ်ခန့် အကြာတွင်တော့ဘုန်းကြီးဝတ်တော့မယ် ဇာတ်ကားကို အမည်ပြောင်းလိုက်သော...။ လူပြန်တော့နှင့် ရွှေမင်းသမီး။ ရုပ်ရှင်ကားမှာ ရန်ကုန်မြို့တွင် ဝင်လာတော့သည်။

ဦးဘဲဥတွက်ဆထားသည့် အတိုင်းပင် ထိုကားမှာ ရုံမတင်မီ တပတ်အလိုကပင် ကြိုတင်လက်မှတ်များမှာ တပတ်စာအတွက် ကုန်သွားပြီး အပြင်မှောင်ခို လက်မှတ်များမှာ သုံးကျပ်ခွဲတန်းမှ ဆိုလျှင် ခြောက်-။နှစ်ကျပ်ခွဲတန်းမှဆိုလျှင် ငါးကျပ်ပေးကာ ဝယ်ယူရသည်အထိ ဈေးကောင်းလှန်းလှသည်။

လှဖုန်းမှာလည်း ထိုကားတကားထဲနှင့် နာမည်ကျော်မင်းသားစာရင်းသို့ ဝင်သွားကာ အခြားကုမ္ပဏီများက လိုက်လံ၍ ငှါးရမ်းနေကြတော့သည်။ သို့သော် လှဖုန်းမှာ ကြည်လွင်ဖြိုးနှင့်အတူ ဟောင်ကောင်မြို့တွင် ကိုယ်ရောင် ဖျောက်ကာ နေသဖြင့် ရုပ်ရှင်ကုမ္ပဏီများမှာ လှဖုန်းကို ရှာမတွေ့ ဖြစ်နေကြသည်။ ထိုအချိန်တွင်လှဖုန်းနှင့်ကြည်လွင်ဖြိုးတို့မှာ တော့ သူတို့ရောက်ရှိကာ နေကြသော အိမ်၏အခန်းထဲတွင် တဦးကို တဦးကြားမှုပင် လေသေးမခံနိုင်အောင် ပွေ့ဖက်ကာ ကျီစယ်နေကြသည်။

အကယ်၍သာ ကျနော်နှင့်အတူ ချစ်စွာသော စာဖတ်သူတို့ ပါလိုက်၍ သူတို့ရှိနေကြသော အခန်းသို့ အပြင်မှချောင်းကြည့်ကာ နားထောင်ကြမည်ဆိုလျှင် အောက်ပါအတိုင်း တွေ့မြင်ကြားသိကြရပေမည်။

'ဖြိုး'

'ဖုန်း'

'ဖြိုးဖြိုး'



'ဖုန်းဖုန်း'

'မောင်ချစ်မဝတဲ့ ဖြိုးဖြိုးရေ...'

'ဖြိုး ချစ်မဝတဲ့ ဖုန်းဖုန်းရေ....'

'ဟောဒါ ဘယ်သူ့ ဖြိုးဖြိုးလဲ'

'ဟော်ဒါကကော ဘယ်သူ့ ဖြိုး ဖုန်းဖုန်းလဲ'

'ဖုန်းကို ချစ်ရဲ့လားလို့'

'ဖြိုးကိုကော ချစ်ရဲ့လားလို့'

'ချစ်ပါဘိကော ဖြိုးရယ်'

'ဖြိုးကလဲ ဖုန်းကိုချစ်ပါဘိတဲ့ရှင်၊ ချစ်လွန်းလို့သာ မိဘတွေရဲ့အစွန့်လွှတ်ကိုခံပြီး၊ ဖုန်းနောက်ကို ဖြိုး လိုက်လာတာပေါ့ ဖုန်းကသာ ရိုးသွားတဲ့ တနေ့မှာ မုန်းမလိုက်ပါနဲ့နော်–'

'မုန်းပါဘူးဗျာ...ဖြိုးကလဲ ဟိနာယာဝတ္တန ဖြစ်တဲ့ ဖုန်းကို မုန်းသွားနဲ့နော်'

'ဘာလဲ ဖုန်းရဲ့ ဟိနာယာဝတ္တန ဆိုတာ'

'အဲဒါက ပါဠိစကားလေ၊ မြန်မာလိုပြန်တော့ ရဟန်းဘောင်မှ လူထွက်ခြင်းတဲ့ ဖြိုးရဲ့...နားလည်ပလား'

'တော်စမ်းပါ...ဘုန်းကြီးလူထွက်ပီပီ ပြောလိုက်ယင် ပါဠိစကားချည့်ဘဲ၊ မြန်မာလို ရိုးရိုးပြောစမ်းပါ'

'ကောင်းပါဘီဗျာ၊ဖြိုးမကြိုက်ယင် ဖုန်း မပြောတော့ပါဘူး၊ ဖုန်းကလဲ ဖြိုးအလိုလိုက်သလို ဖြိုးကလဲ ဖုန်းအလိုကို လိုက်ရမယ်နော်...'

'လိုက်မှာပေါ့မောင်ရယ်....ဒါပေမယ့် ဖုန်းက နာမည်ကြီးသွားတဲ့ မင်းသားမို့ နောင်တနေ့မှာ အသစ်မြင်ပီး ဟောဒီက မိဖြိုးကို အချစ်ခင် လျော့ယင်တော့ ဖြိုးတော့ ဖုန်းနဲ့မနေဘူး

www.burmeseclassic.com

www.burmeseclassic.com



'အမယ် လေးလေး...ဖဲဒီဖက်ကတော့ စိတ်ချပါ၊ ဖုန်းဟာ မပေ့ပါဘူး၊ ပြုံးသည်သာလျှင် ဖုန်းအချစ်၊ ပြုံးသည်သာလျှင် ဖုန်း၏ ချစ်မယား'

'အို...မယားလို့ မခေါ်စမ်းပါနဲ့၊ နားရှက်ပါတယ်'


'ရှက်ပါနဲ့ကွယ်၊ မယားမို့ မယားခေါ်တဲ့ဟာ၊ ကဲ...သာ စမ်း၊ နားရှက်တယ်ဆိုတဲ့ ကောင်မကလေးကို ဖက်ပေး ရအုံး မယ်...'

လှဖုန်းသည် ပြောယင်းမှ ကြည်လွင်ပြုံး၏ ကိုယ်ကလေးကို စွေ့ကနဲ နေအောင် ပွေ့ယူပြီးနောက်....

'ဟာဗျာ....ဆက်မရေးပါရစေနဲ့တော့၊ ဒီလောက် ရေးပြယင် တော်လောက်မှာပေါ့၊ ချစ်ဆွေတို့ရယ်....နော် နော်....သူတို့ကို ဆက်ပြီး ကြည့်မနေပါနဲ့တော့ဗျာ၊ ဒီမျှနဲ့ဘဲ ကြေနပ်ပါတော့ဟု တောင်းပန်ယင်းနှင့် ဤ လူပြိန်တော်နှင့် ရွှေမင်းသိုး ဝတ္ထုကြီးကို သည်အခန်း လုပ်လိုက်ပါပြီ'

BURMESE CLASSIC

ချစ်စွာသော စာဖတ်သူများ မိုးဆန်းပန်းလို ...
ကိုယ်စိတ်နှစ်ပါး ရွှင်ကြည် လန်းဆန်းကြပါစေ....



ဤဝတ္ထုပြီးဆုံးချိန်။
၁၉၇၁-ခုနှစ်၊ ဂျွန်လ (၂၀)ရက်၊
ကနုက်နွေနေ့ နေ့လည် (၁)နာရီနှင့် (၃၃) မိနစ်။

www.burmeseclassic.com